# ဒသမတန်းမြန်မာစာ

# ကျောင်းသုံးစာအုပ်မိတ်ဆက်

မြန်မာစာအခြေခံခိုင်မာပြီး ကျွမ်းကျင်စွာတတ်မြောက် အသုံးပြုနိုင်ရန် ဦးတည်ချက်ထားရှိပြီး အခြေခံပညာအထက်တန်း မြန်မာစာသင်ရိုးကို ပြင်ဆင်ရေးဆွဲခဲ့ပါသည်။ ထိုသို့ရေးဆွဲရာတွင် လက်တွေ့ဘဝတွင် ပိုမိုအကျိုးဖြစ်ထွန်းစေမည့် ဘာသာစကားစွမ်းရည်လေးရပ်ဖြစ်သည့် အပြောစွမ်းရည်၊ အနာအကြားစွမ်းရည်၊ အဖတ်အရွတ်စွမ်းရည်၊ အရေးအသားစွမ်းရည် တိုးတက်လာစေရေးကို မဏ္ဍိုင်ပြု၍ ရေးဆွဲထားပါသည်။ ကျောင်းသုံးစာအုပ်ကို အသုံးပြုရာတွင် မြန်မာစာ မြန်မာဘာသာစကားဆိုင်ရာ အသိပညာများ၊ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာစေရန်အတွက် ဆရာ၏လမ်းညွှန်မှုဖြင့် တစ်ဦးချင်းလေ့ကျင့်ခြင်း၊ အဖွဲ့လိုက်လုပ်ငန်းများလုပ်ဆောင်ခြင်းတို့ဖြင့် သင်ယူမည်။ မြန်မာစာ မြန်မာဘာသာစကားကို လေ့လာသင်ယူရာတွင်ဖြစ်စေ၊ လက်တွေ့အသုံးချရာတွင်ဖြစ်စေ ကြုံတွေ့ရသည့် အခက်အခဲများ၊ ပြဿနာများကိုလည်း ဖြေရှင်းတတ်စေရန်၊ စဉ်းစားတွေးခေါ် ဖန်တီးတတ်စေရန် လေ့ကျင့်သင်ယူမည်။ အချို့စာသင်ချိန်များတွင် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လက်တွေ့လုပ်ဆောင်မှုများဖြင့် လေ့လာသင်ယူကြမည်ဖြစ်သည်။

## သင်ယူရမည့်အကြောင်းအရာ

ဤဒသမတန်း မြန်မာစာကျောင်းသုံးစာအုပ်တွင် အောက်ပါအကြောင်းအရာများပါဝင်သည်။

### အပိုင်း –၁

### အပြောသင်ခန်းစာ

အခန်း

၁။ အပြောဆိုင်ရာလမ်းညွှန်ချက်

၂။ အပြောပုံစံအမျိုးမျိုး

### အပိုင်း– ၂

### အဖတ်အရွတ်သင်ခန်းစာ

၁။ စကားပြေရွေးချယ်ချက်

၂။ ကဗျာရွေးချယ်ချက်

## အပိုင်း– ၃

## အရေးသင်ခန်းစာ

၁။ စာအရေးအသားအခြေခံ

၂။ စာပုံစံအမျိုးမျိုး

၃။ စာအရေးအသားအတတ်ပညာ

### သင်ယူကြရမည့်နည်းလမ်းများ

သင်ခန်းစာအားလုံးတွင် တက်ကြွစွာပါဝင်သင်ယူနိုင်ရန် အထောက်အကူပြုမည့် အရေးပါသော ၂၁ ရာစု ဘာသာစကားဆိုင်ရာကျွမ်းကျင်မှုအဖြစ် ဆရာက လက်တွေ့သင်ကြား လေ့ကျင့်ပေးမည်။

**လေ့လာမှုနယ်ပယ်များ**

- ❖ အပြောသင်ခန်းစာကို သင်ယူရာတွင် စကားပြောခြင်းအကြောင်း၊ တစ်ဦးတည်းပြောစကား၊ နှစ်ဦးအပြန်အလှန်ပြောစကား၊ ဝိုင်းဖွဲ့ပြောစကားဟူသော စကားပြောပုံစံသုံးမျိုး၊ စကားပြောဆိုရာတွင် အသံထွက်မှန်ကန်မှု၊ စကားအသုံးအနှုန်းမှန်ကန်မှု၊ စကားပြောချောင်မှု၊ စကားပြောပရိယာယ်များ၊ ကျပန်းစကားပြောခြင်း၊ စကားရည်လုခြင်းတို့ကို လက်တွေ့ပြောဆိုလေ့ကျင့်သင်ယူမည်။
- ❖ အဖတ်အရွတ်သင်ခန်းစာတွင် စကားပြေရွေးချယ်ချက်ကိုလေ့လာရာ၌ ရည်ရွယ်ချက် သို့မဟုတ် အာဘော်၊ အကြောင်းအရာ၊ အစီအစဉ်၊ စာရေးနည်းလေးမျိုး၊ သဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရ ရသနှင့်အသိအမြင်ဟူသော လေ့လာမှုနယ်ပယ်ငါးရပ်ကိုလည်းကောင်း၊ ကဗျာရွေးချယ်ချက်ကို လေ့လာရာ၌ ကဗျာရွတ်ဆိုခြင်း၊ ကဗျာနောက်ခံကို လေ့လာခြင်း၊ ကဗျာအရေးအဖွဲ့၊ သဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရ ရသနှင့်အသိအမြင်လေ့လာခြင်းဟူသော လေ့လာမှုနယ်ပယ်ငါးရပ်ကိုလည်းကောင်း လေ့လာမည်။
- ❖ အရေးသင်ခန်းစာတွင် သဒ္ဒါအသုံးမှန်ကန်ခြင်း၊ စာလုံးပေါင်းသတ်ပုံမှန်ကန်ခြင်း၊ ဝါကျဖွဲ့ထုံးမှန်ကန်ခြင်း၊ စာပုံစံအမျိုးမျိုး၊ စာအရေးအသားအတတ်ပညာများဖြစ်သည့် အလင်္ကာနှင့် ရသတို့ကို လက်တွေ့ရေးသားလေ့ကျင့်သင်ယူမည်။

**လေ့လာမှုနည်းနာငါးရပ်**

- **ပူးပေါင်းဆောင်ရွက်ခြင်း** - သင်ခန်းစာများသင်ယူရာတွင် ကျောင်းသားများသည် အတန်းဖော်များနှင့် အုပ်စုဖွဲ့ပြီးအတွေးအခေါ်များ မျှဝေခြင်း၊ အဖြေများအတူရှာဖွေခြင်းတို့ကိုလုပ်ဆောင်မည်။ သာဓကအားဖြင့် - အပြောသင်ခန်းစာများပါ အပြန်အလှန်ပြောဆိုခြင်း၊ စကားဝိုင်းဆွေးနွေးခြင်း၊ အဖတ်အရွတ်သင်ခန်းစာပါ စကားပြေ သို့မဟုတ် ကဗျာတစ်ပိုဒ်ကို အုပ်စုဖွဲ့ဆွေးနွေးခြင်း၊ အသိအမြင်ဖလှယ်ခြင်း၊ အရေးသင်ခန်းစာတွင် စာအရေးအသားဆိုင်ရာများဆွေးနွေးခြင်း၊ လက်တွေ့ရေးသားထားသည်ကို အပြန်အလှန်စစ်ဆေးအကြံပေးခြင်းတို့ကို ဆောင်ရွက်မည်။
- **ဆက်သွယ်ပြောဆိုခြင်း** - ဤမြန်မာစာကျောင်းသုံးစာအုပ်သည် စကားနှင့်စာကို အသုံးချ ဆက်သွယ်ရေးကိရိယာအဖြစ် ထိထိရောက်ရောက် အသုံးပြုနိုင်ရန် ရည်မှန်းထားသည်ဖြစ်ရာ သင်ခန်းစာအားလုံးကို ပြောဆိုဆွေးနွေးခြင်း၊ ရွတ်ဖတ်ခြင်း၊ ရွတ်ဆိုခြင်း၊ နားထောင်ခြင်း၊ ရေးသားခြင်း စသည့်ဆက်သွယ်မှုများကို ကိုယ်အမူအရာများ မှန်ကန်စွာပေါင်းစပ်ဆက်သွယ်နိုင်သည့် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာမည်။
- **လေးနက်စွာဆန်းစစ်ဝေဖန်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း** - ဖြေရှင်းရန်ရှိသည့် ဘာသာစကားဆိုင်ရာပြဿနာများ၊ စာအရေးအသားဆိုင်ရာပြဿနာများကို အဖြေရှာခြင်း၊ တင်ပြခြင်း၊ အမှားရှာဖွေခြင်းနှင့် ပြုပြင်ခြင်းတို့ကို ပြုလုပ်ရမည်။
- **တီထွင်ဖန်တီးခြင်း** - ဘာသာစကားနှင့် စာအရေးအသားကိုအသုံးပြုရာတွင် သမားရိုးကျပြောဆိုရေးသားသည့် အခြေအနေမှကျော်လွန်ပြီး အတွေးအခေါ်များပေါင်းစပ်ကာ ပြောဆိုရေးသားနိုင်သည့်စွမ်းရည်များ၊ နည်းလမ်းသစ်များဖြင့် ဆက်သွယ်မှုထိရောက်စေရန် ကျောင်းသားများ ကိုယ်တိုင်တီထွင်ဖန်တီးသည့် အလေ့အထများ ရရှိစေမည်။
- **နိုင်ငံသားကောင်းဖြစ်ခြင်း** - လူ့အဖွဲ့အစည်းအတွင်း၊ နိုင်ငံတစ်နိုင်ငံအတွင်း ဘာသာစကားစွမ်းရည်ကို မှန်ကန်ထိရောက်စွာ အသုံးပြုနိုင်ခြင်းသည် နိုင်ငံသားကောင်း ဖြစ်စေရန် အရင်းခံကျသောအချက်တစ်ရပ်ပင်ဖြစ်သည်။ မိမိ မိသားစုအတွင်း၊ ကျောင်းလူမှုအဖွဲ့အစည်းအတွင်း၊ ရပ်ရွာဒေသအဖွဲ့အစည်းအတွင်း၊ နိုင်ငံလူ့အဖွဲ့အစည်းအတွင်း ချစ်ကြည်ရင်းနှီးရန်၊ အပြန်အလှန်နားလည်မှုရှိရန်၊ အသိပညာဗဟုသုတ မျှဝေဖလှယ်ရန်၊ ကူးသန်းသွားလာ ကုန်စည်ဖလှယ်ရန် အများနားလည်နိုင်သည့် ဘာသာစကားကို ကောင်းမွန်မှန်ကန်စွာ အသုံးပြုကြရသည်။ မြန်မာစာကျောင်းသုံးဖတ်စာကို မြန်မာနိုင်ငံအတွင်းမှီတင်းနေထိုင်ကြသည့် နိုင်ငံသားတိုင်း နိုင်ငံသားကောင်းဖြစ်ရန်လိုအပ်ချက်ဖြစ်သော မြန်မာဘာသာစကားကျွမ်းကျင်ထိရောက်၊ မှန်ကန်စွာအသုံးပြုနိုင်စေရန် မျှော်မှန်းသင်ယူရမည်ဖြစ်သည်။

## စာသင်နှစ်အဆုံးတွင် သိရှိသွားပြီး လုပ်ဆောင်နိုင်မည့်ရလဒ်များ

ဒသမတန်း မြန်မာစာကျောင်းသုံးစာအုပ်ကိုသင်ယူပြီးသောအခါ ကျောင်းသားများသည် အောက်ပါတို့ကို လုပ်ဆောင်နိုင်မည်။

**အပြောသင်ခန်းစာ**

အပြောဆိုင်ရာသင်ခန်းစာများကို သင်ယူပြီးသည့်အခါ စကားပြောခြင်း၏အရေးကြီးပုံ၊ အပြောပုံစံအမျိုးမျိုး၊ စကားပြောရာတွင် သတိပြုရမည့်အသံများ၊ စကားပြောရာတွင် ရှောင်ကြဉ်သင့်သည့်အချက်များကိုသိရှိပြီးနောက် အခြေအနေအချိန်အခါနှင့် လိုက်လျောညီထွေဖြစ်မည့် စကားအမျိုးမျိုးကို ပြောဆိုအသုံးပြုတတ်လာမည်။ မိမိကိုယ်တိုင်ပြောဆိုခြင်းသာမက အခြားသူများ ပြောဆိုသည်ကိုလည်း ဂရုတစိုက်နားထောင်တတ်သည့်အလေ့အကျင့်ကို ရရှိလာစေမည်။

**အဖတ်အရွတ်သင်ခန်းစာ**

အဖတ်အရွတ်သင်ခန်းစာပါ စကားပြေများကို အသံထွက် ရွတ်ဖတ်ခြင်း၊ ကဗျာကိုအသံထွက်ရွတ်ဆိုခြင်းတို့ဖြင့် အသံထွက်မှန်ကန်ခြင်း၊ အသံနေအသံထားကောင်းမွန်ခြင်း၊ စာကိုစနစ်တကျဖတ်ရွတ်တတ်ခြင်းအလေ့အကျင့်များ ရရှိလာစေမည်။ စကားပြေရွေးချယ်ချက်၊ ကဗျာရွေးချယ်ချက်တို့ကို လေ့လာဖတ်ရှုသင်ကြားပြီးသည့်အခါတွင် သုတစကားပြေများမှ သုတအသိများကျယ်ပြန့်လာ၍ စာတွေ့၊ လက်တွေ့ အသုံးချတတ်လာမည်။ ရသစကားပြေများ၏ ရသခံစားမှုမှတစ်ဆင့် လူ့သဘောလူ့သဘာဝများကိုသတိပြုမိ၍ လက်တွေ့ဘဝတွင် ဆန်းစစ်သုံးသပ်တတ်လာမည်။ ကဗျာက ပေးသောရသကို ကောင်းစွာခံစားတတ်၍ ရှင်းပြတတ်လာမည်။ ကဗျာအမျိုးမျိုးမှ ကာရန်သဘောကို ခွဲခြားနားလည်၍ ရှင်းပြတတ်လာမည်။

**အရေးသင်ခန်းစာ**

အရေးသင်ခန်းစာကို သင်ယူပြီးသည့်အခါ စာအရေးအသားအခြေခံများကို ကောင်းစွာနားလည်သဘောပေါက်လာမည်။ သဒ္ဒါအသုံး စာလုံးပေါင်းသတ်ပုံ ဝါကျအထားအသို အမှား၊ အမှန်များကို သိရှိလာပြီးမှန်ကန်စွာ ရေးသားအသုံးပြုတတ်လာမည်။ စာပုံစံအမျိုးမျိုးကို သိရှိလာပြီး ပုံစံအလိုက်ဆီလျော်ညီညွတ်သောစာများကို ရေးသားတတ်လာမည်။ စာအရေးအသားအတတ်ပညာတွင် အရေးပါသော အလင်္ကာ၊ ရသများ၏ သဘောသဘာဝကိုသိရှိလာပြီး စာအရေးအသားတစ်ခု၏ အလင်္ကာမြောက်မှု ရသမြောက်မှုတို့ကို သုံးသပ်အကဲဖြတ်တတ်လာမည်။

# အပိုင်း – ၁

# အပြောသင်ခန်းစာ

## အခန်း – ၁

## အပြောအဆိုဆိုင်ရာလမ်းညွှန်ချက်

### စကားပြောခြင်း

စကားပြောခြင်းသည် သာမန်အားဖြင့် လူတို့နေ့စဉ် ပြုလုပ်ရသော ကိစ္စတစ်ရပ်ဖြစ်ပါသည်။ အိပ်ရာနိုးထချိန်မှစ၍ အိပ်ရာဝင်ချိန်အထိ ဆောင်ရွက်သမျှသော ကိစ္စအဝဝတို့တွင် စကားပြောဆို ဆောင်ရွက်ကြရပါသည်။ စကားပြောခြင်းဖြင့် တစ်ဦးနှင့် တစ်ဦး ဆက်သွယ်လုပ်ကိုင်နိုင်သလို မိမိ ပြောဆိုအသိပေးလိုသော အချက်အလက်များ၊ မိမိ၏စိတ်ခံစားချက်များကို တစ်ပါးသူသိအောင် လုပ်ဆောင်နိုင်ပါသည်။ စကားပြောခြင်းဖြင့် လူမှုကိစ္စအဝဝ ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါသည်။ ထို့ကြောင့် စကားပြောခြင်းသည် အရေးကြီးသော လူ့ကိစ္စတစ်ရပ် ဖြစ်ပါသည်။

စကားပြောဆိုရာတွင် ပုံမှန်အားဖြင့် ပြောသူနှင့် နားထောင်မည့်သူ ရှိရပါသည်။ ပြောသူသည် တစ်ဦးတည်း ဖြစ်နိုင်သကဲ့သို့ အများလည်း ဖြစ်နိုင်ပါသည်။ နားထောင်သူသည်လည်း တစ်ဦးတည်း ဖြစ်နိုင်သကဲ့သို့ အများလည်းဖြစ်နိုင်ပါသည်။ နားထောင်သူအများအပြားကို ပရိသတ်ဟုလည်း ခေါ်ဆိုပါသည်။ ပြောသူနှင့် နားထောင်သူတို့၏ အခြေအနေအလိုက် တစ်ဦးက တစ်ဦးကို ပြောသည့်ပုံစံ၊ တစ်ဦးက အများကိုပြောသည့်ပုံစံ၊ အများက တစ်ဦးကို ပြောသည့်ပုံစံ၊ အများက အများကိုပြောသည့် ပုံစံဟူ၍ စကားပြောပုံစံ လေးမျိုးရှိပါသည်။

တစ်ဦးက တစ်ဦးကို ပြောဆိုသည့်ပုံစံသည် လူနှစ်ဦး တွေ့ဆုံသည့်အခါ အပြန်အလှန်ပြောဆိုခြင်း၊ တယ်လီဖုန်း စသည်ဖြင့် အပြန်အလှန်ပြောဆိုခြင်း စသည့်ပြောသူတစ်ဦးက နားထောင်သူတစ်ဦးကို ပြောဆိုသည့်ပုံစံ ဖြစ်ပါသည်။ ထိုသို့ အပြန်အလှန်ပြောဆိုရာတွင် ပြောသူနှင့်နားထောင်သူမှာ အလှည့်ကျ ဖြစ်နိုင်ပါသည်။ ပထမတစ်ဦးက ပြောနေချိန်တွင် ဒုတိယတစ်ဦးသည် နားထောင်သူဖြစ်ပြီး ဒုတိယတစ်ဦးပြောနေချိန်တွင်မူ ပထမတစ်ဦးသည် နားထောင်သူဖြစ်ပါသည်။

ပြောဆိုသူတစ်ဦးက နားထောင်သူ အများကို ပြောဆိုခြင်းမျိုးလည်း ရှိပါသည်။ ရှင်းလင်းပွဲများ၊ ဆွေးနွေးပွဲများ၊ ဟောပြောပွဲများတွင် ပင်တိုင်ပြောဆိုသူက ပရိသတ်များကို ပြောဆိုသည့် ပုံစံဖြစ်သည်။ ကျောင်းတွေ့ဆုံပွဲတွင် ကျောင်းအုပ်ဆရာကြီးက ကျောင်းသားများကို အမှာစကားပြောကြားသည့်ပုံစံမျိုး၊ စာသင်ခန်းအတွင်းတွင် ဆရာက ကျောင်းသားများကို ရှင်းလင်းသင်ကြားသည့်ပုံစံမျိုးသည် တစ်ဦးက အများကို ပြောဆိုသည့် ပုံစံမျိုးဖြစ်ပါသည်။

DPE BOX - Copyright Protected

ပြောဆိုသူ အများက နားထောင်သူ တစ်ဦးတည်းကို ပြောဆိုခြင်းမျိုးလည်း ရှိပါသည်။ စာသင်ခန်းအတွင်းတွင် ကျောင်းသားများက မိမိမရှင်းလင်းသည့် သင်ခန်းစာများကို ဆရာအားဝိုင်းဝန်းမေးမြန်းခြင်း၊ လူတွေ့ တွေ့ဆုံစစ်မေးသည့် စစ်မေးသူများက အစစ်ဆေးခံသူကို ဝိုင်းဝန်းမေးမြန်းခြင်း စသည့် ပြောဆိုသည့် ပုံစံဖြစ်ပါသည်။

ပြောဆိုသူအများက နားထောင်သူအများကို ပြောဆိုခြင်းမျိုးလည်း ရှိပါသည်။ စာသင်ခန်းအတွင်း အုပ်စုဖွဲ့၍ တစ်ဖက်နှင့်တစ်ဖက် ဆွေးနွေးပြောဆိုခြင်းမျိုး ဖြစ်ပါသည်။ ပထမအုပ်စုက ဆွေးနွေးပြောကြားနေချိန်တွင် ဒုတိယအုပ်စုသည် နားထောင်သူများဖြစ်၍ ဒုတိယအုပ်စု ပြောကြားနေချိန်တွင်မူ ပထမအုပ်စုသည် နားထောင်သူများ ဖြစ်ပါသည်။ စကားဝိုင်း ဆွေးနွေးပွဲများတွင် ဆွေးနွေးပြောဆိုသူအများက နားထောင်သည့်ပရိသတ်အများကို ပြောဆိုသည့်ပုံစံမှာလည်း ဤပုံစံမျိုး ဖြစ်ပါသည်။

တစ်ခါတစ်ရံတွင် ပြောသူတစ်ဦးတည်းက နားထောင်မည့်သူမရှိဘဲ မိမိကိုယ်မိမိပြောဆိုသည့် တစ်ကိုယ်တည်း ပြောစကားမျိုးလည်းရှိနိုင်ပါသည်။ ထိုအပြောစကားမျိုးကို လူတစ်ဦးတစ်ယောက်က စိတ်ခံစားမှုတစ်ခုခု ပြင်းထန်လာသော အခြေအနေမျိုးတွင် ပြောဆိုလေ့ရှိပါသည်။ တစ်ကိုယ်တည်း ပျင်းရိငြီးငွေ့ခြင်း၊ ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်း၊ ဝမ်းနည်းကြေကွဲခြင်း၊ မကျေမနပ်ဖြစ်ခြင်း စသည့် အခြေအနေမျိုးတွင် မိမိ၏ စိတ်ခံစားချက်ကို တစ်ကိုယ်တည်း ပြောဆိုလေ့ရှိပါသည်။

စကားပြောဆိုရာတွင် ပုံစံတကျဖြစ်ခြင်းနှင့် လွတ်လွတ်လပ်လပ်ဖြစ်ခြင်းဟူသည့် အခြေအနေ နှစ်ရပ်ပေါ်မူတည်ပြီး ပုံစံတကျပြောဆိုခြင်းနှင့် အလွတ်သဘောပြောဆိုခြင်းဟူသော ပြောဆိုပုံ နှစ်မျိုး ရှိပါသည်။ ပုံစံတကျပြောဆိုခြင်းကို အစည်းအဝေးများ၊ အခမ်းအနားများစသည့် ပုံစံတကျဖြစ်သော အခြေအနေမျိုးတွင်အသုံးပြုပါသည်။ အလွတ်သဘောပြောဆိုခြင်းကို သူငယ်ချင်းအချင်းချင်း၊ မိတ်ဆွေအချင်းချင်း၊ မိသားစုဝင်များဆွေမျိုးသားချင်းများ အချင်းချင်း စသည့် ခင်မင်ရင်းနှီးသူများ လွတ်လပ်စွာ တွေ့ဆုံသောအခြေအနေမျိုးတွင် အသုံးပြုလေ့ရှိပါသည်။

စကားပြောဆိုရာတွင် ကြိုတင်ပြင်ဆင်ပြောဆိုခြင်းနှင့် လက်တန်းပြောဆိုခြင်းဟူသည့် အနေအထား နှစ်ရပ်ရှိနိုင်ပါသည်။ ကြိုတင်ပြင်ဆင်ပြောဆိုခြင်းဆိုသည်မှာ မိမိပြောဆိုမည့် အချက်အလက်များကို ကြိုတင်စုဆောင်း၍ အစီအစဉ်ချမှတ်ကာ စနစ်တကျပြောဆိုခြင်းဖြစ်ပါသည်။ ကြိုတင်ပြင်ဆင်၍ ပြောဆိုရာတွင် အချက်အလက်သာမက အသံနေအသံထား၊ စကားအသုံးအနှုန်း၊ လေယူလေသိမ်းက အစ ကြိုတင်လေ့ကျင့်ပြင်ဆင်ထားနိုင်ပါသည်။ လက်တန်းစကားပြောဆိုခြင်းမှာမူ ကြိုတင်ပြင်ဆင်ထားခြင်းမရှိဘဲ စကားပြောဆိုနေစဉ်အတွင်း မိမိစိတ်ကူးထဲတွင် ပေါ်ပေါက်လာသည့် အချက်အလက်များကို တခဏအတွင်း ထုတ်ဖော်ပြောဆိုခြင်းဖြစ်သည်။ ပုံစံတကျပြောစကားများသည် ကြိုတင်ပြင်ဆင် ပြောဆိုသည့် စကားအမျိုးအစားဖြစ်ပါသည်။ အလွတ်သဘောပြောဆိုသော ပြောစကားများ တစ်နည်းအားဖြင့် ပုံစံတကျမဟုတ်သော ပြောစကားများသည် လက်တန်းပြောဆိုသည့် စကားများဖြစ်လေ့ရှိပါသည်။

DPEBOA Copyright Protected

ပြောစကားများကို ယေဘုယျအားဖြင့် တစ်ဦးတည်းပြောစကား၊ နှစ်ဦးအပြန်အလှန် ပြောစကား၊ ဝိုင်းဖွဲ့ပြောစကားဟူ၍ အမျိုးအစားသုံးမျိုးခွဲခြားနိုင်ပါသည်။

တစ်ဦးတည်းပြောစကားများတွင် နားထောင်သူတစ်ဦး သို့မဟုတ် နားထောင်သူအများ ရှိနိုင်ပါသည်။ မိမိတစ်ဦးတည်း မိမိကိုယ်မိမိ ပြောဆိုခြင်းမျိုးလည်း ရှိနိုင်ပါသည်။ ပုံပြင်ပြောဆိုခြင်း၊ ရေဒီယို အသံလွှင့်ချက်၊ ဟောပြောချက်၊ မိန့်ခွန်း၊ အမှာစကား၊ ကျောင်းသင်ခန်းစာပို့ချချက်၊ ကျပန်းစကားပြောခြင်းတို့သည် တစ်ဦးတည်းပြောစကားများ ဖြစ်ပါသည်။ တစ်ကိုယ်တည်းညည်းတွားခြင်း၊ ပြဇာတ်များတွင်ပါဝင်လေ့ရှိသော တစ်ကိုယ်တည်းပြောဆိုခြင်း စသည်တို့သည်လည်း တစ်ဦးတည်း ပြောစကားများ ဖြစ်ပါသည်။

နှစ်ဦးအပြန်အလှန်ပြောစကားများမှာ ပြောသူနှင့် နားထောင်သူ နှစ်ဦးတို့က အပြန်အလှန် ပြောဆိုခြင်းမျိုးဖြစ်ပါသည်။ ဤပြောဆိုမှုတွင် ပြောသူနှင့် နာသူတို့သည် အပြန်အလှန် အလှည့်ယူ၍ ပြောဆိုရပါသည်။ လက်ရှိပြောဆိုနေသူက နားထောင်နေသူကို ပြောဆိုခွင့်ရရှိအောင် အလှည့်ပေးရပါသည်။ လူနှစ်ဦးတွေ့ဆုံပြောဆိုသည့် စကားမှန်သမျှသည် နှစ်ဦးအပြန်အလှန်ပြောစကားများဖြစ်ပါသည်။ မျက်နှာချင်းဆိုင်တွေ့ဆုံပြောဆိုမှုများ၊ တယ်လီဖုန်း စသည့်ဆက်သွယ်ရေးကိရိယာများဖြင့် အပြန်အလှန်ပြောဆိုမှုများ၊ ဝတ္ထု ပြဇာတ် စသည်တို့တွင်ပါဝင်သော အချီအချပြောစကားများ၊ နှစ်ဦးတွေ့ဆုံဆွေးနွေးမေးမြန်းခန်းများ (အင်တာဗျူးများ)၊ စကားရည်လုပြောဆိုခြင်းများ၊ အချေအတင် ပြောဆိုခြင်းများသည် နှစ်ဦးအပြန်အလှန်ပြောစကားများ ဖြစ်ပါသည်။

ဝိုင်းဖွဲ့ပြောစကားသည် ပြောသူအများနှင့် နားထောင်သူအများတို့ အပြန်အလှန်ဝိုင်းဖွဲ့ ပြောဆိုသော စကားမျိုးဖြစ်ပါသည်။ ဝိုင်းဖွဲ့ပြောစကား ပြောဆိုရာတွင် သုံးဦးနှင့်အထက် ပြောဆိုသူများ ပါဝင်ရပါသည်။ ဝိုင်းဖွဲ့ပြောဆိုရာတွင်လည်း ပါဝင်ပြောဆိုသူများသည် အလှည့်ယူ၍ ပြောဆိုရပါသည်။ အပေးအယူမျှတစွာ ပြောဆိုပါက စကားဝိုင်းသည် စိုပြည်မြိုင်ဆိုင် နေတတ်ပါသည်။ စကားဝိုင်းပြောဆိုမှုတွင် တစ်ဦးတည်းကသာ ပိုမိုအလှည့်ယူပြီး ဒိုင်ခံပြောဆိုနေပါက စကားဝိုင်းသည် ငြီးငွေ့ဖွယ်ဖြစ်သွားတတ်ပါသည်။ စာသင်ခန်းအတွင်း အုပ်စုဖွဲ့ကာ သင်ခန်းစာတစ်ခုကို ဝိုင်းဝန်းဆွေးနွေးသောစကား၊ မိတ်ဆွေသူငယ်ချင်းအချင်းချင်း ဝိုင်းဖွဲ့ပြောဆိုသောစကား၊ စကားဝိုင်းဆွေးနွေးပွဲများတွင် ဝိုင်းဝန်းဆွေးနွေးပြောဆိုသောစကား စသည်တို့သည် ဝိုင်းဖွဲ့ပြောစကားများဖြစ်ပါသည်။

စကားပြောခြင်းအမျိုးမျိုးကို သိရှိမှတ်သားပြီး လက်တွေ့လူမှုပတ်ဝန်းကျင်တွင် အခြေအနေ အချိန်အခါနှင့် လိုက်လျောညီထွေဖြစ်မည့် စကားများကို ပြောဆိုအသုံးပြုကြရမည် ဖြစ်ပါသည်။

# ရေးတော့အမှန် ဖတ်တော့အသံ

မြန်မာစကားတွင် “ရေးတော့အမှန် ဖတ်တော့အသံ” ဟူသောဆိုရိုးစကားရှိပါသည်။ စာရေးလျှင် စာလုံးပေါင်းသတ်ပုံနှင့်အညီ အမှန်အတိုင်းရေးရသော်လည်း စာဖတ်လျှင် ပြောလေ့ဆိုလေ့ရှိသော အသံထွက်အတိုင်းဖတ်ရပါသည်။ အသံထွက်ရာတွင် ရေးသည့်အတိုင်းမထွက်ဘဲ အသံပြောင်းထွက်ရသည့် အကြောင်းတစ်ခုမှာ ခက်ရာမှလွယ်ရာသို့ ပြောင်းခြင်းဖြစ်သည်။ အသံနှစ်သံကို တစ်ဆက်တည်းရွတ်ဆိုသောအခါ ရှေ့ကအသံနှင့် အာထားလျှာထား အဆင်ပြေအောင် ရွတ်ဆိုရလွယ်အောင်၊ နောက်ကအသံကို လိုအပ်သလို လိုက်ပြောင်းပေးရခြင်းဖြစ်သည်ဟု ယေဘုယျအားဖြင့် ဆိုနိုင်ပါသည်။ လူငယ်များ၏ မြန်မာစကားအပြောအဆိုနှင့်ပတ်သက်၍ အသံထွက်မှန်ကန်မှု၊ ပီသမှုဆိုင်ရာ မှတ်သားလိုက်နာဖွယ်များကို ပြည့်စုံအောင် ဆွေးနွေးတင်ပြလိုပါသည်။

စကားပြောရာမှာ အသံပျော့ကို အသံပြင်းအဖြစ်ပြောင်းပြီး အသံထွက်ရသည့် စည်းကမ်းရှိပါသည်။ အစဉ်အဆက်ကျင့်သုံးခဲ့ကြသည့်စည်းကမ်းဖြစ်ပါသည်။ အသံထွက်ရာတွင် ပို၍လွယ်ကူအောင် ဤသို့အသံပြောင်းပြီး ထွက်ခဲ့ကြခြင်းဖြစ်သည်။ “လူကြီးလူကောင်း”ကို ဘယ်လို အသံထွက်ပါသလဲဟုမေးလျှင် /လူဂျီးလူဂေါင်း/လို့ အသံထွက်ပါတယ်ဟု မြန်မာစကားပြောသူတိုင်းက အလွယ်တကူ ဖြေပါလိမ့်မည်။ /     /မျဉ်းစောင်းနှစ်ခု အတွင်းတွင်ပြထားသော စာလုံးများမှာ အသံထွက်သည့်အတိုင်း ပြထားခြင်းဖြစ်ပါသည်။

သတ်ပုံအမှန်အတိုင်းရေးပုံနှင့် ကွဲပြားချက်များရှိပါသည်။ မြန်မာစာအဖွဲ့ကပြုစုသော မြန်မာအဘိဓာန်တွင် ဖော်ပြထားသည့်စနစ်အတိုင်း ဖော်ပြထားခြင်းဖြစ်ပါသည်။ အသံမပြောင်းဘဲဆိုလျှင် /လူကျီးလူကောင်း/ဟုပင် အသံထွက်ရပါလိမ့်မည်။ သို့သော် /လူကျီး/ဟု အသံထွက်ခြင်းထက် /လူဂျီး/ ဟု အသံထွက်ခြင်းက ပို၍ ရွတ်ဆိုရလွယ်ပါသည်။ ထို့ကြောင့် အသံပျော့ဖြစ်သော /ကျီး/ /ကောင်း/တို့ကို အသံပြင်းဖြစ်သော /ဂျီး/ /ဂေါင်း/ ဟူ၍ အသံပြောင်းပြီး ရွတ်ဆိုခြင်းဖြစ်သည်။

အသံနှစ်သံကို ဤပုံဤနည်းအတိုင်း ကြားမှာမရပ်နားဘဲ တစ်ဆက်တည်းရွတ်ဆိုလျှင် နောက်က အသံပျော့များသည် အသံပြင်းများသို့ ပြောင်းပါသည်။ မြန်မာစကားမှာ ဤသို့ အသံပြောင်းနိုင်သော အသံပျော့အသံပြင်းစုံတွဲများရှိပါသည်။ ထူးထူးဆန်းဆန်းမဟုတ်ပါ။ /က၊ ခ/ နှင့် /ဂ/၊ /စ၊ ဆ/ နှင့် /ဇ/၊ /တ၊ ထ/နှင့် /ဒ/၊ /ပ၊ ဖ/နှင့်/ဗ/၊ /သ/ နှင့် /သှ/တို့ဖြစ်ပါသည်။ သ သည် အသံပျော့ဖြစ်သည်။ သာဓက- ပြသ၊ ချစ်သူ။ သှ သည် အသံပြင်းဖြစ်သည်။ သာဓက- ဝယ်သူ၊ ပန်းသီး။ /က၊ ခ/ က အသံပျော့ /ဂ/ က အသံပြင်းဖြစ်သည်။ ကျန်အတွဲများလည်း ထိုသဘောပင် ဖြစ်သည်။

သံကွင်း /သံဂွင်း/၊ ရေခွက် /ယေဂွက်/၊ လစာ/လဇာ/၊ ထိုးဆေး /ထိုးဇေး/၊ ရွှေတောင် /ယွှေဒေါင်/၊ ခွေးထီး /ခွေးဒီး/၊ ညောင်ပင်/ညောင်ဗင်/၊ မုန့်ဖိုး /မုန့်ဗိုး/

UBE BOX - Copyright Protected

အထက်ပါ သာဓကများတွင် အသံနှစ်သံကို တစ်ဆက်တည်း ရွတ်ဆိုသောအခါ နောက်က အသံပျော့မှ အသံပြင်းသို့ ပြောင်းပုံကို တွေ့နိုင်ပါသည်။ မြန်မာစကားပြောရာတွင် ဤပုံစံအတိုင်းပင် အသံပြောင်း၍ ပြောဆိုကြမြဲဖြစ်ပါသည်။ ဤသို့အသံပြောင်းခြင်းမှာ ရှေ့က အသံ၏အရှိန်က နောက်က အသံကိုလာပြီး လွှမ်းမိုးသည့်အတွက် ပြောင်းခြင်းဖြစ်သည်။

အချို့အသံများမှာမူ အသံပြတ်တောက်ပါသည်။ အသံရှိန်မရှိပါ။ လွယ်လွယ်ပြောရလျှင် 'က်၊ စ်၊ တ်၊ ပ်' ဆိုသော အသတ်ပါသည့် အသံများဖြစ်ပါသည်။ အသံနှစ်သံကို တစ်ဆက်တည်း ရွတ်ဆိုသော်လည်း ရှေ့၌ ထိုအသံများရှိနေလျှင် နောက်ကအသံကို မလွှမ်းမိုးနိုင်သည့်အတွက် နောက်က အသံမပြောင်းပါ။ လူကြီးကို /လူဂျီး/ဟု အသံပြောင်းပြီးထွက်သော်လည်း ဝက်ကြီးမှာမူ အသံမပြောင်းဘဲ /ဝက်ကျီး/ ဟုပင်ထွက်သည်။ "ဝက်"မှာ "က်" ရှိသည့်အတွက် မပြောင်းခြင်းဖြစ်ပါသည်။ စက်ကွင်း၊ မတ်ခွက်၊ ဖြတ်စာ၊ သောက်ဆေး၊ ကျောက်တောင်၊ ဝက်ထီး၊ သစ်ပင်၊ သစ်သီး စသည့် စကားလုံးများတွင် " က်၊ စ်၊ တ်၊ ပ်" တစ်ခုခုရှိသဖြင့် နောက်ကအသံမပြောင်းပေ။

အသံနှစ်သံတွဲသည့်အခါ နောက်ကအသံကြောင့် ရှေ့ကအသံပြောင်းပုံမျိုးလည်းရှိသည်။ ရှေ့က သရသံများသည် အသံတိုသွားပြီး အသံတစ်ဝက်သာ ကျန်တော့ခြင်းဖြစ်သည်။ "ငါးပိ"ဆိုသော စကားလုံးကို "ငပိ"ဟု အသံထွက်သည်။ "ငါး"မှ အသံတစ်ဝက်သာရွတ်ဆိုရသော "င" သံသို့ ပြောင်းသွားခြင်းဖြစ်ပါသည်။ စာရင်း/စယင်း/၊ နွားမ/နမ့/၊ သူခိုး/သခိုး/၊ တစ်ခု/တခု/၊ နှုတ်ခမ်း /နှခမ်း/ စသည်ဖြင့် သာဓကများစွာရှိပါသည်။

အသံပြောင်းခြင်းမှာ ရှေ့ကအသံနှင့်နောက်ကအသံကို မခြားမဖြတ်ဘဲ တစ်ဆက်တည်းရွတ်ဆိုမှုကြောင့် ပြောင်းခြင်းဖြစ်သည်။ တစ်ဆက်တည်းမရွတ်ဆိုဘဲ ကြားထဲမှခြားပြီးရွတ်ဆိုလျှင် အသံမပြောင်းတော့ပါ။ အသံခြားပြီးရွတ်ဆိုလျှင် ရှေ့သံနှင့် နောက်သံမဆက်တော့သည့်အတွက် အသံမပြောင်းတော့ခြင်းဖြစ်သည်။ "အမေ ပဲပြုတ်နေတယ်" ဆိုသောစကားတွင် "ပဲပြုတ်"သည် အသံမပြောင်းသော်လည်း "ပဲပြုတ်ဝယ်ပါ"ဆိုသောစကားတွင် /ပဲဗျုတ်/ ဟု အသံပြောင်းသွားပါသည်။ "ပဲပြုတ်နေတယ်" တွင် "ပဲ"နှင့် "ပြုတ်" ကို ကြားမှာ စကားခြားပြီး ရွတ်ဆိုသည့်အတွက် နောက်သံမပြောင်းခြင်းဖြစ်ပြီး "ပဲပြုတ်ကို ဝယ်မယ်"တွင် "ပဲနှင့်ပြုတ်"ကို မခြားဘဲ တစ်ဆက်တည်း ရွတ်ဆိုသည့်အတွက် အသံပြောင်းခြင်းဖြစ်ပါသည်။

အထက်၌ ပြခဲ့သော သာဓကများတွင် အသံမပြောင်းသော စကားလုံးများသည် ကြိယာ စကားလုံးများဖြစ်ကြောင်း နောက်တစ်ဆင့် ခွဲခြားမှတ်သားနိုင်သည်။ "ဘာသာပြန်သင်တန်း"ဆိုသော စကားလုံးတွင် "ဘာသာပြန်"သည် နာမ်စကားလုံးဖြစ်သည်။ /ဘာသ္ဘာဗျန်/ ဟု အသံပြောင်းသည်။ "ဘာသာပြန်နေတယ်" ဆိုသော စကားတွင်မူ "ဘာသာပြန်သည်" ကြိယာဖြစ်နေသည့်အတွက် အသံမပြောင်းပါ။

Copyright Protected

အသံတူနှစ်ခုထပ်လျှင် နောက်က အသံပြောင်းပါသည်။ ပျော်ပျော်ပါးပါး /ပျော်ဗျော် ပါးဘား/၊ ပြင်းပြင်း ထန်ထန် /ပျင်းဗျင်းထန်ဒန်/၊ ပြုံးပြုံးလေး/ပျုန်းဗျုန်းလေး/ စသည်ဖြင့် များစွာရှိပါသည်။

စိတ်ဝင်စားစရာအချက်များမှာ အသံတူနှစ်လုံးဆင့်ထားသော နာမည်များတွင်မူ အသံပြောင်းလေ့ မရှိခြင်းဖြစ်သည်။ "သူ့အသားက ဖြူဖြူဝင်းနေတာပဲ"ဟုပြောလျှင် /ဖျူဗျူဝင်း/ဟု အသံပြောင်း သော်လည်း "ဖြူဖြူဝင်း"ဆိုသောနာမည်တွင်မူ အသံမပြောင်းကြောင်းတွေ့ရသည်။

အခြေခံကျသော အသံပြောင်းစနစ်အချို့ကို ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ အသံထွက်မှန်ကန်ရေး အတွက် ထိုအချက်များသည် အထောက်အကူပြုလိမ့်မည်ဖြစ်သည်။

DBE BOX - Copyright Protected

# စလုံး နှင့် ဆလိမ် ပြဿနာ

မြန်မာဗျည်းသံများတွင်/စ/ နှင့် /ဆ/ သည် အသံချင်းကွဲပြားသကဲ့သို့ ယင်းတို့ကို စာဖြင့် ရေးရာတွင် စလုံးနှင့် ဆလိမ် အက္ခရာသည်ကွဲပါသည်။

စ နှင့် ဆ သံ တို့သည် သွားရင်းတွင် ဖြစ်ပေါ်ပုံတူကြသည်။ စသံသည် လေအားလျော့ဗျည်းဖြစ်၍ ဆ မှာ လေအားတင်းဗျည်းဖြစ်သည်။ ဤဗျည်းသံ နှစ်သံ အနက် စ သံ ကို ရွတ်ဆိုရာတွင် လေအားတင်းခြင်း (လေအားများခြင်း)သာ ခြားနား၏။ ဤသို့ လေအားလျော့ခြင်းနှင့် လေအားတင်းခြင်းဟူသော အသံအင်အားတို့ကြောင့် စ သံ နှင့် ဆ သံ ဟူသော သီးခြားဗျည်း သံရင်း နှစ်သံ၊ နှစ်မျိုးနှစ်စား ကွဲပြားသော ဗျည်းသံနှစ်သံ ဖြစ်ပေါ်လာရ ခြင်းဖြစ်သည်။ စနှင့် ဆတွင် ဆ သံသည် “ဟ” သံ ပါဝင်သည်။

စာ နှင့် ဆာ၊ စား နှင့် ဆား ကဲ့သို့ စ သံနှင့် ဆ သံ တို့၏ ကွဲပြားခြားနားသော အသံများကို လေ့လာသိရှိနိုင်ပါသည်။

အသံထွက်မှား၍ စာလုံးပေါင်းသတ်ပုံပါ မှားရေးနေကြသည့် သာဓကများကိုလည်း ယခုအခါ အတော်အတန် တွေ့မြင်နေရပါပြီ။ ဆုငွေကို စုငွေ ဟူ၍လည်းကောင်း၊ ဆိတ်ငြိမ်ခြင်းကို စိတ်ငြိမ်ခြင်း ဟုလည်းကောင်း ဆိုက်ကပ်သည်ကို စိုက်ကပ်သည်ဟူ၍လည်းကောင်း အသံထွက်မှားမှုကြောင့် သတင်းစာနှင့် စာအုပ်စာတမ်းအချို့တွင် စာလုံးပေါင်းသတ်ပုံ မှားရေးနေကြပြီး အဓိပ္ပာယ်လည်း လွဲမှားကြသည့်အဖြစ်မျိုးမှာ စင်စစ်စာပေရေးထုံးစနစ်ကိုပင် ဆုတ်ယုတ်စေပါသည်။

ဤကဲ့သို့ ပြောင်းလဲမှားယွင်းသည့် အဖြစ်ကို စဉ်းစားကြည့်သော် ဤသို့ ထင်မြင်ဆင်ခြင်မိသည်။ “စ” သံကို ရွတ်ဆိုရာတွင်အသုံးပြုရသော လေအားထက် “ဆ”သံကို ရွတ်ဆိုရသော လေအားက ပိုမိုများပြားခြင်းကြောင့် အနည်းငယ်ပင်ပန်းပါသည်။ “စ” သံဖြင့် အစားထိုးပါက အားစိုက်ရမှု သက်သာသည်။ ဤနည်းအားဖြင့် “ဆ”သံ အစား “စ”သံသို့ ပြောင်းလဲရွတ်ဆိုရာမှ ပီသမှု မရှိသော၊ အလွယ်လိုက်သောပြောဟန်တစ်မျိုးသို့ ယနေ့ပြောင်းလဲပျက်ယွင်းလာခဲ့ရသည်ဟု ထင်မြင် ယူဆမိသည်။ ဤ အသံထွက်ဟန်ပန်မျိုးကို ပျက်အစဉ် ပြင်ခဏ ဟူသောစကားအရ စနစ်တကျ အချိန်မီပြုပြင်လေ့ကျင့်ပေးသွားနိုင်မည်ဆိုပါက အသံထွက်မှန်ကန်ပီသမှုကို ပြန်လည် ထိန်းသိမ်းနိုင်မည်မှာ မလွဲဧကန် ဖြစ်ပေသည်။

အောက်ပါ စ သံ နှင့် ဆ သံဆိုင်ရာ စကားအသုံးအနှုန်းအချို့ကို နှိုင်းယှဉ်လေ့ကျင့်ခြင်းဖြင့် အကျိုးသက်ရောက်မှုများ ကောင်းစွာရရှိလာနိုင်မည်ဖြစ်သည်။

DBEBOX - Copyright Protected

(၁) စ - ဆ စကားအရာလိမ္မာပါ။ မိဘဆရာ၊ ရှိသေကြ။

(၂) စာ - ဆာ စာအောင်သူကိုဂုဏ်ပြုပါ။ ဆာလောင်သူကိုဖေးမပါ။

(၃) စား - ဆား စားပါ၊ သောက်ပါ၊ ဆားလျှော့ပါ။

(၄) စီ - ဆီ စီစဉ်ပေးပါ။ ဆီလျှော့ကျွေးပါ။

(၅) စီး - ဆီး စီးဆင်းရေသံ။ ဆီးနှင်းဝေလျှံ။

(၆) စူး - ဆူး စူးစိုက်လှုံ့လ၊ ထုတ်ကြပါ။ ဆူးစူးလွတ်အောင်၊ ကြည့်ရှောင်ပါ။

(၇) စေး-ဆေး စေးပျစ်ချွဲမျှား၊ ရှင်းလင်းထား။ ဆေးဝါးဒါန၊ ပေးလှူကြ။

(၈) စဲ - ဆဲ စဲသည့်မိုးနှယ် ပွင့်လင်းဖွယ်။ ဆဲရေးတိုင်းထွာ ရှောင်ကြဉ်ပါ။

(၉) စံ- ဆံ စံပယ်တော်မူ၏။ ဆံပယ်တော်မူ၏။

(၁၀) စို - ဆို စိုပြည်လှပ၊ ယှဉ်ပြိုင်ကြ။ ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲကြီး။

(၁၁) စို့ - ဆို့ စို့ထွက်နေပြီ၊ ကျမျက်ရည်။ ဆို့ပိတ်နေပြီ၊ မြူနှင်းရည်။

(၁၂) စိုး - ဆိုး စိုးရိမ်သောက၊ ကင်းကြပါစေ။ ဆိုးသွမ်းဒေါသ၊ရှင်းကြပါစေ။

(၁၃) စိုက် -ဆိုက် စိုက်ရေးပျိုးရေး၊ တို့အားပေး။ ဆိုက်ရေးကပ်ရေး၊ လျော်ခတ်ပေး။

(၁၄) စင် -ဆင် စင်ကြယ်ဒါန၊ ကုသိုလ်ရ၊ ဆင်ခြင်တုံတရား၊ လက်ကိုင်ထား။

(၁၅) စောင့် -ဆောင့် စောင့်လေမျိုးနွယ်၊ ကျင့်ကြကွယ်။ ဆောင့်အောင့်မူရာ၊ ရှောင်ကြဉ်ပါ။

(၁၆) စိတ် -ဆိတ် စိတ်ငြိမ်အောင်ပြု၊ တရားရှု၊ ဆိတ်ငြိမ်ရာတွင်၊ တရားဝင်။

(၁၇) စုတ် -ဆုတ် စုတ်ပြဲကင်းအောင်၊ သတိဆောင်၊ ဆုတ်ဖြဲလိုမှု၊ သတိပြု။

(၁၈) စွတ် -ဆွတ် စွတ်စိုလှပြီ၊ မိုးရာသီ၊ဆွတ်လိုလှပြီ၊ ပန်းပေါင်းဆီ။

ရွှေလမင်းသွင်(မြန်စာမြေ)

DBE BOX - Copyright Protected

# တ သံနှင့် သ သံ၊ အက် သံနှင့် အတ် သံ သတိပြုရန်

စကားပြောရာတွင် တနှင့် သ ကို ပီပီသသခွဲခြားပြောဆိုတတ်ရန် လိုအပ်ပါသည်။ တချို့မှာ "တ"နှင့် "သ" သံကို မကွဲပြားပါ။ "တော်တော်ကောင်းတယ်" ကို "သော်သော် ကောင်းတယ်" ၊ "လေးလေးတွဲ့တွဲ့" ကို " လေးလေးသွဲ့သွဲ့" ဟု ပြောပုံမျိုးဖြစ်သည်။ ပြောင်းပြန်အနေနှင့်" ကြက်သား" "ဝက်သား" ကို "ကြက်တား" "ဝက်တား"၊ "သန်းသန်း" ဟူသောအမည်ကို "တန်းတန်း" ဟု ခေါ်ဆိုပုံများဖြစ်သည်။ အောက်ပါစကားလုံးများကို "သ"နှင့် "တ"ပီအောင် လေ့ကျင့်ပါ။

(၁) သိပ်သတိရတယ်။

(၂) တမ်းတမ်းတတ တွယ်တွယ်တာတာ

(၃) သတိတရနဲ့ အမှတ်တရ

(၄) သတို့သားနှင့် သတို့သမီး

(၅) သက်သက်သာသာ နေထိုင်ပါ။

(၆) တောင့်တတိုင်းသာ ပြည့်ပါစေ။

နောက်ထပ်မပီသသည့် အသံတစ်မျိုးမှာ "က သတ်"နှင့် "တ သတ်"သံ မကွဲပြားခြင်းဖြစ်သည်။ "တ်" သုံးရမည့် နေရာများတွင် "က်" သုံးမိခြင်းမျိုးဖြစ်သည်။ "တက်တက်ကြွကြွ" ကို "တတ်တတ်ကြွကြွ"ဟု သုံးမိခြင်းမျိုး၊ "ကတ်ကတ်သတ်သတ်" ကို "ကက်ကက်သက်သက်" ဟု သုံးမိခြင်းမျိုးများဖြစ်သည်။ အောက်ပါစကားလုံးများကို "က်"နှင့် "တ်" မှန်အောင်လေ့ကျင့်ပါ။

(၁) သက်သက်သာသာ

(၂) တက်ရောက်

(၃) အတတ်ပညာ

(၄) လတ်လတ်ဆတ်ဆတ်

(၅) ရက်ဆက်လာပါ။

(၆) ဆက်လက်ကြိုးစားပါ။

အထက်ပါစကားလုံးများနှင့် ဝါကျတိုများကို အရေးရော၊ အသံထွက်ပါ မှန်အောင်လေ့ကျင့်ပါ။ ထို့နောက် အဓိပ္ပာယ်ပြည့်စုံသော ဝါကျရှည်များတွင် ထည့်သုံး၍လေ့ကျင့်ပါ။ ထို့နောက် စာပိုဒ်တွင် ထည့်သုံး၍လေ့ကျင့်ပါ။ ထိုသို့လေ့ကျင့်ပါမှ အရေး၊ အသံထွက်နှင့် အဓိပ္ပာယ်ပါ တိကျမှန်ကန်လာမည် ဖြစ်သည်။

DBE BOA - Copyright Protected

# စကားပြောဆိုရာတွင် ရှောင်ကြဉ်သင့်သည်များ

စကားပြောဆိုရာတွင် ပုဂ္ဂိုလ်အရ လိုက်ဖက်အောင် ပြောဆိုသုံးစွဲရသည့် စကားလုံးများရှိပါသည်။ "ဘဲ၊ စော်" ကဲ့သို့သော ဗန်းစကားများကို လူကြီးသူမများနှင့် စကားပြောဆိုရာတွင် ထည့်သွင်းအသုံးပြုမိပါက ရိုင်းရာကျပေလိမ့်မည်။ ထို့ကြောင့် လူကြီးမိဘများနှင့် စကားများပြောရာတွင် ဗန်းစကားများ ထည့်သွင်းပြောဆိုခြင်းကို ရှောင်ကြဉ်ရမည်ဖြစ်သည်။

စကားပြောဆိုရာတွင် ကြိယာထောက် "ပါ" ထည့်ပြောခြင်းနှင့် ထည့်မပြောခြင်းသည်လည်း ယဉ်ကျေးခြင်း၊ ရိုင်းစိုင်းခြင်းသဘောကို ဆောင်နေတတ်သဖြင့် "ပါ" အသုံးကို အထူးသတိပြုရမည်ဖြစ်သည်။ " ဟုတ်ကဲ့"နှင့် "ဟုတ်ကဲ့ပါ"၊ "ဟုတ်တယ်"နှင့် " ဟုတ်ပါတယ်" စကားလုံးများကို နှိုင်းယှဉ်ကြည့်လျှင် ရိုင်းစိုင်းခြင်း၊ ယဉ်ကျေးခြင်း သဘောကို သိရှိနိုင်ပါသည်။ ထို့ကြောင့် မိမိထက် ဂုဏ်၊ ဝါ ကြီးသူတို့နှင့်စကားပြောရာတွင် "ပါ" ထည့် မသုံးတတ်သည့်အလေ့ကို သတိထားရှောင်ကြဉ်ရမည်ဖြစ်သည်။

စကားပြောဆိုရာတွင် ရိုင်းမှန်းမသိ ရိုင်းနေသည့် စကားလုံးတစ်လုံးမှာ "အရမ်း" ဟူသည့် အသုံးအနှုန်းဖြစ်သည်။ အချင်းချင်းပြောဆိုသည့်စကားတွင် "အရမ်း" ဟူသည့်စကားလုံးကို ထည့်၍ "အရမ်းလှတာပဲ" "အရမ်းကောင်းတာပဲ" စသည်ဖြင့်သုံးခြင်းသည် ဆီလျော်သော်လည်း၊ လူကြီးသူမများနှင့် စကားပြောဆိုရာ၌လည်းကောင်း၊ အခမ်းအနားများတွင်လည်းကောင်း၊ စကားပြောဆိုရာ၌လည်းကောင်း "အရမ်း" ကို ထည့်သုံးလျှင်မူ မယဉ်ကျေးသည့် သဘောဆောင်နေပါသည်။ ထို့ကြောင့် "အရမ်း" အသုံးကိုလည်း သတိထားရှောင်ကြဉ်ရမည်ဖြစ်သည်။

"နော်" "ပေါ့နော်" "သိတယ်မဟုတ်လား" ဟူသည့် စကားတို့သည်လည်း မိမိ တည်တည်တံ့တံ့ ပြောဆိုနေသည့် အကြောင်းအရာများကို ပေါ့ပေါ့ပျက်ပျက် ဖြစ်သွားစေသည့် စကားလုံးများဖြစ်သည်။ ထို့ကြောင့် အခမ်းအနားများ၌ စကားပြောသည့်အခါ ထိုစကားလုံးများ ထည့်သွင်းပြောဆိုခြင်းကို ရှောင်ကြဉ်ရမည်ဖြစ်သည်။

စကားပြောဆိုရာတွင် နေရာနှင့် လိုက်ဖက်မှုရှိသောစကားမျိုးကို ပြောဆိုတတ်ရမည်ဖြစ်သည်။ မင်္ဂလာအခမ်းအနားတွင် မင်္ဂလာမရှိသော စကားပြောဆိုခြင်းမျိုး၊ ဈာပနအခမ်းအနားတွင် ရယ်မောစရာစကားပြောခြင်းမျိုးကို ရှောင်ကြဉ်ရမည်ဖြစ်သည်။

ဈေး၊ ကုန်တိုက်၊ ဘတ်စကားမှတ်တိုင်ကဲ့သို့ လူစည်ကားသည့် နေရာများတွင် အချင်းချင်း ဆဲဆိုလှောင်ပြောင်ပြောဆိုတတ်ကြသည့် ဖြစ်ရပ်မျိုးကို မကြာခဏကြုံဖူးပါသည်။ သူတို့၏ စကားကို ကြားရသူများတွင် စိတ်မသက်သာသည့် အမူအရာမျိုးတွေ့ရသော်လည်း ဂရုစိုက်ရကောင်းမှန်းမသိ။ အထူးသဖြင့် တိုင်းထွာသည့်စကားမျိုး၊ ဆဲရေးသည့်စကားမျိုးကို အထိန်းအချုပ်မရှိဘဲ လွတ်လွတ်လပ်လပ် ပြောဆိုနေတတ်ကြသည်။ ဘေးလူများကို ရှက်ရကြောက်ရကောင်းမှန်း သိပုံမရပါ။ ထိုသို့ ပြောဆိုခြင်းမျိုးသည်လည်း ရှောင်ကြဉ်ရမည်ဖြစ်သည်။

DPF BOX Copyright Protected

စကားမပြောသင့်သည့်နေရာတွင် စကားပြောခြင်းသည်လည်း နေရာမသိရာ ရောက်ပါသည်။ အခမ်းအနားများတွင် ရှေ့ကဆွေးနွေးပြောဆိုသူ၏ ဆွေးနွေးချက်ကို နားမထောင်ဘဲ အချင်းချင်း စကားပြောခြင်းမျိုး၊ စာသင်ခန်း၌ ဆရာ၊ ဆရာမ စာသင်နေစဉ် နားမထောင်ဘဲ တိုးတိုးတိတ်တိတ် စကားပြောနေခြင်းမျိုးမှာ ရှေ့ကပြောနေသူကို မလေးစားရာရောက်သော ရိုင်းပျသောအမူအရာမျိုး ဖြစ်သဖြင့် ထိုအပြုအမူများကိုလည်း ရှောင်ကြဉ်ရမည်ဖြစ်သည်။

မြန်မာစကားတွင် အဓိပ္ပာယ်တူသော စကားများစွာရှိပါသည်။ အဓိပ္ပာယ်ချင်းတူသော်လည်း သူ့နေရာနှင့်သူ ဆီလျော်သောစကားကို ရွေးချယ်ပြောဆိုသည့်အလေ့မှာ အစဉ်အဆက် ကျင့်သုံးလိုက်နာခဲ့သည့် အလေ့ဖြစ်ပါသည်။ ထမင်းဖိတ်ကျွေးသည့် ဧည့်သည်ချင်းတူစေကာမူ ရိုသေလေးစားအပ်သော အသက်ကြီးသူ ဂုဏ်ကြီးသူဖြစ်လျှင် "သုံးဆောင်ပါ" ဟုပြောပြီး၊ ခင်မင်ရင်းနှီးသူဖြစ်လျှင် "အားရပါးရစားပါ"ဟု သုံးစွဲတတ်သည်။ ဤသို့ အသက်အရွယ်၊ ဂုဏ်ကိုလိုက်၍ ပြောဆိုခြင်း၊ အပြောအဆို ယဉ်ကျေးသိမ်မွေ့ခြင်းကို ချေငံမှုဟု ခေါ်သည်။ လူတစ်ယောက်နှင့် တစ်ယောက် ပြောဆိုဆက်ဆံရာတွင် ချေချေငံငံပြောဆိုတတ်ခြင်းသည် အများကနှစ်သက်လက်ခံသော ဂုဏ်အရည်အချင်း တစ်ခုဖြစ်သဖြင့် မချေမငံပြောဆိုခြင်းကို ရှောင်ကြဉ်ရမည်ဖြစ်သည်။

"နေကောင်းရဲ့လား" "စားပြီးပြီလား" "ဘယ်ကလာတာလဲ" စသည့် စကားမျိုးသည် လောကဝတ်စကားများဖြစ်သည်။ လောကဝတ်စကားများသည် ပြောသည့်စကား၏ အဓိပ္ပာယ်ထက် တစ်ယောက်နှင့်တစ်ယောက် စကားပြောပြီးဆက်သွယ်ရေးလမ်းကြောင်းဖွင့်သည့် သဘောကပိုနေပါသည်။ တချို့ကမူ လောကဝတ်စကားများကို အပိုစကားများဟု သတ်မှတ်ကြသည်။ လောကဝတ်စကားများပြောဖို့ ဝန်လေးတတ်ကြသည်။ ထိုအခါ တစ်ဦးနှင့်တစ်ဦးအကြား အထင်အမြင် လွဲမှားမှုများပေါ်လာတတ်သည်။ လောကဝတ်စကားများသည် လူ့အဖွဲ့အစည်းတွင် တစ်ဦးနှင့်တစ်ဦး ဆက်ဆံရေးအဆင်ပြေမှုအတွက် များစွာအထောက်အကူပြုသည်။ ထို့ကြောင့် လူတစ်ဦးနှင့်တစ်ဦးတွေ့ဆုံကြလျှင် လောကဝတ်စကား မပြောဘဲ နှုတ်ပိတ်နေတတ်သည့်အလေ့ကိုလည်း ရှောင်ကြဉ်ရမည်ပင်ဖြစ်သည်။

နောက်ဆုံးအနေဖြင့်တင်ပြလိုသည့် ရှောင်ကြဉ်သင့်သည့်အချက်မှာ စကားကိုလက်လွတ်စပယ် ပြောဆိုတတ်သည့် အလေ့ပင်ဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး စကားဖြင့် ဆက်သွယ်နေကြသည့် လူသားများအတွက် စကားတစ်ခွန်းသည် အလွန်အရေးကြီးပါသည်။ စကားတစ်ခွန်း၌ပါသွားသည့် အကြောင်းအချက်များ၊ ထင်မြင်ချက်များသည် နားထောင်သူကို "သာ" အောင်လည်း လုပ်နိုင်သကဲ့သို့ "နာ" အောင်လည်း လုပ်နိုင်ပေသည်။ "သာ"အောင် ပြုလိုက်ခြင်းသည် ကိစ္စမရှိသော်လည်း "နာ"အောင် ပြုလိုက်မိလျှင် နောက်ဆက်တွဲ ပြဿနာများပေါ်လာနိုင်ပါသည်။ ထို့ကြောင့် စကားကိုသတိမမူဘဲ လက်လွတ်စပယ်ပြောခြင်းကို ရှောင်ကြဉ်ရမည်ဖြစ်သည်။

DBE BOX Copyright Protected

# ကျိုးရှိဟုတ်ရာ နာမနာ ဆိုရာစကားမှတ်

"စကားခြောက်ခွန်း လှည့်ထွန်း၊ လေးခွန်းကိုပယ် နှစ်ခွန်းတယ်(တည်)"

"ကျိုးရှိဟုတ်ရာ နာမနာ ဆိုရာစကားမှတ်"

ဟူသည့် စကားခြောက်ခွန်းမှာ သုတ္တန်ပိဋကတ်၊ မဇ္ဈိမပဏ္ဏာသပါဠိတော်၊ ဂဟပတိဝဂ်၊ အဘယ ရာဇကုမာရသုတ်တော်တွင် ဘုရားရှင်ဟောကြားတော်မူသော အကြောင်းအရာဖြစ်သည်။ ထို အကြောင်း အရာကို မြန်မာစာပေကျမ်းဂန်များတွင် ကိုးကားဖော်ပြလေ့ရှိသည့်အတွက် "စကားခြောက်ခွန်း" သည် မြန်မာများနှင့် အကျွမ်းတဝင်ဖြစ်နေပါပြီ။

စကားခြောက်ခွန်းမှာ ဟုတ်မှန်ခြင်း၊ မဟုတ်မှန်ခြင်း၊ အကျိုးရှိခြင်း၊ အကျိုးမရှိခြင်း၊ ကြားနာသူ နှစ်သက်ခြင်း၊ မနှစ်သက်ခြင်းဟူသော အချက်များပေါ်တွင် အခြေပြု၍ ဖော်ထုတ်ထားသော စကားများ ဖြစ်ပါသည်။ ထိုအချက်များအရ စကားခြောက်ခွန်းကို ဤသို့ခွဲပြထားပါသည်။

၁။ ဟုတ်မှန်၊ အကျိုးရှိ၊ နှစ်သက်သောစကား

၂။ ဟုတ်မှန်၊ အကျိုးရှိ၊ မနှစ်သက်သောစကား

၃။ ဟုတ်မှန်၊ အကျိုးမရှိ၊ နှစ်သက်သောစကား

၄။ ဟုတ်မှန်၊ အကျိုးမရှိ၊ မနှစ်သက်သောစကား

၅။ မဟုတ်မှန်၊ အကျိုးမရှိ၊ နှစ်သက်သောစကား

၆။ မဟုတ်မှန်၊ အကျိုးမရှိ၊ မနှစ်သက်သောစကား

ဟုတ်မှန်၍ အကျိုးရှိပြီး နားထောင်သူလည်းနှစ်သက်သော စကားမှာ အကောင်းဆုံးဖြစ် သည်။ အသိပညာတိုးပွားရာ တိုးပွားကြောင်းအတွက် မိဘက သားသမီးကို ပြောသောစကား၊ ဆရာက တပည့်ကို ပြောသောစကားကစ၍ ရဟန်းသံဃာတော်များ၏ တရားပွဲများ၊ စာပေဟောပြောပွဲများ၊ ပညာရပ်ဟောပြောပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ စသည်တို့တွင် ဤစကားမျိုးကို ကြားရမြဲဖြစ်ပါ သည်။

ဟုတ်မှန်၍ အကျိုးရှိသော်လည်း နားထောင်သူ မနှစ်သက်သောစကားမှာလည်း ပြောသင့် ပြောထိုက်သော စကားဖြစ်သည်။ သာဓကအားဖြင့် မူးယစ်ဆေးစွဲနေသောသူကို မူးယစ်ဆေး၏ အန္တရာယ်အကြောင်း ပြောဆိုဆုံးမသောစကားမျိုးဖြစ်သည်။ ဟုတ်မှန်သောစကား၊ နာယူသူအတွက် အကျိုးရှိသောစကားဖြစ်သော်လည်း ဆေးစွဲသူကတော့ နာယူချင်မည်မဟုတ်ပါ။ အလားတူပင် အမှား ပြုသူ တစ်ယောက်၏ အမှားကိုထောက်ပြ၍ အမှန်သို့ရောက်အောင် လမ်းပြပေးသည့်စကားမျိုးကို ထိုသူမနှစ်သက်စေကာမူ အကျိုးကိုမျှော်ကိုးပြီး ပြောဆိုရမည်ပင်ဖြစ်သည်။

DEHBOX - Copyright Protected

ဟုတ်မှန်သော်လည်း အကျိုးမရှိသည့် စကားမျိုးမှာမူ နားထောင်သူနှစ်သက်သည်ဖြစ်စေ မနှစ်သက်သည်ဖြစ်စေ မပြောသင့်သောစကားဖြစ်သည်။ လူမည်း (နီဂရိုး)လူငယ်ကလေးကို "နစ်ဂါး" ဟုခေါ်သောစကားမျိုးသည် မှန်ပင်မှန်သော်လည်း နားထောင်သူကို ထိပါးသောစကားမျိုးဖြစ်သည့်အတွက် အကျိုးမရှိပါ။ နားထောင်သူက နှစ်သက်မည် မဟုတ်ပါ။ ထို့အတူ ကာယကံရှင် ကွယ်ရာတွင် အတင်းအဖျင်း ပြောဆိုသောစကားမျိုးသည် နားထောင်သူအချို့ နှစ်သက်တတ်သော စကားမျိုးဖြစ်သော်လည်း သူတစ်ပါး၏အားနည်းချက်ကို ကွယ်ရာမှာပြောသောစကားမျိုးဖြစ်၍ အကျိုးမရှိနိုင်ပါ။ ကာယကံရှင်သိသွားလျှင် တစ်ယောက်နှင့်တစ်ယောက် ဆက်ဆံမှုပျက်ပြားပြီး အကျိုးယုတ်စရာသာ ရှိပါသည်။

ဟုတ်မှန်ခြင်းလည်းမရှိ အကျိုးလည်းမရှိသော စကားမျိုးမှာလည်း နားထောင်သူ နှစ်သက်သည်ဖြစ်စေ မနှစ်သက်သည်ဖြစ်စေ မပြောသင့်သောစကားဖြစ်သည်။ မဟုတ်မမှန် လိမ်ညာလုပ်ကြံပြော ဆိုသော စကားမျိုးသည် ဝစီဒုစရိုက်မကင်းသော စကားမျိုးဖြစ်ဖို့များသည်။ လိမ်ညာပြောဆိုခြင်း၊ ကုန်းချောစကားပြောဆိုခြင်း၊ အပြိန်းအဖျင်းပြောဆိုခြင်း၊ ဆဲရေးတိုင်းထွာပြောဆိုခြင်းဟူသော ဝစီဒုစရိုက် လေးမျိုးတွင် တစ်မျိုးမဟုတ်တစ်မျိုးအကျုံးဝင်နေမည်ဖြစ်သည်။ ထိုစကားမျိုးကို နှစ်သက်သူလည်းရှိသည်။ မနှစ်သက်သူလည်းရှိသည်။ သို့သော် အကျိုးမရှိသောစကားဖြစ်၍ ထိုစကားမျိုးကို မပြောသင့်သောစကားအဖြစ် မှတ်ယူရပါသည်။

ဤစကားခြောက်ခွန်းတွင် ဟုတ်မှန်၍ အကျိုးရှိပြီး နားထောင်သူနှစ်သက်သောစကားနှင့် ဟုတ်မှန်၍ အကျိုးရှိသော်လည်း နားထောင်သူမနှစ်သက်သော စကားဟူသည့် စကားနှစ်မျိုးသည် ပြောဆိုသင့်သောစကားများဖြစ်၍ ကျန်စကားလေးမျိုးမှာမူ မပြောဆိုသင့်သောစကားများဖြစ်ကြောင်း ဘုရားရှင်မိန့်ကြားတော်မူခဲ့ပါသည်။ ထိုအချက်ကို "ကျိုးရှိဟုတ်ရာ နာမနာ ဆိုရာစကားမှတ်" ဟု သံပေါက်ကဗျာဖွဲ့၍ မှတ်သားကြခြင်းဖြစ်သည်။

# နားထောင်သောအလေ့

ကျွန်တော်တို့၏ အပြစ်ကလေးများကို တစ်ခါတစ်ခါ ပြန်ရှာကြရပေမည်။ အချစ်ဆုံးမိတ်ဆွေသို့မဟုတ် အိမ်သူအိမ်သားတစ်ဦးဦးအားလည်း သတိထားကြည့်ပေးဖို့ ပြောရပေမည်။

တစ်ခါတစ်ရံသာမဟုတ်၊ မကြာမကြာပင် စစ်ဆေးကြည့်စရာကောင်းပေသည်။ ကိုယ့်ကိုယ်ကိုယ်လည်း မှန်ထဲကြည့်သည့်အလား ပြန်လည်စစ်ဆေးကြည့်ရပေမည်။ ကြည့်သင့်သည်။

မည်သူမဆို၊ ကျွန်တော်ဖြစ်စေ၊ မိတ်ဆွေဖြစ်စေ ကိုယ့်ကိုယ်ကိုယ်စစ်ဆေးခြင်း၊ မိတ်ဆွေများ၏ အကြံဉာဏ်ပေးခြင်းနှင့် သတိပေးခြင်းကို မခံယူလျှင်နေရာမကျပေ။ မိမိကိုယ်ကို ဗလာထားပြီး နှိမ့်ချကာစစ်ဆေးပါမှ ချစ်ခင်ရင်းနှီးသူ၏ ပြောပြခြင်းကိုခံယူပါမှ သတိထားပြုပြင်နိုင်မည်။ တိုးတက်မှုရှိနိုင်မည်ဟု ကျွန်တော်မြင်မိသည်။

အခြားအကြောင်းအရာများကို အပထား၍ ကျွန်တော်တို့တွင်ရှိတတ်သော ချွတ်ယွင်းချက်တစ်ခုမှာ မိတ်ဆွေများ၊ ဧည့်သည်များနှင့် စကားစမြည်ပြောလျှင် လုပြောသော အလေ့ဖြစ်သည်။ ဤအလေ့သည် ကိုယ်ကဘာမှသတိမထားသော်လည်း အတူတူစကားပြောသူများကို များစွာအနှောင့်အယှက် ဖြစ်စေသည်။

ဝိုင်းတစ်ဝိုင်း၌စကားလုပြောသူ နှစ်ဦး၊ သုံးဦးပါလျှင် ထိုဝိုင်းတွင် ဘယ်စကားကို နားထောင်၍ဘယ်သူ့ဘက် မျက်နှာလှည့်ထားရမည်ပင် မသိတော့ပေ။ နားထောင်ရသူသည် နားတွင်းဝင်လာသော စကားများက မျိုးစုံလှသောကြောင့် ဘယ်စကားကို နားထောင်ရမည်ပင်မသိဘဲ နားထောင်ချင်၊ နားစွင့်ချင်ယောင်ဆောင်ပြီး ဟိုဘက်လိုလို၊ သည်ဘက်လိုလို သွားဖြီးကလေးနှင့် လုပ်နေရလေသည်။ ဘယ်သူ့စကားမှနားမဝင် ဘာမှလည်းနားမလည်။

ဤအတွေ့အကြုံမျိုးကို ကျွန်တော် မကြာမကြာ ကြုံတွေ့ရသည်။ တစ်ခါတစ်ရံ ကျွန်တော်လည်းစကားလုပြောသူများအထဲတွင် အပါအဝင်ဖြစ်နေသည်ကို တွေ့ရသောကြောင့် မနည်းသတိထားပြီးပြန်ဆုတ်ရသည်။

ဘာကြောင့် သူများပြောသည်ကို နားမထောင်ဘဲ ကိုယ်က လုလုပြောရသလဲဟု စစ်ဆေးကြည့်သောအခါ ကိုယ်ပြောသည့်အကြောင်းအရာကို ကိုယ်ကအရေးကြီးသည်ထင်သောကြောင့်ဖြစ်သည်။

ဤသို့ ထင်တတ်မြင်တတ်ခြင်းသည် နောင်သောအခါ အကျင့်ကြီးဖြစ်ပြီး ဘယ်အခါမဆိုဝိုင်းထိုင်မိရာ၌လည်းကောင်း၊ လူစုမိရာ၌လည်းကောင်း ကိုယ်ကချည်း ရှေ့ကပြောနေလေတော့သည်။

DBE BOX - Copyright Protected

ထိုဝိုင်းတွင် ငါ ဘာများပြောခဲ့မိပါလိမ့်ဆိုသည်ကို ပြန်စဉ်းစားကြည့်လျှင် စကားများများ စပြောသူ လုလုပြီး ပြောလေ့ရှိသူများသည် မှတ်မိခဲသည်။ စိတ်ဝင်စားသည်မှာလည်း ထိုပြော နေချိန် အခိုက်အတန့်၌သာဖြစ်ရာ ထိုပုဂ္ဂိုလ်အတွက်ကား ဘာပြောခဲ့သည်ကို မမှတ်မိသည်မှာလည်း အရေးမကြီးပေ။

သုံးသပ်ဝေဖန်ကြည့်သောအခါ သူတစ်ပါးပြောသည်ကို ကောင်းစွာနားထောင်တတ်ဖို့ အလွန် အရေးကြီးသည်ကို ကျွန်တော်တို့တွေ့ရသည်။ ထိုသူ ကျေနပ်ရန်သာမဟုတ်၊ ဘာပြောသည်၊ ဘာ အဓိပ္ပာယ်ရှိသည်၊ ဘယ်မျှအနှစ်သာရပါရှိသည်၊ မည်သည့်အချက်ကို မှတ်သားရမည်ဆိုသည်များကို ကောင်းစွာဂရုပြု နားထောင်မှပင်သိနိုင်ပေသည်။

များသောအားဖြင့် ကျွန်တော်တို့သည် သူများပြောသည်ကို နားထောင်ကြသည်ထက် ကိုယ့် အလှည့် ဘယ်တော့ရောက်မည်ကို စောင့်နေကြပေသည်။ အခွင့်သာလျှင်တိုးဝင်ပြီး ပြောလိုက် တော့သည်။

စကားပြောသူများအနက် ဘာမှအဓိပ္ပာယ်မရှိလှသည်ကို ကိုယ်တတ်လုပ်ပြီး ပြောနေသူ များနှင့် ကြုံလျှင်ကား ကံဆိုးသောကြောင့် ကြုံရလေခြင်းဟု မှတ်ယူသင့်ပေသည်။ သို့ရာတွင် တချို့မှာ အလွန်တန်ဖိုးရှိသော စကားများကို ပြောတတ်ကြသည်။ ထိုပုဂ္ဂိုလ်မျိုးနှင့် ကြုံလျှင်ဆုံလျှင်ကား မိမိ သိလို၍ မေးသင့်သောမေးခွန်းကို အချက်ကျကျ စနစ်တကျ ပျော့ပျော့ပျောင်းပျောင်း မေးသင့်ပေ သည်။

တစ်ဦးဦးက ဝိုင်းထဲတွင် စကားပြောနေသည်ကို မိမိက စိတ်မဝင်စားသကဲ့သို့ ဟိုကြည့် သည်ကြည့် လုပ်နေခြင်းမှာကား အလွန်ရိုင်းသော အမူအရာဖြစ်သည်။

စကားလုလုပြောတတ်ခြင်း၊ ထိုင်မိကြလျှင် မိမိကသာ အတတ်အလိမ္မာ အစွာသဘောမျိုး ပြောဆိုနေတတ်ခြင်းများထက် သူတစ်ပါးပြောသည်ကို ကောင်းစွာနားထောင်ခြင်းက အကျိုးများ သည်။ နားထောင်တတ်သောအကျင့်ကိုရအောင် လေ့ကျင့်ကြပါဟု မိတ်ဆွေများနှင့် လူငယ်များကို ကျွန်တော် တိုက်တွန်းလိုပါသည်။ ကျွန်တော်လည်း သတိပြုလေ့ကျင့်လျက်ရှိပါသည်။

ဤသို့ဆိုရာ၌ ပါးစပ်ကြီးပိတ်ပြီး ဖိုးဝရုပ်ကြီးကဲ့သို့ နေရမည်ဟု မဆိုလိုပါ။ တကယ်စိတ်ဝင် စားစွာ နားထောင်တတ်သော အကျင့်ကိုရအောင် ထူထောင်ရန်သာ ဆိုလိုပါသတည်း။ ။

လူထုဦးလှ

DBE BOA - Copyright Protected

# အခန်း - ၂
# အပြောပုံစံအမျိုးမျိုး

## ပေးစာ (တစ်ဦးတည်းအပြောပုံစံ)

ချစ်တပည့် . . .

စာအုပ်တွေထဲမှာရှိတဲ့ အကြောင်းအရာတွေဟာ အံ့သြစရာရတနာတွေပဲတဲ့။ ရတနာကျွန်းပေါ်ရှိ ပင်လယ်ဓားပြတွေ သိမ်းဆည်းထားတဲ့ ရတနာတွေထက်တောင် ပိုမိုများပြားလှသတဲ့။ အဲ့ဒီရတနာတွေကို တူးဖော်ယူတတ်ဖို့သာ လိုသတဲ့၊ ကောင်းလိုက်လေ၊ အဲ့ဒီစကား အမှန်ပဲကွ။ မင်း . . ဆေးအတတ်သင်ချင်သလား။ စာအုပ်ထဲမှာ ရှိတယ်၊ အင်ဂျင်နီယာ အတတ်သင်ချင်သလား၊ စာအုပ်ထဲမှာရှိတယ်။ စိတ်ရဲ့ငြိမ်းချမ်းခြင်းကို လိုချင်သလား။ စာအုပ်ထဲမှာရှိတယ်။ ကြီးပွားချမ်းသာချင်သလား၊ စာအုပ်ထဲမှာရှိတယ်။ သဘာဝလောကအကြောင်းကို သိချင်သလား၊ စာအုပ်ထဲမှာရှိတယ်။

မင်း လိုချင်တာတွေကို စာအုပ်ထဲမှာ တူးဖော်ယူလိုက်ရုံပဲ၊

စာအုပ်တွေထဲမှာ မင်းလိုချင်တာတွေ အကုန်ရှိတယ်ဆိုတာ မယုံမရှိနဲ့နော်၊ အဲ့ဒီတော့ စာအုပ်ဟာ ရတနာတွေ စုဆောင်းထားတဲ့ ရတနာသေတ္တာကြီးနဲ့တူတယ်၊ အဲ့ဒီသေတ္တာကြီးကို ဉာဏ်သော့နဲ့ဖွင့်ပေတော့။ ဖွင့်ရကောင်းမှန်းလဲမသိ။ ဖွင့်လဲမဖွင့်တတ်ရင်တော့ ရတနာသိုက် ရှိမှန်းသိရက်နဲ့ တူးဖော်မယူတတ်တဲ့ ငတုံး၊ ငအ၊ ငညံ့၊ ငဖျင်း၊ အသုံးမကျတဲ့ လူ့ဗာလဖြစ်သွားလိမ့်မယ်၊

မင်းက ခပ်ညံ့ညံ့ ငအတစ်ယောက်မှ မဟုတ်တာ။ ဒီတော့စာအုပ်တွေထဲမှာရှိတဲ့ ရတနာတွေကို ရှာဖွေတူးဖော်ယူပေတော့၊ မင်းလိုချင်တာရမှာ သေချာတယ်။ စာအုပ်တွေထဲက ရတနာတွေကို တူးဖော်ယူတတ်သွားပြီဆိုရင်တော့ မင်း . . ကြီးပွားတိုးတက် အောင်မြင်ကျော်ကြားတဲ့သူဖြစ်ပြီပေါ့၊

**ဆရာကောင်း**

**(ကောင်းသန့်၏ ချစ်သမီးသို့ပေးစာမှ)**

## ဆောင်းပါး (တစ်ဦးတည်းအပြောပုံစံ)

အမေတို့ငယ်ငယ်တုန်းက မန္တလေးမှာသင်္ကြန်ကျတယ်ဆိုတာ လူကြီးတွေ ဥပုသ်စောင့်ကြ၊ ဘုရား ရေသပ္ပာယ်ကြတဲ့ကာလ၊ လူရွယ်လူလတ်ယောကျ်ားလေးတွေ ရေတွင်းချေးဆယ်ကြ၊ ရေကန်တွေ ရေလှယ်ကြ၊ သန့်ရှင်းကြတဲ့ပွဲ၊ ကလေးငယ်တွေက သံဖြူရေပြွတ်ကလေးတွေ၊ သံဖြူရေဖလားတွေနဲ့ ရေပက်ကစားကြတဲ့ပွဲလေ။

ရှေးတုန်းက သင်္ကြန်မကျသေးဘူးဆိုရင် ဧပြီလ ၁၃ ရက်ပေမဲ့ ရေပက်ရတာမဟုတ်ဘူး။ ဟဲ့. . . မပက်နဲ့အုံး။ သင်္ကြန်မကျသေးဘူးဆိုရင် ခွက်ကလေး၊ ပြွတ်ကလေးကိုင်ပြီး အသာရပ်နေရတာ။ သင်္ကြန်ကျပြီဆိုတာကလဲ တစ်မြို့လုံးကြားအောင် အမြောက်သံတစ်ချက် ပစ်ဖောက်ပေးလိုက်တာပါ။

အဲ့ဒီအမြောက်က အသံသာမြည်တာ ဘယ်သူ့မှ ဘာမှထိခိုက်တာမဟုတ်ဘူး။ ဒါကြောင့် အမေတို့ဆီမှာ ဟန်သာရှိပြီး အဆန်မပါဘူး၊ သင်္ကြန်အမြောက်ပဲလို့ တင်စားပြီးပြောတဲ့ စကားတစ်ခွန်း တောင်ရှိခဲ့တယ်။

အမေတို့ငယ်ငယ်က ရေပက်တယ်၊ ရေကစားတယ်ဆိုတာ တကယ့် ၁၀ နှစ်၊ ၁၂ နှစ် ကလေးတွေရဲ့ ပွဲသက်သက်ပဲ၊ အပျိုလူပျိုတွေ ရေကစားတာမရှိဘူးလား။ ရှိပါရဲ့။ ရှိပုံကဒီလိုလေ။ ဘယ်အိမ်မှာ အပျိုရှိတယ်၊ တစ်ယောက်မကရှိတယ်ဆိုရင် အဲ့ဒီအိမ်ကအပျိုကို ရေလောင်းဖို့ တစ်ရပ်ထဲက လူပျိုတွေက ချောင်းနေကြရတယ်။

အပျိုတွေကလဲ ရေပက်ခံရမှာကြောက်လို့ သင်္ကြန်တွင်းဆိုရင်တော့ တတ်နိုင်သလောက် လူမြင်မခံဘဲ အိမ်တွင်းအောင်းနေကြတာပဲ။ မလွှဲသာတဲ့ကိစ္စနဲ့ အိမ်ပြင်ထွက်လာပြီဆိုရင်တော့ ရေပက်ချင်လို့ ချောင်းနေတဲ့ကောင်လေးတွေက ချမ်းသာမပေးတော့ဘူး။ အိမ်ထဲပြေးဝင်ရင်လဲ မိဘမောင်ဖွားကို ကျွန်တော်ရေပက်ချင်လို့ မ-------ကို ထုတ်ပေးပါခင်ဗျာလို့ တောင်းတော့တာပဲ။ ဒီအခါ မိဘမောင်ဖွားက မ-------ရေ လာပါကွယ်။ ရေပက်ခံလိုက်ပါဟဲ့ လို့ မလာမချင်း ခေါ်ပေးတယ်။ ထွက်လာတော့ လူကြီးမိဘတွေရှေ့မှာပဲ လောင်းချင်သလောက် လောင်းကြတယ်။ ဘယ်အိမ်က အပျိုဘယ်သူ ရေပက်ခံနေပြီလို့ အရပ်ထဲက တခြားကာလသားတွေကြားရင်လဲ ရရာရေပုံး၊ ရေဖလားဆွဲယူပြေးလာပြီး လာလောင်းကြတော့တာပဲ။ တစ်ခါတလေ လောင်းသူတွေက များလွန်းလို့ ချောင်းစီးမြောင်းစီးပေါ့။

(လူထုဒေါ်အမာ ၏ အမေ့ရှေးစကားမှ)

DDE BOX - Copyright Protected

ပုံပြင် (တစ်ဦးတည်းအပြောပုံစံ)

## ဖိုးအနဲ့ မယ်န

ဟိုးရှေးရှေးတုန်းက ဖိုးအနဲ့ မယ်နတို့ လင်မယားနှစ်ယောက်ရှိသတဲ့။ သူတို့ လင်မယားက ရုပ်ချင်း၊ အရွယ်ချင်း မတူပေမဲ့ အ ပုံ၊ န ပုံကတော့ အလွန်တူကြတယ်။ ဆင်းရဲလိုက်တာကလဲ သူတကာနဲ့မတူဘူး။ ဖိုးအ က အလုပ်လုပ်လို့ရတဲ့ ငွေစ တစ်ဆယ့်ငါးကျပ်ကို မစားရက် မသောက်ရက်ဘဲ စုဆောင်းထားတယ်။ သူစုဆောင်းထားတာကို မယ်နလဲသိတယ်။ အဲဒီငွေကို သူတို့ နှစ်ယောက် သဘောတူမှပဲ သုံးကြမယ်ဟု တိုင်ပင်ထားကြသတဲ့ကွယ်။

တစ်နေ့တော့ ဖိုးအ က "ဟေ့ . . မယ်နရေ . . ငါတို့စုထားတဲ့ ငွေစ တစ်ဆယ့်ငါးကျပ်ကို တိုးပွားအောင် ဝက်ကလေးတစ်ကောင်ဝယ်ပြီး မွေးရအောင် မကောင်းဘူးလား" လို့ တိုင်ပင်တယ်။ မယ်နကလဲ ဖိုးအရဲ့ အကြံကို သဘောကျလို့ "အင်း . . ကောင်းသားပဲ မြို့ကိုတက်ပြီး ဝက်ပေါက်ကလေးတစ်ကောင် ဝယ်ချေပါ" လို့ ပြန်ပြောသတဲ့။ ဖိုးအလဲ နောက်မနက်မှာ ငွေစတစ်ဆယ့်ငါးကျပ်ကိုယူပြီး မြို့ကိုထွက်သွားတယ်။ ဈေးထဲမှာ ဝက်ပေါက်ကလေးတစ်ကောင်ဝယ်ပြီးတော့ အိမ်ကို ပြန်လာခဲ့သတဲ့။ သူက လမ်းမှာ ဝက်ကလေးကိုဆွဲပြီးလာတဲ့အခါ ငန်းကြီးတစ်ကောင်ကို ပိုက်ပြီး လျှောက်လာတဲ့ မိန်းမကြီးတစ်ယောက်နဲ့ တွေ့သတဲ့။ "အင်း . . ငါလဲ အင်မတန် 'အ' ပါကလား။ ငန်းကြီးကိုသာ ဝယ်လိုက်ရရင် ဝက်ထက်ကောင်းအုံးမှာလို့ တွေးမိသတဲ့။ ဒါ့ကြောင့် သူက ဗျို့ . . ဒီမှာအဒေါ်ကြီး ခင်ဗျားငန်းကြီးနဲ့ ကျုပ်ဝက်ပေါက်ကလေးနဲ့ လဲမလားလို့ မေးလိုက်တယ်တဲ့။ မိန်းမကြီးကလဲ အေး . . လဲရတာပေါ့ . . ။ ရော့ . . ရော့ . . လို့ ပြောပြီး သူ့ငန်းကြီးကို လှမ်းပေးပြီး ဝက်ပေါက်ကလေးကို ဆွဲယူသွားသတဲ့။ ဖိုးအလဲ သဘောကျစွာနဲ့ ငန်းကြီးကိုပိုက်ပြီး ဆက်လျှောက်လာခဲ့တယ်။ အတန်သွားမိတဲ့အခါ ခွေးလိမ္မာတစ်ကောင်ဆွဲပြီးလျှောက်လာနေတဲ့ လူကြီးတစ်ယောက်နဲ့ တွေ့သတဲ့။ ဖိုးအလဲ သူ့ငန်းကြီးကို ငုံ့ကြည့်ပြီး အင်း . . ငါလဲ အင်မတန် 'အ' ပါသေးကလား။ ခွေးကြီးကိုသာဝယ်ခဲ့ရင် ငါ့အိမ်ကိုတောင် စောင့်ရှောက်ဖော်ရအုံးမယ်လို့ တွေးမိရင်း ဗျို့ . . ဒီမှာ ဘကြီး ကျုပ်ငန်းကြီးနဲ့ ခင်ဗျား ခွေးလိမ္မာနဲ့ လဲမလားလို့ လှမ်းမေးလေတယ်။ အဲဒီလူကြီးကလဲ သဘောကျစွာနဲ့ အေး . . ကောင်းသားပဲ။ လာ. . လာ . . လဲမယ် . . လို့ပြောပြီး သူ့ခွေးကို ငန်းနဲ့ လဲယူသွားသတဲ့။ ဖိုးအလဲ ခွေးလိမ္မာကိုဆွဲပြီး လျှောက်လာတဲ့အခါ ဗုံကြီးတစ်ခုကိုတီးပြီး လျှောက်လာနေတဲ့ လူကြီးတစ်ယောက်နဲ့ တွေ့ရသတဲ့။ ဖိုးအလဲ သာယာတဲ့ဗုံသံကို ကြားရတဲ့အခါ အင်း . . ငါလဲ တော်တော် 'အ'ပါသေးကလား။ ဒီဗုံကြီးကိုသာ ဝယ်လိုက်ရင် ငါ့မိန်းမ အင်မတန် ကြိုက်မှာပဲ။ ငါ့ ခွေးလိမ္မာနဲ့ လဲကြည့်အုံးမှပါလေလို့ တွေးမိကာ ဗျို့ . . ဆရာကြီး . . ခင်ဗျား ဗုံကြီးနဲ့ ကျုပ်ခွေး

DBE BOX - Copyright Protected

လိမ္မာနဲ့ လဲမလားလို့ လှမ်းမေးလိုက်တယ်။ အဲ့ဒီလူကြီးကလဲ သူ့ဗုံအဟောင်းကြီးကို မလိုချင်တော့လို့ အေး . . ကောင်းပါရဲ့ကွယ်။ လဲရတာပေါ့လို့ပြောကာ ဖိုးအဆီက ခွေးလိမ္မာကိုယူကာ ထွက်သွားလေတယ်။

ဖိုးအလဲ ဗုံကြီးကိုတီးပြီး လမ်းပေါ်မှာ လျှောက်လာတဲ့အခါ ရေခဲမုန့်ရောင်းတဲ့ လက်တွန်းလှည်းသမားနဲ့တွေ့ရတယ်။ လက်တွန်းလှည်းနဲ့တွေ့တဲ့အခါ နေကလဲ အင်မတန်ပူ ဖိုးအကလဲ အင်မတန် ရေငတ်နေတယ်။ ဖိုးအ က အင်း . . ငါဟာ အတော့်ကို အ တဲ့ အကောင်ပါလား။ ဟောဒီဗုံကြီးနဲ့ ရေခဲမုန့်ကို လဲစားရရင် ဘယ်လောက်များ ကောင်းလိုက်ပါ့မလဲ" လို့ တွေးမိလေသတဲ့။ ဒါ့ကြောင့် သူက ဒီမှာ . . ရေခဲမုန့်သည်ကြီး။ ကျုပ်ကို ရေခဲမုန့်ကျွေးစမ်းပါဗျာ။ ဟောဒီ ကျုပ်တီးလာတဲ့ ဗုံကြီးပေးပါ့မယ်လို့ ပြောပြီးဝယ်လေတယ်။ ရေခဲမုန့်သည်ကလဲ ကောင်းပြီ . . ကောင်းပြီ။ ပေးရတာပေါ့လို့ပြောပြီး ရေခဲမုန့်ထည့်ကျွေးလေတယ်။ ဖိုးအလဲ ရေခဲမုန့်စားရင်း စဉ်းစားနေလေတယ်။ အင်း . . ငါ့မိန်းမတော့ အိမ်မှာနေပြီး ဒီလို မုန့်ကောင်းကို စားရရှာမယ် မဟုတ်ဘူး။ ပြီးတော့ ငါ အခုထွက်ခဲ့တဲ့အခါ ဝက်ပေါက်ကလေးကို ဝယ်၊ ဝယ်ပြီး ဝက်ပေါက် ကလေးကို ငန်းကြီးနဲ့လဲ၊ ငန်းကြီးနဲ့ခွေး လိမ္မာနဲ့ လဲ၊ ခွေးလိမ္မာနဲ့ ဟောဒီဗုံကြီးကို တစ်ခါလဲ၊ ဗုံကြီးကို ရေခဲမုန့်နဲ့ လဲရပြန်ပါလေရော။ အင်း . . သေသေချာချာ တွေးကြည့်လိုက်တော့ ငါ အခုစား နေတဲ့ ရေခဲမုန့်ကသာ ချက်ချင်း အသုံးကျပြီး ငွေကုန်ရကျိုးနပ်ပါကလား။ ကောင်းတယ် ကောင်းတယ် ငါပြန်ရင် ငါ့မိန်းမဖို့လဲ ရေခဲမုန့်ကိုပဲ နောက်ထပ်တောင်းပန်ပြီး ယူသွားရအုံးတော့မှာပဲလေလို့ တွေးနေသတဲ့။ ဖိုးအက ရေခဲမုန့်သည်ကြီးကို ဒီမှာ . . ကျုပ် အခုစားလို့ရှိရင် အိမ်မှာကျန်ခဲ့တဲ့ ကျုပ်မိန်းမဖို့လဲ နည်းနည်းပေးလိုက်အုံးဗျာ။ ကျုပ်တောင်းပန်ပါတယ်လို့ ပြောသတဲ့။ ရေခဲမုန့်သည် ကလဲ သူ့ဆီက ဗုံကြီးတစ်လုံးကိုပင် ရထားတာကြောင့် အို . . ပေးရတာပေါ့ဗျာ ရော့ . . ယူသွား ပေတော့လို့ဆိုပြီး ရေခဲမုန့်ကိုထည့် ပေးလိုက်တယ်။ ဖိုးအလဲ သူ့မိန်းမကို ရေခဲမုန့်ကျွေးရတော့မယ်လို့ ဝမ်းသာအားရနဲ့ ပြန်လာလေတယ်။ အိမ်ရောက်တဲ့အခါ သူ့မိန်းမ မယ်န က "ကိုအ . . ဘယ်မှာလဲ။ ရှင်ဝယ်ခဲ့တဲ့ ဝက်ပေါက်ကလေး" လို့ ဆီးပြီး မေးလေရော။ ဖိုးအလဲ "အိုကွယ် . . ပြောရမှာ အရှည်ကြီးပါ။ ဒီလိုကွဲ့၊ ကျုပ် ငွေတစ်ဆယ့်ငါးကျပ်ယူပြီး ဝက်ပေါက်ကလေးကို ဝယ်တယ်။ ဝယ်ပြီးတော့ လမ်းမှာ ငန်းကြီးတစ်ကောင်ကိုတွေ့တာနဲ့ ဝက်ပေါက်ကလေးနဲ့ လဲခဲ့တယ်။ နောက် ခွေးလိမ္မာ တစ်ကောင်တွေ့လို့ ငန်းကြီးနဲ့ လဲခဲ့တယ်။ ပြီးတော့ ခွေးလိမ္မာကလေးကို ဗုံကြီးနဲ့ လဲလိုက်တယ်။ ကျုပ်လဲ ဗုံကြီးတီးရင်း ပြန်လာတော့ လမ်းမှာ ရေခဲမုန့်သည်နဲ့ တွေ့တာနဲ့ ရေကလဲ ဆာဆာနဲ့မို့ ရေခဲမုန့်နဲ့ လဲပြီး စားခဲ့ရတယ်။ ဒါပေမဲ့ကွယ် . . မင်းဖို့လဲ ယူခဲ့ပါသေးတယ်။ မင်းနဲ့ ငါ နှစ်ယောက်တောင် စားကြရတယ်ဆိုတော့ ရေခဲမုန့်သည်က အင်မတန်သဘောကောင်းတယ်ကွာ . . ရော့" ဆိုပြီး လှမ်းပေးလိုက်လေတယ်။ မယ်နလဲ သူ့လက်ထဲ

DBE BOX Copyright Protected

ရောက်လာတဲ့ ရေခဲမုန့်ကို မစားသေးဘဲ စိတ်ဆိုးဆိုး နဲ့ "ကြည့်စမ်း . . ရှင်ဟာ ငွေဆယ့်ငါးကျပ်ယူသွားပြီး အခုတော့ ရေခဲမုန့်ပဲစားပြီးပြန်လာခဲ့တယ်။ တော်တော် 'အ' သေးတာပဲ" လို့ ပြောလေတယ်။ ဖိုးအကလဲ "အမယ် . . မင်းက ကျုပ်ယူလာခဲ့တဲ့ ရေခဲမုန့်ကို အရင်မစားသေးဘဲနဲ့ အေးအေးဆေးဆေးမှ စားမယ်ဆိုပြီး ကျုပ်ကိုမေးနေတာနဲ့ အခုတော့ အရည်ပျော်သွားပြီ။ ကျုပ် ယူလာခဲ့ရဲ့သားနဲ့ မင်း 'အ' လို့သာ ဝေတ်တာပေါ့။ တကယ်ဆိုရင် မင်းလဲ ကျုပ်လို အ တာပါပဲကွာ" ဟု ပြန်ပြောလိုက်လေသတဲ့။

(နယဥ် ၏ မြန်မာပုံပြင်များမှ)

## ရေဒီယိုအသံလွှင့်ချက် (တစ်ဦးတည်းအပြောပုံစံ)

သောတရှင်များခင်ဗျာ . .

ဝင်းဖေလွယ်အိတ်လို့ဆိုတဲ့ ဝင်းဖေ ဘဝထဲမှာ မန္တလေးတက္ကသိုလ်ကျောင်းထွက်၊ လူထုတိုက်ထွက်ဆိုတဲ့ ဝိသေသလေးတွေက အတော်အရေးကြီးပါတယ်။ မန္တလေး တက္ကသိုလ်ဘဝအစိတ်အပိုင်းတွေလည်း ပြောပြချင်ပါတယ်။ ဒီတစ်ပတ်တော့ မန္တလေး လူထုတိုက်၊ လူထုဦးလေးလှတို့ လူထုဒေါ်ဒေါ်မာ အကြောင်းတွေကို ကျွန်တော်ဖြတ်သန်းခဲ့ရသလို ပြောပြချင်ပါတယ်။

လူထုဦးလေးလှနဲ့ လူထုဒေါ်ဒေါ်မာတို့က ကျွန်တော့်ဖခင်ကြီး ရွှေပြည်ဦးဘတင်ရဲ့ တပည့်တွေဖြစ်ကြပါတယ်။ ကျွန်တော်ကျတော့ လူထုဦးလေးလှနဲ့ လူထုဒေါ်ဒေါ်မာရဲ့တပည့်ဖြစ်လာပြန်ပါတယ်။ ၁၉၅၀ ပြည့်နှစ် နောက်ပိုင်းတွေနဲ့ ၁၉၆၀ ပြည့်နှစ် စောစောနှစ်ပိုင်းတွေမှာ ကျွန်တော်နဲ့ ပေါ်ဦးသက်တို့ဟာ လူထုသတင်းစာတိုက်၊ လူထုစာပေတိုက်အတွက် သရုပ်ဖော်ပန်းချီဆရာတွေ ဖြစ်လာကြပါတယ်။ ဟုတ်ပါတယ် . . ပေါ်ဦးသက်ဟာ အများသိကြတဲ့ မြန်မာသိ၊ ကမ္ဘာသိပန်းချီဆရာ ပေါ်ဦးသက်ပါပဲ။ နောက်တော့ပေါ်ဦးသက်အကြောင်း သီးခြားတင်ပြဖို့ရှိပါတယ်။ ကျွန်တော်နဲ့ ပေါ်ဦးသက်တို့ဟာ လူထုတိုက်မှာ သရုပ်ဖော်ပန်းချီတွေအပြင် နေ့စဉ်သတင်းစာကာတွန်းတွေဆွဲကြရတဲ့သူတွေ ဖြစ်လာကြရပါတယ်။

ပေါ်ဦးသက်ဟာ သူတော်ဆိုတဲ့ သူ့ကိုယ်ပိုင်ဇာတ်ဆောင်ကိုမွေးပြီးတော့ လူထုသတင်းစာကျောဖုံးမှာ နေရာယူပါတယ်။ ကျွန်တော်ကတော့ နေ့စဉ်နိုင်ငံရေးကာတွန်းတွေရေးရတာမို့ သတင်းစာမျက်နှာဖုံးမှာ နေရာယူရပါတယ်။ ကျွန်တော်နိုင်ငံရေး၊ လူမှုရေး ခေတ်ပြောင်ကာတွန်းတွေရေးဖို့ လမ်းညွှန်ချက်နဲ့ပတ်သက်လို့ ဒေါ်ဒေါ်မာတို့က တိုတိုနဲ့ထိရောက်အောင်၊ တစ်သက်လုံးစွဲသွားအောင် ဆုံးမပါတယ်။ သူပြောပုံက "ဒီလိုကွ . . ငါ ကောလိပ်ကျောင်းသူဘဝက ဦးဘဂျမ်းနဲ့ကျောင်းနေဖက်



DBE BOX - Copyright Protected

တွေပဲ။ ဒီတုန်းက သူနဲ့ငါက နိုင်ငံရေးယုံကြည်ချက်ချင်း မတူကြဘူးကွ။ သူကငါတို့ကို သူတတ်တဲ့ ကာတွန်းပညာနဲ့သရုပ်ဖော်ပြီး လှောင်ပြောင်တယ်ကွ။ ဒါပေမဲ့သူလှောင်ပြောင်ပုံက သိပ်ပြီးပညာသား ပါတယ်။ ငါတို့ကအလှောင်ခံရပေမဲ့ . . ဩော် . . တို့ကလဲတို့ပေပဲ။ သူလှောင်မယ်ဆိုလဲ လှောင်စရာ ပဲ။ ဟုတ်ပေသားပဲလို့ ဝန်ခံကြ လက်ခံကြရတယ်။ ကိုယ်နဲ့ဆန့်ကျင်ဘက်ဆိုပေမဲ့ ငါ သူ့ကာတွန်း တွေကို မကြိုက်ဘဲ မနေနိုင်ခဲ့ဘူး။ ဒါဟာ သူ့အတွေးပုံ၊ ရေးပုံ ပညာပါပြီး တရားမျှတမှုရှိလို့၊ သိမ်မွေ့မှု ရှိလို့ပါပဲ။ မင်းလဲ ဒီကနေ့ ခေတ်ပြိုင် နိုင်ငံရေးကာတွန်းတွေရေးတော့မယ်ဆိုရင် . . ကိုဘဂျမ်းလို အလှောင်ခံပုဂ္ဂိုလ်တွေကတောင် ဒေါသဖြစ်ဖို့ခက်တဲ့၊ လူအားလုံးက လက်ခံနိုင်တဲ့ ပညာအမြင် ဟာသအမြင်မျိုးနဲ့ ရေးနိုင်ရမယ်” လို့ ဆုံးမပါတယ်။

ကျွန်တော့်တစ်သက်လုံး ဒီအဆုံးအမကို မမေ့နိုင်တော့ပါဘူး။ ကျွန်တော်တို့နောက်က တက်လာတဲ့လူငယ်တွေကိုလဲ ဒေါ်ဒေါ့်အဆုံးအမကို အမြဲလက်ဆင့်ကမ်းပေးခဲ့ပါတယ်။ ထားပါ တော့။ ဒါနဲ့ . . ကျွန်တော်နဲ့ ပေါ်ဦးသက်နဲ့ လူထုသတင်းစာမှာ ကာတွန်းတွေ စရေးကြပါတယ်။ ကျွန်တော်တို့က ဒီတုန်းက မြန်မာကာတွန်းအများစုနဲ့မတူတဲ့ ရေးဆွဲနည်းတွေနဲ့ ရေးကြပါတယ်။ အကြောင်းကတော့ အကြိုက်ချင်းမတူကြတာပါဘဲ။ ကျွန်တော်တို့အရုပ်တွေက အများပြည်သူမြင်နေ ကြ ကာတွန်းတွေနဲ့မတူပါဘူး။ ဒီအချက်ကို ဒေါ်ဒေါ်ရော၊ ဦးလေးလှရော သိကြပေမဲ့ လုံးဝမစွက်ဖက်၊ မကန့်ကွက်ပါဘူး။ လွတ်လပ်ခွင့်အပြည့်ပေးထားကြပါတယ်။ ဒါကလူထုသတင်းစာရဲ့ အမာခံ မူဝါဒ ပါပဲ။ လူငယ်တွေကို မြေတောင်မြှောက်ပေးတဲ့နေရာမှာ အနုပညာအရ လွတ်လပ်ခွင့်အပြည့်ပေးပါတယ်။

ပထမရေးပြီးစ တစ်လလောက်အတွင်း ပြဿနာတွေတက်လာပါတယ်။ အများစုက နယ်က၊ သတင်းစာဖတ်သူတွေက ကျွန်တော်တို့အရုပ်တွေကို အတော်ကြီး မကြိုက်ကြပါဘူး။ ဒီကာတွန်း တွေကို သတင်းစာမှာ ဆက်ထည့်နေမယ်ဆိုရင် သတင်းစာကို ဖြတ်ပစ်မယ်။ တခြားသတင်းစာကို ပြောင်းယူတော့မယ်အထိ စာရေးပြီးတော့ ခြိမ်းခြောက်ပြောဆိုလာကြပါတယ်။ ဒေါ်ဒေါ်က အဲ့ဒီ မကျေနပ်တဲ့စာတွေကို ကျွန်တော်နဲ့ ပေါ်ဦးသက်ကို ပြပါတယ်။ သတင်းစာဖတ်သူတချို့ရဲ့ သဘော ထားပဲလို့ပြောပါတယ်။ ဒါပေမဲ့ကျွန်တော်တို့ကို ပြောင်းရေးဖို့ ပြုပြင်ဖို့ လုံးဝမပြောပါဘူး။ ကျွန်တော် တို့ကလဲ ပြောင်းရေးချင်စိတ်မရှိပါဘူး။ အဲ့လိုမကျေနပ်တဲ့စာတွေ ဆက်ပြီးလာနေပါတယ်။ ကျွန်တော် တို့နှစ်ယောက်လဲ မကြာခင်အလုပ်ပြုတ်တော့မယ်လို့ ထင်လာကြပါတယ်။

ဒါပေမဲ့ ကျွန်တော်တို့ကာတွန်းတွေကို အထူးတလည် ချီးကျူးတဲ့စာတွေလဲ ရောက်လာပါ တယ်။ အဲ့ဒီစာတွေကို မှတ်မိသလောက်ပြောရရင် လန်ဒန်က ဦးတက်ထွန်း၊ ဆရာကြီး ဦးခင်မောင် လတ်နဲ့ ဒေါ်ခင်မျိုးချစ်။ ကြေးမုံအယ်ဒီတာ ဦးဝင်းတင် စသူတွေဖြစ်ပါတယ်။ အဲ့ဒီလိုစာတွေကို ဦးလေးလှက ကျွန်တော်တို့နှစ်ယောက်ကို ခေါ်ပေးပြီးတော့ ဒေါ်ဒေါ့်ဆီ သွားပြခိုင်းပါတယ်။ သိပ်ကြိုက် ပါတယ်ဆိုတဲ့စာတွေနဲ့ သိပ်မုန်းပါတယ်ဆိုတဲ့စာတွေ နှိုင်းယှဉ်ချိန်ဆကြည့်ကြပါတယ်။ ပြီးတော့မှ

DBE BOX - Copyright Protected

မကြိုက်တဲ့သူတွေ သတင်းစာဖြတ်ခါမှဖြတ်ရော . . ကျွန်တော်တို့ ကာတွန်းတွေကို ဖြုတ်မပေးနိုင်ဘူး။ ပြင်မပေးနိုင်ဘူးလို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒီလိုဆုံးဖြတ်လိုက်တာကို ထောက်ခံတဲ့အထဲမှာ ဆရာကြီးရွှေဥဒေါင်းတို့ ဇဝနတို့လဲပါပါတယ်ဆိုတဲ့အကြောင်းတင်ပြရင်း ဒီအပတ်ဒီမျှနဲ့ ရပ်နားထားပါရစေ။

ကျန်းမာချမ်းသာကြပါစေ. . . ကျွန်တော်ဝင်းဖေပါ။

(ဝင်းဖေ ၏ လွယ်အိတ်မှ)

## ဟောပြောချက် (တစ်ဦးတည်းအပြောပုံစံ)

ဗဟုသုတလဲရှိအောင် ကျိုးကြောင်းဆင်ခြင်ဉာဏ်လဲကောင်းအောင် ဘာလုပ်ရမလဲ ဆိုတော့ စာဖတ်ရတယ်။ စာများများဖတ်ပါ။ ဟိုဝတ္ထု ဒီဝတ္ထု ဝတ္ထုလောက်နဲ့တင် တင်းတိမ်မနေနဲ့။ ကဗျာလောက်နဲ့တင် တင်းတိမ်မနေနဲ့။ အဲ့ဒီဝတ္ထုတို့ ကဗျာတို့ဆိုတာ နှလုံးသားကို ရည်ရွယ်တာ။ ဦးနှောက်ကကောင်းချင်ရင် သုတကိုဖတ်ပါ။ နှလုံးသားကိုလွှမ်းချင်ရင် ဝတ္ထုကိုဖတ်ပါ။ အဲ့ဒီတော့ ကိုယ်ကဘာနဲ့သွားမလဲ။ ဘဝကိုကြီးပွားချင်ရင် နှလုံးသားကို အားကိုးလို့မရဘူး။ ဦးနှောက်ကို အားကိုးရတာ။ ဦးနှောက်ဖွံ့ဖြိုးဖို့ သိပ်အရေးကြီးတယ်။ လူတော်တော်များဟာနော် ဒီကာယဗလ လေ့ကျင့်ခန်းတွေ ကာယဗလလေ့ကျင့်တာတွေ ကိုယ်ခန္ဓာလှပအောင် သိပ်ကြိုးစားကြတယ်။

မိန်းကလေးတွေဆိုလို့ရှိရင်လဲပဲ ဒီလှပအောင် ၃၇-၂၀-၃၇ ဖြစ်အောင် သူတို့လဲ ကြိုးစားပြီး မှန်ရှေ့မှာ ဟိုလှည့်လိုက်၊ ဒီလှည့်လိုက်။ ဒါပေမဲ့လို့ ဒီဥစ္စာတွေ ဘယ်လောက်ပဲလှလှ ဟုတ်လား။ ကာယဗလ ဘယ်လောက်ပဲကောင်းကောင်း အသက် ၄၀ ကျော်သွားရင် သူတို့ဥစ္စာဘာမှ သိပ်အဓိပ္ပာယ်မရှိတော့ဘူး။ မိန်းကလေးတွေကလဲ ဒီလိုပဲ။ အိမ်ထောင်ကျသွားပြီးတော့ ကလေးတစ်ယောက်နှစ်ယောက်ရပြီးတော့ ၃၇-၄၇-၃၇ အဲ့လိုဖြစ်ချင်ဖြစ်သွားကြတယ်။

အရင်တုန်းကတော့ ဂီတာရှိတ်ပေါ့၊ နောက်တော့ပီပါရှိတ် အဲ့လိုဖြစ်သွားကြတယ်။ အဲ့လို ခဏတစ်ဖြုတ် နှစ်အနည်းငယ်အတွင်းသာလျှင် အားကိုးရတဲ့ အသုံးကျတဲ့ ကိုယ်ခန္ဓာသန်စွမ်းဖို့ အတွက်ကျတော့ လူတွေဟာအဲ့လောက်ကြိုးစားကြပေမဲ့ တစ်သက်လုံး မွေးကတည်းကစ သေသည် အထိသုံးနေရတဲ့ ဦးနှောက်ဖွံ့ဖြိုးမှုကျတော့ သိပ်မကြိုးစားကြဘူး။ အဲဒါကိုတော့ သတိထားပါ။ ဦးနှောက် ဖွံ့ဖြိုးရမယ်။ ဦးနှောက်ဖွံ့ဖြိုးသန်မာမှ ခေါင်းဆောင်ဖြစ်မှာ။ ခေါင်းဆောင် ဖြစ်ချင်လို့ရှိရင်စာဖတ်။

စာဖတ်တဲ့အခါကျတော့ စာဖတ်နည်းကို ပြောရအုံးမယ်။ ဘာစာဖတ်ရမလဲဆိုတာမမေးနဲ့။ အဲ့ဒါပြောဖို့ သိပ်ခက်တဲ့ကိစ္စ၊ ဟာ ဒီစာသိပ်ကောင်းပါတယ်ဆိုလို့ သွားဖတ်လိုက်။ ပြီးတော့ ဆရာရယ်

မကြိုက်တဲ့သူတွေ သတင်းစာဖြတ်ခါမှဖြတ်ရော . . ကျွန်တော်တို့ ကာတွန်းတွေကို ဖြုတ်မပေးနိုင်ဘူး။ ပြင်မပေးနိုင်ဘူးလို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒီလိုဆုံးဖြတ်လိုက်တာကို ထောက်ခံတဲ့အထဲမှာ ဆရာကြီးရွှေဥဒေါင်းတို့ ဇဝနတို့လဲပါပါတယ်ဆိုတဲ့အကြောင်းတင်ပြရင်း ဒီအပတ်ဒီမျှနဲ့ ရပ်နားထားပါရစေ။

ကျန်းမာချမ်းသာကြပါစေ. . . ကျွန်တော်ဝင်းဖေပါ။

(ဝင်းဖေ ၏ လွယ်အိတ်မှ)

## ဟောပြောချက် (တစ်ဦးတည်းအပြောပုံစံ)

ဗဟုသုတလဲရှိအောင် ကျိုးကြောင်းဆင်ခြင်ဉာဏ်လဲကောင်းအောင် ဘာလုပ်ရမလဲ ဆိုတော့ စာဖတ်ရတယ်။ စာများများဖတ်ပါ။ ဟိုဝတ္ထု ဒီဝတ္ထု ဝတ္ထုလောက်နဲ့တင် တင်းတိမ်မနေနဲ့။ ကဗျာလောက်နဲ့တင် တင်းတိမ်မနေနဲ့။ အဲ့ဒီဝတ္ထုတို့ ကဗျာတို့ဆိုတာ နှလုံးသားကို ရည်ရွယ်တာ။ ဦးနှောက်ကကောင်းချင်ရင် သုတကိုဖတ်ပါ။ နှလုံးသားကိုလွှမ်းချင်ရင် ဝတ္ထုကိုဖတ်ပါ။ အဲ့ဒီတော့ ကိုယ်ကဘာနဲ့သွားမလဲ။ ဘဝကိုကြီးပွားချင်ရင် နှလုံးသားကို အားကိုးလို့မရဘူး။ ဦးနှောက်ကို အားကိုးရတာ။ ဦးနှောက်ဖွံ့ဖြိုးဖို့ သိပ်အရေးကြီးတယ်။ လူတော်တော်များဟာနော် ဒီကာယဗလ လေ့ကျင့်ခန်းတွေ ကာယဗလလေ့ကျင့်တာတွေ ကိုယ်ခန္ဓာလှပအောင် သိပ်ကြိုးစားကြတယ်။

မိန်းကလေးတွေဆိုလို့ရှိရင်လဲပဲ ဒီလှပအောင် ၃၇-၂၁-၃၇ ဖြစ်အောင် သူတို့လဲ ကြိုးစားပြီး မှန်ရှေ့မှာ ဟိုလှည့်လိုက်၊ ဒီလှည့်လိုက်။ ဒါပေမဲ့လို့ ဒီဥစ္စာတွေ ဘယ်လောက်ပဲလှလှ ဟုတ်လား။ ကာယဗလ ဘယ်လောက်ပဲကောင်းကောင်း အသက် ၄၀ ကျော်သွားရင် သူတို့ဥစ္စာဘာမှ သိပ်အဓိပ္ပာယ်မရှိတော့ဘူး။ မိန်းကလေးတွေကလဲ ဒီလိုပဲ။ အိမ်ထောင်ကျသွားပြီးတော့ ကလေးတစ်ယောက် နှစ်ယောက်ရပြီးတော့ ၃၇-၄၇-၃၇ အဲ့လိုဖြစ်ချင်ဖြစ်သွားကြတယ်။

အရင်တုန်းကတော့ ဂီတာရှိတ်ပေါ့၊ နောက်တော့ပီပါရှိတ် အဲ့လိုဖြစ်သွားကြတယ်။ အဲ့လို ခဏတစ်ဖြုတ် နှစ်အနည်းငယ်အတွင်းသာလျှင် အားကိုးရတဲ့ အသုံးကျတဲ့ ကိုယ်ခန္ဓာသန်စွမ်းဖို့ အတွက်ကျတော့ လူတွေဟာအဲ့လောက်ကြိုးစားကြပေမဲ့ တစ်သက်လုံး မွေးကတည်းကစ သေသည် အထိသုံးနေရတဲ့ ဦးနှောက်ဖွံ့ဖြိုးမှုကျတော့ သိပ်မကြိုးစားကြဘူး။ အဲဒါကိုတော့ သတိထားပါ။ ဦးနှောက် ဖွံ့ဖြိုးရမယ်။ ဦးနှောက်ဖွံ့ဖြိုးသန်မာမှ ခေါင်းဆောင်ဖြစ်မှာ။ ခေါင်းဆောင် ဖြစ်ချင်လို့ရှိရင်စာဖတ်။

စာဖတ်တဲ့အခါကျတော့ စာဖတ်နည်းကို ပြောရအုံးမယ်။ ဘာစာဖတ်ရမလဲဆိုတာမမေးနဲ့။ အဲ့ဒါပြောဖို့ သိပ်ခက်တဲ့ကိစ္စ၊ ဟာ ဒီစာသိပ်ကောင်းပါတယ်ဆိုလို့ သွားဖတ်လိုက်။ ပြီးတော့ ဆရာရယ်



DBL BOX - Copyright Protected

ဘာစာကြီးမှန်းလဲ မသိဘူး။ ဘာလုပ်ရမှန်းကိုမသိတော့ဘူး။ အဲ့တော့လုပ်တဲ့နည်းကို အရင်က ဆောင်းပါးလေးတစ်စောင်နှစ်စောင်တော့ရေးဖူးတယ်။ အခုတော့ ဒီမှာထည့်ပြောလိုက်အုံးမယ်။ အခုတော့ အမွေဆိုတဲ့သဘောဆိုတော့ အကုန်လုံးကိုတတ်နိုင်သမျှဘဝအတွက် စုစုပေါင်းပေါင်းလေး ပါအောင်လို့ ကျွန်တော်ထည့်ပြောတာပါ။ မဂ္ဂဇင်းတွေရှိတယ်။ အဲ့ဒီ မဂ္ဂဇင်းအဟောင်းတွေအပါအဝင် ပေါ့။ အားလုံး မဂ္ဂဇင်းဆယ်မျိုးဖတ်မယ်ပေါ့။ အဲ့ဒီမဂ္ဂဇင်းဆယ်မျိုးမှာဖတ်လို့ရှိရင် တစ်နှစ်အတွက်ဆို အုပ်တစ်ရာ့နှစ်ဆယ်ပေါ့။ အဟောင်းထဲက ပြန်ဖတ်။ အသစ်ကစောင့်နေရအုံးမယ်။ မလွတ်စေနဲ့။ အဟောင်းထဲကပြန်ရှာ။ ဖတ်တဲ့အခါ အဲ့ဒီအထဲမှာ ကဗျာတွေကို ဘေးချိတ်ထား၊ ဆောင်းပါးတွေချည်း အရင်ဖတ်။ ဆောင်းပါးတွေကိုချည်း ဖတ်ကြည့်လိုက်ရင် ဘာသွားတွေ့ရမလဲဆိုရင် ဘယ်စာရေးဆရာဟာ ဘာစာမျိုးတွေ ရေးလေ့ရှိတယ်။ ဘယ်စာမျိုးကို ငါကြိုက်တယ်။ ဟော စာရေးဆရာကို တွေ့လာလိမ့် မယ်။ ကိုယ့်ကိုယ်ကိုယ်လဲ သိလာလိမ့်မယ်။ အဲ့ဒီတော့ ငါဘယ်စာမျိုးကိုကြိုက်တယ်။ အလိုလိုနေရင်း ဘယ်စာမျိုးဖတ်ရမယ်ဆိုတာ သိလာလိမ့်မယ်။

မိမိကိုယ်ကို အောင်နိုင်စေတဲ့ သတ္တိပေးတဲ့စာမျိုး၊ အဲ့ဒီစာမျိုးတွေကို ကြိုးစားပမ်းစားဖတ်နော်။ ကိုယ့်ဘဝတိုးတက်မှုကို အဲ့ဒီကျလို့ရှိရင် တွေ့လာလိမ့်မယ်။

(အောင်သင်း ၏ အမွေမှ)

DBE BOX Copyright Protected

## ကျပန်းစကား (တစ်ဦးတည်းအပြောပုံစံ)

### ရုပ်ရှင်မင်းသားသာဖြစ်လျှင်

သဘာပတိကြီးနှင့်တကွ ရွှေပွဲလာဧည့်ပရိသတ်တို့ခင်ဗျား ရုပ်ရှင်မင်းသားတော့ ကျွန်တော်လဲ ဖြစ်ချင်ပါတယ်။ လူငယ်လူရွယ်တိုင်းလဲ အဲဒီအာသီသတော့ ရှိလိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါ တယ်။ လူတိုင်းလို အများက စိတ်ဝင်စားခြင်း ခံရချင်တယ်။ ထင်ပေါ်ကျော်ကြားချင်တယ်။ ငွေကြေး ချမ်းသာချင်တယ်။ မိမိရဲ့ သရုပ်ဆောင်လှုပ်ရှားမှုတွေကိုကြည့်ပြီး ကျေနပ်နှစ်သက် ချီးမွမ်းခြင်းတွေကို ခံယူချင်တာ မမှတာပါပဲ။ စာမတတ်လို့ စာမဖတ်ဖူးရင်သာရှိမယ်၊ ရုပ်ရှင်မကြည့်တတ်လို့ မကြည့်ဘူး ဆိုတဲ့လူတော့ အင်မတန်နည်းပါလိမ့်မယ်။

ရုပ်ရှင်ကြည့်ဖူးရင် အကောင်းအဆိုး၊ အကျိုးအပြစ်ကို ပြန်လည်ပြီးလေ့လာကြ သုံးသပ်ဆွေးနွေး ကြတဲ့ အကျင့်ကလေးတွေ ရှိပါတယ်။ ပြည်သူလူထုနဲ့ ဆက်စပ်နေတဲ့ ရုပ်ရှင်အနုပညာသည်တွေကို လူတိုင်းကလို စိတ်ဝင်စားကြပါတယ်။ သူတို့အကြောင်း အကောင်းအဆိုးကို သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းစာစောင်တွေထဲမှာ အကျယ်တဝင့် ဖော်ပြလေ့ရှိပါတယ်။ ဘာပြုလို့လဲဆိုတော့ ပြည်သူက စိတ်ဝင်စားကြတဲ့ အနုပညာရှင်တွေကို သတင်းပေးဖို့လိုတဲ့အတွက်ပါပဲ။

"အနုပညာသည်အနုပညာသမားတို့အတွက်သာဆိုတဲ့"ကြွေးကြော်သံကနေပြီး"အနုပညာသည် ပြည်သူ့အတွက်" ဆိုတဲ့ရည်ရွယ်ချက်ကို ဦးတည်အကောင်အထည်ဖော်လာကြတဲ့ခေတ်မှာ ရုပ်ရှင် မင်းသားဟာလဲ ပြည်သူ့အကျိုးကို တစ်တပ်တစ်အား သယ်ပိုးဖို့ တာဝန်ရှိလာပါတယ်။ လက် တစ်ဆုပ်စာဖြစ်တဲ့ ခနရှင်တွေရဲ့ အသိုင်းအဝိုင်းကိုသာ ဖော်ထုတ်နေမယ်ဆိုရင် ပြည်သူ့အကျိုးကို လျစ်လျူရှုရာ၊ ဂရုမစိုက်ရာ ရောက်ပါတယ်။ ကျွန်တော်ရုပ်ရှင်မင်းသားဖြစ်အောင် ကြိုးစားလေ့ကျင့် နေပါတယ်။ မဖြစ်ခင်တော့ ကျွန်တော့်သူငယ်ချင်းတွေကလဲ အထင်သေးကြတယ်ပေါ့လေ။ ရုပ်ရှင်ရူး ဆိုပြီး ကွယ်ရာမှာ ဝိုင်းဟားနေကြတယ်။ ဒါပေမဲ့ ကိစ္စမရှိပါဘူး။

မအောင်မြင်ခင်တော့ ဒီလိုပဲသည်းခံရမှာပေါ့။ ဒီနေ့နာမည်ကြီး ထိပ်တန်းရုပ်ရှင်မင်းသား၊ မင်းသမီးတွေဟာရော စစချင်းကျော်ကြားမှုကို ပိုင်ဆိုင်ကြသလား။ ပြန်ကြည့်ရင် တဖြည်းဖြည်း မိမိရဲ့ အသွေးအရောင်ပြောင်မှုအတွက် ကျော်ကြားမှုကို ရလာတယ်ဆိုတာ ထင်ရှားပါတယ်။ အဲ့ဒီတော့ ကျွန်တော်မရှက်မကြောက် ကြိုးစားပါမယ်။ ရုပ်ရှင်ပညာသည်တစ်ယောက်ရဲ့ အဓိက အရည်အချင်း ဟာ မရှက်မကြောက်တတ်ရဘူးဆိုတာကိုလဲ ကျွန်တော်သိထားပါတယ်။

အဲ ရုပ်ရှင်မင်းသားများ ဖြစ်လာခဲ့ရင်တော့ နေပူကြီးထဲမှာ ဘောင်းဘီဖင်ကျပ်ဝတ်ပြီး ဂျာကင်ကြီး တကားကားနဲ့ အရုပ်မဆိုးစေရပါဘူး။ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံနဲ့ကိုက်ညီတဲ့ အပြုအမူ သီချင်း တွေနဲ့သာ သီဆိုသရုပ်ဆောင်သွားမယ်လို့ ကတိပြုပါတယ်။ တစ်နေ့ ပြန်ကြားရေးဝန်ကြီးဌာနက ချမှတ်ထားတဲ့ ဆောင်ရန်ရှောင်ရန် အချက်အလက်တွေကို တစ်သဝေမတိမ်းလိုက်နာပြီး "ရုပ်ရှင် သည် ပြည်သူ့အတွက်"ဆိုတဲ့ ဆောင်ပုဒ်ကို လက်ကိုင်ပြုကာ တော်တဲ့မှန်ကန်တဲ့ ရုပ်ရှင်သရုပ် ဆောင်မှုမျိုးကို ရှေးရှုသွားမယ်ဆိုတာ ကတိပြုလိုပါတယ်။ နှစ်စဉ်ချီးမြှင့်တဲ့ ရုပ်ရှင်အကယ်ဒမီ ဆုပေးပွဲတွေမှာ ဆုရသူဖြစ်လာနိုင်အောင်လဲ အသွေးအရောင်ပြောင်မြောက်အောင် ကျွန်တော်ကြိုးစား ပါ့မယ်။ တိုင်းပြည်နဲ့လူမျိုး အကျိုးကိုရှေးရှုတဲ့ရည်ရွယ်ချက်မျိုးပါတဲ့ ကားမျိုးချည်းသာ စဉ်းစားရွေးချယ် ရိုက်ကူးသွားမယ်ဆိုတဲ့အကြောင်း ကတိပေးရင်းနဲ့ ရုပ်ရှင်မင်းသားဖြစ်ခဲ့လျှင်ဆိုတဲ့အကြောင်းကို တင်ပြ နိဂုံးချုပ်ပါတယ်ခင်ဗျာ။

**(ဦးခင်မောင်ဝင်း ၏ စကားစစ်ထိုးနည်းမှ)**

DBF BOX - Copyright Protected

## စာပေအင်တာဗျူး (နှစ်ဦးအပြန်အလှန်အပြောပုံစံ)

ဝင်းငြိမ်း – ကိုမင်းလူ ဘယ်အရွယ်လောက်ကစပြီး စာရေးတာ ဝါသနာပါလာသလဲ။

မင်းလူ – ပြောရမယ်ဆိုရင်တော့ ကျွန်တော် "ပန်းကျောင်း" အမှာစာမှာ ရေးခဲ့သလိုပါပဲ။ အသက်ခြောက်နှစ် ခုနစ်နှစ်လောက်ကထဲကပဲ ဝါသနာပါခဲ့တယ်။ တကယ်ပြောရရင် မွေးကတည်းက ဝါသနာပါလာတယ်ပြောရမယ်။ စောစောကပြောသလို ဗီဇပါလာတာကို။

ဝင်းငြိမ်း – တကယ်စရေးဖြစ်တာက

မင်းလူ – တကယ်စရေးဖြစ်တာက ကျွန်တော်အထက်တန်းကျောင်း (သင်္ဃန်းကျွန်း အ ထ က ၁) မှာကတည်းက နံရံကပ်စာစောင်တွေ စရေးခဲ့တာပဲ။ ကျောင်းမှာ စာပေအသင်းဝင်လုပ်တော့ ဆရာမဒေါ်ခင်ဆွေမြင့်ကအားပေးလို့ ကဗျာတွေ စရေးခဲ့တယ်။ တက္ကသိုလ်ရောက်တဲ့အခါကျတော့ ကဗျာတွေ ဝတ္ထုတွေရေးပြီး မဂ္ဂဇင်းတွေကို ပို့တယ်။ ဒီလိုပဲ ရေးလိုက်ပို့လိုက် အပယ်ခံရလိုက်နဲ့ မဂ္ဂဇင်းတွေမှာတော့ ဖော်ပြမခံရသေးဘူး။ အဲ့ဒီတုန်းက ရေးခဲ့တာတွေထဲကဆိုရင် ကျောင်းနံရံကပ်စာစောင်မှာရေးတဲ့ကဗျာပဲ အရွေးခံရသေးတယ်။

မင်းလူ – နောက် ကျောင်းနှစ်လည်မဂ္ဂဇင်းမှာ ကဗျာတစ်ပုဒ်အရွေးခံရတယ်။ ကဗျာနာမည် "စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း"၊ အဲ့ဒီတုန်းက "တောကျောင်းဘုန်းကြီး" ဆိုတဲ့ ကလောင်နာမည်နဲ့ပဲ ရေးခဲ့တာပါ။ အဲ့ဒီနှစ် ၁၉၇၆ မှာပဲ ရုပ်ရှင်ပဒေသာမဂ္ဂဇင်းမှာ "နေဝင်သွားတော့ လထွက်သည်" ဆိုတဲ့ဝတ္ထုတိုကလေးဖော်ပြခံရတယ်။ ဒါ ပထမဆုံးဝတ္ထုပဲပေါ့။

ဝင်းငြိမ်း – လုံးချင်းအနေနဲ့ကော

မင်းလူ – ပထမဆုံးလုံးချင်းက "ပန်းကျောင်း" ၁၉၇၇ ခုနှစ်မှာ ထွက်တယ်။ ကဗျာစာအုပ်ထဲမှာ "အချစ်လားဟေ့ ဝင်ခဲ့လေကွယ်"က ၁၉၇၈ ခုနှစ်က ထွက်တယ်။

ဝင်းငြိမ်း – "အချစ်လားဟေ့ ဝင်ခဲ့လေကွယ်" မှာပါတဲ့ ကဗျာတချို့က တက္ကသိုလ်မှာတုန်းက တောကျောင်းဘုန်းကြီး ကလောင်နာမည်နဲ့ရေးခဲ့တာတွေပါလို့ အမှာစာမှာရေးထားတာ တွေ့လိုက်ရတယ်။ ကိုမင်းလူအနေနဲ့ ကျောင်းသားဘဝက ရေးခဲ့တဲ့ ကဗျာတွေနဲ့ အခုရေးနေတဲ့ကဗျာတွေ ဘယ်လိုခြားနားတယ်လို့ ခံစားမိသလဲ။

မင်းလူ – ကျောင်းသားဘဝကရေးခဲ့တဲ့ကဗျာတွေလဲ ကြိုက်တာပဲ။ အခုရေးတဲ့ ကဗျာတွေလဲ ကြိုက်တာပဲ။ တစ်ခုပဲရှိတယ်။ အခုရေးတဲ့ကဗျာတွေက ပိုပြီးကျယ်ပြန့်လာတာပဲရှိတယ်။ အပြင်လောကရောက်လာတော့ လောကအကြောင်း လူတွေအကြောင်းပိုပြီး သိလာတော့ ရေးရတာပိုပြီး ကျယ်ပြန့်လာတယ်။ ဒါပဲ ခြားနားပါတယ်။

DBE BOX - Copyright Protected

ဝင်းငြိမ်း – ကဗျာရေးတဲ့နေရာမှာ တချို့က စကားလုံးကျစ်လျစ်သိပ်သည်းမှု၊ အဓိပ္ပာယ် သွယ်ဝိုက်ဖွဲ့နွဲ့မှုတွေကို ဦးစားပေးကြပြီး တချို့ကတော့ အကြောင်းအရာကို တိုက်ရိုက်ဖော်ပြတဲ့ ကာရန်မဲ့ကဗျာပုံစံမျိုးကိုကြိုက်ကြတယ်။ ကိုမင်းလူကော ဘယ်လိုမြင်ပါသလဲ။

မင်းလူ – ကျွန်တော်ကတော့ နှစ်မျိုးစလုံး ကြိုက်ပါတယ်။ တချို့ကဗျာတွေကျတော့ စကားလုံးသိပ်ကျစ်တယ်။ ကျစ်ကျစ်လျစ်လျစ်ရေးတယ်။ စကားလုံးတစ်လုံးဆို ဆိုသလောက် အဓိပ္ပာယ်ထိရောက်တယ်။ အဓိပ္ပာယ်ကလဲ ဝေ့ကာဝိုက်ကာ ရေးတတ်ကြတယ်။ အဲ့ဒီလိုကဗျာတွေလဲ ကြိုက်တော့ကြိုက်တယ်။ အခု ထက်ထိ စွဲစွဲလမ်းလမ်း အလွတ်ရနေတဲ့ကဗျာတွေလဲ ရှိပါတယ်။ တစ်ဖက်က ကြည့်ပြန်တော့ စကားလုံးကျစ်လျစ်ဖို့လောက်ပဲ ကြိုးစားနေရပြီး ကဗျာဆိုတာ လူနားမလည်လေ ကောင်းလေပဲဆိုတဲ့ အယူအဆ ဝင်လာတယ်။ အဲ့ဒီ အယူအဆကိုတော့ ကျွန်တော်လက်မခံဘူး။ ကဗျာဆိုတာ လူနားမလည်အောင်ရေးရင် ကဗျာက အဆင့်အတန်းမြင့်တယ်၊ လူတွေအများကြီး နားလည်အောင်ရေးရင် ကဗျာကပေါ့သွားတယ်ဆိုတဲ့ အယူအဆတွေ တချို့မှာဖြစ်လာတယ်။

နောက် ပြောကြတာရှိသေးတယ်၊ ကဗျာဆိုတာ ကဝိပညာရှိတွေအတွက်သာဖြစ်တယ်ဆိုတဲ့အယူအဆ။ ဒါတွေကို ကျွန်တော်တို့ လက်မခံကြတော့ဘူး၊ ကဗျာဆိုတာပြည်သူပိုင်ပစ္စည်း။ အားလုံးပိုင်တယ်။ အားလုံးနဲ့ဆိုင်တယ်။ အားလုံးနားလည်အောင် ရေးနိုင်ရင် ပိုကောင်းတယ်၊ အဲဒီလိုပဲ ကျွန်တော်တို့ ယူဆတယ်။

**(ဝင်းငြိမ်း ၏ မင်းလူနှင့်တွေ့ဆုံခြင်းမှ)**

DBE BOX - Copyright Protected

## အရှိအရှ (နှစ်ဦးအပြန်အလှန်အပြောပုံစံ)

တူ ။ ။ လေးလေးကို လေးလေးသမီးက ပြောနေတယ်။

လေးလေး။ ။ ဟုတ်လား၊ ဘာတဲ့တုံး၊ အကောင်းပြောတာလား၊ အဆိုးပြောတာလား။

တူ ။ ။ အကောင်းလား၊ အဆိုးလားတော့ သားလဲ မခွဲတတ်ဘူး။

လေးလေး။ ။ ဆိုစမ်းကွယ်၊ အကောင်းဆိုရင် လေးလေးဝမ်းသာရတာပေါ့။

တူ ။ ။ အဆိုးဆိုရင်ကော လေးလေး။

လေးလေး။ ။ အဆိုးဆိုရင် အဲဒီအတိုင်း ဟုတ်နေသလားလို့ လေးလေးကိုယ် လေးလေး စစ်ဆေးမှာပေါ့၊ ဟုတ်နေရင် လေးလေးပြင်ဆင်ရမှာပေါ့၊ သမီးပြောတာ လွဲနေရင်တော့ ငါက အကောင်းမြင်ပါလျက်နဲ့ သူကဘာကြောင့် အဆိုးထင်ရသလဲဆိုပြီး ပြန်စစ်ဆေးကြည့်ရအုံးမှာပေါ့။

တူ ။ ။ အဲဒါကြောင့်ဖြစ်မှာ၊ လေးလေးသမီးက ဘာပြောတယ်မှတ်လဲ၊ လေးလေးဟာတဲ့ ခု နောက်ပိုင်း စကားသိပ်ပြောလာတယ်တဲ့။ အရင်ကနဲ့ မတူဘူး၊ အားကြီး စကားများလာတယ်တဲ့၊ ဒါပေမဲ့ လေးလေးပြောတဲ့ စကားတွေဟာ နားထောင်လို့ကောင်းတဲ့အပြင် နားထောင်ပြီးရင် စိတ်ထဲစွဲတယ်တဲ့၊ ဟိုတုန်းကဆိုရင် ဆုံးမသြဝါဒတွေပေးလွန်းလို့ နားသာ ထောင်နေရတယ် ။ စိတ်ညစ်တယ်တဲ့၊ ခုတော့ စကားပြောရတာ နားလည်မှု ရှိလာသလိုပဲတဲ့။

လေးလေး။ ။ ဒီအထိတော့ အကောင်းချည်းပါလား သားရဲ့။

တူ ။ ။ နေအုံး လေးလေးရဲ့၊ သူပြောတာရှိသေးတယ်၊ လေးလေး ပြောတာလေးတွေက နားထောင်လို့ကောင်း၊ စိတ်ထဲလဲစွဲတယ်ဆိုပြီး သားကိုပြောပုံက . . ကိုကြီးတဲ့၊ မိငယ် အဲလိုပြောတာ လေးလေးကို သွားမပြောလိုက်နဲ့နော်၊ စကားများရတဲ့အထဲ ငါပြောတာဟုတ်ပါလားဆိုပြီး စကားပိုများလာမယ်တဲ့။

လေးလေး။ ။ ဟား . . ဟား . . ဒါလဲ ဟုတ်တာပဲဟေ့၊ မိငယ်ပြောတာ။

(ချစ်ဦးညို ၏ "ညီမူရာစကားဝိုင်း" မှ)

## ပြဇာတ် (နှစ်ဦးအပြန်အလှန်အပြောပုံစံ)

ညိုညို ။ ။ အပြင်က မိုးသံလေသံပြင်းလှချည်ရဲ့ ဒွေးလေးရယ်။

ဒွေးတုတ် ။ ။ မိုးကလဲ သည်းတုန်းပဲလား လုံမရဲ့။

ညိုညို ။ ။ သည်းတုန်းပဲ ဒွေးလေးရေ့။ မိုးသံရော လေသံရော ဖြုန်းဖြုန်းဖြိုင်းဖြိုင်းနဲ့။ စဲပဲမစဲနိုင်ဘူး။ မှောင်လိုက်တာကလဲ မည်းလို့၊ လမ်းတောင်မမြင်ရတော့ဘူး။

ဒွေးတုတ် ။ ။ အေး ---အေး---ဒါမှကောင်းတယ်။

(ညိုညို လူးလာခတ်၍ လျှောက်နေ၊ သူ့အမူအရာမှာ တစ်စုံတစ်ခုကို စောင့်စားနေရသည်ကို မအောင့်နိုင်သည့်ပမာ ဂနာမငြိမ် ဖြစ်နေစေ။)

ညိုညို ။ ။ ဒွေးလေးရေ . . . ကျွန်မ တံခါးဖွင့်ပြီး မီးပြလိုက်ရတော့မလား။

ဒွေးတုတ် ။ ။ ဟဲ့ . . ဟဲ့ . . နေစမ်းပါအုံး လုံမလေးရဲ့၊ ညည်းဥစ္စာက လက်ခေါက်မှုတ်သံ ကြားလို့လား။ (ညိုညို့ဘက်သို့ မျှော်လင့်ချက်ကြီးစွာဖြင့်) ဟင် . . ကြားရပလား။

ညိုညို ။ ။ (ခေါင်းခါ၍) ကြားတော့မကြားရသေးဘူးပေါ့ဒွေးရဲ့။ နို့ပေမဲ့ ကျွန်မမီးပြလိုက်ရင် ဒီမှာ အေးအေးချမ်းချမ်းပဲဆိုတာ သူသိရပြီး စိတ်များအေးသွားလေမလားလို့၊

ဒွေးတုတ် ။ ။ အို ညည်းနှယ့်အေ။ ဒီလိုဆို သူ သာပြီး စိတ်ပူသွားမှာပေါ့ အေရဲ့။ သူ့ အချက်ပေးသံ ကြားရမှ တို့က မီးပြရမှာ။

ညိုညို ။ ။ နို့ပေမဲ့ဒွေးရယ် ဒီလိုညမျိုးမှာ ကဲ . . ကဲ သူကအချက်ပေးပါပြီတဲ့။ ကျွန်မတို့က မကြားလိုက်လို့ရှိရင်ကော။

ဒွေးတုတ် ။ ။ ဒီလောက်လဲစိတ်မပူပါနဲ့ လုံမလေးရယ်။ သူ မှာသလိုသာ လုပ်စမ်းပါ။ ဩော် . . ဟောဒီမီးလင်းဖိုကို မီးတစ်ချောင်းလောက်ထိုးပြီး ဟောဒီမှာ ထိုင်စမ်းပါအုံး သမီးရယ်။

(မောင်ထင် ၏ အာဇာနည်မိခင်မှ)

DREBOX Copyright Protected

## ဝတ္ထု (နှစ်ဦးအပြန်အလှန်အပြောပုံစံ)

"ဟင် ဆန်ပြုတ်ကြီးကလဲ ဘယ်လိုကြီးပါလိမ့်"

"ဘာလို့လဲကွ"

"ကို့ဟာ ဆန်ပြုတ်မှ မဟုတ်ဘဲ။ ပွစိစိနဲ့၊ အန်ဖတ်ကြနေတာပဲ၊ ဒါကြောင့်မို့ ကျိုတတ်ကဲ့လားလို့ အစကမေးတာ။ ဟိုဘက်ခန်းက မပုတင်တို့အကျိုခိုင်းမလို့၊ ခုတော့"

"မင်း အိုးကမှ မဆုံ့ဘဲကိုးကွ"

"အိုးနဲ့ မဆိုင်ပါဘူးကိုရယ်။ အိုး သွား အပြစ်မတင်ပါနဲ့။"

"အမယ်၊ ပထမ စလယ်ဝင်အိုးနဲ့ကျိုတာ၊ ဆူလာတော့ မဆံ့လို့ ဟင်းအိုးကြီးနဲ့တောင် ပြောင်း ကျိုသေး၊ ဒါတောင်မဆံ့တာတော့ မတတ်နိုင်ဘူး၊"

"နေပါအုံး၊ ဆန် က ဘယ်လောက်တောင် ထည့်ကျိုထားလို့လဲ"

"နို့ဆီဘူး တစ်လုံးတည်းရယ်ကွ၊ နို့ဆီဘူး တစ်ဝက်တည်းကျိုမလို့ဟာ နောက်တော့ငါလဲ အဆာပြေ သောက်ရအောင် တစ်လုံးလုံး ကျိုလိုက်တယ်၊"

"အဲ . . ကောင်းပါလေစတော်၊ ဆန်ပြုတ်ပြုတ်တာ နို့ဆီဘူးတစ်လုံးလုံးတောင် ထည့်ပြုတ်သတဲ့၊ ဒါကြောင့်မို့ အစက ကျွန်မမေးတာ ပြုတ်တတ်ကဲ့လားလို့၊ အခုတော့ကြည့်စမ်းပါအုံး၊ ဖြစ်နေလိုက်တာ၊ ဆန်ပြုတ်တဲ့၊ "

"နို့ဆီဘူး တစ်လုံးပြုတ်တာ မှားသလားကွ၊ ၂ လုံးတောင် ချက်နေတဲ့ အိုးပဲဟာ"

"ထမင်းချက်တာ ဆန်ပြုတ်ပြုတ်တာနဲ့မတူဘူး ကိုယ်တော်ရဲ့။ ဆန်ပြုတ်ဆိုတာ ပြည်ဝင်အိုးနဲ့ ပြုတ်အုံးတော့ ဆန်လက်တစ်ဆုပ်လောက်ထည့်ရင် တစ်အိုးကြီးရတဲ့ဥစ္စာ"

(ငွေဥဒေါင်း ၏ သိပါပြီအမေရယ် မှ)

## စကားဝိုင်း (ဝိုင်းဖွဲ့အပြောပုံစံ)

"သမီးတို့ရောက်ပါပြီဆရာ"

"ကျွန်တော်တို့လဲ ရောက်ပါပြီဆရာ"

"အေး အေး၊ စကားဆက်ဖို့ ကျန်နေသေးတာကိုးကွဲ့။ လွတ်လပ်ရေးခေတ်မှာတော့ စကားပြေအရေးအသားကို အာရုံစိုက်ပြီး စိစစ်ပြတဲ့ စာရေးဆရာကြီးတွေရဲ့ အဆိုအမိန့်တွေ၊ လမ်းညွှန်ချက်တွေ တော်တော်တွေ့လာရပါပြီ"

"ဟုတ်ကဲ့၊ ဘယ်ဆရာကြီးတွေပါလဲ ဆရာ"

"စကားပြေအရေးအသားအကြောင်း တော်တော် ကျယ်ကျယ်ပြန့်ပြန့် လမ်းညွှန်တဲ့ ဆရာကြီးတစ်ယောက်ကတော့ ဆရာကြီးရွှေဥဒေါင်းပေါ့ကွယ်"

"ဟုတ်ကဲ့ဆရာ၊ ဆရာကြီးရွှေဥဒေါင်းရဲ့ 'တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ' ဆိုတဲ့ စာအုပ်ထဲမှာ စာအရေးအသားအကြောင်း ပြောထားတာတွေ သမီးဖတ်ဖူးပါတယ်"

"ကျွန်တော်လဲ ဖတ်ဖူးပါတယ်ဆရာ"

"ဟုတ်ပါပြီ၊ ဆရာကြီးရဲ့ အဲဒီစာအုပ်ကြီးဟာ အင်မတန် အရေးကောင်းတဲ့ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိကြီးပေါ့ကွယ်။ အဲဒီစာအုပ်မှာ ဆရာကြီးက 'စာပေအရေးအသား' အကြောင်းကို ကဏ္ဍတစ်ခုအနေနဲ့ ဆွေးနွေးလမ်းညွှန်ထားတယ်"

"ပြောပြပါဆရာ"

"ဆရာကြီးက စာရေးရာမှာ မရှိမဖြစ်အနေနဲ့ သဘောတူတဲ့ အင်္ဂါသုံးရပ်ဆိုပြီး ပြထားတယ်။ အဲဒါတွေက 'ရိုးရိုးကလေးရေးခြင်း'ရယ်၊ 'အဓိပ္ပာယ်ရှင်းရှင်းရေးခြင်း'ရယ် 'ဖတ်၍ချောခြင်း'ရယ် အဲဒီ အင်္ဂါသုံးရပ်ပါပဲ။ ဒီအင်္ဂါရပ်တွေကို ဆရာကြီးက ရှင်းပြထားသေးတယ်ကွဲ့"

"ပြောပြပါဆရာ"

"အချုပ်ပြောရရင် ရိုးရိုးကလေးရေးခြင်းဆိုတာက အဆန်းအကွန့် အညွန့်အတက်တွေမပါဘဲ ပုံမှန်အတိုင်း ရိုးရိုးရေးတာကို ဆိုလိုပါတယ်တဲ့။ ရှင်းရှင်းရေးခြင်းဆိုတာက တစ်ခေါက်ဖတ်လိုက်တာနဲ့ အလွယ်တကူနားလည်နိုင်အောင်ရေးတာကို ဆိုလိုတာပါ။ အဲဒီနေရာမှာ ဆရာကြီးပေးတဲ့ ဥပမာက သိပ်ထိမိတာပဲကွဲ့"

"ဘယ်လိုပါလဲဆရာ"

"ဘယ်လောက်ခက်တဲ့ စာပဲဖြစ်ဖြစ် တစ်ခေါက်ဖတ်လိုက်ရုံနဲ့ နားသယ်ကို နှက်လိုက်မိ ဘိသကဲ့သို့

အလန့်တကြား နားလည်စေတဲ့ စာရေးနည်းဟာ ဆရာကြီးသဘောကျတဲ့ စာရေးနည်းပါတဲ့"

"တော်တော်ထိမိတဲ့ ဥပမာပဲနော်"

"ကြားလိုက်ရုံနဲ့တောင် နားသယ်အရိုက်ခံရသလို အလန့်တကြား ဖြစ်လောက်ပါတယ်"

"အဲ နောက်အင်္ဂါရပ်တစ်ခုက ဖတ်၍ ချောခြင်း မဟုတ်လား။"

"အဲဒါက ဖတ်လိုက်တဲ့အခါ ဒေါင်း ဒေါင်း ဒေါင်း ဒေါင်း ပြေးပြီးနားထဲကို အလိုက်သင့်ဝင်သွားတဲ့ စာမျိုးကို ဆိုလိုပါတယ်တဲ့။"

"ဆရာကြီးရဲ့ အသုံးအနှုန်းတွေက သိပ်ကောင်းတာပဲနော်"

"ဟုတ်ပ။ ကဲ အဲဒီစာအုပ်ကို သားရောသမီးရော ဖတ်ဖူးတယ်ဆို။"

ဘာတွေများ မှတ်မိသလဲကွယ်။

"သမီးက ခွန်အားရှိသောစာကို ဘယ်လိုရေးရမယ်ဆိုတာ မှတ်မိပါတယ်ဆရာ။"

"ကျွန်တော်ကတော့ ဝါကျလက်သမားဆိုတဲ့ အသုံးအနှုန်းကို မှတ်မိပါတယ်။"

"ဟုတ်တယ်။ ဆရာကြီးက ခွန်အားရှိသောစာ ရေးတတ်ဖို့ ရေးမယ့်အကြောင်းအရာကို ကောင်းကောင်း နားလည်ရမယ်။ သင့်တော်တဲ့ စကားလုံးကိုရွေးပြီး အချက်ကျကျ ရေးတတ်ရမယ်။ ကြံခိုင်ကျစ်လျစ်တဲ့ ဝါကျမျိုး တည်ဆောက်တတ်ရမယ်ဆိုပြီး အကျယ်တဝင့် ရှင်းပြထားတယ်။ ပြန်ဖတ်ကြည့်ကြပေါ့ကွယ်။"

"ဟုတ်ကဲ့ပါ။"

"ပြီးတော့ စာရေးတဲ့လူကို ဝါကျလက်သမားလို့ တင်စားထားတာလဲ တော်တော်ထိမိတယ်။ စာရေးမကောင်းရင် ဆရာကြီးရဲ့ ဝါကျလက်သမားကျောင်းက အောင်လက်မှတ်ရမှာမဟုတ်ဘူး လို့လဲ သတိပေးထားသေးတယ်။"

"ဟုတ်ကဲ့ပါ"

"ပြောစရာတွေကတော့ အများကြီးပါ။ ဆရာကြီးပြောပြတဲ့ အတွေ့အကြုံတစ်ခုက စာရေးနေတဲ့လူတွေ အတွက် မှတ်သားစရာ သိပ်ကောင်းတာပဲ။"

"ပြောပြပါဆရာ"

"အေးပါ။ ပြောပြချင်လို့ စကားခံနေတာပါ။ ဆရာကြီးဟာ အင်္ဂလိပ်စာရေးဆရာကြီး နှစ်ယောက်ရဲ့ အရေးအသားကို သဘောကျလွန်းလို့ ဆရာတင်ထားတယ်။ အဲဒီဆရာကြီးတွေက 'လောဒ်မက္ကောလေး' နဲ့ 'ဆောမားဆက်မောမ်'ပါ။ ဘယ်လောက် သဘောကျသလဲဆိုရင် အဲဒီဆရာကြီးတွေရဲ့ စာရေးပုံကို အကြိမ်ကြိမ် ပီတိသောမနဿဖြစ်ပြီး သွေးထဲကိုစိမ့်ဝင်လာတဲ့အထိ သဘောကျတယ်တဲ့။ အဲဒါကို

ဆရာကြီး ရွှေဥဒေါင်းက သွေးကူး’ ယူတဲ့နည်းလို့ ပြောပြထားတယ်။ အဲဒီလို သွေးကူးယူထားတဲ့ အတွက် ဆရာကြီးရဲ့ ဝါကျတွေဟာ သူ့ဆရာနှစ်ယောက်ရဲ့ ဝါကျတွေလိုပဲ သပ်ရပ်ပြေပြစ်နေတယ်တဲ့။ ဆရာကြီး ရွှေဥဒေါင်း သူရိယသတင်းစာခေါင်းကြီးပိုင်းရေးတဲ့ ဝါကျတွေကို တစ်ခါက ဆရာကြီး ပီမိုးနင်းက ဆိပ်ကြီး ပဲလှော်စားရတာနဲ့တူတယ်လို့ မှတ်ချက်ချဖူးတယ်တဲ့။ ဝါကျတည်ဆောက်ပုံ ထုံထုံထိုင်းထိုင်း မဟုတ်ဘဲ ကြွပ်ကြွပ်ရွရွ ရှိလှတဲ့အကြောင်း ဆရာကြီးပီမိုးနင်းက ရှင်းပြပါသေးသတဲ့။”

“သိပ်တန်ဖိုးရှိတဲ့ မှတ်သားစရာတွေပါပဲ ဆရာ”

“ဆရာကြီးရွှေဥဒေါင်းရဲ့ စကားပြေအရေးအသားအကြောင်း ဆွေးနွေးချက်တွေဟာ ဆရာကြီး နှစ်ပေါင်း များစွာ စာရေးခဲ့တဲ့ အတွေ့အကြုံကရတဲ့ အသိအမြင်တွေ ဖြစ်တဲ့အတွက် မှတ်သားစရာတွေချည်း ပါပဲကွယ်။”

“သမီးတို့ သေသေချာချာ ပြန်ဖတ်ပါ့မယ်ဆရာ”

(မောင်ခင်မင်(ဓနုဖြူ) ၏ စာပေစကားဝိုင်း)

UBEBOX Copyright Protected

## လေ့ကျင့်ရန်မေးခွန်းများ (ပြောဆိုလေ့ကျင့်ရန်)

၁။ စကားပြောခြင်းသည် အဘယ်ကြောင့်အရေးကြီးသနည်း။

၂။ စကားပြောပုံစံ မည်မျှရှိသနည်း။

၃။ ပြောစကားအမျိုးအစားများကို ဖော်ပြပါ။ ပြောစကားအမျိုးအစားတစ်ခုစီကို သာဓကပြပါ။

၄။ စကားပြောရာတွင် သတိပြုရမည့်အသံများကို အသုံးပြု၍ လက်တွေ့ပြောဆိုပါ။

၅။ စကားပြောရာတွင် မည်သည်တို့ကို ရှောင်ကြဉ်သင့်သနည်း။

၆။ အရေးနှင့်အသံကွဲပြားရခြင်းကို ရှင်းပြပါ။

၇။ နှစ်သက်ရာခေါင်းစဉ်တစ်ခုဖြင့် ကျပန်းစကားပြောပါ။

ဥပမာ – မိမိအချစ်ခင်ဆုံးသူငယ်ချင်းအကြောင်း

မိမိလေးစားကြည်ညိုရသော ဆရာအကြောင်း

ကျောင်းသွားကျောင်းပြန် အတွေ့အကြုံ

စိတ်ဝင်စားသော ကစားနည်းတစ်မျိုး

အနှစ်သက်ဆုံး စားစရာတစ်မျိုး

(အခြားဆီလျော်ရာ ခေါင်းစဉ်များဖြင့်လည်း ပြောဆိုလေ့ကျင့်ပါ။)

၈။ ကျောင်းသားနှစ်ဦး မိမိတို့အတွေ့အကြုံများကို အပြန်အလှန်ပြောဆိုပါ။

၉။ ကျောင်းသားနှစ်ဦး မိမိစိတ်ဝင်စားသည့် အကြောင်းအရာတစ်ခုကို အပြန်အလှန်ပြောဆိုပါ။

၁၀။ နှစ်သက်ရာခေါင်းစဉ်တစ်ခုဖြင့် ကျောင်းသားနှစ်ဦး စကားရည်လုပါ။

ဥပမာ – (၁) နွေရာသီက ဆောင်းရာသီထက် ပိုသာယာတယ်။ (အဆို)
ဆောင်းရာသီက နွေရာသီထက် ပိုသာယာတယ်။ (အချေ)

(၂) သီချင်းနားထောင်တာက ရုပ်ရှင်ကြည့်တာထက် အပျင်းပြေတယ်။(အဆို)
ရုပ်ရှင်ကြည့်တာက သီချင်းနားထောင်တာထက် အပျင်းပြေတယ်။(အချေ)

(အခြားဆီလျော်ရာ ခေါင်းစဉ်များဖြင့်လည်း ပြောဆိုလေ့ကျင့်ပါ။)

၁၁။ ကျောင်းသားများကို အုပ်စုဖွဲ့၍ အပြောသင်ခန်းစာတစ်ခုခုအကြောင်း စကားဝိုင်းဆွေးနွေးပါ။

၁၂။ ကျောင်းသားများကို အုပ်စုဖွဲ့၍ အဖတ်အရွတ်သင်ခန်းစာတစ်ခုခုအကြောင်း စကားဝိုင်းဆွေးနွေးပါ။

၁၃။ အောက်ပါအကြောင်းအရာကိုစကားပြောဟန်ဖြင့်ရေးပါ။

ဥပမာ- "စာဖတ်ခြင်း အကျိုးကျေးဇူး"

DBE BOX - Copyright Protected

# အပိုင်း - ၂

# အဖတ်အရွတ်သင်ခန်းစာ

## အခန်း - ၁

## မြန်မာစကားပြေရွေးချယ်ချက်

**အတ္ထုပ္ပတ္တိစာပေ**

### ယောမင်းကြီးစိတ်ဓာတ်

### (ကိုလိုနီခေတ်)

"ယောမင်းကြီးစိတ်ဓာတ်"ကို မှော်ဘီ ဆရာသိန်းရေးသော "မြန်မာလွှတ်တော်ဝန်ကြီး၊ မှူးကြီးများ၏ အတ္ထုပ္ပတ္တိ"စာအုပ်မှ ကောက်နုတ်သည်။

မှော်ဘီဆရာသိန်းကို မြန်မာသက္ကရာဇ် ၁၂၂၃ (ခရစ်နှစ် ၁၈၆၁)တွင် ဖွားမြင်သည်။ မြန်မာသက္ကရာဇ် ၁၃၀၃ (ခရစ်နှစ် ၁၉၄၁) တွင် ကွယ်လွန်သည်။ ဇာတိမှာ မှော်ဘီမြို့နယ် မင်းရွာ၊ ငယ်မည်မှာ မောင်ဖိုးသိန်းဖြစ်၏။ ငယ်စဉ်ကဆင်းရဲနွမ်းပါးခဲ့၍ ပညာကို ဖြောင့်ဖြောင့်မသင်ခဲ့ရဘဲ အလုပ်မျိုးစုံလုပ်ရင်း ပညာရှာရသည်။ ကျွဲကျောင်းသား၊ လှေထိုးသား၊ လယ်ကူလီ၊ အလမ္မာယ်ပြသူ၊ ဇာတ်လူပြက်၊ ဆိုင်းနောက်ထ၊ ဇာတ်သီချင်းရေးသူ၊ ရုပ်စုံစင် အပျိုတော်ကိုင် စသည်ဖြင့် အကြမ်းအနုစုံအောင် လုပ်ခဲ့ဖူးသည်။ ထို့နောက် ကြေးတိုင်စာရေး၊ မြို့အုပ်စာရေး၊ အင်္ဂလိပ် အရေးပိုင်များအိမ်တွင် ဘဏ္ဍာစိုး၊ စားပွဲထိုး၊ မြန်မာစာပြဆရာ စသည်ဖြင့်လည်းလုပ်ဖူးသည်။ ထို့ပြင် ကျောက်စာကူးသူ၊ စာပုံနှိပ်တိုက်စာရေး၊ သတင်းစာတိုက်စာရေး စသည်ဖြင့်လည်း ဘဝမျိုးစုံကျင်လည်ဖူးသည်။ ဤသို့ဘဝမျိုးစုံ၊ အတွေ့အကြုံမျိုးစုံကို တွေ့ကြုံခဲ့ရသောကြောင့် ဗဟုသုတမျိုးစုံကို ဟင်းလေးအိုးသဖွယ်၊ အရှုးလွယ်အိတ်သဖွယ်  စုဆောင်းတင်ပြနိုင်ခဲ့သည်။

အင်္ဂလိပ်စာ၊ အင်္ဂလိပ်ယဉ်ကျေးမှုကို ရှေ့တန်းတင်နေသော ကိုလိုနီခေတ်တွင် ဆရာသိန်းသည် မြန်မာနိုင်ငံအရပ်တကာသို့ မနားတမ်းလှည့်လည်သွားရောက်ကာ မြန်မာမှု၊ မြန်မာစာပေ၊ မြန်မာရာဇဝင်တို့ကို အပတ်တကုတ် ရှာဖွေစုဆောင်းဖော်ထုတ်ခဲ့သည်။ အင်္ဂလိပ်အရာရှိကြီးများထံတွင် မင်းပါးစိုးခွင် ဝင်ခဲ့ရသော်လည်း ခေါင်းပေါင်းဖြူဖော့လုံးနှင့် ဖျင်အင်္ကျီ၊ ဖျင်လုံချည်၊ တောင်ရှည်ပုဆိုးတို့ကိုသာ ဝတ်ဆင်ပြီး ယွန်းအစ်၊ ယွန်းဒေါင်းလန်းတို့ကိုသာ အမြဲအသုံးပြုခဲ့သည်။ မြန်မာဆန်ဆန်လည်း စားသောက်နေထိုင်ခဲ့သည်။

ဆရာသိန်းသည် ပေါရာဏဒီပနီနှစ်တွဲ၊ အရှုးလွယ်အိတ်စာတမ်းနှစ်တွဲ၊ ပါးစပ်ရာဇဝင်နှစ်တွဲ၊ ယျှလေးလုံးပုံပြင်၊ ဗျိုင်းနားမင်္ဂလာစာတမ်း၊ ရှေးဖြစ်နှောင်းဖြစ်စာတမ်း၊ ဟင်းလေးအိုး၊ မြန်မာ့လွှတ်တော်ဝန်ကြီးမှူးကြီးများ အတ္ထုပ္ပတ္တိစသော မြန်မာမှုမြန်မာစာပေနှင့် မြန်မာရာဇဝင်ဆိုင်ရာ စာအုပ်စာတမ်းအမျိုးမျိုးအပြင် စာနယ်ဇင်းများတွင်လည်း စာပေယဉ်ကျေးမှုဆိုင်ရာ ဆောင်းပါးများစွာ ရေးခဲ့သည်။

DREBOX Copyright Protected

# ယောမင်းကြီးစိတ်ဓာတ်

တစ်ခါသော် လက်ဝဲရေကြောင်းဗိုလ်မင်းအိမ်၌ မြင်းထိန်းနေသော တောဆိုသူသည် အလှူမသာ ရှိရာတို့၌ သူငယ်ချင်းများကို "ဟေ့ ရွှေပြည်ဝန်ကြီးရေးတဲ့ ဝိမုတ္တိရသကျမ်း၊ ကာယာနုပဿနာကျမ်း၊ ဥတုဘောဇနသင်္ဂဟကျမ်းများကို ကြည့်ကြပါကွယ်။ ဝိမုတ္တိရသကျမ်းမှာ ဆိုထားလိုက်တာ ဘာပြော ဖို့ရှိမလဲ။ လွန်ရော။ ကာယာနုပဿနာကျမ်းမှာ မိန်းမအူ ဘယ်မျှရှည်သည်၊ ယောက်ျားအူ ဘယ်မျှ ရှည်သည်၊ ကလေးများ အဘယ်အရွယ်ရှိတဲ့အခါ ဝိုသောအားသည် အချိန်မည်မျှရှိသည်ဆိုထား လိုက်တာကွယ်။ လွန်ရော။ ဥတုဘောဇနသင်္ဂဟကျမ်းက အစားအသောက် အစာအမျိုးမျိုး၊ ရေချိုးနည်း၊ နံ့သာလိမ်းရသောနည်း၊ အသားကိုစားနည်းများကို ဆိုထားလိုက်တာကွယ်။ အသက်ရှည်ဖို့ ချည်းပဲကွဲ့။ ဖတ်ကြပါကွယ်" ဟု အပြောများသည်ကို နေရာတိုင်း ကြားဖန်များသဖြင့် ရွှေပြည်ဝန်ကြီး၏ အိမ်ဦးစာရေးတစ်ယောက်က မခံချင်သောကြောင့် ဝန်ကြီးမင်းအား ဤအကြောင်းကို လျှောက်တင် လေ၏။

ဤအခါ ဝန်ကြီးမင်းက "ဘယ်က တောလဲကွဲ့"ဟုမေးရာ "လက်ဝဲကြောင်း ဗိုလ်မင်းအိမ်က မြင်းထိန်းတော ဖြစ်ကြောင်းပါဘုရား"ဟု လျှောက်ရာ "အမယ်မင်း သည်အကောင်ကို အမြန်သွား ခေါ်စမ်းပါကွယ်" ဟု မိန့်တော်မူသည့်အတိုင်း သွားခေါ်၍ တောရောက်လာလျှင် ဝန်ကြီးမင်းက "ဟဲ့ တော မောင်မင်း ငါရေးသားတဲ့ ကျမ်းများကို လူတကာကြည့်ရှုရန် တိုက်တွန်းပြောဆိုသည်လို့ ငါကြားရတယ်။ ဟုတ်ကဲ့လား"။ ဤအခါ တောက ဝမ်းသာအားရနှင့် "မှန်ပါဘုရား"ဟု လျှောက် ထားရာ "ဘယ်ကျမ်းများကို မောင်မင်းပြောပြသတုံးဗျာ"။

"မှန်ပါ။ ဝိမုတ္တိရသကျမ်း၊ ကာယာနုပဿနာကျမ်း၊ ဥတုဘောဇနကျမ်းများ ဖြစ်ပါကြောင်း ဘုရား။" "မောင်မင်း ၎င်းကျမ်းများကို ကြည့်ဖူးပါသလားဗျာ"။ "မကြည့်ဖူးပါ။" "မမြင်လဲ မမြင် ဖူးပါ။ သူတို့လူကြီးများပြောကြသည်ကို ကြားရ၍ ဘုရားကျွန်တော်မျိုးလဲ လူတွေ့တိုင်း ပြောပြ ကြောင်းပါဘုရား။"

ဤအခါ ရွှေပြည်ဝန်ကြီးက ဒေါ်င်းဒင်္ဂါး ၁၆ ပြားထုတ်ပေး၍ "ရော့ ၎င်းငွေနှင့် မောင်မင်း ပုဆိုး ဝယ်၍ဝတ်လေ၊ နောက်ကို ယနေ့ကစ၍ ငါရေးသောကျမ်းများကို လူတွေ့တိုင်း မချီးမွမ်းလေနဲ့၊ ကြည့်ရှုရန် မတိုက်တွန်းလေနဲ့နော် ကြားလား။ မှတ်သွားလေ။" ဤအခါ တောက "ဘာကြောင့်ပါ လဲ ဘုရား" ဟု လျှောက်ရာ ဝန်မင်းကြီးက "နင်မှ စာမတတ်ဘဲနဲ့ ငါရေးတဲ့ စာတွေ ချီးမွမ်းပါလျှင် ငါပါ ပစ်ရနေမှာပေါ့။ မတတ်တဲ့သူက ချီးမွမ်းပြောဆိုခြင်းသည် ငါ့ကိုသတ်သည်နှင့်တူသည်။ နင် နောက်ထပ် ဘယ်သောအခါမှ မပြောနဲ့နော်။ ခွေးမသား မှတ်သွားလေ" ဟု မိန့်တော်မူလိုက်၏။

တောပြန်လာသောအခါ အသိသူငယ်ချင်းများက "ဟေ့ တော၊ မင်းကို ဝန်ကြီးမင်းက ဘာ အကြောင်းကြောင့် ခေါ်သလဲ။" ဟု မေးရာ တောက "မမေးကြနဲ့ကွယ်၊ ဝန်ကြီးမင်းက ငါ့ကို နှုတ်ပိတ် ဒေါ်င်းဒင်္ဂါး ၁၆ ပြား သနားတော်မူလိုက်တယ်၊ မပြောဘူးကွယ်"လို့ ငြင်းဆိုခြင်း ပြုလေသည်။

DBEBOX - Copyright Protected

တစ်ရံသော် နန်းတော်ကြီး၌ နေ့ညီလာခံတွင် မင်းတရားကြီးနှင့် အတွင်းရေးကိစ္စပြောဆိုကြရာ အတိုက်အခံ အငြင်းဖြစ်ပွားလျက်ရှိကြရာ ရွှေပြည်ဝန်ကြီးက "အစ်မနှမ၊ သမီးကကို၊ စ၍ ဆက်နှင်း၊ လက်ဆောင်သွင်း၍၊ စိုးမင်းချစ်မြတ်၊ ထိုအမတ်သည်၊ အတတ်မရှိ သတ္တိကင်းကွာ၊ ဘုန်းကြီးလှာမူ၊ ပြည်ရွာပျက်ကြောင်း၊ တစ်ပါးတည်းဟု ရှိပါကြောင်းဘုရား" ဟု တင်လျှောက်လေ၏။

ဤအခါ ဘုန်းတော်ကြီးဘုရားက "ငလှိုင်၊ သည်လုံ့ကို ကြည့်စမ်း။ မည်သူကိုင်တဲ့ လုံ့တုံး။" ဟု မေးတော်မူရာ "အရှင့် ခမည်းတော်ဘုရား ကိုင်တော်မူသော လုံ့ဖြစ်ပါကြောင်း"ကို လျှောက်သည်။ မင်းတရားကြီးက"ငါ့ခမည်းတော်သည် ဤလုံ့နှင့်မည်သူ့ကို စီရင်သနည်း။"ဟု မေးတော်မူရာ "ကျွန်တော်မျိုး ကျေးဇူးရှင်အဖကို စီရင်ပါကြောင်း" လျှောက်၏။ "ဤလုံ့တော်နှင့် မောင်မင်း စီရင်ခြင်းကို ခံလိုသလား" ဟု မေးတော်မူရာ ရွှေပြည်ဝန်ကြီးက "ထိုးတော်မူပါဘုရား" ဟု ရင်ဘတ်ကိုကော့၍ ပေးတော်မူလေသည်။ မင်းတရားကြီးလည်း လုံ့တော်ကိုကိုင်၍ အတွင်းတော်သို့ ဝင်တော်မူလေသည်။

ကျန်ရစ်သော ဝန်ကြီးများက "ဝန်ကြီးမင်းမလဲ တင်းတင်းမာမာ ရဲပဲရဲလွန်းလှသဗျာ" ဟု ပြောကြသည်။ "ကျွန်ုပ်သည် လုံ့နှင့်ထိုးသတ်၍ သေရခြင်းကားမြတ်သည်။ နေရာတိုင်း မင်းလိုလိုက်၍ စီမံသော် မကောင်းမှုဖြစ်ပွားနေသည့်အတွက် သေသွားသောအခါ ရွှေပြည်ဝန်ကြီးသည် မင်းလိုလိုက် မင်းကြိုက်တင်သည့်အတွက် နိုင်ငံတော်ပျက်စီးရခြင်း ဖြစ်ရလေသည်ဟု ဤနာမည်မျိုး ကျန်ရစ်ခဲ့ပါလေလျှင် သေကျိုးမနပ်ဖြစ်သည်။ ထိုမကောင်းသော အပုပ်နံ့သည် တထောင်းထောင်းနှင့် လူအပေါင်းတို့ နှာခေါင်းရှုံ့ကြမည်ကို ကြောက်စရာကောင်းသည်။ မှူးမတ်ဆိုသည့်အတိုင်း အကြီးအမှူးဖြစ်ကြ၍ တည့်တည့်မတ်မတ်ဖြစ်အောင် စီမံခန့်ခွဲလျက် လျှောက်တင်ခွင့်ရှိက အသက်ကိုစွန့်၍ ရဲရဲဝံ့ဝံ့ တင်ကြရမည်။ သို့မှ မှူးမတ်နှင့်တူမည်။" ဟု ပြောပြလေသည်။ နောက်တစ်နေ့ အကျယ်ချုပ်နှင့် ရာထူးမှလျှော့ချထားခြင်းကို ခံရလေသည်။

၂၀ရာစု မော်ဘီဆရာသိန်း

DBE BOX - Copyright Protected

**ခက်ဆစ်အဖွင့်**

| | | |
|---|---|---|
| ၁။ ကာယာနုပဿနာကျမ်း | = | ကိုယ်ခန္ဓာကို အဖန်ဖန်ရှုဆင်ခြင်ရန် ပြဆိုသောကျမ်း။ |
| ၂။ ဝိမုတ္တိရသကျမ်း | = | နိဗ္ဗာန်၏ အရသာကို ဖော်ပြသောကျမ်း။ |
| ၃။ နှာခေါင်းရှုံ့ | = | ကဲ့ရဲ့ပြစ်တင်သည်။ |
| ၄။ နှုတ်ပိတ် | = | မပြောဘဲနေသည်။ မပြောရန်ဟန့်တားသည်။ |
| ၅။ ဥတုဘောဇနသဂ်ဟကျမ်း | = | ရာသီဥတုနှင့် ကိုက်ညီသော အစားအစာကို ပြသောကျမ်း။ |

**သင်ခန်းစာဆိုလိုရင်း**

ယောမင်းကြီး၏ ပညာမြတ်နိုးသောစိတ်ဓာတ်၊ မိမိအသက်ဘေးကိုပင် မငဲ့ဘဲ မှန်ရာကို ရဲရဲဝံ့ဝံ့ ပြောဆိုရဲသော စိတ်ဓာတ်ကို ဖော်ပြထားသည်။

**လေ့ကျင့်ခန်းမေးခွန်းများ**

၁။ ငတာနှင့်ယောမင်းကြီးတို့၏ အပြန်အလှန်ပြောစကားကို သင်မည်သို့နားလည်သနည်း။ သင့်စကားဖြင့် ပြန်ရေးပြပါ။

၂။ မင်းတုန်းမင်းတရားကြီးနှင့် ယောမင်းကြီးတို့၏ အပြန်အလှန်ပြောစကားကို သင်မည်သို့နားလည်သနည်း။ သင့်စကားဖြင့် ပြန်ရေးပြပါ။

၃။ ယောမင်းကြီးသည် မည်သည့်စိတ်ဓာတ်မျိုးရှိသူဖြစ်သနည်း။ အထောက်အထားဖြင့် ဆွေးနွေးပါ။

၄။ "ရွှေပြည်ဝန်ကြီးသည် မင်းလိုလိုက် မင်းကြိုက်တင်သည့်အတွက် နိုင်ငံတော်ပျက်စီးရခြင်း ဖြစ်ရလေသည်ဟု ဤနာမည်မျိုး ကျန်ရစ်ခဲ့ပါလေလျှင် သေကျိုးမနပ်ဖြစ်သည်" ဟူသောစကားကို သင်မည်သို့ နားလည်သနည်း။

၅။ ယောမင်းကြီးစိတ်ဓာတ်စကားပြေကိုဖတ်ပြီး မည်သို့ခံစား၊ ထင်မြင်မိပါသနည်း။

DBE BOX - Copyright Protected

**သုတဆောင်းပါး**

## ဝီရိယနှစ်မျိုး

## (ကိုလိုနီခေတ်)

"ဝီရိယနှစ်မျိုး" ကို လယ်တီပဏ္ဍိတဦးမောင်ကြီးရေးသော "နီတိမဉ္ဇရီ"ကျမ်းစာအုပ်မှ ကောက်နုတ်သည်။

လယ်တီပဏ္ဍိတဦးမောင်ကြီးသည် ခရစ်နှစ် ၁၈၇၉ ခုနှစ်တွင် မွေးဖွားသည်။ မုံရွာခရိုင် ချောင်းဦးမြို့အနီး ညောင်ဖြူပင်ရွာဇာတိဖြစ်သည်။ ငယ်မည်မှာ မောင်သန့်စင်ဖြစ်သည်။ ငယ်ရွယ်စဉ်က ညောင်ဖြူပင်ရွာ ဘုန်းတော်ကြီးကျောင်း၌ ပညာသင်ခဲ့သည်။ လယ်တီဆရာတော်ထံ ပညာဆည်းပူးပြီး အရွယ်ရောက်လာလျှင် လယ်တီဆရာတော်က ရဟန်းပြုပေးသည်။ ရဟန်းဘွဲ့မှာ ရှင်ပဏ္ဍိတ ဖြစ်သည်။ ပါဠိစာပေကျမ်းဂန်များ၊ ကဗျာလင်္ကာများကို လယ်တီဆရာတော်ထံတွင် ဆက်လက်ဆည်းပူးပြီး သက္ကတစာပေများကို ဝိသုဒ္ဓါရုံဆရာတော်ထံတွင် ဆက်လက်ဆည်းပူးသည်။ လယ်တီတိုက်မှလာသူဖြစ်၍ လယ်တီပဏ္ဍိတဟုခေါ်သည်။ ရဟန်း ၉ ဝါအရတွင် လူဝတ်လဲ၍ စာပေများပြုစုသည်။ လယ်တီပဏ္ဍိတဦးမောင်ကြီးဟု ထင်ရှားသည်။ လယ်တီပဏ္ဍိတဦးမောင်ကြီးသည် မြန်မာ့အလင်းမဂ္ဂဇင်း၊ ပညာ့အလင်းမဂ္ဂဇင်းတို့တွင် အယ်ဒီတာအဖြစ်လည်းကောင်း၊ ဒဂုန်မဂ္ဂဇင်းတွင် အယ်ဒီတာချုပ်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ မဂ္ဂဇင်းခေါင်းကြီးများ၊ ဆောင်းပါးများ၊ ဝတ္ထုများ၊ ကဗျာများ ရေးသားခဲ့သည်။ ပါဠိကဗျာများကိုမှီး၍ မြန်မာရှစ်လုံးဘွဲ့ကဗျာပုံစံသစ်ကို တီထွင်ခဲ့သည်။ တို့ဗမာအစည်းအရုံးတွင်လည်း သခင်အဖြစ် ဝင်ရောက်ဆောင်ရွက်ခဲ့သည်။ ၁၉၃၉ ခုနှစ်တွင် ကွယ်လွန်သည်။

လယ်တီပဏ္ဍိတဦးမောင်ကြီးသည် ကျမ်းဂန်ပေါင်း ၅၀၀ ကျော် ပြုစုခဲ့သည်။ ထိုသို့စာပေများ ပြုစုခဲ့သည့်အတွက် ရန်ကုန်တက္ကသိုလ်က ဂုဏ်ထူးဆောင်မဟာဝိဇ္ဇာဘွဲ့ အပ်နှင်းခဲ့သည်။ လယ်တီပဏ္ဍိတဦးမောင်ကြီး၏ စာပေကျမ်းဂန်များတွင် စာဏကျနီတိ၊ နီတိမဉ္ဇရီ၊ နီတိမာလာ စသော နီတိကျမ်းများ၊ တပင်ရွှေထီး၊ ရွှေပြည်ကြီး၊ နတ်ရှင်နောင်၊ ဗညားနွဲ့၊ ခင်မြင့်ကြီး၊ သန်းသန်း၊ တင်တင်မြစသော ဝတ္ထုများ၊ ထေရီဘာသာပြန်၊ ထေရာဘာသာပြန် စသည်တို့ပါဝင်သည်။

DBE BOX - Copyright Protected

# ဝီရိယနှစ်မျိုး

ပြုလုပ်အားထုတ်ခြင်းတည်းဟူသော ဝီရိယသည် မှားသောဝီရိယ၊ မှန်သောဝီရိယဟူ၍ နှစ်မျိုး ရှိလေ၏။ မှန်သောဝီရိယနှင့်ပြုလုပ်မှ ဟုတ်မှန်သော အကျိုးစီးပွားကိုရနိုင်သည်။ မှားသော ဝီရိယနှင့် ပြုလုပ်သောအခါ တစ်စုံတစ်ရာအကျိုးရှိမည်မဟုတ်ဘဲ ပင်ပန်းနွမ်းနယ်ခြင်းသာလျှင် အဖတ်တင် ခံရလိမ့်မည်။ ပညာသင်ကြားခြင်း၊ ကုန်သွယ်လယ်လုပ်ခြင်းစသော အကျိုးဖြစ်ထွန်းမည့်အရာတို့၌ အားထုတ် ကြိုးစားခြင်းအလုပ်သည် မှန်သောဝီရိယမျိုးဖြစ်၍ အခွင့်သင့်သောအခါ မှန်စွာအကျိုး ရှိ၍လာလိမ့်မည်။ မှားသောဝီရိယသည် ပိုးစုန်းကြူးကိုမီးပွားထင်၍ မီးတောက်အောင် အစွမ်းကုန် မှုတ်သောလူမိုက်ကြီး၏ အားထုတ်မှုကဲ့သို့သော ဝီရိယဖြစ်၍ တစ်စုံတစ်ရာအကျိုးရှိမည်မဟုတ်ချေ။ အရာမဟုတ်သည်၌ ကြိုးစားမှုကို မှားသောဝီရိယ၊ အရာဟုတ်သည်၌ ကြိုးစားမှုကို မှန်သောဝီရိယဟု ဆိုလိုသည်။

ဖျင်းကို အားထုတ်၍ စကားသင်သော်လည်း ကျေးသားကဲ့သို့ တတ်မည်မဟုတ်သဖြင့် ထို အားထုတ်သော ဝီရိယကို အမှားဟူ၍ ဆိုရ၏။

ထိုကဲ့သို့အရာမဟုတ်ရာ၌ အားထုတ်သောဝီရိယများသည် အားကုန်ခန်း၍ ပင်ပန်းခြင်း မှတစ်ပါး တစ်စုံတစ်ရာအကျိုးရှိမည် မဟုတ်ချေ။ အချို့သော ဝီရိယများကို ဆောင်ရွက်သောအတိုင်း ဖြစ်မြောက်ပါသော်လည်း အမှားပင်ဟူ၍ ဆိုရပြန်၏။ အလွန်ရေပေါသော အရပ်ဌာန၌ ရေကန်တူး သောဝီရိယ၊ ကုန်းခေါင်ခေါင်မှာ မြေတောင်ဖို့၍ တံတားခင်းသော ဝီရိယမျိုးကဲ့သို့တည်း။

အချို့သောသူတို့သည်လည်း ဝီရိယကိုအလွဲသုံးစားသဖြင့် အကျိုးမများဘဲ အမှားမှား အယွင်းယွင်းဖြစ်တတ်ခြင်းများလည်း ရှိလေသေး၏။ ခြသေ့်မင်းကြီးဖြစ်လျက် ဖွတ်၊ ပုတတ်များကို ရှာဖွေနေသော ဝီရိယ၊ ဘုရင်မင်းမြတ်ဖြစ်လျက် ပန်းပြောက်ပန်းပု အရုပ်ထုနေသော ဝီရိယ၊ ရဟန်း ဖြစ်လျက် တောတောင်အတွင်းမှာ ထင်းခွေသောဝီရိယ၊ သစ်ဆွဲသောဆင်ကို ကောက်ရိုးလှည်းတွင် ရုန်းစေသောဝီရိယ၊ ဤကဲ့သို့ မဆိုင်ရာ၌ အသုံးပြုသော ဝီရိယမျိုးများကိုလည်း အမှားဟူ၍ ဆိုရ လေသည်။

နှေးစွာပြုသင့်သောဝီရိယ၊ လျင်စွာပြုသင့်သော ဝီရိယဟူ၍ နှစ်မျိုးရှိပြန်ရာ ဆိုင်ရာဌာနတွင် ဆိုင်ရာဝီရိယကို သုံးစွဲရာ၏။ နှေးစွာပြုရမည့်အရာတွင် လျင်မြန်စွာပြုက အကျိုးမရှိ၊ လျင်စွာပြု ရမည့်အရာတွင် နှေးစွာပြုကလည်း အကျိုးမပြီးဖြစ်တတ်သည်။ မိုးမရွာခင်က ကောက်စိုက်ခြင်း စသော ဝီရိယမျိုးသည် မလျင်တန်ဘဲလျက် အလျင်အမြန်ပြုသော ဝီရိယမျိုးမည်၏။ “မိုးလွန်မှ ထွန်ချ၊ နေဝင်မှစပါးလှန်း”ဆိုသော ဝီရိယမျိုးသည် မနှေးသင့်ဘဲလျက် နှေးကန်သော ဝီရိယမျိုးမည်၏။

DBF BOX Copyright Protected

အလျင်အမြန်မပြုတန်ဘဲ ပြုလုပ်သောအခါ ဖြစ်ကတတ်ဆန်းနှင့်အစမသေသပ်ဘဲ ခိုင်မြဲတည်တံ့ခြင်းမရှိချေ။ သေသပ်လွန်းအားကြီးစွာနှင့် အလွန်တရာနှေးနှေးကန်ကန် ပြုပြန်ပါကလည်း အပြီးမသတ်နိုင်ဘဲရှိတတ်သည်။ "ဆင်ချည်သောကြိုးနှင့် ကြက်ကိုချည်လျှင်မမြဲ၊ ကြက်ချည်သောကြိုးနှင့်ဆင်ကို ချည်လျှင်မခိုင်"ဆိုသော စကားမျိုးကဲ့သို့ ဝီရိယအကြီး၊ အငယ်များကိုလည်း အရာဌာနအားလျော်စွာ သတိထားသင့်ပေသေးသည်။

သို့ဖြစ်၍ နှေးသင့်ရာ၌နှေးစွာ၊ မြန်သင့်ရာ၌မြန်မြန် မှန်ကန်သောဝီရိယကို အသုံးပြုသင့်ကြပေသည်။ ဉာဏ်မယှဉ်သော ဝီရိယသည်လည်း အကျိုးကိုမဖြစ်စေတတ်၊ ဥပမာ-လွန်စွာစက်အားသန်သောသင်္ဘောကြီးကို ပဲ့တက်မပါဘဲ ပင်လယ်ထဲသို့ လွှတ်လိုက်သောအခါ လိုရာသို့မရောက်ဘဲ ကမောက်ကမ ဦးလှည့်မိရာသို့ ရောက်သွားလိမ့်မည်။ ဉာဏ်သည် ပဲ့တက်နှင့်တူ၏။ ဝီရိယသည် စက်အားနှင့် တူ၏။ ပဲ့တက်ဖြင့် စက်ခုတ်သော အင်အားနှင့်တူသည့် ဝီရိယအရှိန်ကို ပဲ့ပြင်၍ပေးရာ၏။

ကံ၊ ဉာဏ်၊ ဝီရိယဟူ၍ တရားသုံးမျိုးရှိခဲ့ရာ ကံသည်ကား အလုပ်ခွင်၊ ဝီရိယသည် အလုပ်သမား၊ ဉာဏ်သည်အလုပ်သမားများကို နည်းပေးလမ်းညွှန်ပြုသော ဆရာကြီးနှင့်တူ၏။ သို့ဖြစ်၍ ကံအလုပ်ခွင်မှာ ဉာဏ်ကို ဆရာတင်၍ ဝီရိယအလုပ်သမားတို့ကို အကျိုးစီးပွားဖြစ်ထွန်းအောင် ခိုင်းစေအသုံးပြုရာသည်။ ဝီရိယသည် လူတို့၏ တန်ခိုးအင်အားကြီးဖြစ်၍ ဝီရိယကိုလျှော့လိုက်လျှင် တန်ခိုးသေးသိမ်ခြင်းသို့ ရောက်လိမ့်မည်။

ကမ္ဘာမြေပြင်ပေါ်မှာ သွားလာစားသောက်နေထိုင်ကြကုန်သော သတ္တဝါအနန္တတို့သည် ဝီရိယအစွမ်းကိုသာ အမှီပြုကြရကုန်၏။ ဤကမ္ဘာကြီးပေါ်မှာ ရှိရှိသမျှသတ္တဝါတို့သည် မိမိတို့ ဆိုင်ရာဆိုင်ရာဝီရိယကို အသုံးမပြုပါက အလုံးစုံပျက်စီးခြင်းသို့ ရောက်ကြကုန်လိမ့်မည်။ သို့ဖြစ်၍ ကမ္ဘာ၏အင်အားဖြစ်သော ဝီရိယစက်ကို ထက်မြက်စွာ လှည့်လည်သင့်ကြပေသတည်း။

၂၀ရာစု လယ်တီပဏ္ဍိတဦးမောင်ကြီး

DBEBOX - Copyright Protected

**စကားဆစ်အဖွင့်**

၁။ ကမောက်ကမ = တိမ်းလွဲချွတ်ချော်လျက်။

၂။ ဖြစ်ကတတ်ဆန်း = ဖြစ်သည်ဆိုရုံမျှ၊ ပြီးစလွယ်။

၃။ ဝီရိယ = ကြိုးစားအားထုတ်မှု၊ လုံ့လ။

၄။ အနန္တ = အတိုင်းမရှိ။

**သင်ခန်းစာဆိုလိုရင်း**

ဝီရိယနှစ်မျိုးရှိသည်။ အရာမဟုတ်သည်တို့၌ကြိုးစားသော ဝီရိယနှင့် အရာဟုတ်သည်တို့၌ ကြိုးစားသော ဝီရိယတို့ဖြစ်သည်။ မှားသောဝီရိယနှင့် မှန်သောဝီရိယဟု ဆိုနိုင်ပါသည်။ ထို့ပြင်မိမိ လုပ်မည့်ကိစ္စရပ်ပေါ်မူတည်၍လည်း ဝီရိယကြီးငယ်ကို မျှတစွာအသုံးပြုတတ်ရမည်။ မှန်ကန်သော ဝီရိယရှိမှသာ မိမိဘဝ တိုးတက်မည်ဖြစ်သည်။

**လေ့ကျင့်ခန်းမေးခွန်းများ**

၁။ ဝီရိယနှစ်မျိုးဟူသည် မည်သည်တို့နည်း။ ဝီရိယနှစ်မျိုးကွဲပြားခြားနားပုံကို အကျိုးအပြစ်များနှင့် တကွ ဖော်ပြပါ။

၂။ ဝီရိယကို မည်သည့်အရာနှင့် ယှဉ်သင့်သနည်း။

၃။ သင် ဝီရိယဖြင့် ပြုလုပ်ခဲ့သည့်အတွက် အောင်မြင်ခဲ့သော လုပ်ရပ်တစ်ခုကိုဖော်ပြပါ။

၄။ သင် ဝီရိယဖြင့် ပြုလုပ်သော်လည်း မအောင်မြင်ခဲ့သည့် လုပ်ရပ်တစ်ခုကိုဖော်ပြပါ။ အဘယ်ကြောင့် မအောင်မြင်ရသည်ဟု သင်ထင်မြင်ယူဆသနည်း။

၅။ ဝီရိယရှိခြင်းသည် အကျိုးစီးပွားကိုရရှိနိုင်သည်ဟူသောအဆိုကို ထောက်ခံ ဆွေးနွေးပါ။

DBE BOX - Copyright Protected

**သုတဆောင်းပါး**

# စာဖတ်ခြင်းအလေ့

**(ကိုလိုနီခေတ်)**

"စာဖတ်ခြင်းအလေ့" ကို ဇေယျရေးသော "သူကြီးဂေဇက်စာစောင် ခေါင်းကြီးပိုင်း" မှ ကောက်နုတ်သည်။

ဇေယျသည် ဇီးကုန်းမြို့ဇာတိဖြစ်ပြီး ၁၉၀၀ ပြည့်နှစ်တွင် ဖွားမြင်သူဖြစ်သည်။ အမည်ရင်း ဦးယောဖြစ်သည်။ ဇီးကုန်း အေဘီအမ် အလယ်တန်းကျောင်း၊ သာယာဝတီ ကရင်အထက်တန်းကျောင်း၊ ပြည်အစိုးရအထက်တန်းကျောင်းတို့တွင် ပညာသင်ကြားခဲ့သည်။ ပြည်အစိုးရအထက်တန်းကျောင်းမှ ဆယ်တန်းအောင်သည်။

၁၉၂၀ ပြည့်နှစ်တွင် ဒဂုန်မဂ္ဂဇင်းတွင် လက်ထောက်အယ်ဒီတာအဖြစ် ဆောင်ရွက်ရင်း ဗိုလ်ရန်အောင်ဝတ္ထုကို စတင်ရေးသားသည်။ မြတ်လေးရွှေစားဗိုလ်၊ လိုက်တော်မူခဲ့၊ ရွှေချိုးဖြူစသည့် ဝတ္ထုများရေးသားခဲ့သည်။ ဇေယျသတင်းစာကို တည်ထောင်သည်။ လန်ဒန်စာပေမဂ္ဂဇင်း၊ ဗြိတိသျှဘားမားမဂ္ဂဇင်း၊ ခုဝံမဂ္ဂဇင်း၊ ခုဝံဂျာနယ်တို့တွင် အယ်ဒီတာအဖြစ် ဆောင်ရွက်သည်။ ပြန်ကြားရေးဌာန ညွှန်ကြားရေးဝန်အဖြစ် ထမ်းဆောင်ခဲ့ပြီး စာပေယဉ်ကျေးမှုဆိုင်ရာ အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံ သုတေသနအသင်း၊ တက္ကသိုလ်မြန်မာစာသင်ကြားရေးအဖွဲ့တို့တွင်လည်း ပါဝင်ဆောင်ရွက်ခဲ့သည်။ စာရေးဆရာအသင်း ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။ ဝဏ္ဏကျော်ထင်ဘွဲ့(၁၉၅၀)၊ သီရိပျံချီဘွဲ့ (၁၉၅၅) တို့ ချီးမြှင့်ခံရသည်။ ၁၉၅၉ ခုနှစ် ဇူလိုင်လတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ယဉ်ကျေးမှုမစ်ရှင်အဖွဲ့ကို ခေါင်းဆောင်၍ သွားရောက်ခဲ့သည်။ စာပေယဉ်ကျေးမှုဆောင်းပါးများစွာ ရေးသားခဲ့သည်။

ဇေယျ၏စာများကို စုစည်းထုတ်ဝေသော စာအုပ်များမှာ တောကြီးမာယာ၊ ဆောင်းပဟေမန်၊ ဇေယျဝတ္ထုတိုများ မြန်မာ့မျက်ပွင့် (ရွာဓလေ့၊ လူဓလေ့)၊ မြန်မာ့မျက်ပွင့် (စာဓလေ့)၊ စာသဘင်၊ ဇေယျ၏စာ၊ ဇေယျစာတမ်း၊ မြန်မာ့စာ မြန်မာ့စိတ် မြန်မာ့ဟန်၊ သိန်းလေးဆယ်၊ စာတွေ့ငါတွေ့၊ ဗမာ့အရေးနှင့် အနုပညာအသွေး၊ မှတ်တမ်းဝင်ဗမာ့အရေးအခင်းများ စသည်တို့ဖြစ်သည်။ မြန်မာ့မျက်ပွင့် (ရွာဓလေ့၊ လူဓလေ့)စာအုပ်ဖြင့် ၁၉၆၁ ခုနှစ် စာပေဗိမာန်စာပဒေသာဆုရရှိခဲ့သည်။ မင်းလက်ျာ၊ သီလဝံ ဟူသော ကလောင်အမည်ခွဲများနှင့်လည်း စာပေများကိုရေးသားပြုစုခဲ့သည်။

၁၉၈၂ ခုနှစ်တွင် ကွယ်လွန်သည်။

DBE BOX Copyright Protected

# စာဖတ်ခြင်းအလေ့

လောက၌ လူတို့သည် မိမိတို့ဓမ္မတာ သဘာဝအားလျော်စွာ ဆောင်ရွက်ပြုကျင့်နေကြသော အလုပ်အဆောင် ဟူသရွေ့တို့ကို အလေ့အထက စီမံလျက်ရှိကြောင်းနှင့် သိပြီးဖြစ်ပေသည်။ လောက၌ လူတို့အပြုအကျင့်တွင် အထူးအခြားဖြစ်သော အခုန်အပေါက်၊ အပြေးအလွှား၊ အတက်အဆင်း၊ ရေကူးရေငုပ် စသည့်အရာများကိုသာလျှင် အလေ့အကျင့် ပြုရသည်မဟုတ်၊ အထူးအခြားမဟုတ် သာမန်အလုပ်စာရင်း၌ ထည့်သွင်းရသော ထမင်းစားခြင်း၊ ရေသောက်ခြင်း၊ အိပ်စက်ခြင်း၊ စကားပြော ခြင်း၊ အသက်ရှူခြင်း အစရှိသည်တို့မှာလည်း အလေ့အထသာလျှင် အရင်းခံ၍ ဖြစ်ပေါ်လာခြင်းများ ဖြစ်ပေသည်။ ခြားနားသည့်အချက်မှာ တစ်ခုတွင် လူတို့တတ်ကျွမ်းလိုသောဆန္ဒ တိုက်တွန်းချက် ဖြင့် အထူးဂရုတစိုက် လုံ့လထုတ်၍ လေ့ကျင့်မှုရနိုင်သည်ဖြစ်၍ အခြားတစ်ခုမှာမူကား မစားလျှင် မနေနိုင်၊ မသောက်လျှင်မနေနိုင်၊ မအိပ်လျှင်မနေနိုင်သော လူတို့သဘာဝတရားက တိုက်တွန်း နှိုးဆော်ချက်ဖြင့် အထူးဂရုတစိုက် အားထုတ်ရသည်မရှိဘဲ အလိုအလျောက်ပင်ဖြစ်လာသော အလေ့အကျင့်များ ဖြစ်ချေသည်။

ဤသို့လူတို့၏ အလုပ်ကိစ္စ အဆောင်အရွက်ဟူသမျှတို့ကို အလေ့အကျင့်က စီမံဖန်တီး ပေးလျက်ရှိရာ စာပေဖတ်ရှုမှတ်သားခြင်းမှာ ဤအလေ့အကျင့်၏ စက်အတွင်းက လွတ်ကင်းသည် မရှိ ဖြစ်ချေသည်။ သို့နှင့်အချို့သောသူတို့သည် အခြားသော အရာကိစ္စကိုလိုလျှင် အလေ့အကျင့် ပြုသော်လည်း စာပေဖတ်ရှုခြင်းနှင့် စပ်လျဉ်းသောအခါမူကား အလေ့အကျင့်ပြုမှ ရနိုင်မည်ကို သတိမထား၊ ဖတ်လိုသောအခါ ဖတ်နိုင်သည်ဟု အထင်ရှိကာ ဖတ်လိုမှတ်လိုသောအခါမှ ဖတ်ရှုခြင်း ပြုကြလေသည်။ ထိုအခါ ဖတ်လေ့မှတ်လေ့မရှိသောကြောင့် မဖတ်နိုင် မမှတ်နိုင်သည်ကို တွေ့ရသော အခါ စိတ်ပျက်လျက် တောင်တောင်မြောက်မြောက် အပြစ်ဖို့ခြင်း ပြုတတ်ကြလေသည်။

စင်စစ်အားဖြင့် စာဖတ်ခြင်းသည် လူတို့၏ ထမင်းစားခြင်း၊ ရေသောက်ခြင်း၊ အသက်ရှူခြင်းတို့ ကဲ့သို့ပင် အရေးကြီးသော ဆောင်ရွက်ဖွယ်တစ်ရပ်ဖြစ်ပေသည်။ ထမင်းစားခြင်း၊ ရေသောက်ခြင်း စသည်တို့မှာ ကိုယ်ကာယ၏ အာဟာရကို ဖြည့်တင်းရုံမျှသာဖြစ်၍ စိတ်၏အလိုဆန္ဒ အာဟာရကို မဖြည့်တင်းနိုင်ချေ။ စိတ်မှာလည်း ကိုယ်ကာယကဲ့သို့ပင် ပညာဗဟုသုတ တည်းဟူသော အာဟာရ လိုပေသည်။ ထက်သန်သောစိတ်မျိုးတို့မှာ ထိုသို့သောအာဟာရမျိုးကို လွန်စွာတောင့်တလျက် ထိုထို ဤဤ ကြံဆဆင်ခြင်ခြင်းကို အမြဲမပြတ်ပြု၍နေတတ်ရာ မိမိအနီးပတ်ဝန်းကျင်ရှိ အရာများဖြင့် သာလျှင် တင်းတိမ်ရောင့်ရဲခြင်းမရှိ၊ လမ်းပြသဖွယ်ဖြစ်သော ပညာဗဟုသုတတို့ကို များစွာလိုပေသည်။ ထိုအခါ စာဖတ်ခြင်းအလေ့သည် အလွန့်အလွန် အသုံးဝင်လာလေသည်။

DBE BOX - Copyright Protected

ကမ္ဘာ့လူမျိုးတို့၌ ယဉ်ကျေးသည်၊ ရိုင်းစိုင်းသည် ဟူသည်မှာ ပညာဗဟုသုတ ရှိသည် မရှိသည်ကိုလိုက်၍ ဖြစ်ချေသည်။ ပညာဗဟုသုတကို နုတ်ပယ်ထားလိုက်ပါမူ လူယဉ် လူရိုင်းဟူ၍ ကွဲပြားခြားနားခြင်း ရှိကြတော့မည် မဟုတ်ချေ။ ပညာဗဟုသုတ တိုးပွားကြီးကျယ်သလောက် လူတို့၏ အခြေအနေလည်း တိုးတက်ကြီးပွားလျက် ရှိကြပေသည်။ ပညာဗဟုသုတကင်းမဲ့သော စိတ်မျိုးမှာ အစာအာဟာရကင်းမဲ့သော ကိုယ်ခန္ဓာကဲ့သို့ ကြုံလှီဖျော့တော့ အားအင်ချည့်နဲ့ အသုံးမဝင်ဖြစ်ရချေသည်။ ထိုသို့သော ပညာဗဟုသုတ ကြီးပွားကျယ်ပြန့်ရန်မှာလည်း အကောင်းဆုံး အလွယ်ဆုံးသော နည်းလမ်းမှာ စာပေဖတ်ရှု မှတ်သားရခြင်း ဖြစ်ပေသည်။

မိမိကိုယ်တိုင် ကမ္ဘာတစ်ပြင်လုံးကို အနှံ့အစပ်သွားရောက်၍ ဗဟုသုတအကြားအမြင်ကို ရှာဖွေလျှင် အဆန်းတကြယ် မှတ်သားဖွယ်ရာအသစ်တို့ကို တွေ့မြင်မှတ်သားရရုံမျှသာ ရှိချေသည်။ စာဖတ်ရှုခြင်း အလေ့အထ၌မူကား အသစ်အသစ်သော အကြောင်းအရာ၊ အတ္ထုပ္ပတ္တိတို့ကို သိရှိရုံမျှသာ မဟုတ်ဘဲ မိမိနှင့်ဉာဏ်ရည်တူ၊ မိမိထက် ဉာဏ်ပညာထက်မြက်စူးရှသူတို့၏ စိတ်ကူးအကြံဉာဏ် ထင်မြင်ချက်၊ ဆုံးဖြတ်ချက်တို့ကိုပါ ရရှိနိုင်သည်ဖြစ်၍ မိမိစိတ်ရင်း၊ ဉာဏ်ရင်းကို နှိုးဆော်ကူပင့် တဖျင့်တပါး ကြီးမားထက်သန်လာစေနိုင်သောကြောင့် ပညာဉာဏ ကြီးမားသောအဖြစ်ကို ရရှိနိုင်ကြပေသည်ဖြစ်သဖြင့် စာဖတ်ခြင်းအလေ့ကို အမှုမဲ့စွန့်လွှတ်မထားဘဲ တတ်အားသရွေ့ပွားများဖြစ်ထွန်းစေအပ်သည်။

၂၀ရာစု ဓေယျ

**ခက်ဆစ်အဖွင့်**

၁။ ကြုံလှီ = ပိန်သည်။

၂။ တဖျင့်တပါး = တစ်နည်းတစ်ဖုံ။

၃။ ဓမ္မတာ = ဖြစ်မြဲသော အစဉ်အလာ။

၄။ နှိုးဆော် = တိုက်တွန်းစေ့ဆော်သည်။

၅။ အမှုမဲ့ = ပေါ့ပေါ့ဆဆ၊ အမှတ်တမဲ့။

**သင်ခန်းစာဆိုလိုရင်း**

စာဖတ်ခြင်းကို လိုအပ်သည့်အခါမှပြုသော် ဖတ်လေ့မှတ်လေ့မရှိသောကြောင့် မဖတ်နိုင်၊ မမှတ်နိုင်ဖြစ်တတ်သဖြင့် စာဖတ်ခြင်းအလေ့အကျင့်ကို ပြုစုပျိုးထောင်သင့်ကြောင်း အကျိုးသင့် အကြောင်းသင့် ဖော်ပြထားသည်။

DRE BOX - Copyright Protected

**လေ့ကျင့်ခန်းမေးခွန်းများ**

၁။ စာဖတ်ခြင်းအလေ့ကို မည်သည့်အတွက် လေ့ကျင့်ပျိုးထောင်သင့်သနည်း။

၂။ စာဖတ်ခြင်းအလေ့အကျင့်၏ အကျိုးကျေးဇူးများကို ဖော်ပြပါ။

၃။ စာဖတ်သောအလေ့သည် ကျောင်းသားကျောင်းသူများအတွက် လိုအပ်ပါသလား။ အဘယ်ကြောင့်နည်း။

၄။ စာဖတ်ခြင်းနှင့် ပြင်ပလောကဥဗဟုသုတရှာဖွေခြင်းတို့၏ ကွာခြားချက်ကိုဖော်ပြပါ။

၅။ မိမိကိုယ်တိုင် စာဖတ်သောအလေ့အကျင့်ရရန်ကြိုးစားခဲ့သည့်အတွေ့အကြုံများကို စာစီကုံးပါ။

DBE BOX - Copyright Protected

ဝတ္ထုတို

# ယောက်ျားအမှန်

## (ကိုလိုနီခေတ်)

"ယောက်ျားအမှန်" ကို ပီမိုးနင်းရေးသော "ပီမိုးနင်းဝတ္ထုပဒေသာအမှတ် ၁ " စာအုပ်မှ ကောက်နုတ်သည်။

ပီမိုးနင်းသည် သုံးဆယ်မြို့ဇာတိဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၂၄၅ ခုနှစ် (ခရစ်နှစ် ၁၈၈၃) တွင် ဖွားမြင်သည်။ ငယ်မည်မှာ မောင်ကျော်ညွန့်ဖြစ်သည်။ မွေးဖွားချိန်တွင် မိုးနှင်းများ ထူထပ်စွာ ကျသည်ကိုစွဲ၍ "မိုးနှင်း"ဟု ခေါ်ကြသည်။

မိုးနှင်း၏ ငယ်စဉ်ဘဝမှာ ဆင်းရဲလှသည်။ ပညာလိုလားသူဖြစ်သည်။ သုံးဆယ်မြို့ အာစီအမ် ကျောင်းနှင့် မော်လမြိုင်မြို့ ဆင်မီနာကျောင်းတို့တွင် ပညာသင်ယူခဲ့၏။ ပီနန်မြို့ ဂျင်နရယ်ကောလိပ် တို့တွင် အင်္ဂလိပ်စာ၊ လက်တင်စာ၊ နက္ခတ်ပညာ၊ ယုတ္တိပညာ စသည်တို့ကို လေ့လာဆည်းပူးခဲ့သည်။ ကျောင်းနေစဉ်က သူ၏အမည်မှာ ဖီးလစ်ဖြစ်သည်။

ပီမိုးနင်းသည် ကျောင်းဆရာအလုပ်၊ စာရေးအလုပ်၊ ဘာသာပြန်ဆရာအလုပ်၊ ဘိန်းစာရေး အလုပ်၊ လယ်သမားအလုပ် စသည်ဖြင့် ဘဝမျိုးစုံကျင်လည်ခဲ့ဖူးသည်။ ရန်ကုန်အလုံရပ် ဘက်ပတစ် ကျောင်းတွင် လက်တင်ဘာသာဆရာအလုပ်ကို မြန်မာအမည် မောင်ကျော်ညွန့်နှင့် လျှောက်ရာ မရသဖြင့် ငယ်မည် "မိုးနှင်း"ကို "မိုးနင်း"ဟုပြောင်းကာ ရှေ့မှာ ဖီးလစ်၏ အတိုကောက် "ပီ" တစ်လုံး ထည့်သွင်း၍ "ပီမိုးနင်း"အမည်နှင့်လျှောက်မှ အလုပ်ရခဲ့သည်။ သူရိယနှင့် မြန်မာ့အလင်း သတင်းစာ၊ ကဝိမျက်မှန်၊ ကဝိတံခွန်၊ ဗြိတိသျှဘားမား၊ ဒဂုန်မဂ္ဂဇင်း စသည်တို့တွင် ဝတ္ထု၊ ဆောင်းပါး မပြတ်ရေးခဲ့သည်။ ပီမိုးနင်း၊ မောင်ကျော်၊ ပိုက်ဆံကြီးတို့မှာ သူ၏ကလောင်အမည်များ ဖြစ်သည်။

ပီမိုးနင်း၏လက်ရာများတွင် ဘီအေမောင်တင့်နှင့် ကချေသည်မယ်မြင့်၊ နေရီရီ၊ ပွဲစားကြီး သားအဖနှင့် မြမြ၊ နေညိုညို၊ သဲမြညွှာ စသည့်ဝတ္ထုတို့အပြင် ကမ္ဘာ့မင်တံ၊ သခင်စိတ်၊ လက်တွေ့ ကြီးပွားရေး၊ အောင်စိတ်၊ တိုင်းရေးပြည်ရေး၊ သားဂုဏ်ရည်၊ သမီးဂုဏ်ရည်၊ ကိုယ်ထူးကိုယ်ချွန် စသည့်ကျမ်းတို့လည်း အပါအဝင်ဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၃၀၁ ခုနှစ် (ခရစ်နှစ် ၁၉၄၀ ပြည့် နှစ်)တွင် မြန်မာ့အလင်းသတင်းစာတိုက်ကကျင်းပသော အမျိုးသားအောင်ပွဲနေ့ အလှူကိုလာရင်း စက်ဘီးတိုက်ခံရကာ ထိုဒဏ်ရာဖြင့်ပင် ကွယ်လွန်သည်။

ပီမိုးနင်းသည် စိတ်ကူးဉာဏ် ထက်မြက်သူ ဖြစ်သည်။ အသေးအဖွဲကလေးကိုပင် စူးစူးရှရှ ကြည့်တတ် မြင်တတ်သည်။ မြင်သလောက်ကိုလည်း ပေါ်ပေါ်လွင်လွင် ဖွဲ့တတ်သည်။ အနောက်တိုင်း စာပေမှ အမြင်သစ်၊ သဘောသစ်တို့ကို လက်ခံ၍ မြန်မာစာပေကို ဆန်းသစ်အောင် အားထုတ်ခဲ့သူ လည်းဖြစ်သည်။ တိုင်းပြည်နှင့် ကလောင်အပေါ်တွင် သစ္စာရှိသော စာရေးဆရာကြီးဖြစ်သည်။

DBE BOY - Copyright Protected

## ယောက်ျားအမုန်

ဘထွန်းသည် ကြံရာမရဖြစ်၍နေလေ၏။ ဆယ်နာရီခန့်အချိန်မို့ လလည်းမရှိ၊ လမ်းမှာ မည်းမှောင်၍ နေလေ၏၊ မော်တော်ကားမှာ ဘယ်လိုလုပ်၍မှ မရ၊ ချော့လို့လည်းမသွား၊ ကြမ်းလို့ လည်း မလှုပ်။ အတင်းဖွဲ့လုပ်၍ နေလေ၏၊ အခြားမော်တော်ကား အသွားအလာတို့ကို မျှော်သော်လည်း ရပ်ရန် ခေါ်၍မရ၊ တစ်ဟုန်တည်းသွားသော ဘတ်စကားကြီးတစ်စီးမှတစ်ပါး အခြားဘယ်သူကမှ မပေါ်လာ။

အင်းစိန်နှင့် မှော်ဘီစပ်ကြားမှာ လမ်း၌ဖွဲ့လုပ်သောကားပေါ်တွင် အိပ်ရတော့မလို ဖြစ်၍ နေလေ၏။

နောက်ဆုံး စိတ်ကိုလုံးလုံးကြီးလျှော့ပြီး အနီးအနားကို ကြည့်လိုက်ရာ မည်းမှောင်သောခြံ တစ်ခုအတွင်းမှ မီးရောင်ကလေးကို မြင်ရသဖြင့် ဝင်၍သွားလေ၏။

သေးငယ်သော အိမ်ကလေးအနီးသို့ ရောက်သောအခါ

"ခွေးကြည့်စမ်းပါ ခင်ဗျာ"

ဟု အော်လေလျှင် အိမ်အောက်ထပ်မှ ဆွဲမီးအိမ်ကိုကိုင်လျက်

"ဘယ်သူလဲ၊ ခွေးတော့မရှိပါဘူး"

ဟု ပြော၍ ထွက်လာသူသည် ဆွဲမီးအိမ်ကိုမြှောက်၍ ကြည့်လိုက်လေ၏၊ ဆွဲမီးအိမ် မီးရောင်တွင် အလွန်လှသော မျက်နှာကလေးကို ဘထွန်းမြင်ရလေလျှင် ဘထွန်း၏ရင်ထဲမှာ ဘာလိုလိုဖြစ်သွား လေ၏၊ ဘထွန်းသည် အံ့အားသင့်ပြီး မနီးမဝေး၌ရပ်ကာ

"ပြည်ဘက်က ကားနဲ့လာတာ။ အခုကားပျက်နေတာနဲ့ ဝင်လာတာပဲ၊ ဘယ့်နှယ်လုပ်ရမလဲ မသိဘူး။ ဒီအနီးမှာလဲ ဒီအိမ်တစ်ခု တွေ့တာပဲ"

"ရှင့် ကား ဘယ်မှာ ထားခဲ့သလဲ။ တစ်ယောက်တည်းလား"

"တစ်ယောက်တည်းပါပဲ။ ဒီညတော့ ခွကျနေတာပဲ"

မိန်းမပျိုသည် တစ်စက္ကန့်မျှ ဆိုင်းပြီး

"ဒီလိုဖြင့် ဘယ့်နှယ်လုပ်မလဲ"

"မကြံတတ်အောင် ရှိတာပဲ၊ တစ်ည ဒီမှာတည်းခိုရရင် ကျေးဇူးအင်မတန်တင်မှာပဲ"

မိန်းမပျိုသည် တစ်ဖန်စဉ်းစားပြီး

"ဒီလိုဖြင့် ကျွန်မ ဟိုဒင်း၊ ကျွန်မယောက်ျားကို သွားပြီးမေးလိုက်အုံးမယ်၊"



DBE BOX - Copyright Protected

ဟု ပြောပြီး အိမ်ပေါ်သို့ တက်၍သွားလေ၏။ အိမ်ကလေးမှာ လူတစ်ရပ်သာသာမြင့်သော ဇလီသတ် အိမ်မတ်ကလေးနှင့် တူလေ၏။

အတန်ကြာလျှင် ဆင်း၍လာပြီး-

"ကျွန်မ ဟိုဒင်း၊ ယောက်ျားက တည်းခိုနိုင်ပါတယ်လို့ ပြောတယ်။ ဒါထက် ရှင့်ကားဘယ့်နှယ့် လုပ်မလဲ"

"ကားက အော်စတင်ကားလေးပါ။ တွန်းယူရင် ရပါတယ်"

"ဘယ်မှာလဲ"

ဟု ပြောပြီး မိန်းမပျိုသည် ထွက်၍လာလေ၏။

ဘထွန်းသည် မိန်းမပျို ဖော်ရွေပုံကို မြင်ရသဖြင့် အားတက်ကာ ၎င်း၏လက်က မီးအိမ်ကို တောင်းယူပြီး ကားရှိရာသို့သွားလေရာ မိန်းမပျို လိုက်ပါ၍ သွားလေ၏။ ဘထွန်းက အားနာကြောင်း၊ မိမိဒုက္ခလာ၍ပေးကြောင်း ပြောလေ၏။ မိန်းမပျိုက-

"ကိစ္စမရှိပါဘူး ကျွန်မယောက်ျားက လူမမာ သွက်ချာပါဒကိုင်နေလို့ မထနိုင်ဘူး။ နို့မဟုတ်ရင် သူလာပြီး ကူညီပါရဲ့"

ဟု ပြောလေ၏။

မကြာမီ ဘထွန်းသည် ကားကို တွန်း၍လာလေ၏။ မိန်းမပျိုက လမ်းပြလေ၏။ အိမ်သို့ ရောက်သောအခါ -

"ရှင် စားသောက်ပြီးပလား"

"ရန်ကုန်ရောက်မှ စားမယ်လို့ အောက်မေ့ပြီး ဘာမှ ယူမလာခဲ့မိဘူး။ "

"ဒီလိုဖြင့်အခန့်သင့်ပဲ၊ ဧည့်သည်များလာမယ်ဆိုလို့ ချက်ပြုတ်ထားတယ်၊ လာလဲမလာ ကြဘူး။ ထိုင်ပါ။"

ဟု ပြော၍ ကွပ်ပျစ်ကို ပြလေ၏။ မီးအိမ်ကို ကွပ်ပျစ်ပေါ်၌ထားခဲ့ပြီး မိန်းမပျိုသည် ပေ့ါပါးလျင်မြန်သော သမင်မလေးပမာ လုံးပြည့်သော ငါးရံ့ကိုယ်ကလေးနှင့် အိမ်ပေါ်သို့ တက်သွားလေ၏။ မကြာမီ ကွပ်ပျစ်ပေါ်၌ စားစရာတွေ ပြင်ပြီးဖြစ်လေ၏။

ဘထွန်းသည် ချက်ပြုတ်ထားသည်ဆိုသော အစားအစာတို့ကို မြင်သောအခါ အံ့သြတွေးတော၍နေလေ၏။ မိန်းမပျိုမှာ အသက်နှစ်ဆယ်ကျော်ခန့်ရှိ၍ တောသူနှင့်မတူ၊ လွန်စွာသားနားသည်မှာ သာလွန်အံ့သြဖွယ်ဖြစ်၍ နေလေ၏။ အစားအစာများမှာ ပေါင်မုန့်နှင့် ဘူးထဲမှထွက်သော အသား၊ ဝက်အူချောင်း၊ ငါးသေတ္တာ၊ ဆော့စ်ပုလင်း၊ ဖွန်း၊ ခက်ရင်းစသည်များ ဖြစ်ကြလေ၏။

DBE BOX - Copyright Protected

ဘထွန်းသည်မေးမြန်းခြင်းမပြုဘဲ ပိုမိုလှသည်ဟုထင်မှတ်ရသော မိန်းမပျိုကို ကျေးဇူးတင်သော အမူအရာနှင့် မကြာမကြာကြည့်ရင်း စားလေ၏။ မိန်းမပျိုသည်ကား အပါးမှာပင် ထိုင်လျက်

"စားပါ ၊ အားမနာပါနဲ့၊ စားတာသောက်တာဟာ ရှက်စရာမဟုတ်ပါဘူး"

"မရှက်တတ်ပါဘူး။ ကျုပ်ဆာပြီဆိုရင် အင်မတန် ပါးစပ်သရမ်းတယ်။ အစားကောင်းကြိုက်တတ်တာနဲ့ အခုစားရတဲ့အစာကိုကြည့်ရင်း "အပျိုရှာ၊ ကညာတွေ့" ဆိုတာ ကျနေတာပဲ။ ဒါထက် မဟိုဒင်းရဲ့ ယောက်ျား မမာနေတာ ဘယ်လောက်ကြာပလဲ။ နာမည်ဘယ်သူပါလဲ။"

ဟု မေးလေ၏။

"ကိုဘစောလို့ ခေါ်ပါတယ်။ လဲတာ အဟင်း . . ၃ လလောက်ရှိပါပြီ၊ ဒါထက် ထမင်းတော့ မရှိဘူး၊ တင်းတိမ်ပါ့မလား။ ဟင်းကျွေးသာ ကျွန်မ အသင့်ပြင်ထားတယ်။ ထမင်းတော့ သူတို့လာမှ ချက်တန်လဲချက်မယ် စိတ်ကူးပြီး"

"တင်းတိမ်ပါတယ်၊ ပေါင်မုန့်က လတ်လတ်ဆတ်ဆတ်ပဲ"

"ဒီကနေ့ပဲ ကျွန်မလဲ ရန်ကုန်က ဘတ်စကားကြုံတာနဲ့ ပြန်လာလို့ ဝယ်ခဲ့တယ်၊ အခုသူတို့ မလာတာနဲ့ ရှင်ရောက်လာတာ အခန့်သင့်ပဲ"

"နက်ဖြန်ခါမှ လာကြမယ်ထင်ပါရဲ့"

"နက်ဖြန်တော့ မလာနိုင်ကြဘူး။ ကျောင်းဖွင့်ပြီ။ ကျောင်းဆရာမများပါ။"

"အော် ဒီလိုဖြင့် ကျုပ် ကုသိုလ်ပေါ့"

ဟု ပြောပြီး ဗင်းယောက်ျား ကိုဘစောဆိုသူကိုတွေးကာ သနားသလိုဖြစ်၍ နေလေ၏။

"ဆိတ်ငြိမ်တဲ့နေရာပဲ၊ လူမမာတော့ အင်မတန် အားငယ်ရှာလိမ့်မယ်၊ နှစ်ယောက်တည်းပဲလား၊"

"အခုတော့ နှစ်ယောက်တည်းပါပဲ။ ခိုင်းတဲ့ သူငယ်ကလေးနဲ့ သူငယ်မလေးက ရွာပြန်သွားကြတယ်၊ ဒါထက် ရှင် ဒီကွပ်ပျစ်မှာ အိပ်မှဖြစ်မယ်။ ရှင့်ကားကိုလဲစောင့်ရင်း"

ဟုပြောပြီး နေရာကိုပြင်လေ၏။ မကြာမီ ဘထွန်းအတွက် အိပ်ရာမှာ အပျိုလေးများ၏ အိပ်ရာလို လွန်စွာသန့်ရှင်းလှပသည်ကို တွေ့ရှိရလေ၏၊ အိပ်ရာမှာ ဂွမ်းမွေ့ရာ ပါးပါးပျော့ပျော့ကလေးဖြစ်ရာ အောက်၌ ဖယောင်းပုဆိုးတစ်ထပ် ကော်ဇောတစ်ထပ်ကိုတွေ့ရှိရလေ၏။ အိပ်ရာခင်းမှာ ဖြူစင်၍ ဇာနားတပ်ထားသည့်ပြင် မွှေးကြိုင်သောပေါင်ဒါနံ့ကိုရလေရာ ဘထွန်းက-

“ညှော်သည်များအတွက် အသင့်ထားတဲ့ အိပ်ရာထင်ပါရဲ့”

ဟု မေးလေ၏၊

“ဟုတ်ပါတယ်၊ အခုတော့ ရှင့်ဖို့လို့ ကျနေတာပဲ။”

ဟု ပြုံး၍ ပြောလေ၏။

နှစ်ယောက်သားထိုင်လျက် အတန်ကြာစွာ စကားပြော၍ နေကြပြီးနောက် မိန်းမပျိုသည် အိမ်ပေါ်သို့တက်၍ သွားလေ၏။

ဘထွန်းသည် မွေးကြိုင်သော အိပ်ရာပေါ်၌လှဲကာ ထွေရာများစွာတို့ကို တွေးလေ၏။ “လူမှ ဟုတ်ပါ့မလား။ ကျတ်အိမ်ကိုများ ရောက်လေသလား၊ ဒီမိန်းမပျိုဟာ လူသားစားကျတ်များ ဖြစ်ရင် ငါ့ကိုစားတော့မှာပဲ၊ လူပါပဲ ထင်ပါရဲ့လေ၊ ဟင် ဥစ္စာစောင့်များလား။ ဥစ္စာစောင့်ဒီလို ချောချော လှလှကလေးနဲ့ မိတ်ဆွေဖြစ်ရရင်ကော်တာပဲ” စသည်ဖြင့်တွေးပြီး ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော စသည်ဖြင့် ရွတ်၍နေလေ၏။ မတော်တဆ ကျတ်ဖြစ်လျှင် ဤဂါထာကို ရွတ်ခြင်းဖြင့်ပပျောက်စေနိုင်ကြောင်း ကြားဖူးရလေ၏။

သို့ရွတ်ရင်း “ကျတ်ဖြစ်လျှင် ဒီဂါထာကို ရွတ်သည့်အခါ အဆောက်အအုံရော ဘာရော အကုန်ပျက်စီးပျောက်ကွယ်ရသည်” ဟု ကြားရဖူးသည့်အတိုင်း “ပျောက်များ ပျောက်လေမလား။ ပျောက်လျှင်လဲ မိမိမှာ သင်္ချိုင်းသုသာန်တစ်ခုခုပေါ်မှာ အိပ်လျက်သားနေရမှာပဲ” စသည်ဖြင့် တွေးတောကာ အိမ်တိုင်များကို သေချာစွာကြည့်လေလျှင် အိမ်တိုင်များ လှုပ်ရှားယိမ်းယိုင် ယမ်းကာ တစ်တိုင်မှ နှစ်တိုင်ဖြစ်ပြီး ပျောက်တော့မလို ဖြစ်လေ၏၊

မျက်လုံးများကို လက်နှင့်ပွတ်ကာ သေချာစွာ သတိနှင့်ကြည့်ကာ မပျောက်ဘဲနေသည်ကို တွေ့ရလျှင် ကျတ်တော့မဟုတ်ဘူး။ ဥစ္စာစောင့်ဖြစ်လိမ့်မယ် ထင်ပါရဲ့။ ဥစ္စာစောင့်ဖြစ်ရင် ငါအိပ်တဲ့အခါ အပါးမှာလာ၍များ အိပ်လေမလား၊ ငါ့ဝိညာဉ်ကိုနုတ်ပြီး ဥစ္စာစောင့် အလုပ်ခိုင်းလေမလား၊ ဥစ္စာစောင့်၊ ဇော်ဂျီများဟာ လူမိုက်များနှင့် တွေ့တတ်တယ် ပြောတာပဲ။ ငါလို ဟန်ဟန်ပန်ပန်လူမျိုးနဲ့ တွေ့ရိုးမရှိပါကလားဟူ၍လည်း တွေးပြန်လေ၏၊

သို့နေခိုက်တွင် အင်္ဂလိပ်ဆေးနံ့များလိုလို အနံ့ရလေရာ “ဧကန်တစ္ဆေပဲ။ မကြာမီက သေတာမို့ ဆေးနံ့ပေးတာပဲ၊ အော် သူ့ယောက်ျား လူမမာဆိုပါကလားလေ။ ဆေးတွေ ဝါးတွေ ရှိမှာပေါ့။ အင်္ဂလိပ်ဆေးနံ့ပဲ။ သူတို့ နေပုံစားပုံက ဗိုလ်ဆန်ပုံရတာပဲ” စသည်ဖြင့် အမျိုးမျိုးတွေးလေ၏၊

သို့တွေးရင်း မေ့ခနဲပျော်သွားသလိုဖြစ်ပြီး လန့်၍နိုးလေ၏။ ကြည့်လိုက်ရာ တစ်ခြံလုံး လင်းထိန်လျက် လေသံလိုလို ကြားရလေ၏၊ “ဘာများဖြစ်ပါလိမ့်။ တစ္ဆေခြောက်တာလား။ သရဲမီးလား။ ငါ့နေရာဟာ သင်္ချိုင်းကုန်းဖြစ်မလားဟု သေချာစွာကြည့်လေရာ အိမ်နောက်ဖေး ငှက်ပျောပင်များ၏



DBE BOX - Copyright Protected

အရွက်ကြီးတွေ မီးရောင်တွေ လူပ်ရှား၍ နေကြသည်ကို မြင်ရလေ၏။ "ဟင် ကောက်ရိုးပုံ မီးလောင်နေတာပါကလား" "ဟိုက် အိမ်နဲ့ကပ်လို့" "ဟင် ကူးတော့မှာပဲ၊ ကူးပြီ။ ဟယ် ဒုက္ခပဲ" "မီး" ဟု အော်ခိုက်တွင် အိမ်နောက်ဖေးနံရံများမှာ မီးကူးသောအသံနှင့် အရောင်ကို ကြားရမြင်ရလေ၏။ "မီး မီး" ဟု အော်လေ၏။

သို့ အော်ရင်း လူမမာကို သတိရသဖြင့် "ဟင် ဒုက္ခပဲ၊ သွက်ချာပါဒတဲ့၊ ပြေးနိုင်မှာ မဟုတ်ဘူး" ဟု အောက်မေ့ပြီး အိမ်ပေါ်သို့ ပြေးတက်လေရာ ဆံပင်ဖိုးရိုးဖားရားနှင့် သားရေသေတ္တာတစ်ခုကို ဆွဲလျက် ပြေးဆင်း၍လာသော မိန်းမပျိုကို လှေကားပေါ်တွင် ရင်ဆိုင်တွေ့လေရာ

"ဆင်း ဆင်း၊ မင်း ယောက်ျားအတွက် မပူနဲ့"

ဟု ပြောပြီး ပြေး၍တက်လေ၏။ မိန်းမပျိုက-

"ကိစ္စမရှိဘူး၊ မတက်နဲ့၊ မီးတွေအကုန်စွဲပြီ၊ ရှင် မတက်နဲ့၊"

ဟု ပြောကာ ဘထွန်း၏ လက်ကို ဆွဲလေ၏။

"မင်းယောက်ျား မင်းယောက်ျား သွက်ချာပါဒ"

"ကိစ္စမရှိပါဘူး။ ဆင်းပါ၊ ရှင်မတက်ပါနဲ့၊ မရဘူး"

"အို ဒီကောင်မတော့၊ ဘယ့်နှယ့်ကောင်မလဲ၊ လင်တစ်ယောက်လုံးကိုပစ်ပြီး"

ဟုပြောကာ အတင်းရုန်း၍ တက်မည်ပြုလေရာ မိန်းမပျိုက တစ်စုံတစ်ရာကိုပြောရင်း ဘထွန်းကို အတင်းဆွဲလေ၏။ ဘထွန်းသည် ပြောသောစကားကို မကြားရဘဲပြေးတက်ရာ အိမ်ပေါ်သို့ ရောက်လေ၏။

မီးသံ၊ လေသံတို့မှာ တဟုန်းဟုန်းမြည်လျက် အခြားဘာသံမျှ မကြားရချေ။ မိန်းမပျိုက အော်လျက်ခေါ်လျက်သာ နေလေ၏။ မီးတောက်မီးလျှံများသည် ဘထွန်းကို တံခါးဝမှဆီး၍ တွန်းလှန်မောင်းချကာ "မတက်နဲ့၊ မတက်နဲ့" ဟု နှင်သလိုလုပ်လေ၏။

မိန်းမပျိုသည် တက်လာ၍ ဘထွန်း၏လုံချည်ကို ဆွဲထားလေ၏။ ဘထွန်းက လုံချည်မပြုတ်အောင် ပြန်၍ဆွဲရင်း ၎င်းကိုလှည့်ကာ ဒေါသနှင့်

"ဒီကောင်မဟာ ဘယ့်နှယ်ကောင်မလဲ၊ တယ်ယုတ်တဲ့ကောင်မပါကလား၊ လူမမာလင်ကို မပေါင်းချင်လို့ တမင်သေကြောင်းကြံတဲ့ကောင်မ။ နင် သွား၊ ငါ့ကို လွှတ်"

ဟုပြောကာ အတင်းရုန်းပြီး မီးထဲတိုးဝင်၍သွားလေရာ မိန်းမပျိုသည် လှေကား၌ရပ်ကာ ရင်ကိုထုလျက်-

"အမလေး၊ လာကြပါအုံး၊ မီးထဲပါပါပြီ၊ သေပါပြီ၊"

DBL BOX Copyright Protected

စသည်ဖြင့် အော်ဟစ်၍နေလေ၏။ ထိုအခိုက်တွင် လှေကားပြုတ်၍ ကျလေ၏။ မိန်းမပျိုမှာ စွေ့ခနဲ ခုန်ပြီး မြက်ပေါ်၌ သားရေအိတ်ကိုကိုင်လျက် ဒူးတုပ်၍ ကျလေ၏။

ကျသော်လည်း နာရမှန်းမသိ၊ အော်ဟစ်ကာသာနေ၏။ တစ်မိနစ်အတွင်း ဘထွန်းသည် တစ်စုံတစ်ရာကိုပွေ့ချီကာ မီးထဲမှခုန်၍ ထွက်လာပြီးလျှင် မြက်ပေါ်၌တစောင်းကျလေ၏၊ မိန်းမပျို သည် ပြေး၍ဆွဲထူလေ၏။ ဘထွန်းသည် ပွေ့ချီ၍လာသောအရာကိုကြည့်ကာ

"အမယ်လေး နာများသွားသလား။"

ဟု ပြောလေ၏။ သေချာစွာ ကြည့်သောအခါ မွေ့ရာအဟောင်းကြီးတစ်ခုကို စောင်ဖြူနှင့် တုပ်ပတ်ထား သော အထုပ်ကြီးဖြစ်သည်ကို မြင်ရလေရာ အံ့အားသင့်လျက် ရင်ဘတ်ကိုတီးပြီး-

"အဲ့ဒါမှ ခက်တာပဲ၊ ပြန်တော့မတက်နိုင်ဘူး။ မင့်ယောကျ်ားရယ်လို့ အောက်မေ့ပြီး ပွေ့လာ တာပဲ၊ ဘယ့်နှယ့်လုပ်ကြမလဲ"

စသည်ဖြင့် ထိတ်လန့်တကြား ပြောလေ၏၊ မိန်းမပျိုသည်ကား ၎င်း၏စကားများကို သတိမထား။

"ရှင့်မှာ မီးမလောင်ဘူးလား၊ ဘယ်မှာ နာသွားသလဲ။ လာ လာ ပူလှပြီ"

ဟုပြောကာ မီးလောင်၍နေသော အိမ်နားမှ ဆွဲခေါ်လာ၏၊ ဘထွန်းသည်ကား ၎င်း၏မျက်နှာကို ကြည့်ကာ

"ဘယ့်နှယ့်လဲ၊ နင့်လင်သေပြီ။ နင် ဘယ့်နှယ့်ကောင်မလဲ၊ သွား နင် ယုတ်မာတဲ့ ကောင်မ၊ ငါ့နားမကပ်နဲ့။ လင်အတွက်တော့ မပူဘဲနဲ့။"

ဟု ပြောကာ မောင်းနှင်တွန်းဖယ်၍ ပစ်လေ၏။ ထိုအခိုက်တွင် လူတွေရောက်၍လာကြလေ၏။

"မဟုတ်ပါဘူးရှင်၊ ကျွန်မမှာ ယောကျ်ားမရှိပါဘူး၊ ကျွန်မ ရှင့်ကို အလကားပြောတာ၊"

"ဟင် ဘာဖြစ်လို့လဲ။"

"လာ လာ ကျွန်မ နောက်မှပြောမယ်၊ ဘယ်မှာမီးလောင်သွားသလဲ"

ဟု ပြောပြီး ခေါ်သွားလေ၏။ ရောက်လာသူများသည် ကားကို မီးနှင့်ဝေးအောင် အခြားသို့ တွန်းပို့ ကြပြီး မီးကိုမသတ်နိုင်ဘဲ ကြည့်၍သာနေကြရလေ၏။ ရေကိုလွယ်ကူစွာ မရသဖြင့် တစ်စုံတစ်ရာ မတတ်နိုင်ဘဲ နေကြရလေသတည်း၊

မိန်းမပျိုသည်ကား ဘထွန်း၏ကိုယ်ကို စစ်ဆေးကြည့်ရာ ခြေများ၊ လက်များမှာ မီး လောင်ရာ တွေ့သဖြင့် သားရေသေတ္တာကိုဖွင့်ပြီး ဆေးဝါးကိရိယာအစုံနှင့် အလွန်တရာကျင်လည်စွာ ဆေးများထည့်ကာ ပတ်တီးများစည်းပတ်၍ပေးရင်း

"ကျွန်မ ဆရာဝန်မ။ ဟိုဘက်ခြံကြီးထဲက လူမမာ မိန်းမကြီးတစ်ယောက်ကို လာပြီးကုသနေတယ်။ ဒီခြံနဲ့ဒီအိမ်က ကျွန်မဝယ်ထားတာ မကြာသေးပါဘူး။ အခါတိုင်းတော့ လူမမာကို ကြည့်ပြီး ကျွန်မသူငယ်ချင်းဆရာဝန်မတစ်ယောက် ကားနဲ့ရောက်လာတာပဲ။ သည်တစ်ခါတော့ ဘာဖြစ်လို့ မပေါ်လာသလဲမသိဘူး။ ဒါနဲ့ သူ့ကိုမျှော်ရင်း ရှင်ရောက် လာတာပဲ။ ကျွန်မတစ်ယောက်တည်းနေတယ်လို့ မပြောချင်လို့ ကျွန်မယောက်ျားနဲ့လို့ လိမ်ပြောတာပါ။"

ဟု ပြုံးရယ်ကာ ပြောလေ၏။ လူတွေမှာ မီးကိုသာ ဂရုစိုက်၍ နေကြလေရာ ၎င်းတို့နှစ်ယောက်မှာ ငှက်ပျောပင်များကြား၌ လွတ်လပ်စွာ ရှိနေကြလေသည်။

"အမယ်မင်း အခုမှ အလုံးကြီးကျသွားတော့တာပဲ။ အင်မတန်ချောတဲ့ မိန်းကလေးဟာ ဒုက္ခိတကြီးနဲ့ နေရရှာပါကလားလို့ တွေးပြီးသနားရင်း သူ့ယောက်ျားများသေရင် ငါတော့လို့ မချင့်မရဲ မခံချိမခံသာ ဖြစ်နေလို့ အိပ်တောင်မအိပ်နိုင်ဘူး"

ဟု ပြောလေ၏။

"ရှင်ဟာ သူရသတ္တိရှိတဲ့ယောက်ျားပဲ။ ဒီလိုယောက်ျားမျိုး ရှားပါတယ်။"

ဟု ပြုံးစစနဲ့ ပြောရင်း ဆေးကိရိယာများကို သားရေသေတ္တာ၌ ထည့်၍နေလေ၏။

"ရှားပေမဲ့ မရှားရပါဘူး။ သို့သော်လည်း တောဝတ်လုံမို့ အဖက်မတန်ထင်မှာစိုးရတာပါပဲ။"

ဟု ဘထွန်းက ပြန်၍ပြောလေ၏။

"ဒီလိုယောက်ျားမျိုးဟာ အဖိုးတန်ဖို့ရန်အတွက် ဝတ်လုံဖြစ်ဖို့မလိုပါဘူး။ ယောက်ျားမှန်လျှင် အဖက်တန်ပါတယ်။ ယောက်ျားမမှန်သူတွေကများနေလို့ ကျွန်မယောက်ျားမယူဘဲ နေတာပါ။"

"အခု တွေ့ပလား။"

ဟု ဘထွန်းက မေးလေ၏။

"တွေ့ရပါပြီရှင်။ တွေ့ရပါပြီ။"

ဟု ကြည်ဖြူစွာ ပြန်၍ပြောလေသတည်း။

၂၀ ရာစု ပီမိုးနင်း

**ခက်ဆစ်အဖွင့်**

၁။ ကျတ် = မြေတွင်နေသော မကောင်းဆိုးဝါးတစ်မျိုး။

၂။ ဇလီသတ်အိမ်မတ် = ထရံ၏အနား၊ အဆက်တို့ကို ပျဉ်ချပ်စသည်ဖြင့် ဖုံးဖိကပ်ရိုက်သောအိမ်။

၃။ ဖွဲလုပ် = ပေကတ်ကတ်လုပ်သည်။

၄။ တစ္ဆေ = ခြောက်လှန့်တတ်သော မကောင်းဆိုးဝါး။

၅။ တောဝတ်လုံ = တောမြို့၌ ရှေ့နေလုပ်ငန်းဖြင့် အသက်မွေးသူ။

၆။ အလကား = အမှန်တကယ်မဟုတ်။

၇။ သွက်ချာပါဒ = သွေးကြောလေကြောပိတ်၍ခြေလက်စသည်မသန်မစွမ်းဖြစ်သောရောဂါ။

၈။ ဥစ္စာစောင့် =ရတနာသိုက်ကိုစောင့်ရသည်ဆိုသော နာနာဘာဝတစ်မျိုး။

**သင်ခန်းစာဆိုလိုရင်း**

ကိုယ်ကျင့်တရားစောင့်ထိန်းခြင်း၊ အားနည်းသူကို ဖေးမကူညီတတ်ခြင်း၊ သူတစ်ပါးအကျိုးအတွက် အသက်စွန့်ရန် ဝန်မလေးတတ်ခြင်းသည် ယောကျ်ားကောင်းတစ်ယောက်၌ ရှိရမည့် ကိုယ်ကျင့်တရားများဖြစ်ကြောင်း ဖော်ပြထားသည်။

DBE BOX - Copyright Protected

**လေ့ကျင့်ခန်းမေးခွန်းများ**

၁။ ယောကျ်ားအမှန်ဝတ္ထု၏ ရည်ရွယ်ချက်နှင့် ရရှိသောအသိအမြင်များကို ဖော်ပြပါ။

၂။ ကိုဘထွန်းသည် မိန်းမပျိုကို မည်သည့်အတွက်ကြောင့် သံသယဝင်သနည်း။

၃။ လျှပ်တစ်ပြက် ထိုးထွင်းဉာဏ်သုံးတတ်ခြင်းသည် မိန်းမပျိုအတွက် မည်သည့်အကျိုးများ ရရှိစေသည်ကို ဝေဖန်ဆန်းစစ်ပါ။

၄။ ယောကျ်ားအမှန်ဝတ္ထုကို ကိုးကား၍ ယောကျ်ားအမှန်ဆိုသည်မှာ မည်သို့သောယောကျ်ားမျိုးဖြစ်ကြောင်း ကျိုးကြောင်းပြဖြေဆိုပါ။

၅။ ယောကျ်ားအမှန်ဝတ္ထုဇာတ်လမ်းကို နှစ်သက်ပါသလား။ အဘယ်ကြောင့်နည်း။

**သုတဆောင်းပါး**

## ဗိုလ်ချုပ်အောင်ဆန်း၏ ကျောင်းသားဘဝနှင့် ပညာရေးအမြင်

**(ကိုလိုနီခေတ်)**

"ဗိုလ်ချုပ်အောင်ဆန်း၏ ကျောင်းသားဘဝနှင့် ပညာရေးအမြင်" ဆောင်းပါးမှာ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ရေးသော အတ္ထုပ္ပတ္တိမှ ကောက်နုတ်ထားခြင်းဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းကို မကွေးတိုင်းနတ်မောက်မြို့တွင် မြန်မာသက္ကရာဇ် ၁၂၇၆ ခုနှစ် (ခရစ်နှစ် ၁၉၁၅ ခုနှစ်)တွင် ဖွားမြင်သည်။ ဖခင်မှာ အမိန့်တော်ရ ရှေ့နေဦးဖာ၊ မိခင်မှာ ဒေါ်စုဖြစ်သည်။ ငယ်မည်မှာ မောင်ထိန်လင်းဖြစ်သည်။

နတ်မောက်မြို့ဆရာတော် ဦးသောဘိတကျောင်း၊ ရေနံချောင်းမြို့အမျိုးသားအထက်တန်းကျောင်းနှင့် ရန်ကုန်တက္ကသိုလ်တွင် ပညာဆည်းပူးခဲ့သည်။ ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂ အမှုဆောင်အဖွဲ့ဝင်၊ အိုးဝေမဂ္ဂဇင်း တာဝန်ခံအယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ ထိုနှစ် အိုးဝေမဂ္ဂဇင်း အင်္ဂလိပ်စာကဏ္ဍတွင်ပါသည့်(Hell Hound At Large )"ခွေးသရမ်းကြီး လွတ်နေသည်" ဆောင်းပါးနှင့်ပတ်သက်၍ တက္ကသိုလ်အာဏာပိုင်တို့က အိုးဝေမဂ္ဂဇင်းတာဝန်ခံ အယ်ဒီတာကိုအောင်ဆန်းကို ကျောင်းထုတ်ခဲ့သည်။ ထို့ကြောင့် ကျောင်းသားများ မခံမရပ်နိုင်ဘဲ သပိတ်မှောက်ကြရာ ၁၉၃၆ ခုနှစ်တွင် ကျောင်းသားသပိတ် ပေါ်ပေါက်ခဲ့သည်။

၁၉၃၇ ခုနှစ်တွင် ကိုအောင်ဆန်းသည် ဝိဇ္ဇာဘွဲ့ကိုရသည်။ ၁၉၃၇-၃၈ ခုနှစ်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီးလျှင် တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်၍ အတွင်းရေးမှူးတာဝန်ကို ထမ်းဆောင်ခဲ့သည်။ ရဲဘော်သုံးကျိပ်ကို ဦးဆောင်၍ မြန်မာ့လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့သည်။ ဗိုလ်တေဇ အမည်ခံခဲ့သည်။ ၁၉၄၁ ခုနှစ်တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ဗမာ့လွတ်လပ်ရေး တပ်မတော်ကိုဖွဲ့စည်းကာ မြန်မာနိုင်ငံတွင်းသို့ ချီတက်ခဲ့သည်။ မြန်မာနိုင်ငံကို ဂျပန်များသိမ်းပိုက်ပြီးနောက် ဗမာ့ကာကွယ်ရေးတပ်မတော်ဖွဲ့သောအခါ စစ်သေနာပတိဖြစ်လာသည်။

၁၉၄၃ ခုနှစ်တွင် ဂျပန်ခေတ် အစိုးရအဖွဲ့တွင် ဗိုလ်ချုပ်အောင်ဆန်းသည် ကာကွယ်ရေးဝန်ကြီးတာဝန်ယူခဲ့သည်။ ဖက်ဆစ်ဂျပန်ကိုတော်လှန်ရန် ၁၉၄၄ ခုနှစ် ဩဂုတ်လတွင် "ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ် (ဖတပလ) ဥက္ကဋ္ဌ" အဖြစ်ဆောင်ရွက်လျက် လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့သည်။

၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်ကာ ဖက်ဆစ်ဂျပန်ကိုတော်လှန်ခဲ့သည်။ အင်္ဂလိပ်ပြန်ဝင်လာသောအခါ "ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်

DRE BOX - Copyright Protected

(ဖဆပလ)” ကို လျှို့ဝှက်ဖွဲ့စည်းသောအခါ ထိုအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။ အစိုးရအဖွဲ့ကိုလည်း ခေါင်းဆောင်ခဲ့သည်။

၁၉၄၇ ခုနှစ်တွင် မြန်မာ့လွတ်လပ်ရေးအတွက် အင်္ဂလန်နိုင်ငံသို့ သွားရောက်ဆွေးနွေးခဲ့ပြီးနောက် အောင်ဆန်းအက်တလီစာချုပ်ကို ချုပ်ဆိုခဲ့သည်။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် အတွင်းဝန်ရုံး၌ အစည်းအဝေးကျင်းပနေစဉ် နယ်ချဲ့လက်ပါးစေတစ်စု၏ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံခဲ့ရရှာသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် စာရေးစာဖတ် ဝါသနာပါသူဖြစ်သည်။ စစ်မဖြစ်မီက ဒဂုန်မဂ္ဂဇင်းတွင် ဆောင်းပါးများရေးခဲ့သည်။ လွတ်လပ်ရေးရပြီးလျှင် နိုင်ငံရေးမှ အနားယူလျက် စာရေးပြီး အေးအေးလူလူနေရန် ကြံရွယ်ကြောင်း မိမိ၏ဆန္ဒကို မကြာခဏ ထုတ်ဖော်ခဲ့ဖူးသည်။

DBE BOX - Copyright Protected

# ဗိုလ်ချုပ်အောင်ဆန်း၏ ကျောင်းသားဘဝနှင့် ပညာရေးအမြင်

ကျွန်တော်၏ မိခင်ဖခင် နှစ်ဦးစလုံးမှာ ဉာဏ်ကောင်းသော အမျိုးဖြစ်လေသည်။ ကျွန်တော်၏ ဖခင်သည်ရှေ့နေစာမေးပွဲတွင် မြန်မာတစ်ပြည်လုံး တတိယစွဲခဲ့လေသည်။ ကျွန်တော်တို့ ညီအစ်ကို အားလုံးလည်း ဉာဏ်ကောင်းကြသည်။ သို့သော် ဒုတိယအစ်ကိုကြီးကား စာသင် အထူးပျင်းလှ၍ အခြားညီအစ်ကိုများကဲ့သို့ ပေါက်ပေါက်ရောက်ရောက် ပညာမတတ်ပေ။ ကျွန်တော်၏ အစ်ကိုများ၊ ဝမ်းကွဲညီအစ်ကိုများ၊ ဦးလေးများမှာ မိမိတို့ဆိုင်ရာ ကျောင်းစာမေးပွဲတွင် ထိပ်တန်းကျကျ အောင်မြင်ကြသူများချည်း ဖြစ်လေသည်။

ကျွန်တော်တို့၏ မိဘများသည် ပညာကိုလည်း အထူးလိုလားသည်။ ကျွန်တော်၏ အစ်ကိုများကို ငါးနှစ်သားအရွယ်မှစ၍ ကျောင်းထားခဲ့လေသည်။ ကျွန်တော်တစ်ယောက်သာ အငယ်ဆုံးဖြစ်၍ အလိုလိုက်ကာထားသဖြင့် အသက် ၈ နှစ်ရောက်မှသာလျှင် ကျောင်းစနေရပေသည်။ ကျွန်တော် ကျောင်းနေလာရင်းအကြောင်းကို ပြောပြရဦးမည်။ ကျွန်တော်၏အထက် အစ်ကိုကိုအောင်သန်းကား အသက် ၁၁ နှစ်ခန့်တွင် ရှင်ပြုလေသည်။ ထိုအခါ ကိုအောင်သန်းမှာ မြန်မာ ၆ တန်းတွင်ရှိသည်။ ကျွန်တော်မှာ အသက် ၈ နှစ်ထဲရောက်သော်လည်း ကျောင်းမနေရသေးချေ။ ရှင်ပြုအခမ်းအနားဖြင့် ကိုအောင်သန်းတို့ ရှင်လောင်းဆင်သောအခါ ကျွန်တော်လည်း ရှင်လောင်းဖြစ်ချင်သဖြင့် မိခင်အား ပူဆာသည်။ ထိုအခါ မိခင်က ရှင်လောင်းလုပ်တဲ့လူသည် စာတတ်မှဖြစ်သည်ဟု ပြောပြသဖြင့် ကျောင်းနေပါတော့မည်ဟု ကတိပေးကာ ထိုတွင်မှ ကျောင်းစနေဖြစ်လေသည်။ တန်းကျော်တက်ခဲ့ရပြန်သဖြင့် လေးနှစ်နှင့် ၁၀ တန်း အောင်မြင်သည်။ အင်္ဂလိပ်မြန်မာ သတ္တမတန်း စာမေးပွဲတွင် မြန်မာတစ်ပြည်လုံးတွင် နဝမစွဲခဲ့၍ အထက်တန်းစကောလားရှစ်ရခဲ့သည်။ ဗုဒ္ဓဘာသာကျောင်းနှင့် အမျိုးသားကျောင်းများတွင် ပထမစွဲခဲ့၍ ဦးရွှေခိုဆုကို ရရှိခဲ့ပြီးသည့်နောက် ရန်ကုန်တက္ကသိုလ်တွင် ၆ နှစ်ခွဲမျှနေခဲ့သည်။ နိုင်ငံရေးစိတ်သန်မှုကြောင့် ကျောင်းစာများကို မလေ့ကျက်သဖြင့် ဘီအေအထက်တန်း အထိ အောင်ရုံသာအောင်ခဲ့သည်။ ဘီအေအထက်တန်းနှစ်တွင် ကျောင်းသားသပိတ်မှောက်ခေါင်းဆောင် တစ်ဦးဖြစ်၍ အလုပ်ရှုပ်သဖြင့် ဘီအေစာမေးပွဲကိုတစ်နှစ် မဖြေဘဲနေခဲ့ရသည်။ နောက် ဘီအယ်လ် အတန်းကို တက်ခဲ့သည်။ အတန်းလည်း မှန်မှန်မတက်၊ စာအုပ်လည်းမရှိ မှတ်စုလည်းမထား၊ စာလည်း မကြည့်၊ မိမိစိတ်သန်ရာ နိုင်ငံရေးကိုသာ လိုက်စားသဖြင့် ဘီအယ်လ် ပထမနှစ်စာမေးပွဲတွင် ကျရှုံးလေသည်။ ဤကား ကျွန်တော့်တစ်သက်တွင် စာမေးပွဲ ပထမဆုံးနှင့် နောက်ဆုံးကျရှုံးခြင်းပေတည်း။ ကျရှုံးသော်လည်း ဥပဒေရာဇဝင်ဖြစ်သော ပထမမေးခွန်းစာတွင် ကျွန်တော် ပထမရခဲ့သည်။ ဒုတိယ ဘီအယ်လ်နှစ်တွင် နှစ်စေ့အောင် ကျွန်တော်မနေတော့ပေ။ ဥရောပတိုက်တွင် မြူနစ်စာချုပ် မချုပ်ဆိုမီ စစ်ဖြစ်မတတ်အခြေအနေနှင့် မြန်မာပြည်တွင် အဓိကရုဏ်းအခြေအနေများကိုထောက်ဆ၍ တိုင်းပြည်

DBE BOX - Copyright Protected

အတွက် ကိုယ်ထိလက်ရောက်လုပ်ကိုင်ရန် ကျောင်းမှ နှစ်ဝက်တွင်ထွက်၍ သခင်ဘဝသို့ ပြောင်းခဲ့သည်။ မြန်မာစာသင် ဘုန်းကြီးကျောင်းနေရစဉ်က ကျွန်တော်အထူးမပျော်ပိုက်သည့် အချက်တစ်ချက် ရှိလေသည်။ ထိုအချက်မှာ ကစားခုန်စားခြင်း၊ ကလေးဘာဝ သစ်ပင်တက်၊ ရေကူးအလုပ်မျိုး ပိတ်ပင်ခြင်းပင် ဖြစ်လေသည်။ ဤအချက်တွင် ကျွန်တော်တို့ မိဘများလည်း တစ်သဘောတည်းလောက်ပင် ရှိသည်။ ကျွန်တော်တို့မှာ သစ်ပင်တက်ခြင်း၊ ရေကူးခြင်းစသော ကိုယ်လက်ကျန်းမာ ကျင်လည်မှုကို လေ့လာခွင့်မရ၊ သစ်ပင်တက်သည်ကိုမြင်လျှင် အဆိုအမြည်ခံရသည်။ ရေကူးသည်ကိုသိလျှင် အရိုက်ခံရသည်။ ထို့ကြောင့်ယနေ့အထိ ကျွန်တော်မှာ ဉာဏ်ပညာဘက်မှ အခွင့်အလမ်းရခဲ့၍ပေါက်မြောက်ခဲ့သလောက် ကိုယ်လက်ကျန်းမာကျင်လည်ရေးတွင် အခွင့်အလမ်းမရခဲ့၍ များစွာချွတ်ယွင်းနေသည်။ ရေနံချောင်းအမျိုးသားကျောင်းနေစဉ်ကလည်း အခွင့်အလမ်းမရခဲ့။ မရခဲ့သည်မှာ အမျိုးသားကျောင်းဖြစ်သည့်အတိုင်း ဆင်းရဲသဖြင့် ကစားခုန်စား လေ့ကျင့်ရာနေရာ၊ ကိရိယာတန်ဆာပလာများ မထားနိုင်၍ပင်ဖြစ်သည်။ မြန်မာပြည်တွင် ဘုန်းကြီးများနှင့် ရှေးလူကြီးများ၏ အချို့အယူအဆများကို ခေတ်နှင့်လျော်အောင် ပြုပြင်သင့်လေသည်။ သို့မဟုတ်လျှင် မြန်မာပြည်နှင့် မြန်မာလူမျိုးတို့ အခြေအနေသည် တိုးသင့်သလောက် တိုးတက်မည် မဟုတ်ချေ။

ပညာဆိုသည်မှာ စာအုပ်စာတမ်းဖတ်၍ စာသိမှုကို ပညာဟု မဆိုပေ။ ပညာသည် "အတိုင်းအဆမထင်" အလွန်ကျယ်ပြောနက်နဲလှပေသည်။ လောကပြင်ကျယ်တည်းဟူသော ကျောင်းကြီး၌ ကျွန်ုပ်တို့သည် ပုခက်တွင်းမှသည် မြေကြီးထဲသို့ ရောက်သည်အထိ ပညာသင်သားများ ဖြစ်နေကြလေသည်။ ထို့ကြောင့် ပညာသင်ကြားမှုသည် အမှန်စင်စစ်အားဖြင့် သူ၏တစ်သက်ပန်တွင် ကုန်ဆုံးသည်ဟု မဆိုနိုင်ပေ။ ပညာတတ်သူသည် လောကရှိအရာရာကို အခွင့်အလမ်းလိုက် ဆင်ခြင်သုံးသပ်နိုင်စွမ်းသော ဉာဏ်အားကိုလည်းကောင်း၊ မိမိဉာဏ်အမြင်အရ စိတ်နေစိတ်ထား စိတ်ဓာတ် (Emotion of the Education) တို့ကိုလည်းကောင်း ပြုပြင်ပြုစု စီမံထားခဲ့သူသာလျှင် ဖြစ်သည်။ ဘီအေပင် အောင်စေကာမူ၊ ပါရဂူဘွဲ့ကြီးပင်ရစေကာမူ၊ ပထမကျော်ကြီးပင် ဖြစ်စေကာမူ၊ အသက်အရွယ် မည်မျှပင် ကြီးရင့်စေကာမူ ပညာဆိုသော သဘာဝအဓိပ္ပာယ်ကို ကောင်းစွာသုံးသပ်နားလည်ခြင်း မရှိခဲ့သော် တကယ်အရာမရောက်၊ အသုံးမဝင်နိုင်ပေ။ ပညာသည် စာအုပ်များထဲ၌သာ ရှိသည်မဟုတ်။ စာအုပ်များကိုကျော်၍ မြင်စွမ်းနိုင်ခြင်းကို ဆောင်နိုင်ရပေမည်။

ပညာသည် လူ၏ ဉာဏ်ကိုသာ ပြုပြင်တိုးချဲ့ရုံသာမဟုတ်။ လူ၏ စိတ်နေစိတ်ထား အယူအဆများကိုလည်း တိုးတက်စေရမည်။ လူ၏ ဆန္ဒအား၊ လုပ်အားကို နူးညွတ်စေရမည်။ ရာဇဝင်သိရုံသာ မဟုတ်။ ရာဇဝင်ကို ဖန်တီးနိုင်စေရမည်။ လောကဓာတ်ပညာကို သိရုံသာမဟုတ်။ လောကဓာတ်ပညာကို တိုးချဲ့နိုင်ရမည်။ ပထဝီပညာကို သိရုံသာမဟုတ်။ မြေသစ်၊ ရေသစ်၊ တောတောင်သစ်တို့ကို ရှာဖွေစုံစမ်းနိုင်စွမ်းစေရမည်။ လောကအကြောင်းကို နားလည်စေရုံသာမဟုတ်။ သည့်ထက်ကောင်းသောလောကကို ဖန်ဆင်းနိုင်စေရမည်။ ဤကား ပညာ၏သရုပ် အကျဉ်းမျှပင်သာတည်း။

DBE BOX - Copyright Protected

ပညာသည် ကာလ၊ ဒေသ၊ ပယောဂနှင့် ယှဉ်ရမည်။ လောက၌ လက်တွေ့အသုံးလည်း ကျရမည်။ ပညာတွင် သညာလည်းပါသည်။ ဉာဏ်နှင့်လည်း ယှဉ်ရမည်။ ဉာဏ်ချည်းသာတိုးတက်၍ သညာမရှိပါမူလည်း ဤမျှ ပိုမိုဆန်းကြယ်အပြောကျယ်လှသော ခေတ်သစ်အကြောင်းကို နားမလည် နိုင်ပေ။ လောကဓာတ်ပညာကို မတတ်မသိဘဲ လောကဓာတ်ပညာဉာဏ်ကိုသာရလျှင် လောကဓာတ် ပညာ၏ တန်ဖိုးကို တင်းပြည့်မသုံးနိုင်ပေ။ တိုင်းပြည်အခြေအနေ ပြဿနာ၊ ခေတ်၏ အခြေအနေနှင့် မယှဉ်ပါမူ တိုင်းပြည်ထောင်ခြင်း၊ ခေတ်ပြင်ခြင်း မပြုနိုင်ပေ။ မွေးကတည်းက သေသည်အထိ အယူဝါဒ အပြောင်းအလဲမရှိသူသည် ပညာတတ်သည်ဟု မဆိုနိုင်ပေ။ လူတစ် ယောက်၏သက်တမ်း တွင် အစ ပထမကသိမြင်လာသော စိတ်နေစိတ်ထားဝါဒတို့သည် အမှန်ချည်း မဟုတ်။ ပြုပြင်ပြောင်းလဲ ရမည်သာတည်း။

ယနေ့အယူအဆနှင့် နက်ဖြန်အယူအဆတို့မှာ တူချင်မှတူပေမည်။ အမှန်ကား လူတစ်ဦး၏ တစ်ဘဝတွင် ကျွန်ုပ်တို့သည် အယူဝါဒပြောင်းလဲခြင်းများကို တွေ့သောအခါ ထိုလူသည် သမာဓိ မတည် ရှေ့နောက်မညီဟု ထင်မှတ်မှားလေသည်။ သမာဓိမတည်ခြင်းမှာ ကိုယ်ကျင့်တရား ဖောက်လှဲ ဖောက်ပြန်ဖြစ်ခြင်းပေတည်း။ ဝါဒပြောင်းလဲမှုမှာ ဉာဏ်အမြင်၏ ပြောင်းလဲမှုကြောင့် သမာဓိမတည် ခြင်း မဟုတ်ပေ။ တစ်နည်းတိုးတက်ခြင်းပေတည်း။

၂၀ရာစု ဗိုလ်ချုပ်အောင်ဆန်း

**ခက်ဆစ်အဖွင့်**

| | | |
|---|---|---|
| ၁။ စကောလားရှစ် | = | ပညာထူးချွန်၍ပေးသော ပညာသင်ဆု။ |
| ၂။ ပယောဂ | = | အားထုတ်မှု။ လှုံ့လ၊ ဖြစ်ပျက်စေသောအကြောင်း။ |
| ၃။ ဘီအေ | = | ဝိဇ္ဇာဘွဲ့။ |
| ၄။ ဘီအယ်လ် | = | ဥပဒေဝိဇ္ဇာဘွဲ့။ |
| ၅။ မြူးနစ် | = | ဂျာမနီနိုင်ငံ မြူးနစ်မြို့။ |
| ၆။ လောကဓာတ်ပညာ | = | သိပ္ပံပညာ။ |
| ၇။ သပိတ်မှောက် | = | လိုလားချက်ကို လိုက်လျောစေရန် အလုပ်တာဝန်များကို မလုပ်ဘဲနေသည်။ |
| ၈။ သမာဓိ | = | တည်ကြည်ဖြောင့်မတ်ခြင်း။ သမာသမတ်ရှိခြင်း။ |



DBE BOX - Copyright Protected

၉။ သညာ = မှတ်တတ်သောသဘော။

၁၀။ အဓိကရုဏ်း = ဆူပူလှုပ်ရှားခြင်း။

၁၁။ ဦးရွှေခိုဆု = ဦးရွှေခိုတည်ထောင်ခဲ့သော ပညာသင်ဆု။

**သင်ခန်းစာဆိုလိုရင်း**

ပညာသည် လူ၏ဉာဏ်ကိုသာ ပြုပြင်သည်မဟုတ် လူ၏ စိတ်နေစိတ်ထား အယူအဆများကိုလည်း တိုးတက်စေကြောင်း၊ ပညာတွင် သညာလည်းပါ၍ ဉာဏ်နှင့်လည်း ယှဉ်ရမည်ဖြစ်ကြောင်းတို့ကို ဖော်ပြထားသည်။

**လေ့ကျင့်ခန်းမေးခွန်းများ**

၁။ ဗိုလ်ချုပ်အောင်ဆန်း၏ကျောင်းသားဘဝကို စိတ်ဝင်စားဖွယ်ဖော်ပြပါ။

၂။ မိမိကျက်ထားသောစာကို မှတ်မိရုံဖြင့် ပညာတတ်သည်ဟု ယူဆပါသလား။ သင်၏ယူဆချက်ကို ဝေဖန်သုံးသပ်ပြပါ။

၃။ ဗိုလ်ချုပ်အောင်ဆန်းပြောသည့် ပညာနှင့်သညာ၏သဘောကို ရှင်းပြပါ။

၄။ ကျောင်းသားဘဝ ပညာသင်ချိန်တွင် အားကစားကဏ္ဍ၏ အရေးပါပုံကို မည်သို့တွေ့ရှိရသနည်း။

၅။ ဗိုလ်ချုပ်အောင်ဆန်း၏ပညာရေးအမြင်ကိုလက်ခံပါသလား။ အဘယ်ကြောင့်နည်း။

DBE BOX Copyright Protected

**သုတဆောင်းပါး**

# အိမ်သူအိမ်သားကောင်း၏ အရည်အချင်းများ

## (ကိုလိုနီခေတ်)

"အိမ်သူအိမ်သားကောင်း၏ အရည်အချင်းများ" ကို လက်ထောက်ပညာမင်းကြီး ဦးထွန်းအောင် ၁၉၄၇ ခုနှစ်တွင်ရေးသော "ပညာ၏အခြေခံသဘာဝ"စာအုပ်မှ ကောက်နုတ်သည်။

ဦးထွန်းအောင်ကို ၁၈၉၆ ခုနှစ်တွင် အဖ တိရစ္ဆာန်ရေးရာအင်စပက်တော်ဦးလူဘေနှင့် အမိ ဒေါ်မယ်အောင် တို့မှ ဖွားမြင်သည်။

ငယ်စဉ်က ဖခင်တာဝန်ထမ်းဆောင်ရာ လိုက်ပါရင်း မတ္တရာမြို့ တိုင်းရင်းဘာသာကျောင်း၊ ပခုက္ကူမြို့ အင်္ဂလိပ်ဝက်စလီယံမစ်ရှင်ကျောင်းတို့တွင် ပညာသင်ယူခဲ့သည်။ သတ္တမတန်းကို ဟင်္သာတမြို့ အေဘီအမ်ကျောင်းမှ စကောလားရှစ်ဖြင့်အောင်မြင်သည်။ ရန်ကုန်မြို့ ဘက်ပတစ်(ကူရှင်)တန်းမြင့်ကျောင်းမှ မက်ထရစ်နှင့် ဟိုက်စကူးဖိုင်နယ်ကို အောင်မြင်သည်။

ရန်ကုန်မြို့ ဘက်ပတစ် (ဂျပ်ဆင်) ကောလိပ်မှ ၁၉၁၆ ခုနှစ်တွင် အိုင်အေစာမေးပွဲ အောင်မြင်သည်။ အိုင်အေအောင်မြင်ပြီးနောက် ဟင်္သာတ အေဘီအမ် အထက်တန်းကျောင်းတွင် အထက်တန်းပြဆရာအဖြစ် ၇ နှစ်ခန့် လုပ်ကိုင်ခဲ့သည်။ ထိုကာလတွင် အထက်တန်းပြဆရာဖြစ် စာမေးပွဲအောင်မြင်သည်။

ဂျပ်ဆင်ကောလိပ်မှ ဘီအေစာမေးပွဲကို ၁၉၂၂ ခုနှစ်တွင် ဂုဏ်ထူးဖြင့်အောင်မြင်သည်။

ဟင်္သာတမြို့ အထက်တန်းကျောင်း အထက်တန်းပြဆရာ၊ ၁၉၂၃-၂၄ ခုနှစ်တွင် ရမည်းသင်းမြို့ အလယ်တန်းကျောင်းအုပ်၊ ၁၉၂၆ ခုနှစ်တွင် မြင်းခြံမြို့ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာသင် အစိုးရ အထက်တန်းကျောင်းအုပ်တာဝန် ထမ်းဆောင်ခဲ့သည်။ ထိုကျောင်းတွင် ၁၀ နှစ်ခန့် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၃၃ ခုနှစ်တွင် စာစစ်မင်းကြီး၏ အတွင်းရေးမှူးအဖြစ် ရွေးချယ်ခန့်အပ်ခံရသည်။ ထို့နောက် ပညာမင်းကြီးအပါးတော်မြဲနှင့် လက်ထောက်ပညာဝန်အဖြစ် ဆောင်ရွက်သည်။ ၁၉၃၈ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ တိုင်းရင်းသားဆရာ၊ ဆရာမများအတွက် "ပညာမဂ္ဂဇင်း" ကို ကြီးကြပ်ထုတ်ဝေခဲ့သည်။

၁၉၄၁ - ၄၂ ခုနှစ်တွင် ပါဠိတက္ကသိုလ်စုံစမ်းရေးအဖွဲ့၊ တက္ကသိုလ်နှင့် စာသင်ကျောင်းများတွင် မြန်မာဘာသာဖြင့် သင်ကြားပို့ချရေးအဖွဲ့၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်လူကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။

DBE BOX - Copyright Protected

၁၉၄၁ ခုနှစ်တွင် အမှုထမ်းကောင်းတံဆိပ်ရမင်း (A.T.M) ဘွဲ့ ချီးမြှင့်ခံရသည်။

ဂျပန်ခေတ်တွင် သာယာဝတီ (ပြည်-တိုင်းဒေသကြီး) ပညာဝန်၊ ပညာမင်းကြီးလက်အောက်သို့ ဆရာအတတ်သင်ကောလိပ်ကို လွှဲပြောင်းသည့်အခါ ယာယီကျောင်းအုပ်အဖြစ် သင်ရိုးညွှန်းတမ်းနှင့် ကျောင်းလုပ်ငန်းများ ရေးဆွဲသတ်မှတ်ပေးခဲ့သည်။

စစ်ပြီးခေတ် သာယာဝတီ၊ ပြည်၊ တနင်္သာရီ၊ မန္တလေး (တိုင်းဒေသကြီး)တို့တွင် ကျောင်းများ အမြန်ဆုံး ဖွင့်လှစ်နိုင်ရေး၊ ဆရာများ လစာထုတ်ယူနိုင်ရေးတို့အတွက် ဆောင်ရွက်ပေးခဲ့သည်။

၁၉၆၄ ခုနှစ်တွင် ပညာရေးစနစ် စုံစမ်းရေးအဖွဲ့ အတွင်းရေးမှူး၊ ၁၉၅၁ ခုနှစ်တွင် မြန်မာပြည်သို့ စေလွှတ်သည့် ယူနက်စကိုပညာရေးအဖွဲ့ အတိုင်ပင်ခံအဖြစ် ကူညီဆောင်ရွက်ခဲ့သည်။

ရပ်စဲသွားသော ပညာမဂ္ဂဇင်းအစား ၁၉၅၂ ခုနှစ်တွင် ပညာတန်ဆောင်မဂ္ဂဇင်းကို စတင်ပုံနှိပ်ထုတ်ဝေသည်။ ပညာတန်ဆောင် အုပ်ချုပ်ရေးအမှုဆောင်နှင့် စာတည်းမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။

ပညာဆိုင်ရာဆောင်းပါးများကို စာနယ်ဇင်းတို့တွင် ရေးသားခဲ့သကဲ့သို့ ပညာရေးဆိုင်ရာ လုံးချင်းစာအုပ် ၂၂ အုပ် ရေးသားပြုစုခဲ့ပြီး ပညာ၏အခြေခံသဘာဝ၊ သူငယ်နှင့် သူ၏ ပညာသင်ကြားခြင်း၊ သင်ကြားမှုဆိုင်ရာစိတ်ပညာ၊ ပညာရည်တိုင်းတာမှု၊ ပထဝီ၏အုတ်မြစ် စသည့်စာအုပ်များမှာ အထူးထင်ရှားပြီး အကြိမ်ကြိမ်ထုတ်ဝေခဲ့ရသည်။ ယင်းတို့တွင်အချို့မှာ ကျောင်းသုံးစာအုပ်များအဖြစ် ပြဋ္ဌာန်းခံခဲ့ရသည်။

ဆရာကြီးဦးထွန်းအောင်သည် ၁၉၆၉ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်တွင် အမှတ် ၆၊ သီရိမင်္ဂလာလမ်း၊ စမ်းချောင်းမြို့နယ် နေအိမ်၌ ကွယ်လွန်အနိစ္စရောက်သည်။

DBE BOX - Copyright Protected

# အိမ်သူအိမ်သားကောင်း၏ အရည်အချင်းများ

လူသည် အစုအသင်းဖွဲ့စည်းနေထိုင်သော သတ္တဝါဖြစ်၏။ များစွာမယဉ်ကျေးသေးမီ အချိန်အခါက ထိုကဲ့သို့ ပေါင်းစုဖွဲ့စည်းနေထိုင်သော အစုအသင်းငယ်များမှာသေးငယ်၍ လူအနည်းငယ်မျှသာ ပါဝင်ကြ၏။ ယဉ်ကျေးလာသည့်အလျောက် ဆက်သွယ်ရင်းနှီးခြင်း ကျယ်ဝန်းလာသော အခါ စုပေါင်းနေထိုင်ကြသော အစုအသင်းများသည် ကြီးမားလာသည်။ လူတိုင်းပင် လူမျိုးတစ်မျိုး ပါဝင်သည့် တိုင်းနိုင်ငံတည်းဟူသော အစုအသင်းကြီး၏ အသင်းသားတစ်ယောက် ဖြစ်လာခဲ့၏။ တိုင်းနိုင်ငံကဲ့သို့သော အစုအသင်းကြီးများသည် သေးငယ်သောအစုအသင်းငယ်များကို စုပေါင်းခြင်းမှ ရရှိသည်။ အသေးငယ်ဆုံးသော အစုအသင်းမှာ အိမ်သူအိမ်သား တစ်စုပင် ဖြစ်ချေသည်။

အိမ်သူအိမ်သားစုသည် ယဉ်ကျေးသောသူတို့တွင် ရှေးအစဉ်အဆက်ဆက်မှ တည်ရှိခဲ့သည် ဖြစ်သောကြောင့် ရှေးအကျဆုံးဖြစ်သည်သာမက အရေးအကြီးဆုံးသော မူလအစုအသင်းဖြစ်သည်။ ရှေးပဝေသဏီမှစ၍ လူတို့အမြတ်တနိုး ဖွဲ့စည်းတည်ထောင်စောင့်ရှောက်ခဲ့သော အစုအသင်း ဖြစ်လေသည်။ ဤအစုအသင်း၏ ရည်ရွယ်ချက်မှာ လူတို့ဘာဝ မိတ်ဖက်စုံတွဲရန်၊ သားငယ်သမီးငယ်များ ရရှိရန်၊ သားသမီးများကို ယုယလုပ်ကျွေး စောင့်ရှောက်ပြုစုရန်၊ ရှေးအစဉ်အဆက်ဆက်မှ စုဆောင်း ရရှိခဲ့သော လူမျိုးတစ်မျိုး၏ အတတ်ပညာနှင့် ယဉ်ကျေးခြင်း အမွေအနှစ်များကို နောင်လာနောက်သား တို့အားပေးရန်၊ ကြီးပြင်းလာသောအခါ ဆောင်ရွက်လုပ်ကိုင်ရမည့် လုပ်ငန်းတာဝန်များကို ငယ်ရွယ်သူ တို့အား သင်ကြားပေးရန်နှင့် အိမ်သားတစ်စု၏ အလုပ်တာဝန်များကို သင့်လျော်အောင်ခွဲဝေ၍ လုပ်ကိုင်ဆောင်ရွက်တတ်ရန် ဖြစ်လေသည်။

ဤသို့ အစုအသင်းပြုလုပ်နေထိုင်ခဲ့ကြရာ အိမ်ထောင်ပြုခြင်း၊ ထုံးစံဓလေ့လိုက်နာခြင်း၊ လူကြီးမိဘတို့အား ရိုသေကိုင်းညွတ်ခြင်း၊ အိမ်သားစုတစ်စုအတွင်း တစ်ဦးကိုတစ်ဦး ချစ်ခင်ကြင်နာခြင်း တို့သည် လူအမျိုးမျိုးတို့၌ ကာလ၊ ဒေသနှင့် လူမျိုး၏ စိတ်နေစိတ်ထားများအလျောက် အမျိုးမျိုး ကွဲပြားခြားနားကြ၏။ ထိုသို့ခြားနားခဲ့ကြစေကာမူ အိမ်သားတစ်စုတို့၏ စည်းလုံးနေထိုင်မှုမှာကား များစွာပျက်ပြားခြင်း မရှိခဲ့ချေ။ လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်း၌ စက်မှုလက်မှုအလုပ်များ တိုးတက် များပြားခြင်း၊ ကျေးလက်တောရွာများမှ မြို့ကြီးပြကြီးများသို့ လူသူအများ သွားရောက်နေထိုင်ခြင်း၊ အသက်မွေးဝမ်းကျောင်း ရှုပ်ထွေးခဲယဉ်းခြင်းစသည့် အကြောင်းများကြောင့် အိမ်သားတစ်စု အတူ စည်းလုံးနေထိုင်မှုသည် အခြေအနေ ပြောင်းလဲဆုတ်ယုတ်လျက်ရှိသည်။ ယခုခေတ်တွင် များစွာ သော မိဘတို့သည် အိမ်မှထွက်လျက် အသက်မွေးဝမ်းကျောင်း ရှာဖွေကြရ၏။ သားသမီးတို့သည်လည်း မိဘများမှခွဲလျက် အချိန်များစွာ ကုန်လွန်ကြရ၏။ များစွာသော အိမ်ထောင်တို့သည် ကျဉ်းကျပ်စွာ နေထိုင်ကြရသောကြောင့် ရှေးရိုးစဉ်လာအတိုင်း လွတ်လပ်စွာနှင့် ရင်းနှီးစွာနေထိုင်ခွင့် မရရှိကြတော့ချေ။

DBE BOX - Copyright Protected

ခေတ်အလျောက် အသက်မွေးမြူနေထိုင်ပုံပြောင်းလဲသဖြင့် အိမ်ထောင်တို့၏ အစည်းအလုံး ပျက်ပြားခြင်းတို့ကြောင့် လူကြီးမိဘတို့အား ရိုသေကိုင်းရှိုင်းခြင်း၊ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ကြင်နာခြင်း များ ဆုတ်ယုတ်ခဲ့၏။ အိမ်သူအိမ်သားကောင်းတစ်ယောက်ပီပီ ထမ်းဆောင်အပ်သော အလုပ်တာဝန် များကို မထမ်းဆောင်လိုခြင်း၊ အချင်းချင်း မသင့်မတင့် မညီညွတ်ခြင်းကဲ့သို့ မလိုအပ်သော စိတ်နေ စိတ်ထားများမှာ များပြားလျက်ရှိသည်။ သို့ပင်ဖြစ်စေကာမူ အိမ်သားတစ်စုသည် လူတို့အသင်းအပင်း ဖွဲ့စည်းနေထိုင်ရေးတွင် အရေးအကြီးဆုံးသော မူလအစုအသင်းပင် ဖြစ်သည်။ မိမိတို့ အိမ်ထောင်စု တွင် ကောင်းမွန်စွာ နေထိုင်နိုင်ရေးအတွက် အိမ်သားအားလုံးတို့သည် အိမ်သူအိမ်သားကောင်းတို့၏ အရည်အချင်းများကို ကောင်းစွာမွေးမြူသင့်သည်။

အိမ်သူအိမ်သားကောင်း ဖြစ်လာစေရန် မိမိတို့၏ ကိုယ်နှင့်စိတ်တို့ကို သန့်ရှင်းစင်ကြယ်စွာ စောင့်ရှောက်သိမ်းဆည်းနိုင်ရန် အရေးကြီးသည်။ ယောကျ်ားကလေးအချင်းချင်း၊ မိန်းကလေး အချင်းချင်း အဆွေခင်ပွန်းဖွဲ့ခြင်း၌လည်းကောင်း၊ ယောကျ်ားကလေးများနှင့် မိန်းကလေးများ အကျွမ်းတဝင်ဖြစ်ခြင်း ၌လည်းကောင်း၊ စူးစမ်းဆင်ခြင်တတ်သော စိတ်ရှိရန်နှင့် ကောင်းစွာ ဝေခွဲဆုံးဖြတ်တတ်ရန် အရေးကြီး သည်။ ကလေးသူငယ်၏ဘဝမှ လူကြီး၏ဘဝသို့ ပြောင်းလဲလျက်ရှိသဖြင့် စိတ်နေစိတ်ထားများခိုင်မြဲ တည်ကြည်ခြင်းမရှိသေးပေ။ ထိုအချိန်တွင် မိမိတို့ပတ်ဝန်းကျင်တွင် တွေ့မြင်ရသည့် အဖြစ်အပျက်တို့၌ အသိအလိမ္မာနှင့် စိတ်ပါဝင်စားလျက် သင့်တင့်စွာနေထိုင်တတ်စေရန်လိုသည်။ အားလပ်သော အချိန်များ၌ စိတ်ပါဝင်စား၍ အကျိုးဖြစ်ထွန်းဖွယ်အလုပ်များကို လုပ်ကိုင်သည့် အလေ့အကျင့်ကိုဖြစ် ထွန်းစေသင့်သည်။

ကြီးပြင်းလာသောအခါ၌ တတ်သိလိမ္မာ၍ ဆုံးမပဲ့ပြင် သွန်သင်တတ်သောမိဘများ ဖြစ်လာ နိုင်စေရန်အတွက် ယောကျ်ားကလေး၊ မိန်းကလေးအားလုံးတို့သည် မိမိတို့ကိုယ်တိုင် လိုအပ်သော အရည်အချင်းများကိုယ်စဉ်ကပင် ဖြည့်ဆည်းသင့်သည်။ ကျန်းမာခြင်းနှင့်ညီညွတ်သော အလေ့အကျင့် များ၊ ကောင်းစွာပြောဆိုတတ်သော အလေ့အကျင့်များ၊ မိမိတို့နှင့် သင့်လျော်သော စိတ်ဝင်စားမှု များကို သိရှိနားလည် ပြုမူကြရန်လို၏။ နေအိမ်သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရွှင်ပျသောဌာန၊ ဥပဒ်အန္တရာယ်တို့မှ ကင်းရှင်းသောဌာန၊ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ကြင်နာစွာ နေထိုင်ရာဌာန၊ အစစအရာရာ နေသားတကျရှိသော ဌာနဖြစ်သင့်သည်။ အသေးငယ်ဆုံးသော အိမ်သူအိမ်သား အစုအသင်းသည် အကြီးမားဆုံး အစုအသင်းဖြစ်သည့် တိုင်းနိုင်ငံအတွက် အရေးကြီးဆုံးသော မူလ အစုအသင်းပင် ဖြစ်လေသည်။

၂၀ရာစု လက်ထောက်ပညာမင်းကြီးဦးထွန်းအောင်

**ခက်ဆစ်အဖွင့်**

၁။ ဌာန = နေရာ။ အရပ်။
၂။ ထုံးစံဓလေ့ = လိုက်နာစံပြုစရာ အစဉ်အလာဓလေ့ထုံးများ။
၃။ ပဝေသဏီ = အလွန်ဝေးသော ရှေးအခါကာလ။
၄။ ဘာဝ = ပင်ကိုသဘော၊ အဖြစ်။
၅။ မိတ်ဖက် = သင့်တော်လိုက်ဖက်သော အတွဲအဖက်။
၆။ သတ္တဝါ = အသက်ရှိ လူ၊ တိရစ္ဆာန် စသည်။
၇။ အဆွေခင်ပွန်း = မိတ်ဆွေ။
၈။ ဥပဒ် = ဘေးအန္တရာယ်။
၉။ အိမ်ထောင်စု = စီးပွားမကွဲသော အတူနေမိသားစု။
၁၀။ အိမ်သူအိမ်သားစု = မိသားစု။

**သင်ခန်းစာဆိုလိုရင်း**

အိမ်သူအိမ်သားကောင်းများ ဖြစ်လာစေရန် မိမိတို့၏ကိုယ်၊ နှုတ်၊ နှလုံးကို သန့်ရှင်းစင်ကြယ်စွာ စောင့်ရှောက်သိမ်းဆည်းရမည်ဖြစ်ကြောင်း၊ မိသားစုတွင်း အချင်းချင်းစည်းလုံးညီညွတ်စွာ နေထိုင်ရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

**လေ့ကျင့်ခန်းမေးခွန်းများ**

၁။ အိမ်သူအိမ်သားကောင်းဟူသည် အဘယ်နည်း။ ဖွင့်ဆိုရှင်းပြပေးပါ။

၂။ အိမ်သူအိမ်သားကောင်းဖြစ်စေရန်လိုက်နာရမည့်ကျင့်ဝတ်များကိုဖော်ပြပါ။

၃။ အိမ်သူအိမ်သားကောင်းတစ်ဦးဖြစ်ရန် အဘယ်ကြောင့် လိုအပ်သနည်း။

၄။ အိမ်သူအိမ်သားကောင်းတစ်ဦးဖြစ်ရန်အတွက် လိုအပ်သည်ဟုထင်သော သင်၏ကိုယ်ပိုင်အယူအဆတစ်ခုကို ဖော်ပြပါ။

၅။ "အသေးငယ်ဆုံးသော အိမ်သူအိမ်သား အစုအသင်းသည် အကြီးမားဆုံး အစုအသင်းဖြစ်သည့် တိုင်းနိုင်ငံအတွက် အရေးကြီးဆုံးသော မူလအစုအသင်းပင် ဖြစ်လေသည်" ဟူသော စကားကို သင်မည်သို့နားလည်သနည်း။

DBE BOX Copyright Protected

**သုတဆောင်းပါး**

# ပြည်သူ့ပြည်သားတာဝန်

(လွတ်လပ်ရေးခေတ်)

"ပြည်သူ့ပြည်သားတာဝန်"ကို ဒေါ်သန်းတင်ရေးသော "ဘဝရတနာ"စာအုပ်မှ ကောက်နုတ်သည်။

ဒေါ်သန်းတင်ကို ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ၁၉၁၃ ခုနှစ် စက်တင်ဘာလ ၁၉ ရက်တွင် အဖ ရုံးအုပ်စာရေးကြီးဦးမောင်ကြီး၊ အမိ ကုန်သည်ဒေါ်ကြင်တင်တို့မှ ဖွားမြင်သည်။ မိဘများ တာဝန်ကျရာ မိတ္ထီလာမြို့တွင် ကြီးပြင်းသည်။

ရန်ကုန်မြို့ စိန့်ဖလော်မီနာ သီလရှင်ကျောင်းတွင် သတ္တမတန်းအထိ ပညာသင်ကြားခဲ့သည်။ အစိုးရဆရာဖြစ်သင် နော်မန်ကျောင်းမှ ဆရာဖြစ်လက်မှတ်ရရှိခဲ့သည်။ မလှိုင်မြို့ အမျိုးသားအထက်တန်းကျောင်းတွင် အလယ်တန်းပြဆရာမအဖြစ် တာဝန်ထမ်းဆောင်သည်။ ထို့နောက် မိတ္ထီလာမြို့ အမျိုးသားအထက်တန်းကျောင်းတွင် အထက်တန်းပြဆရာမအဖြစ် တာဝန်ထမ်းဆောင်သည်။ တက္ကသိုလ်ဆုမြိုင်နှင့် အိမ်ထောင်ပြုသည်။

ဒုတိယကမ္ဘာစစ်အတွင်းတွင် နတ်မောက်မြို့၌ အင်္ဂလိပ်-မြန်မာ အထက်တန်းကျောင်းဖွင့်သည်။ တစ်နှစ်ကြာတွင် အပိတ်ခံရသည်။ နတ်မောက်မြို့၌ပင် မင်္ဂလာဆင်တိုက် ကုန်ပဒေသာဆိုင်ကြီးကို ဦးစီး ဖွင့်လှစ်သည်။ ၁၉၅၅ ခုနှစ်တွင် မကွေးမြို့သို့ ပြောင်းရွှေ့လာပြီး မြေလတ်တက္ကသိုလ် အလွတ်ပညာသင်ကျောင်းနှင့် ဗမာ့ခေတ်မီကိုယ်ပိုင်အထက်တန်းကျောင်း (ယခု အထက ၁ မကွေး) တို့ကို ဖွင့်လှစ်ခဲ့သည်။ ထိုကျောင်းများတွင် ကျောင်းအုပ်အဖြစ် ဆောင်ရွက်သည်။ ၁၉၆၄ ခုနှစ်တွင် ပြည်သူ့ပိုင်အသိမ်းခံရသည်။ ၁၉၆၀ ပြည့်နှစ်တွင် ဘဝရတနာ၊ ၁၉၆၁ ခုနှစ်တွင် ပုံတိုပတ်စ၊ ၁၉၆၂ ခုနှစ်တွင် ကမ္ဘာ့ထိပ်တန်းခေါင်းဆောင်များ၏ ဇနီးသည်များအတွင်းရေး စာအုပ်များကို ရေးသားခဲ့သည်။ ၁၉၉၄ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ ကွန်ပျူတာသင်တန်းကျောင်းကို ဦးစီးဖွင့်လှစ်ခဲ့သည်။

၂၀၀၃ ခုနှစ် ဧပြီလ ၂၀ ရက်နေ့ နေ့လယ် ၁ နာရီ ၃၀ မိနစ်အချိန်၌ မကွေးမြို့ ပွဲကြိုရပ်၊ နတ်မောက်လမ်းနေအိမ်တွင် ကွယ်လွန်သည်။

# ပြည်သူ့ပြည်သားတာဝန်

ယဉ်ကျေးသောလူတိုင်းတွင် တာဝန်ဝတ္တရားအသီးသီးရှိလေသည်။ မိဘ၌ ဝတ္တရားရှိသကဲ့သို့ သားသမီးများမှာလည်း ဝတ္တရားရှိသည်။ ထို့အတူ ဆရာ၏ ဝတ္တရား၊ တပည့်၏ဝတ္တရား၊ လင်ယောက်ျား၏ ဝတ္တရား၊ အိမ်သူဇနီး၏ဝတ္တရားစသည်ဖြင့် တာဝန်အသီးသီးရှိကြရာ တိုင်းပြည်အတွက် ပြည်သူ ပြည်သားတို့ လိုက်နာဆောင်ရွက်ရမည့် ဝတ္တရားများလည်းရှိလေသည်။ တိုင်းပြည်တစ်ပြည်၏ အစိုးရ သည် မည်မျှလောက်ပင် တိုင်းပြည်ကောင်းစားရေးကို စီမံအုပ်ချုပ်လုပ်ကိုင်သော်လည်း တိုင်းသူ ပြည်သားများက ဆောင်ရွက်ရမည့် ဝတ္တရားများကို ကျေပွန်စွာ မဆောင်ရွက်ဘဲ ပျက်ကွက်နေပါက အဆိုပါတိုင်းပြည်သည် တိုးတက်ကြီးပွားခိုင်ခံ့တည်မြဲရန် မဖြစ်နိုင်ပေ။

ပြည်သူ့ပြည်သားများ လိုက်နာကျင့်သုံးရမည့် တာဝန်ဝတ္တရားများမှာ

၁။ မိမိတိုင်းပြည်အပေါ်၌ သစ္စာတရားစောင့်ထိန်းရခြင်း၊ တိုင်းပြည်အား ထိခိုက်နစ်နာစေမည့် ဘေးအန္တရာယ်များ ပေါ်ပေါက်လာသောအချိန်တွင် မိမိတိုင်းပြည်အတွက် မျိုးချစ်စိတ် ထက်သန်စွာ ထောက်ခံခြင်း၊ ခုခံတိုက်ခိုက်ခြင်းများ ပြုလုပ်ပေးရမည်။ ထို့ပြင် တိုင်းပြည် နစ်နာစေမည့် စကားများကိုလည်းကောင်း၊ အလုပ်ကိုလည်းကောင်း မပြောဆို မလုပ်ကိုင်မိ အောင် စောင့်ထိန်းပေးရမည်။

၂။ မိမိတိုင်းပြည်၏ ဥပဒေစည်းမျဉ်းများကို ရိုသေလေးစားစွာ မလိုက်နာဘဲ ဥပဒေ ချိုးဖောက် သူများအား အားပေးအားမြှောက်မပြုသင့်။ ရာဇဝတ်မှုကျူးလွန်သူများကို ဥပဒေကသာ စီရင်စေသင့်ပေသည်။

၃။ ရာဇဝတ်မှုနှိမ်နင်းရာ၌လည်းကောင်း၊ ရာဇဝတ်မှုကျူးလွန်သူများအား ဖမ်းဆီးရာ၌လည်းကောင်း၊ အစိုးရအားတတ်နိုင်သမျှ အကူအညီပေးရန် ဖြစ်သည်။ အစိုးရဆိုသည်မှာ ပြည်သူလူထုက တင်မြှောက်ထားသောအဖွဲ့ဖြစ်သည်။ ပြည်သူလူထု၏ ကူညီထောက်ခံမှုမရရှိပါက မည်သည့် အစိုးရမျှ အောင်မြင်နိုင်လိမ့်မည် မဟုတ်ပေ။ တိုင်းပြည်ငြိမ်ဝပ်ပိပြားရေး ရရှိနိုင်ရန်မှာ ပြည်သူလူထု၏ အကူအညီရရှိရန် လိုအပ်ပေသည်။

၄။ မိမိတိုင်းပြည် နိုင်ငံရေးပြဿနာများကို စိတ်ပါဝင်စားခြင်း၊ မိမိတိုင်းပြည်အတွက် အကောင်းဆုံး နိုင်ငံရေးလမ်းစဉ်များကို ချမှတ်နိုင်ရန် နိုင်ငံရေးလုပ်ငန်းများ၌ စိတ်အားထက်သန်စွာ ပါဝင် ဆောင်ရွက်ခြင်း ပြုရလေသည်။ မိမိတိုင်းပြည်နှင့် ပတ်သက်၍ တိုးတက်ကြီးပွားအောင်

DBE BOX - Copyright Protected

ဆောင်ရွက်သင့်သည့် အချက်အလက်တို့ကိုလည်း သဘောပေါက်နားလည်ထားသင့်သည့်ပြင် မိမိယူဆချက် အကောင်အထည်ပေါ်ရန်ကိုလည်း တတ်နိုင်သမျှကြိုးစား ဆောင်ရွက်ရမည်။

ဤ တာဝန်ဝတ္တရား လေးမျိုးမှာ ပြည်သူပြည်သားတိုင်း အမှန်မုချ လိုက်နာရမည့် တာဝန်ဝတ္တရားများ ဖြစ်ပေသည်။ ဤတာဝန်ဝတ္တရားများကို ထမ်းရွက်ရန် ပျက်ကွက်နေပါက မိမိတိုင်းပြည်သည် အမှန်ပင် အောက်ကျနောက်ကျ ဖြစ်သွားပေလိမ့်မည်။ မိမိတိုင်းပြည်နစ်နာက မိမိမှာလည်း ပြည်သူပြည်သားများအနက် တစ်ယောက်အပါအဝင်ဖြစ်သည့်အတိုင်း ထိခိုက်နစ်နာမည်မှာ မလွဲပေ။

၂၀ ရာစု ဒေါ်သန်းတင်

DBE BOX Copyright Protected

**ခက်ဆစ်အဖွင့်**

၁။ တာဝန် = ဆောင်ရွက်ရန်အမှုကိစ္စ။

၂။ မုချ = မလွဲ၊ ဧကန်။

၃။ ရာဇဝတ်မှု = ဖြစ်မှုဥပဒေကို ချိုးဖောက်ကျူးလွန်သောအမှု၊ ပြစ်မှု။

၄။ လမ်းစဉ် = လိုက်နာရန်လမ်းညွှန်ချက်။

၅။ ဝတ္တရား = အမြဲမပြတ်ဆောင်ရွက်အပ်သောအမှုကိစ္စ။

၆။ သစ္စာတရား = နိုင်ငံလူမျိုးစသည်ပေါ်တွင် ထားရှိသော စောင့်သိရိုသေမှု။

၇။ ဥပဒေစည်းမျဉ်း = အများပြည်သူတို့လိုက်နာရန် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့က ပြဋ္ဌာန်းထားသည့် စည်းမျဉ်း။

**သင်ခန်းစာဆိုလိုရင်း**

ပြည်သူပြည်သားကောင်းတစ်ယောက် ဖြစ်လာစေရန် လူတိုင်းသည်မိမိတို့ဆောင်ရွက်ရမည့် ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မည် ဖြစ်ကြောင်း ဖော်ပြထားသည်။

**လေ့ကျင့်ခန်းမေးခွန်းများ**

၁။ ပြည်သူပြည်သားကောင်းဟူသည် အဘယ်နည်း။

၂။ ပြည်သူပြည်သားတာဝန် စကားပြေသည် တိုင်းပြည်တိုးတက်ရေးအတွက် မည်သို့အကျိုးပြုသနည်း။

၃။ ပြည်သူပြည်သားကောင်းတစ်ဦး၏ တာဝန်ဝတ္တရားများကို သင်လက်ခံပါသလား။ အဘယ်ကြောင့်နည်း။

၄။ ပြည်သူပြည်သားကောင်းတစ်ဦးဖြစ်ရေးသည် ကျောင်းသူကျောင်းသားကောင်းတစ်ဦးအတွက် သိရှိလေ့ကျင့်ထားရမည့်အချက်ဖြစ်သည်ဟု ထင်ပါသလား။ အဘယ်ကြောင့်နည်း။

၅။ ပြည်သူပြည်သားတာဝန်စကားပြေကို ဖတ်ရှုရခြင်းဖြင့် မည်သည့်အသိတရားများတိုးပွားလာသနည်း။

DBE BOX - Copyright Protected

**အတ္ထုပ္ပတ္တိစာပေ**

# ဂီတစာဆိုလှိုင်ထိပ်ခေါင်တင်

## (လွတ်လပ်ရေးခေတ်)

"ဂီတစာဆိုလှိုင်ထိပ်ခေါင်တင်"ကို ဆရာကြီးဦးမြင့်ကြည်ရေးသော" မြန်မာ့တေးဂီတ အနုစာပေသမိုင်း" ကျမ်းမှ ကောက်နုတ်သည်။

ဆရာကြီးဦးမြင့်ကြည်ကို ဖခင်ဦးဘိုးချစ်(အငြိမ်းစားတိုင်းပညာဝန်)၊ မိခင်ဒေါ်သန်းတို့မှ ၁၉၃၁ ခုနှစ်တွင် ပြည်မြို့၌ ဖွားမြင်သည်။ ၁၉၄၈ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဥပစာတန်းကို အောင်မြင်ခဲ့သည်။ ဂီတကို ငယ်စဉ်ကပင် လိုက်စားခဲ့သည်။ ၁၉၅၂ ခုနှစ်မှစ၍ စန္ဒရားနီနီ အပျော်တမ်း တူရိယာအဖွဲ့၌ တက္ကသိုလ်မြတ်စိုးအမည်ဖြင့် သီချင်းများပင်တိုင်ရေးသား၍ မြန်မာ့အသံမှ ထုတ်လွှင့်ခဲ့သည်။ သံလွင်ဦး၊ သပြေညို၊ မိုးနဲ့စစ်သား၊ မေတ္တာကန်မွန်၊ ကြင်စဦး စသည့် သီချင်းများ ဖြစ်သည်။

စစ်ပြီးခေတ် ဂျာနယ်၊ စာစောင်များတွင် မောင်သာယာအမည်ဖြင့် ဆောင်းပါးများ၊ ကဗျာများ ရေးသားခဲ့သည်။ တက္ကသိုလ်မြတ်စိုးအမည်ဖြင့်လည်းကောင်း၊ အမည်ရင်း မောင်မြင့်ကြည် အမည်ဖြင့်လည်းကောင်း ဂီတ၊ စာပေယဉ်ကျေးမှုဆိုင်ရာဆောင်းပါး၊ ဝတ္ထုဆောင်းပါးနှင့် ကဗျာများ ရေးသားခဲ့သည်။

မြန်မာစာဂုဏ်ထူးတန်းကို ၁၉၅၃ ခုနှစ်တွင် အောင်မြင်ခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် နည်းပြအဖြစ် စတင်ထမ်းဆောင်ခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် မော်လမြိုင်ဥပစာကောလိပ်တွင် လက်ထောက်ကထိကရာထူးဖြင့် ထမ်းဆောင်ခဲ့သည်။ ၁၉၅၅ ခုနှစ်မှ ၁၉၅၇ ခုနှစ်အထိ ဗထူးစစ်တက္ကသိုလ်၊ ၁၉၅၇ ခုနှစ်မှ ၁၉၆၄ ခုနှစ် အထိ ရန်ကုန်တက္ကသိုလ်၌ လက်ထောက်ကထိကအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် မြန်မာ့တေးဂီတအနုစာပေသမိုင်းကျမ်းဖြင့် မဟာဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ၁၉၇၄ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ်တွင် ကထိကဌာနမှူးအဖြစ် တာဝန်ယူခဲ့သည်။ ၁၉၈၂ ခုနှစ် ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့ဦးစီးဌာန၌ စာတည်းမှူးချုပ်၊ ၁၉၈၇ ခုနှစ်တွင် ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ပြီး ၁၉၉၂ ခုနှစ်တွင် သက်ပြည့် အငြိမ်းစားယူသည်။ ယင်းနောက် ကျွမ်းကျင်ပညာရှင်အကြံပေးပုဂ္ဂိုလ်အဖြစ် တာဝန်ထမ်းဆောင်ပြီး ၁၉၉၅ ခုနှစ်မှစ၍ မြန်မာစာအဖွဲ့၊ အချိန်ပြည့်အဖွဲ့ဝင်ပုဂ္ဂိုလ်အဖြစ် ယနေ့အထိတာဝန်ထမ်းဆောင်လျက်ရှိသည်။ ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၈ရက် နေ့တွင်ကျင်းပသော အမျိုးသား

DBE BOX - Copyright Protected

ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်၏ ၁၇ ကြိမ်မြောက် ဘွဲ့နှင်းသဘင်တွင် ဆရာကြီးအား ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ကို အပ်နှင်းခဲ့ပါသည်။

မြန်ကြားရေးဝန်ကြီးဌာနက ၁၉၉၂ ခုနှစ်တွင် ပြန်လည်ထုတ်ဝေသော မြန်မာစာညွှန့်ပေါင်း ကျမ်း "ပ၊ ဒုတွဲ"၊ ယဉ်ကျေးမှုဝန်ကြီးဌာနက ၁၉၉၉ ခုနှစ်တွင် ထုတ်ဝေသော ဆရာကြီးဦးဂုဏ်ဘဏ်၏ မြန်မာ့ဂီတအခြေခံတို့ကို တည်းဖြတ်ခဲ့သည်။

ယခုအခါ မူလတာဝန်ဖြစ်သော မြန်မာစာအဖွဲ့၏ အချိန်ပြည့်အဖွဲ့ဝင်တာဝန်များအပြင် မြန်မာစာဘာသာရပ် သင်ရိုးညွှန်းတမ်းကော်မတီတွင် သဘာပတိတာဝန်ကိုပါ ပူးတွဲထမ်းဆောင်လျက် ရှိပါသည်။

DBE BOX - Copyright Protected

# ဂီတစာဆိုလှိုင်ထိပ်ခေါင်တင်

လှိုင်ထိပ်ခေါင်တင်သည် အထင်ရှားဆုံး အမျိုးသမီးစာဆိုကျော်များအနက် တစ်ဦးအပါအဝင် ဖြစ်သည်။

လှိုင်ထိပ်ခေါင်တင်သည် အမိမမြကလေး၊ အဖသာယာဝတီမင်းသားတို့မှ ဘကြီးတော် စစ်ကိုင်းမင်းလက်ထက် သက္ကရာဇ် ၁၁၉၅ခုနှစ်တွင် ဖွားမြင်ခဲ့သည်။ ငယ်မည်မှာ မဖွားကြီးဖြစ်သော်လည်း မိဘများက ချစ်ခင်မြတ်နိုးသဖြင့် တင်တင်ဟုခေါ်ကြသည်။ သက္ကရာဇ် ၁၁၉၉ ခုနှစ် ကဆုန်လတွင် ဖခင်ဖြစ်သူ သာယာဝတီမင်းသားသည် "မဟာသီရိသီဟသူရဓမ္မရာဇာ"ဘွဲ့ခံ၍ နောင်တော်စစ်ကိုင်းမင်း၏ အရိုက်အရာကို ဆက်ခံသောအခါ ရေမြင့်သဖြင့် ကြာမြင့်ခဲ့ရပြန်သည်။ ထိုနှစ် မိဖုရား သားတော်၊ သမီးတော်၊ မင်းညီမင်းသားတို့ကို မြို့စား၊ ရွာစား အသီးသီးပေးသောအခါ လှိုင်ထိပ်ခေါင်တင်အား လှိုင်မြို့ကို ပေးသနားတော်မူသည်။ ထိုအခါမှစ၍ "လှိုင်ထိပ်ခေါင်တင်"ဟူသော အမည်သည် စတင် ပေါ်ပေါက်ခဲ့သည်။

သက္ကရာဇ် ၁၂၀၂ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်အထိ သာယာဝတီမင်း ခေါင်းဆောင်းမင်္ဂလာ မဟာဥကင်ဖွင့်၍ မိဖုရား၊ သားတော်၊ သမီးတော်၊ မင်းညီမင်းသား၊ မှူးမတ်အသီးသီးအား ဘွဲ့မည်ရည် ဖြင့် ချီးမြှင့်ရာတွင် လှိုင်ထိပ်ခေါင်တင်သည် "သီရိသုမြတ်စွာရတနာဒေဝီ" သိကြားဘွဲ့လျှပ် နှင်းအပ်ခြင်း ခံရပြန်သည်။

သက္ကရာဇ် ၁၂၀၇ ခုနှစ်၊ သီတင်းကျွတ်လတွင် မိခင်ဖြစ်သူ အနောက်နန်းမတော် မမြကလေး အား ပြည်မင်းသားနှင့်အတူ မသင့်သောအကြံကို ကြံစည်သည်ဟူ၍ သာယာဝတီမင်းက ကွပ်မျက် လိုက်ပြီးနောက် မရှေးမနှောင်းပင် ၁၂၀၈ ခုနှစ်တွင် ဖခင်သာယာဝတီမင်းလည်း နတ်ရွာစံတော် မူရာ ကံဆိုးရှာသူ လှိုင်ထိပ်ခေါင်တင်မှာ "အမိမဲ့သား ရေနည်းငါး" ကဲ့သို့ "ဥမမယ် စာမမြောက်" သေးသည့်အရွယ်တွင် လောကကြီးအလယ်၌ ယောင်လည်လည်နှင့် ကျန်ခဲ့ရှာသည်။ ထိုသို့ မျက်စိ သူငယ် သနားဖွယ်ဖြစ်လျက်နေစဉ် လှိုင်ထိပ်ခေါင်တင်အား မင်းတုန်းမင်းသား၏ကြင်ရာတော်က ခေါ်ယူစောင့်ရှောက်ထားလေသည်။

သက္ကရာဇ် ၁၂၀၈ ခုနှစ် နန်းတက်သောပုဂံမင်း ရွှေလက်ထက် တစ်ချိန်လုံးပင် လှိုင်ထိပ်ခေါင်တင် သည် မင်းတုန်းမင်းသား၏ အရိပ်တွင် ခိုလှုံခဲ့ရရှာသည်။ ထိုအတောအတွင်း အမိမှ ဆင်းသက်၍ ဗီဇပါလာသည့် ဂီတဝါသနာကိုလည်း မြေတောင်မြှောက်ကာ လေ့လာလိုက်စားခဲ့ဟန်တူ၏။ သို့နှင့် တစ်စတစ်စ အရွယ်တော်ကလည်းပွင့်၊ ဆင်းရူပါကလည်းတင့်လာရာ ငယ်ရွယ်သူဘာဝ မင်းတုန်းမင်းသား ၏ညီတော် ကနောင်မင်းသားနှင့် လူငယ်ချင်း ချစ်ကြိုးသွယ်မိခဲ့သည်။

DBE BOX - Copyright Protected

သက္ကရာဇ် ၁၂၁၄ ခုနှစ်တွင် မင်းတုန်းမင်း အထွတ်အမြတ်သို့ ရောက်တော်မူပြီးနောက် သက္ကရာဇ် ၁၂၁၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၆ ရက်နေ့တွင် မူလကရည်ငံရင်းရှိသော ကနောင်မင်းသားနှင့် လှိုင်ထိပ်ခေါင်တင်တို့ကို မင်းတုန်းမင်းကြီးသည် တင့်တယ်စွာစုလျားရစ်ပတ် လက်ထပ်ပေး၍ ကနောင်မင်းသားအား အိမ်ရှေ့နှင်းအပ်လိုက်သည်။

လှိုင်ထိပ်ခေါင်တင်သည် သက်တော် ၂၀ အရွယ်တွင် အိမ်ရှေ့မိဖုရား ဖြစ်လာရ၍ လောကီသုခအဝဝကို ခံစားနေရပေလိမ့်မည်ဟု ထင်မှတ်ဖွယ်ရှိသော်လည်း ထိုသို့မဟုတ်ပါချေ။ မြောက်သားတော်ကနောင်မင်းသည် မျက်နှာများသူဖြစ်သဖြင့် လှိုင်ထိပ်ခေါင်တင်သည် အချစ်သုခကို မခံစားရရှာဘဲ ချစ်သောကမီး ဖိစီးနှိပ်စက်ခြင်းကိုသာ တရိရိနှင့် ခံခဲ့ရပေသည်။ ဤသို့ ဘဝ၏အခြေအနေ ဖန်တီးလာပုံကပင်လျှင် လှိုင်ထိပ်ခေါင်တင်၏ ဘောလယ်များကို အရောင်အသွေး တောက်ပအောင် ဖန်တီးပေးသကဲ့သို့ ရှိနေသည်။ စာဆို၏ ဘဝပတ်ဝန်းကျင်က လှုံ့ဆော်ပေးသဖြင့် စာဆို၏အသည်းနှလုံးမှ တေးဂီတများ ပေါက်ဖွားခဲ့ရသည်။ ထိုတေးဂီတများက တစ်ဖန် စာဆို၏ဘဝကို ရောင်ပြန်ဟပ်၍ ကြေးမုံသဖွယ် ကိုယ်စားပြုလျက်ရှိသည်။

လှိုင်ထိပ်ခေါင်တင်သည် မိမိဝမ်း၌ရှိသမျှ မမျိုသိပ်နိုင်ရှာသမျှကို ဘောလယ်များဖြင့် ဖွင့်ထုတ်ခဲ့သည်။ လှိုင်ထိပ်ခေါင်တင်၏ ကိုယ်ရေးကိုယ်တာ ဘောလယ်များအနက် "စိန်ခြူးကြာညောင်" ချီဘောလယ်နှင့် "နာဂဆဒ္ဒန်"ချီ ဘောလယ်တို့မှာ ထိပ်တန်းစား ထားရလောက်အောင် ကောင်းမွန်ပါသည်။ "နာဂဆဒ္ဒန်"တွင် လှိုင်ထိပ်ခေါင်တင်သည် ရှေးဦးစွာ ဝမ်းနည်းရာမှ အားငယ်လာပုံ၊ အားငယ်ရာမှ စိမ်းသူအပေါ် စိတ်နာကြည်းမိပုံ၊ စိတ်နာကြည်းရာမှ တစ်ဖန် နောင်တသံဝေဂရပုံ စသည်များကို တစ်ဆင့်ပြီးတစ်ဆင့် မိမိစိတ်၌ ဖြစ်ပေါ်ခံစားရသည့်အတိုင်း ကွက်ကွက်ကွင်းကွင်း သရုပ်ဖော်သွားနိုင်ပေသည်။

လှိုင်ထိပ်ခေါင်တင်အား ဤ "နာဂဆဒ္ဒန်"တစ်ပုဒ်ဖြင့်ပင် ထိပ်တန်းစာဆိုတစ်ဦး အနေဖြင့် အသိအမှတ် ပြုထိုက်လှပေသည်။ လှိုင်ထိပ်ခေါင်တင်သည် ဘောလယ်များအပြင် ပတ်ပျိုး၊ တေးထပ်များ၊ ယိုးဒယားသီချင်း၊ ဣန္နာဝံသ နန်းတွင်းဇာတ်တော်ကြီးတို့ကိုလည်း ရေးသားခဲ့သည်။

ထို့နောက်ကနောင်မင်းနှင့် ကတောက်ကဆတ်ဖြစ်ကာ ခွဲခွာနေခဲ့ပြီးနောက် မင်းတုန်းမင်းကြီးနှင့် မိဖုရားကြီးတို့၏ ပြန်လည်စေ့စပ်ပေးမှုကြောင့် လှိုင်ထိပ်ခေါင်တင်၏ ချစ်ပန်းနွယ်ကလေးသည် ကနောင်မင်းသား၏ မေတ္တာမိုးရေဖြင့် ပြန်လည်လန်းဆန်းလာနိုင်ခဲ့ပေသည်။

လောကဓံတရားသည် လှိုင်ထိပ်ခေါင်တင်အား မြှောက်ချည် နှိမ့်ချည်ဖြင့် ကလူလွန်းလှသည်။ ပြန်လည်ချစ်ကြင်နာစ မောင်နှံနှစ်ဦး ကြည်နူး၍ မဝနိုင်သေးမီ ကြေကွဲစဖွယ်အဖြစ်နှင့် ကြုံရသည်။ သက္ကရာဇ် ၁၂၂၈ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်နေ့တွင် မြင်ကွန်းစား၊ မြင်းခုန်တိုင်စားတို့

DBE BOX - Copyright Protected

ပုန်ကန်သည့်အရေးတော်၌ အိမ်ရှေ့ကနောင်မင်းသား ကျဆုံးကံတော်ကုန်ခဲ့သဖြင့် လှိုင်ထိပ်ခေါင်တင်သည် မုဆိုးမဖြစ်ကာ သားတော်ထန်းတပင်မင်းသားနှင့် ကျန်ရစ်ခဲ့ရှာသည်။ ခဲအိုတော် မင်းတုန်းမင်းကြီးက ဝတ္တရားကျေစွာပင် မနိမ့်ကျရလေအောင် စောင့်ရှောက်ထားသည်။ လှိုင်ထိပ်ခေါင်တင်တို့ သားအမိ နှစ်ဦးလည်း ရွှေဂူမင်းသား၏ ဝင်းအတွင်း အိမ်တော်တွင် စံတော်မူကြသည်။

သက္ကရာဇ် ၁၂၇၇ ခုနှစ် ပြာသိုလဆန်း ၅ ရက်နေ့တွင် ဂီတစာဆိုကျော် လှိုင်ထိပ်ခေါင်တင်သည် သက်တော် ၄၂ နှစ် အရွယ်၌ လူ့လောကကြီးကို စွန့်ခွာသွားလေသည်။

၂၀ ရာစု ဦးမြင့်ကြည်

**ခက်ဆစ်အဖွင့်**

၁။ ကလူ = ကျီစယ်သည်။
၂။ ကြင်ရာတော် = ခင်ပွန်း၊ ဇနီး။
၃။ စုလျား = ပဝါရှည်။
၄။ စုလျားရစ်ပတ် = သတို့သားနှင့် သတို့သမီးတို့၏ လက်ကိုပဝါရှည်ဖြင့်ရစ်ပတ်၍ လက်ထပ်ပေးသည်။
၅။ ဆင်းရှူပါ = ရုပ်အဆင်းသွင်ပြင်။
၆။ ပတ်ပျိုး = အခြားသောသီချင်းကြီး သီချင်းခံတို့မှ သင့်နိုးရာအသံများကို ပျိုးယူစပ်ဆိုသော သီချင်းမျိုး။
၇။ ဗီဇ = မျိုးရိုး။
၈။ ဘောလယ် = ကုန်းဘောင်ခေတ်တွင်ပေါ်ထွန်းခဲ့သည့် ရှေးရိုးတျာဘွဲ့မျိုးကို အခြေခံ၍ ဖွဲ့ဆိုထားသော သီချင်းတစ်မျိုး။
၉။ မြောက်သားတော် = ဘုရင်၊ မင်းသား၊ မင်းသမီး စသည်တို့၏ကြင်ရာတော်။
၁၀။ ယိုးဒယားသီချင်း = ယိုးဒယားလူမျိုးတို့ တီးမှုတ် သီဆိုဟန်ကို အခြေခံ၍ ပြုပြင်ဖွဲ့ဆိုထားသော မြန်မာသီချင်းကြီးတစ်မျိုး။

**သင်ခန်းစာဆိုလိုရင်း**

ကုန်းဘောင်ခေတ်အမျိုးသမီး ဂီတစာဆိုတစ်ဦးဖြစ်သော လှိုင်ထိပ်ခေါင်တင်မှာ ဘဝကံ၊ အချစ်ကံ၊ အိမ်ထောင်ရေးကံ ခေရှာလွန်းသူဖြစ်ကြောင်း၊ သူ၏ဘဝနှင့် ခံစားချက်များကို သူ၏ ဂီတလက်ရာ ဘောလယ်များတွင် ကရုဏာသက်ဖွယ်တွေ့ရကြောင်း ဖော်ပြထားသည်။

DBE-BOX - Copyright Protected

**လေ့ကျင့်ခန်းမေးခွန်းများ**

၁။ လှိုင်ထိပ်ခေါင်တင်၏ အတ္ထုပ္ပတ္တိတွင် ဘဝမှတ်တိုင်မည်မျှပါသနည်း။ ရှာဖွေကြည့်ပါ။

၂။ ဘဝမှတ်တိုင် အနိမ့်အမြင့်များကို ပုံပြမျဉ်း ထုတ်ကြည့်ပါ။

နှစ် ⟶ ၀ ၁၀ ၂၀ ၃၀ ၄၀

မွေးဖွားခြင်း

၃။ လှိုင်ထိပ်ခေါင်တင်၏ဘဝ၌ မည်သည့်အောင်မြင်မှုများရရှိခဲ့သနည်း။ ထို့အတွက် မည်သည့်ပေးဆပ်မှုမျိုး ပြုခဲ့ရသနည်း။

၄။ ဤအတ္ထုပ္ပတ္တိကိုရေးသားရာ၌ စကားအသုံးအနှုန်းများသည် "မွေးသည်" "သေသည်" "ယောက်ျားယူသည်"စသည့်ကြိယာများကို မည်သို့ရေးပြထားသနည်း။ အဘယ်ကြောင့်ထိုသို့ ရေးသားသည်ထင်သနည်း။

၅။ လှိုင်ထိပ်ခေါင်တင်၏ အတ္ထုပ္ပတ္တိကိုဖတ်ပြီး မည်သို့ထင်မြင်သုံးသပ်မိပါသနည်း။

DBE BOX - Copyright Protected

**ရသစာတမ်း**

# အိုးစည်သံ

## (လွတ်လပ်ရေးခေတ်)

"အိုးစည်သံ"ကို မင်းသုဝဏ်နှင့် အခြားစာဆိုများရေးသားသည့် "ကံ့ကော်မြိုင်စာတမ်း" စာအုပ်မှ ကောက်နုတ်သည်။

မင်းသုဝဏ်သည် ကွမ်းခြံကုန်းမြို့ ဇာတိဖြစ်၍ ၁၉၀၉ ခုနှစ်တွင် ဖွားမြင်သူဖြစ်သည်။ အမည်ရင်းမှာ မောင်ဝန်ဖြစ်သည်။ မိဘနှစ်ပါးမှာ ဦးလွန်းပင်နှင့် ဒေါ်မိတို့ဖြစ်သည်။ မွန်မြန်မာမျိုးရိုး၊ ကုန်သည်များဖြစ်ကြသည်။ မွေးချင်း ၇ ယောက်တွင် ဒုတိယမြောက်ဖြစ်သည်။

ကွမ်းခြံကုန်းမြို့ ဆရာဦးဖိုးလှိုင်ကျောင်းတွင် စတင်ပညာသင်သည်။ ရန်ကုန်တက္ကသိုလ်တွင် မြန်မာစာဂုဏ်ထူးတန်း တက်ရောက်ရာ ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ရသည်။ ပထမတန်းဂုဏ်ထူးတန်းဖြင့် အောင်မြင်သည်။ မဟာဝိဇ္ဇာဘွဲ့ရပြီးနောက် ပညာတော်သင်အဖြစ် အင်္ဂလန်နိုင်ငံ အောက်စဖို့ဒ် တက္ကသိုလ်တွင် ပညာဆည်းပူးရာ စာပေဝိဇ္ဇာ (ဘီလစ်)ဘွဲ့ရသည်။ အမေရိကန်ပြည်ထောင်စု ယေးတက္ကသိုလ်တွင် ဘာသာဗေဒပညာ ဆည်းပူးခဲ့သည်။

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် အချိန်ပိုင်းနည်းပြအဖြစ် စတင်တာဝန်ထမ်းဆောင်ပြီး ရာထူးအဆင့်ဆင့် တိုးမြင့်ထမ်းဆောင်ရသည်။ တက္ကသိုလ်များ ဘာသာပြန်နှင့် စာအုပ်စုဆောင်းရေး ဌာန၊ ဌာနမှူး(စာတည်းမှူး)၊ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနပါမောက္ခ၊ ပညာရေး အထူးအရာရှိ တာဝန်များ ထမ်းဆောင်ခဲ့သည်။ ဂျပန်နိုင်ငံ အိုဆာကာ နိုင်ငံခြားဘာသာသင် တက္ကသိုလ်တွင် မြန်မာစာဧည့်ပါမောက္ခ အဖြစ်လည်း ဆောင်ရွက်ခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်း ပညာတံခွန်အသင်းတွင် အဘိဓာန်လုပ်ငန်းကို ဦးဆောင်ခဲ့သည်။ မြန်မာနိုင်ငံသုတေသနအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သမိုင်းကော်မရှင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံစာပေလုပ်သားဥက္ကဋ္ဌ တာဝန်များကို ဆောင်ရွက်ခဲ့သည်။

ခေတ်စမ်းစာပေလှုပ်ရှားမှုတွင် ဦးဆောင်ပါဝင်သူ တစ်ဦးဖြစ်သည်။ ကဗျာ၊ ပုံပြင်၊ ဝတ္ထုတို၊ ဆောင်းပါး၊ ဝေဖန်ရေးစာပေ စသည်ဖြင့် စာပေအမျိုးမျိုးရေးသားခဲ့သည်။ ကလေးကဗျာများကို အထူးအာရုံစိုက်၍ဖွဲ့သည်။ "မောင်ခွေးဖို့ ကဗျာများ" ထင်ရှားသည်။ "သပြေညိုနှင့် အခြားကဗျာများ"၊ စာပေလောက(ဇော်ဂျီနှင့်တွဲ၍ပြုစုသည်)၊ ပန်းနှင့်ပင်စည်၊ မြန်မာစာ မြန်မာမှု၊ တက္ကသိုလ်မြန်မာအဘိဓာန် ၅ တွဲ နှင့် တက္ကသိုလ်မြန်မာသတ်ညွှန်းတို့သည် မင်းသုဝဏ်၏ ထင်ရှားသော စာအုပ်များဖြစ်သည်။ "လီယာမင်းကြီးပြဇာတ်" ဘာသာပြန်ဖြင့် အမျိုးသားစာပေဆု (ဘာသာပြန် ရသ)ကို ရရှိခဲ့သည်။ ရှေးဟောင်းစာတမ်းများတည်းဖြတ်ခြင်း၊ သုတေသနစာတမ်းများဖတ်ကြားခြင်း တို့ကိုလည်း ဆောင်ရွက်ခဲ့သည်။ ဝဏ္ဏကျော်ထင်ဘွဲ့၊ သီရိပျံချီဘွဲ့များ ရရှိသည်။ ၂၀၀၄ ခုနှစ် ဩဂုတ်လ ၁၅ ရက်တွင် ကွယ်လွန်သည်။

DBE ROX - Copyright Protected

# အိုးစည်သံ

"ရှမ်းဗေထုံ၊ မီးဆာလုံ့။ မီးဆာလုံ့၊ ရှမ်းဗေထုံ" ဟု ဟစ်အော်ကြွေးကြော်ရင်း မျက်စိက မိုးကိုမျှော်၍ လက်ကအိုးစည်ကိုထုလျက် ကျွန်တော်တို့သည် ငယ်စဉ်အခါက ပျော်ပါးခဲ့ကြ၏။ ရွာလမ်းမတွင် ကျွန်တော်တို့၏ အိုးစည်သံနှင့် တေးသံတို့သည် သူ့သာငါနိုင် ပြိုင်ဆိုင်ခဲ့ကြ၏။ သစ်ရိပ်ကောင်းကောင်းမှနေ၍ ကျွန်တော်တို့သည် အိုးစည်သံနှင့် တေးသံတို့ဖြင့် နေမင်းကို ပူဇော်ခဲ့ကြ၏။ တလင်းပြောင်ပြောင်မှနေ၍ လမင်းကို ပူဇော်ခဲ့ကြ၏။ နေမင်းလမင်းတို့ပေးသောဆုတွင် ခိုလှုံလျက် ကျွန်တော်တို့သည် ခုန်ပေါက်သီကကာ ပျော်ပါးခဲ့ကြ၏။ ကျန်းမာခဲ့ကြ၏။ ထိုသို့ဖြင့် အမိန္ဒီရည်သည် ကျွန်တော်တို့၏သွေးသားနှင့် ရောနှောပေါင်းစပ်နေသကဲ့သို့ အိုးစည်သံ တေးသံတို့သည်လည်း ကျွန်တော်တို့၏ အသွေးအသားနှင့် ရောနှောပေါင်းစပ်လျက် ရှိလေတော့သည်။

နေ့ရောညပါ ရွာလမ်းတွင် ပျော်ပါးသော အိုးစည်ကလေး လက်သီးဆုပ်၏အသံကို အားကျသည့်အလား ဝါလသီတင်းအကျွတ်တွင် အိုးစည်ကြီးများ၏အသံသည် ပေါ်ထွက်လာလေသည်။ ရွာထိပ်မှလည်း ပေါ်ထွက်လာ၏။ ရွာ့တောင်မှလည်း ပေါ်ထွက်လာ၏။ ရွာ့မြောက်မှလည်း ပေါ်ထွက်လာ၏။ ရွာကလေးတွင် အိုးစည်သံသည် မိုးမွှန်လေပြီ။ ညဦးလရောင်အောက်တွင် ရွာကလေးကို ထုတ်ချင်းခပ် မြည်ဟိန်းသွားသော မုန့်ဆန်းထောင်းလက်ဆုံသည် အိုးစည်သံနှင့် သမီးမောင်နှံပမာ ဘုရားသွားကျောင်းတက် အတူထွက်ပေါ်လာလေသည်။ အိုးစည်ကြီးတို့သည် ပလွေနှင့် လင်းကွင်း၊ လက်ခုပ်နှင့်မောင်းတို့ကိုလည်း အဖော်ခေါ်ခဲ့ကြသေး၏။ ဂုဏ်ရဲဘော် တစ်စုတို့သည် သီတင်းကျွတ်လပြည့်နေ့၌ ပဒေသာပင်များတွင်ရံ၍ ဘုန်းကြီးကန်တော့သွားကြသည်။ သံချပ်တွေ တမြိုင်မြိုင်နှင့် အလွန်ပျော်ပါးကြလေသည်။ တန်ဆောင်မုန်း လပြည့်နေ့တွင် ကထိန်သင်္ကန်းကပ်ရန် ထွက်ရပြန်၏။ တောင်ပိုင်းအိုးစည်နှင့် မြောက်ပိုင်းအိုးစည်၊ အရှေ့ပိုင်းအိုးစည်နှင့် အနောက်ပိုင်းအိုးစည်တို့သည် ကျောင်းပရိဝုဏ်အတွင်းတွင် ပျော်ပွဲကိုကျင်းပကြ၏။

ထို့နောက် နတ်တော်၊ ပြာသို ၂ လတွင် အိမ်တွင်း၌ ခဏကွေးကြ၍ တပို့တွဲလပြည့်ဆီသို့ ရောက်ပြန်သောအခါ ထွက်လာကြပြန်၏။ ထိုအခါတွင်ကား ကျောင်းသို့မသွား၊ ည လသာသာ အိမ်ရှေ့တလင်းကွင်းရှိ မီးဖိုနား၌ ပျော်ပါးကြော်ကြွေးကြလေသည်။ ထမနဲထိုးသောသူများ၊ ဝေသောသူများ၊ စားသောသူများသည် အိုးစည်သံဖြင့် ကရတော့မလိုလို၊ ခုန်ရတော့မလိုလို တရှိုးရှိုးတရွရွ ဖြစ်နေကြကုန်၏။ သီတင်းကျွတ် တန်ဆောင်မုန်းလဆီတွင် လွှတ်ခဲ့သော မီးပုံးပျံကြီးများ မှိုင်းဝသောအခါ တရွရွ တလှုပ်လှုပ် ဖြစ်နေသည်နှင့် တူလေတော့သည်။

တပေါင်းလတွင် ခဏအနားယူကြပြန်၏။ အားမွေးကြပြန်၏။ တန်ခူးလ သင်္ကြန်တွင်းသို့ ရောက်သောအခါ တစုတဝေးကြီး ထွက်လာကြပြန်၏။ ထိုအချိန်ကား နွေခေါင်ခေါင်တည်း။ ရေ



DBE BOX - Copyright Protected

လည်းပူ၏။ လေလည်းပူ၏၊ သစ်ပင်တို့သည်လည်း ကျိုးတိကျိုးတဲနှင့် ခပ်မွဲမွဲပင်ရှိကြ၏၊ ရွာလမ်းတို့သည် ဖုတ်တထောင်းထောင်းနှင့် ဖြစ်လေသည်။ အထက်ပူ၊ အောက်ပူ၊ ရှေ့ပူ၊ နောက်ပူ၊ ဝဲယာနှစ်ဖက်လည်းပူသော တန်ခူးလအပူထဲတွင် အိုးစည်အသံ စီညံညံသည် ရွာရိုးတွင် မြည်ဟိန်းပြန်၏၊ သကြံန်ထမင်းကျွေးသော အိမ်ရှေ့ဆီကလည်း မြည်၏၊ လူမျောက်ပွဲဆီကလည်း မြည်၏၊ ဘေးမဲ့နွားကြီးအတွက် အလှူခံသည့်ဆီကလည်း မြည်၏၊

ဤသို့ဖြင့် ညိုသောအသားရောင်သည် မြန်မာတို့၏ အမျိုးသားအရောင်ဖြစ်သကဲ့သို့ အိုးစည်သံသည်လည်း မြန်မာတို့၏ အမျိုးသားတူရိယာသံ ဖြစ်လေသည်၊ အိုးစည်သံကိုကြား၍ စိတ်မတုန်လှုပ်သော မြန်မာကားရှားလေမည်။ ဤမြေမျက်နှာပေါ်တွင် အိုးစည်သံ မပျောက်သေးသမျှ မြန်မာအမျိုးတိမ်ကောပျောက်ပျက်ရန် ခဲယဉ်းလေမည်၊ "အိုးစည် အိုးစည် အိုးစည်သားဗျ။ လူရည်၊ လူရည်၊ လူရည်ခြားစ" ဟူသော တေးသံမဆိတ်သေးသမျှ မြန်မာတို့အတွက် ပျော်ရေးရွှင်ရေး လမ်းကြောင်းကြီးသည် ဖြူးလျက်ပင် ရှိလေဦးတော့မည်တည်း။

၂၀ ရာစု မင်းသုဝဏ်

**ခက်ဆစ်အဖွင့်**

၁။ ကျိုးတိကျိုးတဲ (ကျိုးတိုးကျဲတဲ) = အနည်းငယ်ကျဲလျက်။

၂။ တလင်း = ညီညာရှင်းလင်းသော မြေမျက်နှာပြင်။

၃။ တုန်လှုပ် = ချောက်ချားသည်။

၄။ တိမ်ကော = မှေးမှိန်ပျောက်ကွယ်သည်၊

၅။ ပဒေသာပင် = လှူဖွယ်ပစ္စည်းမျိုးစုံကို ဝေဖြာအောင် ဆွဲဆင်ထားသောအရာ။

၆။ ပရိဝုဏ် = ဘုရားကျောင်းကန်အဆောက်အအုံ၏ အကာအရံတံတိုင်း။

၇။ ဖြူး = ဖြောင့်စင်းသော။ ချောပြေသော။

၈။ ဘေးမဲ့ = အသက်အန္တရာယ်ထိပါးခြင်းမခံရမည့် အခွင့်အလမ်းကိုပေးသည်၊

၉။ မိုးမွှန် = များပြားလွန်ကဲစွာ (အသံဗလံ၊ အငွေ့အသက်တို့)။

၁၀။ သမီးမောင်နှံ = ဇနီးမောင်နှံ။

၁၁။ အားမွေး = အားအင်တိုးတက်ပြည့်ဝလာအောင်ပြုသည်။

DBE BOX - Copyright Protected

## သင်ခန်းစာဆိုလိုရင်း

အလှူပွဲ၊ ရှင်ပြုပွဲများတွင် ကြားရလေ့ရှိသော အိုးစည်သံအကြောင်းကို ကြည်နူးဖွယ် တင်ပြထားသည်။ အိုးစည်သံ မပျောက်သေးသမျှ မြန်မာအမျိုး တိမ်ကောပျောက်ပျက်မည် မဟုတ်ကြောင်းကို ဆက်စပ်ဖော်ပြထားသည်။

## လေ့ကျင့်ခန်းမေးခွန်းများ

၁။ အိုးစည်သံ ရသစာတမ်းတွင် ဖတ်ရှုရသော အိုးစည်ဝိုင်း၏ တူရိယာပစ္စည်းများကို ဖော်ပြပါ။

၂။ အိုးစည်သံကို မည်သည့်အချိန်အခါမျိုးတွင် ကြားရလေ့ရှိသနည်း။

၃။ "ဝါလသီတင်းအကျွတ်တွင် အိုးစည်ကြီးများ၏အသံသည် ပေါ်ထွက်လာလေသည်။ ရွာထိပ်မှ လည်း ပေါ်ထွက်လာ၏။ ရွာတောင်မှလည်း ပေါ်ထွက်လာ၏။ ရွာမြောက်မှလည်း ပေါ်ထွက် လာ၏။ ရွာကလေးတွင် အိုးစည်သံသည် မိုးမွှန်လေပြီ။"ဟူသောစာသားသည် သင်၏အကြား အာရုံ၌ မည်သို့ ဖြစ်ပေါ်လာသနည်း။

၄။ "အိုးစည်ကြီးတို့သည် ပလွေနှင့် လင်းကွင်း၊ လက်ခုပ်နှင့်မောင်းတို့ကိုလည်း အဖော်ခေါ်ခဲ့ ကြ သေး၏။ ၎င်းရဲဘော်တစ်စုတို့သည် သီတင်းကျွတ်လပြည့်နေ့၌ ပဒေသာပင်များတွင်ရုံ၍ ဘုန်းကြီး ကန်တော့သွားကြသည်။ သံချပ်တွေတမြိုင်မြိုင်နှင့် အလွန်ပျော်ပါးကြလေသည်။"ဟူသော စာသားကိုဖတ်ရသည့်အခါသင်၏အကြားအာရုံ၌ မည်သို့ပြောင်းလဲဖြစ်ပေါ်လာသနည်း။

၅။ အိုးစည်သံရသစာတမ်းကိုဖတ်ပြီးနောက် သင်မည်ကဲ့သို့ ခံစားရသနည်း။

DBE BOX - Copyright Protected

## ဝတ္ထုတို

# လူ့မနော

## (လွတ်လပ်ရေးခေတ်)

"လူ့မနော"ကို သော်တာဆွေရေးသော "ဤလောက မြေမဟီဝယ်"စာအုပ်မှ ကောက်နုတ်သည်။

သော်တာဆွေသည် ပေါင်းတည်မြို့နယ် ကြို့ပင်ရွာဇာတိဖြစ်သည်။ ၁၉၁၉ ခုနှစ် မေလ ၂၆ ရက်နေ့တွင် ဖွားမြင်သည်။ အမည်ရင်းမှာ ဦးကျင်မောင်ဖြစ်သည်။ ဦးကြင်ဆွေဟုလည်း ခေါ်တွင်သည်။ မိဘများမှာ လယ်သမားကြီးဦးဘိုးဆယ်နှင့် ဒေါ်လှရင်တို့ဖြစ်သည်။ မွေးချင်းရှစ်ယောက်တွင် တတိယမြောက်ဖြစ်သည်။ ၁၉၄၇ ခုနှစ် ဩဂုတ်လထုတ် ရှုမဝမဂ္ဂဇင်းတွင် "ဘရန်ဒီတစ်ပုလင်း" ဝတ္ထုတိုဖြင့် စာပေလောကထဲသို့ ဝင်ရောက်လာခဲ့သည်။ ဟာသဝတ္ထုတိုများကို ဆက်တိုက်ရေးသားခဲ့ပြီး ၁၉၅၃ ခုနှစ်တွင် "ကြုံခဲ့ရသည်" ဝတ္ထုတိုမှစ၍ ဘဝသရုပ်ဖော်စာပေများကို ရေးသားခဲ့သည်။ ဝတ္ထုတိုဇာတ်ဆောင်များတွင် "ဖြတ်စ၊ ကျော်စံကေး၊ ပေါ်ဦး၊ အေးဆွေ"တို့မှာ ထင်ရှားသည်။ "ရန်အောင်ရတနာ၊ ဘွန်တောကြက်သူခိုး၊ အမြုတေရတနာ၊ မခင်နှင်းဆီ၊ ပပဝတီ"တို့မှာ ထင်ရှားသည်။ ဆိုဗီယက်ယူနီယံနှင့် အရှေ့ဂျာမနီသို့ ချစ်ကြည်ရေးစာရေးဆရာခရီးသည်အဖြစ် သွားဖူးသည်။

သော်တာစာပေတိုက်ကိုထူထောင်၍ သူ၏စာအုပ်များကိုထုတ်ဝေခဲ့သည်။ ဟာသမဂ္ဂဇင်းတစ်စောင်ဖြစ်သော"အဟိ" မဂ္ဂဇင်းကိုလည်း ထုတ်ဝေခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် ပဒေသာအဖွဲ့၏ တာဝန်ခံအဖြစ်လည်းကောင်း၊ ဖ-ဆ-ပ-လ အစိုးရလက်ထက်တွင် စာရေးဆရာအသင်း၏အမှုဆောင်တစ်ယောက်အဖြစ်လည်းကောင်း တာဝန်ယူခဲ့သည်။

"ဘဝထိုထို" ဝတ္ထုတိုပေါင်းချုပ်စာအုပ်ဖြင့် ၁၉၆၁ ခုနှစ်တွင် စာပေဗိမာန်စာမူဆုကိုလည်းကောင်း၊ "သတ္တဝါတို့၏ သံသရာ"စာအုပ်ဖြင့် ၁၉၆၄ ခုနှစ်တွင် အမျိုးသားစာပေဆုကိုလည်းကောင်း၊ "ဤလောက မြေမဟီဝယ်" စာအုပ်ဖြင့် ၁၉၇၀ ပြည့်နှစ်တွင် အမျိုးသားစာပေဆုကိုလည်းကောင်း ရရှိခဲ့သည်။

သူ၏ဝတ္ထုများအနက် "ဘွန်တောကြက်သူခိုး"၊ "ကိုဘခန့်" တို့သည် ရုပ်ရှင်အဖြစ်သို့ ရောက်ရှိခဲ့သည်။ သူပထမဆုံးပါဝင်ခဲ့သော ရုပ်ရှင်ကားမှာ ၁၉၄၈ ခုနှစ်တွင် အသံတိတ် "ယျှလေးလုံး" ဖြစ်သည်။ ထို့နောက် ရှုမဝမှရိုက်ကူးသည့် "လာလုလုငေး"၊ သာခု၏ "ညှော်သည်"၊ "အကယ်၍သာ"၊ "ဖတ်စကလပ်"၊ "ကိုယ်ထင် ခုတင်ရွှေနန်း"၊ "ဇာခန်းဆီးနောက်ကွယ်မှာ"တို့တွင် ပါဝင်သရုပ်ဆောင်ခဲ့သည်။ ဟာသဝတ္ထု၊ ဘဝသရုပ်ဖော်ဝတ္ထု၊ ဆောင်းပါး၊ ဝတ္ထုတို၊ ဝတ္ထုရှည် ဘာသာပြန်များကို စာရေးဆရာဖြစ်စမှ ကွယ်လွန်ခါနီးလေးလအထိ စာရေးသက် ၅၀ နီးနီး လစဉ်မပျက်ရေးသား၍ စာရေးခြင်းအလုပ်ကို တစိုက်မတ်မတ်လုပ်ခဲ့သည်။

၁၉၉၅ ခုနှစ် မတ်လ ၄ ရက်နေ့တွင် ကွယ်လွန်သည်။

PDF BOX - Copyright Protected

# လူ့မနော

၁၉၅၅ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အထိ ကျွန်တော်နေခဲ့သော ရွာကလေးတွင် ဖြစ်ပါသည်။ ဤရွာကလေးသည် ရန်ကုန်မြို့မှ ၇-မိုင်ကွာ ပြည်လမ်းမကြီး၏ အရှေ့ဘက်ချောင်ကျကျ (ယခုခေတ် "ပုံကျ" များနေကြသော ကွက်သစ်မျိုးမဟုတ်) ရှေးခေတ်ရွာဟောင်းဖြစ်၍ ပကတိ တောရွာအတိုင်းပင် တစ်အိမ်နှင့်တစ်အိမ် ရင်းနှီးခင်မင်ကြသည်။ တစ်အိမ်က သတင်းစကားကို တစ်အိမ်က ချက်ချင်း နားပေါက်တတ်သည်။ တစ်ရွာလုံးတွင် အချင်းချင်း ဆွေရိပ်မျိုးရိပ် မကင်းကြသည်က များသည်။

တစ်ရံရောအခါဝယ် နတ်တလင်းမြို့မှ ဧည့်သည်များ ကျွန်တော့်အိမ်ရောက်လာရာ သူတို့ ဆီတွင် အလွန်တရာပေါသော ဒန့်သလွန်သီး ၁၀၀ စည်း တစ်စည်းပါလာသည်။ ဤအချိန်ဝယ် နတ်တလင်းမြို့မှာ ဤတစ်ရာစည်းသည် နှစ်ကျပ်မျှဖြစ်သော်လည်း ကျွန်တော်တို့ဆီမှာမူ တစ်တောင့် ဆယ်ပြား၊ တစ်မတ် သုံးတောင့်မျှသာ ရသေးသည်။ သို့သော် ဤမျှများပြားသော ဒန့်သလွန်သီးတွေ ကို ကျွန်တော့်အိမ်တွင် ဘာလုပ်ပါမည်နည်း။ စိတ်ကူးရသည်နှင့် တစ်ခါနှစ်ခါချက်မျှ ၁၅ တောင့်သာ ဖယ်ထားပြီး ကျန် ၈၅ တောင့်ကို လက်ဆွဲခြင်းထဲထည့်ကာ ဈေးသို့သွားရန် ရွာရိုးသို့ ထွက်ခဲ့သည်။

ပထမဆုံး အိမ်ရှေ့ မျက်စောင်းထိုးအိမ်မှ သန်းသန်းက

"ကိုဆွေ လက်ဆွဲခြင်းထဲက ဘာတွေလဲ၊ ဘယ်သွားမလို့လဲ"

"ဒန့်သလွန်သီးတွေဗျာ၊ ဧည့်သည်တွေယူလာတာ၊ အိမ်မှာများနေတာနဲ့ ဈေးသွား ရောင်းမလို့"

"ဒါဖြင့်လာစမ်းပါအုံး"

သူ့အိမ်ရှေ့ကြမ်းပြင်ပေါ် လက်ဆွဲခြင်းချလိုက်တော့ သူက

"ဘယ်လိုရောင်းသလဲ"

"ဈေးမှာ ပေါက်ဈေးပေါ့ဗျာ၊ တစ်တောင့် ၁၀ ပြား၊ တစ်မတ်ဖိုး သုံးတောင့်ယူပေါ့"

"လေးတောင့်ထားပါလားရှင့်၊ ကိုယ့်ရွာသားချင်းပဲ"

"ယူဗျာ"

သူ့အိမ်မှ ထွက်ခဲ့ရာ ကျွန်တော်တို့ကို လှမ်းကြည့်နေသော နောက်အိမ်မှ ဒေါ်ကြည်စုက

"စာရေးဆရာကြီး လက်ဆွဲခြင်းထဲက ဘာတွေလဲဗျ၊ လာစမ်းပါအုံး"

"ဧည့်သည်တွေယူလာတဲ့ ဒန့်သလွန်သီးတွေဗျာ၊ ဈေးသွားရောင်းမလို့"

သူ့အိမ်ရှေ့ရောက်တော့



DBE BOX .Copyright Protected

“ဘယ်လိုရောင်းသလဲဗျ”

“တစ်မတ်သုံးတောင့်ဆိုတာ ဟောဟို သန်းသန်းက လေးတောင့်ဆစ်တာနဲ့ လေးတောင့်ပဲ ပေးခဲ့တယ်”

“ဟာ. . . ကျွန်တော်တော့ ငါးတောင့်ပေးဗျာ”

“ယူဗျာ”

သူ့အိမ်မှ ပြန်ထွက်ခဲ့၏။ နောက်တစ်အိမ်က လှမ်းခေါ်ပြန်၏။

“ဘာတွေတုံး ဦးသော်တာရေ”

“ဒန့်သလွန်သီးတွေဗျာ မအေးသာရဲ့”

“ရောင်းဖို့လား”

“လာစမ်းပါအုံး ဘယ်လိုရောင်းသလဲ”

“ဟောဟို ဒေါ်ကြည်စုက တစ်မတ်ငါးတောင့်ဆစ်လို့ ငါးတောင့်ပဲ ပေးခဲ့တယ်ဗျာ”

“ဟာ ကျုပ်တော့ ခြောက်တောင့်ပေးတော်”

“ယူဗျာ”

တစ်အိမ်နှင့်တစ်အိမ် လှမ်းမြင်ရနေသည်ဖြစ်၍ နောက်တစ်အိမ်ဒေါ်စိန်ဥက လှမ်းခေါ်ပြန်၏။

“ဆရာကြီးက ဘယ်ကများ ဒန့်သလွန်သီးတွေရခဲ့တုံး”

“နတ်တလင်းက ညှော်သည်တွေ ယူလာတာဗျ”

“ဒါနဲ့များ လျှောက်ရောင်းနေရသေးသလား၊ အလကားပေးရောပေါ့၊ ဟဲဟဲ”

“ယူလေဗျာ၊ ဘယ်နှတောင့်ယူမတုံး”

“အလကားပြောတာပါရှင်၊ သူများလိုပဲ ဝယ်ရမပေါ့၊ ဘယ်လိုရောင်းတုံး”

“မအေးသာက တစ်မတ်ခြောက်တောင့်ဆစ်လို့ ခြောက်တောင့်ပဲပေးခဲ့တယ်”

“ကျုပ်တော့ ခုနစ်တောင့်ပေးတော်”

“ယူဗျာ”

ဒေါ်စိန်ဥအိမ်မှအထွက် နောက်တစ်အိမ် မလေးနွယ်ကခေါ်၍

“အောင်မယ်လေး၊ စာရေးဆရာကြီးက ဒန့်သလွန်သီးတွေ လျှောက်ရောင်းနေတယ်။ ခေါင်းပုံဖြတ် အမြတ်ကြီးစားဖြစ်နေရောပေါ့”

DBE EOA - Copyright Protected

"ရောင်းသူနဲ့ ဝယ်သူ နှစ်ဦးသဘောတူ ရောင်းကြ၊ ဝယ်ကြတာပဲဗျာ၊ ခေါင်းပုံဖြတ်တယ် အမြတ်ကြီးစားတယ်ထင်ရင် မဝယ်ချင်နေပေါ့"

"အောင်မယ်လေး၊ ဝယ်ပါ့မယ်ရှင်၊ ဘယ်လိုရောင်းလဲ"

"တစ်မတ်ခြောက်တောင့်ဆိုတာကို ဟောဟို လောဘကြီးတဲ့ ဒေါ်စိန်ဥကြီးက ခုနစ်တောင့် ဆစ်လို့ ခုနစ်တောင့်ပေးခဲ့တယ်ဗျာ"

"ဟီး . . ဟီး . . ကျွန်မတော့ ရှစ်တောင့်ပေးတော်"

"ယူဗျာ"

ယင်းသို့လျှင် ကျွန်တော်သည် တစ်အိမ်တစ်တောင့်တိုးနှင့် ဆစ်တိုင်းပေးခဲ့ရာ နောက်ဆုံး ခင်ငြိမ်းကြည်အိမ်တွင် ၁၃ တောင့်နှင့် ကိစ္စပြတ်၍ လက်ဆွဲခြင်းခေါင်းစွပ်ကာ အိမ်သို့ ပြန်လာခဲ့ပါ တော့သည်။ ကျွန်တော်သည် ၁၀ အိမ်ရောင်းခဲ့ရာ ၁၀ မတ်ရခဲ့၍ ဇင်းမတ်စေ့လေးတွေ ထပ်ပြီး စားပွဲပေါ်သို့ တင်ထားလိုက်ပါသည်။

မကြာမီ ပထမဦးဆုံး ဈေးဦးပေါက် သန်းသန်းရောက်လာကာ စတင်ရန်တွေ့တော့သည်။

"ကိုဆွေ - ကျွန်မတော့ တစ်မတ်လေးတောင့်ပေးခဲ့ပြီး ဒေါ်ကြည်စု အိမ်ကျတော့ ငါးတောင့် ပေးသွားဆို"

ဒုတိယ ဒေါ်ကြည်စု ရောက်လာပြန်ကာ

"ဆရာကြီး ကျွန်တော်တော့ ငါးတောင့်တည်းပေးပြီး မအေးသာ အိမ်တော့ ခြောက်တောင့် ပေးသွားတယ်ဆို"

တတိယ မအေးသာ

"ဒီမှာရှင့် ကျွန်မတော့ ခြောက်တောင့်တည်းပေးသွားပြီး ဒေါ်စိန်ဥအိမ်တော့ ခုနစ်တောင့် ပေးသွားတယ်ဆို"

စတုတ္ထ ဒေါ်စိန်ဥ

"ဒီမှာ ကျုပ်တော့ ခုနစ်တောင့်ပေးပြီး မလေးနွယ်တော့ ရှစ်တောင့်ပေးသွားတယ်၊ စာရေးဆရာ လုပ်နေပြီး ဒါတရားသလား"

"ဟောဗျာ"

ကျွန်တော်သည် ဤသို့ တစ်ယောက်ပြီးတစ်ယောက် လာရန်တွေ့ကြသည်ကို နောက်ဆုံး အများကြီးရသွားသော ခင်ငြိမ်းကြည်မှတစ်ပါး ဒုတိယ နောက်ဆုံး မခင်ရွှေရောက်လာသည်အထိ ထိုင်နားထောင်ပြီးနောက်

DPE BOX Copyright Protected

"ကဲ-ဒေါ်ဒေါ်တို့၊ မမတို့၊ ကျွန်တော်တစ်ယောက်စီ ရှင်းပြပါရစေ။ ပထမဦးဆုံး မသန်းသန်း၊ ကျွန်တော်က တစ်မတ်သုံးတောင့် ဆိုတာကို ခင်ဗျားက လေးတောင့်ဆစ်လို့ လေးတောင့်ပဲ ပေးခဲ့တယ်။ ခင်ဗျားကျေနပ်လို့ ခင်ဗျားယူထားလိုက်တယ်"

"ဒုတိယ ဒေါ်ကြည်စုက ကျွန်တော်က သန်းသန်းအိမ်က လေးတောင့်ဆစ်လို့ လေးတောင့်ပဲ ပေးခဲ့တယ်။ ခင်ဗျားလဲ လေးတောင့်ယူပါဆိုတာကို ခင်ဗျားက ငါးတောင့် ပေးပါဆိုလို့ ကျွန်တော်က ငါးတောင့်ပဲ ပေးခဲ့တယ်"

"တတိယ မအေးသာ၊ ဒေါ်ကြည်စုမှာ ငါးတောင့်ပေးခဲ့တယ်ဆိုတာကို ခင်ဗျားကကျုပ်တော့ ခြောက်တောင့်ပေးပါဆိုလို့ ကျွန်တော် ခြောက်တောင့် ပေးခဲ့တယ်"

"ကဲဗျာ- တစ်ယောက်စီပြောနေ ရှုပ်ပါတယ်။ ခင်ဗျားတို့ ဆစ်တိုင်းပဲ တစ်အိမ် တစ်တောင့် တိုး ကျွန်တော်ပေးခဲ့တယ်။ အဲဒါ ခင်ဗျားတို့က ကျွန်တော့်ကို ခုမှ ဝိုင်းပြီး မကျေနပ်ကြဘူး ဆိုတော့ ကျွန်တော် ဘယ့်နှယ်လုပ်ရမလဲ"

"ရှင့်ဟာက ဘုရားဒကာ ရန်တိုက်လုပ်တာကိုတော့"

"အောင်မယ်-အောင်မယ်-ဘယ်နှယ့် ဘုရားဒကာရန်တိုက်တုံးဗျ။ ခင်ဗျားတို့ ဆန္ဒအရ ခင်ဗျားတို့ဆစ်တိုင်း ကျွန်တော်ပေးခဲ့တာပဲဗျ။ ကဲဒီမှာ ဒေါ်စိန်ဥ ခင်ဗျားကို ကျွန်တော် အလကားယူလဲ ပေးမယ်လို့ ပြောခဲ့တယ်မဟုတ်လား"

သူတို့ ခေတ္တမျှ တွေဝေနေကြပြီးနောက် မအေးသာက

"ဆရာ့ဟာက ဒီလိုလုပ်ဖို့ မကောင်းဘူး။ တကယ်ဆို တစ်မတ်ခြောက်တောင့်ဖြင့် ခြောက်တောင့်၊ ခုနစ်တောင့်ဖြင့် ခုနစ်တောင့် အညီအမျှစီ ရောင်းဖို့ကောင်းတယ်"

ဤတွင် တစ်မတ်ဖိုး ၁၀ တောင့် ၁၁ တောင့်၊ ၁၂ တောင့်ရသူတွေက မခံနိုင်

"အောင်မယ် အောင်မယ်၊ ဒီလိုတော့လဲ ဘယ်ပြန်လုပ်နေနိုင်တော့မလဲ၊ ကျွန်မတို့အိမ်မှာ ချက်ဖို့ တုံး-တစ် တောင် ပြီးခဲ့ပြီ"

"ကဲ-မဟတ္တာတို့၊ ခင်ဗျားတို့ကြားကြတဲ့အတိုင်းပါပဲဗျာ။ ကျွန်တော် ဘာတတ်နိုင်တော့မလဲ"

အားလုံး တွေဝေစဉ်းစားနေကြတယ်။ အနည်းဆုံးရလိုက်၍ သူအနစ်နာဆုံးထင်နေသော သန်းသန်းက

"ကိုဆွေရယ် - ကျွန်မတော့ လေးတောင့်တည်း ရလိုက်တာ၊ ပိုက်ဆံတောင် ပြန်ပေးဖို့ ကောင်းတယ်"

"အာ-ဟုတ်ပေ့ ဒေါ်သန်းသန်းရေ့ ရော့ရော့ ခင်ဗျားပိုက်ဆံ ပြန်ယူဗျာ့"

ဟု သူ့ပိုက်ဆံတစ်မတ် ကို ပြန်ပေးလိုက်၏။ ယင်း၌ ဒေါ်ကြည်စုက

DBE BOX - Copyright Protected

"ကျုပ်လဲ ငါးတောင့်ပဲဟာ၊ ပိုက်ဆံပြန်ပေးဗျာ"

"ရော့ဗျာ"

၌တွင် မအေးသာကလည်း

"ကျွန်မလဲ ပြန်ပေးတော်"

"ကဲ-ကဲ-ရော့-ရော့- အားလုံးပြန်ယူကြ၊ ခင်ငြိမ်းကြည်ပါ ပြန်ပေးမယ်။ ဒါမှအေးမယ်"

ဆိုပြီး သူတို့ ပိုက်ဆံအားလုံးကို ပြန်ပေးလိုက်သည်။ သို့တိုင် မအေးသေးချေ။ အလကားရတာချင်း အတူတူ သူ့တော့များတယ်၊ ငါ့တော့ နည်းတယ်နဲ့ ပွစိပွစိလုပ်နေကြသေးသဖြင့် ကျွန်တော်က

"တကတဲဗျာ 'လူ့အလို နတ်မလိုက်နိုင်' ဆိုတဲ့စကားဟာ ကြားဖူးပါတယ်။ ခုတော့ 'လူ့အလို သော်တာဆွေမလိုက်နိုင်' ဆိုတာ ဖြစ်နေပြီ"

ဟု ပြောလိုက်တော့ အင်မတန်နတ်ကိုးကွယ်သော ဒေါ်စိန်ဥက

"အောင်မယ်- သူကပဲ နတ်ထက်ကြီးကျယ်နေသလိုလို"

"အောင်မယ်-ကျုပ်က ဘာလို့ နတ်ထက်မကြီးကျယ်ရမှာတုံးဗျာ။ ကဲ ဘယ်နတ်ကများ ခင်ဗျား တို့ကို ဒန့်သလွန်သီးတစ်တောင့် အလကားပေးဖူးသလဲ၊ ပြောစမ်းပါအုံး"

ယင်းမှ သူတို့သည် ပြုံးစိစိနဲ့ ပြန်သွားကြကုန်သတည်း။

၂၀ ရာစု သော်တာဆွေ

DBE BOX - Copyright Protected

**စကားဆစ်အဖွင့်**

| | | |
|---|---|---|
| ၁။ ခေါင်းပုံဖြတ် | = | သူတစ်ပါးလုပ်၍ရသောအကျိုးအမြတ်ကိုဖြတ်စားလျှပ်စားလုပ်သည်။ အညွန့်ခူးသည်။ |
| ၂။ နားပေါက် | = | သတင်းစကားရောက်သွားသည်။ |
| ၃။ ပုံ့ကျ | = | အလုပ်အကိုင် အတည်တကျမရှိဘဲ ကြုံသလို နေထိုင် လုပ်ကိုင်သူ။ |
| ၄။ မနော | = | စိတ်။ စိတ်ထား။ |
| ၅။ မျက်စောင်းထိုး | = | မျက်နှာမူရာရှေ့တည့်တည့် မဟုတ် ခပ်စောင်းစောင်း။ ဓားလွယ်ခုတ်။ |
| ၆။ ရွာရိုး | = | ရွာလမ်းမတစ်လျှောက်။ ရွာစဉ်တစ်လျှောက်။ |
| ၇။ အမြတ်ကြီးစား | = | အလွန်အမင်း အမြတ်ယူသူ။ |

**သင်ခန်းစာဆိုလိုရင်း**

သူ့ထက်ငါ အသာရလိုသော လောဘနှင့်အတ္တကြီးမားလှသည့် လူ့အတွင်းစိတ်မနောကို နားလည်သိရှိလိုက်ရပုံကို ဇာတ်လမ်းဆင်ရေးသားထားခြင်းဖြစ်သည်။ မရောင့်ရဲနိုင်သော လောဘစိတ်ကို ထင်ရှားပေါ်လွင်အောင်ဖော်ပြထားသည်။

## လေ့ကျင့်ခန်းမေးခွန်းများ

၁။ စာရေးသူသည် မည်သည့်ရည်ရွယ်ချက်ဖြင့် ဤဝတ္ထုတိုကို ရေးသားထားသည်ဟု ထင်မြင်ပါသနည်း။

၂။ လူ့မနောဝတ္ထုတွင် လူ့သဘောလူ့သဘာဝကို မည်ကဲ့သို့ တွေ့ရှိရသနည်း။

၃။ လူ့မနောဝတ္ထုတိုအား ဖတ်ရှုလေ့လာခြင်းဖြင့် မည်သည့် ခံစားချက်များရရှိသနည်း။

၄။ လူ့မနောဝတ္ထုတိုမှ မည်သည့် သင်ခန်းစာများရရှိသနည်း။

၅။ လူတို့၏စိတ်သည် အလွန်ဆန်းကြယ်သည်ဟူသောအဆိုကို လူ့မနောဝတ္ထုကို အခြေခံပြီးဆွေးနွေးရေးသားပါ။

DBE BOX - Copyright Protected

# အခန်း - ၂
# မြန်မာကဗျာရွေးချယ်ချက်

**ကေပိုဒ်ရတု**

## သီကုံးပန်းသွင် နေ့တိုင်းဆင်
### (အင်းဝခေတ်)

'သုစိပုဘာ၊ ဝိလိသိဓာ' အစချီသော ဤကဗျာသည် အင်းဝခေတ် ရဟန်းစာဆို 'ရှင်မဟာရဋ္ဌသာရ' စပ်ဆိုခဲ့သည့် ကဗျာတစ်ပုဒ်ဖြစ်သည်။

ရှင်မဟာရဋ္ဌသာရကို သက္ကရာဇ် ၈၃၀ ပြည့်နှစ် (ခရစ်နှစ် ၁၄၆၈)တွင် မွေးဖွားသည်။ ဇာတိမှာ အင်းဝဖြစ်သည်။ ငယ်မည်မှာ မောင်မောက်ဖြစ်သည်။ မင်းဆွေစိုးမျိုးဖြစ်၍ နန်းတွင်းမှာ ကြီးပြင်းခဲ့သည်။ ဝရစက္ကပါလမထေရ်နှင့် သီဟိုဠ်ရောက်ဆရာတော်ကြီးတို့ထံတွင် နက္ခတ်၊ ဗေဒင်၊ ဆန်း၊ အလင်္ကာ၊ ပါဠိ၊ သက္ကတစသည်တို့ကို သင်အံလေ့လာခဲ့သည်။

ရှင်မဟာရဋ္ဌသာရသည် အင်းဝခေတ် ပျို့ကဗျာလောကကို ရှေ့ဆောင်ပျိုးထောင်ခဲ့သူတစ်ဦးဖြစ်သည်။ ဘူရိဒတ်ဇာတ်ပေါင်းခန်းပျို့၊ ကိုးခန်းပျို့၊ ဂမ္ဘီသာရပျို့၊ သံဝရပျို့တို့ကိုရေးသားခဲ့သည်။ တံတားဦးတည်မော်ကွန်း၊ ပုံတောင်နိုင်မော်ကွန်း၊ ရွှေစက်တော်သွားတောလား၊ ဆုံးမစာများနှင့် ရတုများကိုလည်း ရေးဖွဲ့ခဲ့သည်။ သံဝရပျို့ကို နောက်ဆုံးရေးပြီးနောက် မြန်မာသက္ကရာဇ် ၈၉၂ ခန့် (ခရစ်နှစ် ၁၅၃၀ ခန့်) သက်တော် ၆၂ နှစ်တွင် ပြည်မြို့၌ ပျံလွန်တော်မူသည်။

'သုစိပုဘာ၊ ဝိလိသိဓာ' ချီ ကဗျာကို ရတုပုံစံဖြင့်ရေးဖွဲ့ထားသည်။ တစ်ပိုဒ်တည်း ရေးဖွဲ့ထား၍ 'ကေပိုဒ်ရတု'ဟု ခေါ်သည်။ ရတုကို လေးလုံးစပ်နည်းဖြင့် ရေးဖွဲ့သည်။ ဤရတုသည် ကျောင်းသားလူငယ်တို့အတွက် စာပေသင်ယူလေ့လာနည်းကို ညွှန်ပြထားသောကဗျာ ဖြစ်သည်။ ရှေးခေတ်ပညာသင်ကြားရေးစနစ်ကို သိနိုင်သည်။

DBE BOX - Copyright Protected

# သီကုံးပန်းသွင် နေ့တိုင်းဆင်

သုစိပုဘာ၊ ဝိလိသိဓာ
အက္ခရာစွဲသုံး၊ ဤရှစ်လုံးကို
သီကုံးပန်းသွင်၊ နေ့တိုင်းဆင်လော့။
စာသင်ပျိုးနု၊ အခြေပြုတို့
ဥဇုဘူတ၊ လုံ့လပြင်းစွာ
သူ့ထက်ငါဟု၊ နှုတ်မှာရွရွ
ကြိုးပမ်းကလျှင်၊ သိပ္ပကျေးဇူး
အထူးသိမြင်၊ ပညာရှင်ဟု
မထင်မပေါ်၊ မကျော်စောဘဲ
တီမှာလွဲအံ့။
အရဲကြိုးကုတ်၊ ကြွက်ရဲစုတ်သို့
အားထုတ်ခုံမင်၊ မသင်မအံ
မကြံမမေး၊ ဆွေးနွေးရောနှော
ပြောဟောမဲ့ထွေ၊ ပေချပ်ရေဖြင့်
ကုန်စေဆန်းသာ၊ သင်ချေပါလည်း
ဘယ်မှာဂုဏ်ရှင်၊ ကျော်စောထင်ချိမ့်။
စာသင်ဟူက၊ ကျမ်းထိုမျှကို
တွေ့ကမရှောင်
ကြောင်ပုစွန်စား၊ ကျွတ်ကျွတ်ဝါးသို့
လွှသွားပမာ၊ ကျောက်ထက်စာသို့
လိုရာရအောင်၊ ကြံဆောင်လေ့ကျက်
အနက်မိပ္ပာယ်၊ နှုတ်ဝယ်ရွရွ
ထားချေမှတည့်။
တစ်စပေါ်လျှင်၊ ချည်စင်သို့
သဘင်ပွဲမှောက်၊ ဆိုရေးရောက်က
လန့်ကြောက်မရှိ၊ သတိမြဲခိုင်
ကျောက်တိုင်ပမာ၊ ကေသရာသို့
ရွှံ့ရှာမဲ့လျှင်း၊ ဆိုခင်းနည်းနာ
အဖြာဖြာကို၊ မကြာနှုတ်လျှောက်
ခန့်ချင့်ထောက်လော့။
အံ့လောက်ဖွယ်သာ၊ ဂါထာပါဠ်သား
စကားဝိုက်လည်၊ စဉ်ရှည်ရှေးတီး
စကားကြီးက၊ စသည်ထိုထို
ဝိဂြိုဟ်ဝစနတ်၊ ဓာတ်ရပစ္စည်း
ထုံးနည်းပမာ၊ ဂါထာဆန်းဂိုဏ်း
ကရိုဏ်းဌာန်စစ်၊ ဖွင့်လှစ်ဋီကာ
အဋ္ဌကထာပါဠိ၊ အောက်ထက်ညှိ၍
ကဝိလက္ခဏာ၊ အဖြာဖြာကို
သေချာဆည်းဆာ၊ ဆိုဝံ့ကလျှင်၊
ဘဝဤတွင်၊ ခုမျက်မြင်လည်း
မထင်ဘယ်မှာ၊ ရှိဘိရာအံ့။
သံသရာလည်း၊ ပမာကဲလွန်
အဆုံးစွန်မူ၊ ညီမွန်တုလွတ်
သုံးလူ့နတ်ဝယ်
အကျွတ်ဘယ်မှာ ဝေးတော့မည်။

၁၅ ရာစု ရှင်မဟာရဋ္ဌသာရ

DBEBOX - Copyright Protected

**ခက်ဆစ်အဖွင့်**

၁။ ကရိုဏ်း = အကျွရာအသံတို့၏ဖြစ်ကြောင်း။

၂။ ကဝိလက္ခဏာ = ပညာရှိစာဆိုတို့၏ သဘောလက္ခဏာ။

၃။ ကေသရာ = လည်ဆံမွေးရှိသောခြင်္သေ့။

၄။ ကုန်စေဆန်းသာ = ကုန်စေရုံမျှသာ။

၅။ ကျောက်ထက်စာ = ကျောက်ပေါ်တွင်ရေးထိုးထားသောစာ၊ကျောက်စာ။

၆။ ခန့်ချင့်ထောက် = ခန့်မှန်းချင့်ချိန်ထောက်ထားသည်။

၇။ ခုံမင် = စုံစုံမက်မက်။

၈။ ချိမ့် = ချေအံ့။

၉။ ဂါထာ = ဆန်းကျမ်းစည်းကမ်းတို့နှင့် အညီရေးစပ်ထားသော ပါဠိကဗျာ။

၁၀။ စကားကြီး = စကားကြီးဆယ်မျိုး။

(၁) ရေကူးညာတင်ပြောနည်း။

(၂) ကောက်ပင်ရိတ်လှီးပြောနည်း။

(၃) ရေစီးဖောင်ဆန်ပြောနည်း။

(၄) အိုးတန်ဆန်ခတ်ပြောနည်း။

(၅) ဆီပွတ်ကျည်ပွေ့ပြောနည်း။

(၆) ဆင်ဝှေ့ရန်ရှောင်ပြောနည်း။

(၇) တောင်သူယာခုတ်ပြောနည်း။

(၈) ကြက်ဆုတ်ခွပ်ပစ်ပြောနည်း။

(၉) ရေစစ်ကရားပြောနည်း။

(၁၀) ခက်တင်မောင်းနင်းပြောနည်း။

၁၁။ စဉ်ရှည် = ရှေးအစဉ်အလာ။

၁၂။ ဆိုခင်း = ပြောဆိုရန်အကြောင်း။

၁၃။ ဆည်းဆ = ဆည်းပူးချိန်ဆသည်။

DBE BOX - Copyright Protected

၁၄။ ဆန်းဂိုဏ်း = ဆန်းကျမ်းနှင့်အညီ ရေးဖွဲ့ရသော အက္ခရာ သုံးလုံးစုအဖွဲ့။ ပါဠိဂါထာဖွဲ့ဆိုနည်းအတတ်။

၁၅။ ညီမွန်တုလွတ် = ပွင့်တော်မူပြီးဖြစ်သော ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ မြတ်စွာဘုရားတို့၏ ညီတော်အလား နောင်ပွင့်တော်မူမည့် အတုမရှိသော အရိမေတ္တေယျ မြတ်စွာဘုရား။

၁၆။ ဋီကာ = အဖွင့်ကျမ်း။ အဋ္ဌကထာကို အကျယ်ဖွင့်ဆိုရေးသားသောကျမ်း။

၁၇။ ဌာန် = စကားသံဖြစ်ရာလည်ချောင်း၊ အာစောက်စသောနေရာ။

၁၈။ တီမှာ = အဘယ်မှာ။

၁၉။ ထုံးနည်း = လိုက်နာဖွယ်အစဉ်အလာ၊ ဥပဒေသ။

၂၀။ ဓာတ် = ပုဒ်တစ်ခု၏မူလတည်ရင်း။

၂၁။ ပမာ = ဥပမာ။

၂၂။ ပါဠိ = ဗုဒ္ဓ၏စကားတော်၊ ဗုဒ္ဓဘာသာ စာပေရေးသားရာ ရှေးဟောင်းဘာသာတစ်မျိုး။ ဘုရားဟော တရားတော်၊ ဗုဒ္ဓ၏ဒေသနာတော်။

၂၃။ ပေချပ် = ရှေးခေတ်က အသုံးပြုသော စာရေးရန် ပြုလုပ်ထားသည့် ပေရွက်။

၂၄။ ပစ္စည်း = အနက်ကို ပြည့်စုံအောင် ပုဒ်ရင်းတွင် ထပ်ဖြည့်ရသောစကားလုံး။

၂၅။ ပါဠ်သား = ပါဠိပုဒ်၊ ပိဋကတ်စာကိုယ်စာသား၊ ပါဠိတော်၊ ပါဠိစကား။

၂၆။ ပြောဟောမဲ့ထွေ = ပြောဟောခြင်းမရှိဘဲ။

၂၇။ ပွဲမှောက် = အများ၏ရှေ့မှောက်။

၂၈။ မဲ့ = မရှိ။

၂၉။ ရွှရွှ = ပေါ့ပါးသွက်လက်စွာ။

၃၀။ ရွံရှာ = ကြောက်ရွံ့သည်။

၃၁။ လျှင်း = အလျှင်း၊ လုံးဝ။

၃၂။ ဝစနတ် = စကားလုံး၏အနက်၊ ပုဒ်၏အနက်။

၃၃။ ဝိဂြိုဟ် = ပုဒ်၏အနက်ကိုအထူးယူဆဖွင့်ပြချက်။

၃၄။ သဘင် = ပြောဆိုစည်းဝေးရာ အစုအဝေး။

DBEBOX Copyright Protected

၃၅။ သုစိပုဘာ၊ ဝိလိသိဓာ = စာပေသင်ယူလေ့လာနည်းများ။

၁။ သု = သုဏေယျ၊ ကြားနာရာ၏။

၂။ စိ = စိန္တေယျ၊ ကြံရာ၏။

၃။ ပု = ပုစ္ဆေယျ၊ မေးရာ၏။

၄။ ဘာ = ဘာသေယျ၊ ပြောဆိုရာ၏။

၅။ ဝိ = ဝိစာရေယျ၊ စူးစမ်းဆင်ခြင်ရာ၏။

၆။ လိ = လိခေယျ၊ ရေးမှတ်ရာ၏။

၇။ သိ = သိက္ခေယျ၊ လေ့ကျင့်ရာ၏။

၈။ ဓာ = ဓာရေယျ၊ နှုတ်တက်ဆောင်ရာ၏။

၃၆။ သံသရာ = ဘဝသစ်ဖြစ်ခြင်းဖြင့် အစဉ်မပြတ်ဘဲ အဖန်တလဲလဲ ကျင်လည်ရာဘဝဆက်။

၃၇။ သိပ္ပ = အတတ်ပညာ။

၃၈။ အကျွတ် = သံသရာဝဋ်ဒုက္ခမှ ကျွတ်လွတ်ခြင်း။

၃၉။ အနက်အဓိပ္ပာယ် = စကားလုံး၊ ပုဒ်၊ ဝါကျစသည်တို့၏ ဆိုလိုရင်းသဘော။

၄၀။ အရဲကြီးကုတ်

ကြက်ရဲစုတ်သို့ = ကြက်ရဲတို့သည် မဆုတ်မဆိုင်းဘဲ ရှေ့သို့တိုးကာ ကြိုးစားသကဲ့သို့။ ('ကြက်ရဲသုတ်သို့' ဟုလည်း မူကွဲရှိသည်။)

၄၁။ ဥဇုဘူတ = ဖြောင့်မတ်သောအဖြစ်။

၄၂။ အက္ခရာ = စာရေးသားရာ၌အသုံးပြုသောဗျည်း၊ သရတို့၏ အမှတ်လက္ခဏာစာလုံး။

၄၃။ အဋ္ဌကထာ = ဘုရားဟောပါဠိတော်၏ အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုသောကျမ်း။

DBE BOX - Copyright Protected

## သင်ခန်းစာဆိုလိုရင်း

ပညာရေးနှင့်ပတ်သက်၍ စာသင်သားတို့ ကြိုးစားအားထုတ်မှုထက်သန်ပါက မည်သို့အကျိုးရှိမည်။ အားထုတ်မှုလျော့နည်းပါက မည်သို့အကျိုးယုတ်မည်ကို ရေးဖွဲ့ထားသည်။

### လေ့ကျင့်ခန်းမေးခွန်းများ

၁။ စာသင်သားလူငယ်တို့ ကြိုးစားအားထုတ်မှု ထက်သန်ပါက မည်သို့အကျိုးရှိမည်ဟု ရှင်မဟာရဋ္ဌသာရက ဆိုပါသနည်း။ ကြိုးစားအားထုတ်မှု လျော့နည်းပါက မည်သို့အကျိုးယုတ်မည်နည်း။

၂။ ပညာသင်ယူရာတွင် စာသင်သားလူငယ်တို့ နေ့စဉ်ဆောင်ရွက်ရမည့် သင်ယူရေးလုပ်ငန်းစဉ်ကို ရှင်းပြပါ။

၃။ ဤကဗျာတွင်ပါဝင်သော ဥပမာများကို ဖော်ပြပါ။ ဥပမာများက စာသင်သားများအတွက်မည်သို့ အကျိုးပြုသနည်း။

၄။ "သု၊ စိ၊ ပု" ဟူသော လေ့လာသင်ယူမှုနည်းစနစ်ကို သင်မည်သို့နားလည်သနည်း။

၅။ "ဘာ - ဘာသေယျ" ကျောင်းသားအချင်းချင်း ဆွေးနွေးပြောဆိုခြင်းသည် ပညာသင်ယူရာတွင် အထောက်အကူပြုသည်ဟု သင်ထင်မြင်ပါသလား။

DBE BOX - Copyright Protected

## ရာပြည့်အိုင်ချင်း

# နှမထွေး မယ်ကိုလိုလျှင်

### (ညောင်ရမ်းခေတ်)

'ချစ်တဲ့သူငယ်လေ' အစချီသော ဤကဗျာသည် ညောင်ရမ်းခေတ်စာဆို 'တောင်တွင်းရှင်ငြိမ်းမယ်' စပ်ဆိုခဲ့သည့် ကဗျာတစ်ပုဒ်ဖြစ်သည်။

အိုင်ချင်းသည် ပထမအင်းဝခေတ်ကပင် စတင်ပေါ်ပေါက်ခဲ့သော ကဗျာအမျိုးအစားဖြစ်သည်။ ညောင်ရမ်းခေတ်(ဒုတိယအင်းဝခေတ်)နှင့် ကုန်းဘောင်ခေတ်တို့တွင် ဆက်လက်ထွန်းကားခဲ့သည်။ ကြဲငှန်းသံကျမ်းသံမပါဘဲ ကျေးတောသံပါသည့် တေးကဗျာဖြစ်သည်။

အိုင်ချင်းများသည် ကျေးလက်ရိုးရာ တေးတစ်မျိုးဖြစ်၍ မူလသီဖွဲ့သူစာဆိုတို့၏ အမည်ကို အသိရနည်းသည်။ အိုင်ချင်းအချို့ကို "တောင်တွင်းရှင်ငြိမ်းမယ်" ဖွဲ့ဆိုကြောင်းသိရသော်လည်း ရှင်ငြိမ်းမယ်၏ အတ္ထုပ္ပတ္တိကိုမူ ပြည့်ပြည့်စုံစုံ မသိရသေးချေ။ လက်ဝဲသုန္ဒရနှင့် ကင်းဝန်မင်းကြီးကဲ့သို့သော ပညာရှိစာဆိုတို့သည်လည်း အိုင်ချင်းများရေးခဲ့ကြသေးသည်။

အိုင်ချင်းဆိုသည်မှာ အသံအိုင်အိုင် အသံမြိုင်မြိုင်ဖြင့် အများဝိုင်းဖွဲ့သီဆိုရသော တေးကဗျာတစ်မျိုးဖြစ်သည်။ အိုင်ချင်းတို့၏အစတွင် "ချစ်တဲ့သူငယ်လေ၊ သူငယ်ချင်းကောင်း ယောက်မတို့လေ. . ." ဟူသော အာလုပ်စကားဖြင့် အစချီလေ့ရှိသည်။ ရွှေဘိုမြောက်လက်တွင် အိုင်ချင်းကို "ကောက်စိုက်အိုင်" ဟူ၍လည်းကောင်း "ကောက်စိုက်မ အိုင်ချင်း"ဟူ၍လည်းကောင်း ခေါ်ရိုးရှိခဲ့သည်။

နန်းတွင်း၌ ရတု၊ တေးထပ်တို့ တွင်ကျယ်ခဲ့သည်။ ကျေးလက်၌ အိုင်ချင်း၊ အဲချင်းတို့ တွင်ကျယ်ခဲ့သည်။ ရတု၊ တေးထပ်တို့တွင် နန်းမူနန်းရာကို တွေ့နိုင်၏။ အိုင်ချင်း၊ အဲချင်းတို့တွင် တောမူ တောရာကို တွေ့နိုင်၏။

အောက်ပါအိုင်ချင်းသည် တောင်တွင်းရှင်ငြိမ်းမယ်၏ အိုင်ချင်းတစ်ပုဒ် ဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၁၀၀ ပြည့်လောက်ကပေါ်ခဲ့သော အိုင်ချင်းကဗျာမျိုးဖြစ်၍ "ရာပြည့်အိုင်" ဟု ခေါ်သည်။

DBE BOX Copyright Protected

## နှမထွေး မယ့်ကိုလိုလျှင်

ချစ်တဲ့သူငယ်လေ. . . .

သူငယ်ချင်းကောင်း ယောက်မတို့လေ။

နှမထွေး မယ်တို့အိမ်ကို

သိလိုချင်မူ

နတ်ခရိုင်နှင့်၊ ဈေးဆိုင်နှင့်

အိမ့်ရှေ့ကမူ၊ အုတ်ပလ္လင်နှင့်၊ ညောင်ပင်နှင့်

အိမ့်တောင်ကမူ၊ ကြက်သွန်ခင်းနှင့်၊ ရေတွင်းနှင့်

အိမ့်မြောက်ကမူ၊ စပါးလင်နှင့်၊ ဒန်းပင်နှင့်

အိမ့်နောက်ကမူ၊ မိဿလင်နှင့်၊ ချင်းပင်နှင့်

မိဿလင်နှင့်၊ ချင်းကိုလိုလျှင်

ဝါဆိုငယ်မှဝါဦး၊ မြေနူးနူးကို

တူးလှည့်ပါရှင်။

မိဿလင်နှင့် ချင်းကိုမလို

နှမထွေးမယ့်ကိုလိုလျှင်

တပေါင်းငယ်မှ တန်ခူး၊ ရွှေဖီဦးကို

ခူးလှည့်ပါရှင်။

အလို အပျိုဖြူ သူနှင့်ဆုံသည်

ဂုံချိုကုံးငယ်နှင့်

ဆောင်လုံးညီးလေး။

၁၇ ရာစု တောင်တွင်းရှင်ငြိမ်းမယ်

DBE BOA - Copyright Protected

**ခက်ဆစ်အဖွင့်**

၁။ ချင်း = (ဂျင်းဟုအသံထွက်သည်) ဟင်းချက်ရာ၊ ဆေးဖော်ရာတို့တွင် အသုံးဝင်သော အပင်ငယ်တစ်မျိုး။
၂။ ချစ်တဲ့သူငယ်လေ = ချစ်ခင်တဲ့သူရေ. . ဟု ခေါ်သော အာလုပ်စကား။
၃။ ဂုံချို = အရွက်ကို ဟင်းချက်စားရသော နွယ်ပင်တစ်မျိုး။ အပွင့်ဝါ စိမ်းစိမ်းရှိသည်။ (ဂုံခါးလည်းရှိသောကြောင့် ဤနေရာတွင် ဂုံချိုဟု ဆိုထားခြင်းဖြစ်သည်။)
၄။ ဂုံချိုကုံး = ဂုံချိုပန်းကုံး။
၅။ ဆောင်လုံးညီး = တစ်ဆောင်လုံးကို ထိန်လင်းစေသူ။ (မိန်းမပျိုကလေး၏အလှကို ချီးမွမ်းဖွဲ့ဆိုသောစကား)
၆။ ဒန်းပင် = အရွက်နှင့်အညွန့်ကို လက်သည်းခြေသည်းအနီဆိုးရာတွင် သုံးလေ့ရှိသော အပင်ငယ်၊ အပွင့်ရောင်စုံပွင့်သော ပန်းပင်ငယ်တစ်မျိုး။
၇။ နတ်ခရိုင် = နတ်စင်။
၈။ ယောက်မ = မိန်းမအချင်းချင်းရင်းနှီးချစ်ခင်သဖြင့်ခေါ်ဝေါ်သော အာလုပ်စကား။
၉။ ရွှေဖီဦး = တပေါင်း၊ တန်ခူးလတွင် ဦးစွာပွင့်တတ်သော သရဖီပန်း။
၁၀။ ဝါဦး = ဝါဝင်စအချိန်။
၁၁။ အုတ်ပလ္လင် = ညောင်ပင်ရင်းတွင်ပတ်၍ ပြုလုပ်ထားသော အုတ်ခုံမြင့်။

**သင်ခန်းစာဆိုလိုရင်း**

မိန်းမပျိုကလေးသည် မိမိကို မေတ္တာသက်ဝင်နေသူအား မိမိနေအိမ်ကို သိရှိအောင် ပတ်ဝန်းကျင်နှင့်တကွ သရုပ်ဖော်ပြပြီး စကားပရိယာယ်ဖြင့် ဖိတ်ခေါ်ပုံကို ရေးဖွဲ့ထားသည်။

**လေ့ကျင့်ခန်းမေးခွန်းများ**

၁။ မယ်ကလေးသည် မိမိ၏နေအိမ်ကို မည်သို့လမ်းညွှန်သနည်း။
၂။ မယ်ကလေးသည် မိမိကို မေတ္တာသက်ဝင်နေသူအား စကားပရိယာယ်ဖြင့် မည်သို့ ဖိတ်ခေါ်သနည်း။
၃။ အောက်ပါ အဖွဲ့နှစ်ရပ်ကို နှစ်သက်ဖွယ်ရေးပါ။
(က) ဝါဆိုငယ်မှဝါဦး၊ မြေနူးနူးကို တူးလှည့်ပါရှင်။
(ခ) တပေါင်းငယ်မှတန်ခူး၊ ရွှေဖီဦးကို ခူးလှည့်ပါရှင်။
၄။ နှမထွေး မယ့်ကိုလိုလျှင် ကဗျာကိုဖတ်ရှုပြီးနောက် မည်သည့်ရသကို မည်သို့ခံစားရသနည်း။
၅။ ညောင်ရမ်းခေတ်မိန်းမပျိုတို့၏ ချစ်ခြင်းမေတ္တာနှင့် ကိုယ်ကျင့်သိက္ခာကို သုံးသပ်တင်ပြပါ။

တျာချင်း

# ဝသန်ကာလ မိုးကျတည့်လျှင်
## (ညောင်ရမ်းခေတ်)

'ဝသန်ကာလ၊ မိုးကျတည့်လျှင်' အစချီသည့် ဤကဗျာသည် ညောင်ရမ်းခေတ်စာဆို 'ဝန်ကြီးပဒေသရာဇာ' စပ်ဆိုခဲ့သော ကဗျာတစ်ပုဒ်ဖြစ်သည်။

စာဆို 'ဝန်ကြီးပဒေသရာဇာ' (မြန်မာသက္ကရာဇ် ၁၀၄၅ ခုနှစ်ခန့် - ၁၁၁၆ ခုနှစ်) (ခရစ်နှစ် ၁၆၈၃ ခုနှစ်ခန့် - ၁၇၅၄ ခုနှစ်)သည် စနေမင်း၊ တနင်္ဂနွေမင်းတို့ထံတွင် စတင်၍မင်းမှုထမ်းခဲ့သည်။ မဟာဓမ္မရာဇာဓိပတိဘွဲ့ခံ ဟံသာဝတီရောက်မင်းလက်ထက်တွင် အထူးချီးမြှောက်ခံရသည်။ ဟံသာဝတီရောက်မင်းသည် ကိုယ်တိုင်ကပင် စာပေကျမ်းဂန် လေ့လာလိုက်စားသော စာဆိုတစ်ဦးဖြစ်သည့်အလျောက် စာဆိုဝန်ကြီးကို ကြည်ညိုယုံမှတ်သောအားဖြင့် 'ပဒေသရာဇာ'ဟူသောဘွဲ့ဖြင့် ချီးမြှင့်ကာ 'စာဆိုကြီး'ဟု လေးမြတ်စွာ ခေါ်ဆိုခဲ့သည်။ နတ်ရှင်နောင်ဘွဲ့၊ မြို့တွင်းနတ်ရှင်ဘွဲ့၊ မြို့တွင်းဘုရင်ဘွဲ့ စသော ဘွဲ့ထူးဂုဏ်ထူး အမျိုးမျိုးတို့ဖြင့်လည်း ချီးမြှင့်မြှောက်စားခဲ့သည်။ စာဆိုဝန်ကြီးသည် 'စာနုကိုလည်း မချစ်နှင့်၊ သူဇာကိုလည်း မပစ်နှင့်' ဟု ကျော်ကြားသော သူဇာပျို့နှင့်တကွ အခြားပျို့ ၁၃ စောင်တို့ကိုလည်းကောင်း ချေင်း၊ ရတု၊ လင်္ကာနှင့် သီချင်းများစွာတို့ကိုလည်းကောင်း ရေးခဲ့သည်။ နတ်သံအဲနှင့် ထံတျာတေရှင်ဟု လူသိများသော ပုစဉ်းတောင်သံကြိုးတို့ကိုလည်း ရေးခဲ့သည်။ အင်းဝပျက်၍ ဟံသာဝတီသို့ဘုရင်ပါတော်မူသောအခါ စာဆိုကြီးလည်းအတူပါခဲ့၍ သန်လျင်၌ ကွယ်လွန်ခဲ့သည်။

စာဆိုကြီးသည် လယ်သမား၊ ထန်းတက်သမား၊ လှေသမား၊ တောင်ပိုင်တက်၊ ဆင်ဖမ်းသမားဘွဲ့ တျာချင်းများကို ဖွဲ့ဆိုခဲ့သည်။

တျာချင်းဆိုသည်မှာ မြန်မာဂီတတွင် ထံ၊ တျာ၊ တေ၊ တျော စသော သံစဉ်များရှိရာ သာယာနာပျော်ဖွယ်ဖြစ်သော 'တျာ'သံဖြင့် သီဆိုရသော တေးကဗျာတစ်မျိုးဖြစ်သည်။ ပဒေသရာဇာ၏ တျာချင်းများတွင် အစုဝင်မင်းမှုထမ်းမဟုတ်သည့် ဆင်းရဲသားပြည်သူတို့၏ဘဝကို ရေးဖွဲ့ထားသည်ကို တွေ့နိုင်သည်။ ဤသို့ရေးဖွဲ့ရာတွင် ဆင်းရဲသားပြည်သူတို့ကို ကဲ့ရဲ့ခြင်း၊ ရှုတ်ချခြင်းအလျှင်းမပါ၊ သနားချစ်ခင်ခြင်း၊ ချီးကျူးဂုဏ်တင်ခြင်းတို့သာပါသည်။ ဝန်ကြီးပဒေသရာဇာ၏တျာချင်းများသည် မြန်မာစာပေတွင် တစ်မျိုးတစ်ဖုံ ဆန်းသစ်ခဲ့သည်။

DBE BOX - Copyright Protected

# ဝသန်ကာလ မိုးကျတည့်လျှင်

ဝသန်ကာလ၊ မိုးကျတည့်လျှင်
ပျော်ပျော်ပါးပါး၊ မယားနှင့်ဆွေငယ်လင်
လက်တွဲငယ်ခြေငင်၊ ကိုယ်တွင်အဝတ်
ပုဆိုးအင်္ကျီ စုတ်ပြဲပြီ
ချည်နီဖောင်းတွတ်တွတ်ကယ်နှင့်လေး။
မိုးရေစွတ်လို့၊ အဝတ်ကယ်မပါ
သားသမီးကို၊ ကိုယ်ထီးပွေ့လို့သာ
ဆေးတံတစ်ထွာ၊ ကိုက်ကာထွန်ရင်း
လယ်ကွက်ကယ်တစ်ခွင်၊ ထွန်ရေးငင်
ရေဝင်ပုစွန်တွင်းငယ်နှင့်လေး။
ဖားပေါင်စင်းငယ်၊ ခြင်းပလိုင်းဝယ်
ခရုပီလော၊ ရောနှော၍သာလွယ်
ဟင်းရွက်ကယ် နုနယ်၊ တစ်သွယ်ကန်စွန်း
ဆူးပုပ်ကယ် ကင်းပုံ၊ အလုံးစုံ
ဖူးငုံသာရော၍ ပြွမ်းသည်နှင့်လေး။
ချိုလည်းချိုလွန်း၊ ရည်ရွှမ်းများစွာ
ကြံဟင်း ကြွက်နားပေါင်း
သောင်းပြောင်းရော၍သာ
အိမ်သို့ရောက်ခါ၊ လျင်စွာချက်ပြုတ်
ထမင်းကပူ၊ ဟင်းကပူ
ရှူရှူသာ ရှမ်းရေတ်ကယ်နှင့်လေး။
အလုတ်ကယ်ရောသာ၊ ငံ့ကာလွေးတော့သည်။
သားမြေးငယ်မာချာ၊ ဘယ်ညာထွေးတော့သည်။

၁၇ရာစု ဝန်ကြီးပဒေသရာဇာ

DBE BOX- Copyright Protected

## ခက်ဆစ်အဖွင့်

၁။ ကိုယ်ထီး = တစ်ကိုယ်ထီးတည်း။
၂။ ကြံဟင်း = အရိုးသုံးမြောင့်ရှိသော နွယ်ပင်။
(အရိုး၊ အရွက်ကို ဟင်းချက်စားရသည်။)
၃။ ကြွက်နားပေါင်း = ဟင်းရွက်တစ်မျိုး။
၄။ ဆွေငယ်လင် = ခင်ပွန်း။ ယောက်ျား။
၅။ တွတ်တွတ် = အလွန်အမင်း နီရဲသော။
၆။ ပလိုင်း = ကြိမ်၊ နီးစသည်ဖြင့် ရက်လုပ်ထားသော လွယ်ရသည့် ထည့်စရာ ခြင်းတောင်းရှည်။
၇။ ပီလော = ချွဲကျိသော ဟင်းချိုရွက်တစ်မျိုး။
၈။ ပြွမ်း = အမျိုးမျိုး အထွေထွေ ရောနှောသည်။
၉။ ဖားပေါင်စင်း = ပေါင်တံသွယ်သော ဖားတစ်မျိုး။
၁၀။ ဗောင်း = ခေါင်းပေါင်း။
၁၁။ ရွှမ်း = အရည်များသော။
၁၂။ လွေး = အားရပါးရ စားသောက်သည်။
၁၃။ ဝသန် = မိုးအခါ။
၁၄။ သောင်းပြောင်း = အရောရော အနှောနှော။
၁၅။ အလုတ် = ထမင်းလုတ်။
၁၆။ ရော = အလွန်ကြီးမားသော။

DBE BOX - Copyright Protected

**သင်ခန်းစာဆိုလိုရင်း**

မိုးအခါ လယ်ထဲဆင်းကြသော လယ်သမားမိသားစု ဆင်းဆင်းရဲရဲဝတ်စားပုံ၊ စားသောက်ပုံ၊ လယ်လုပ်ငန်းခွင်ဝင်ပုံ၊ ဆင်းရဲသော်လည်း ပျော်ရွှင်ရောင့်ရဲစွာနေကြပုံကို ရေးဖွဲ့ထားသည်။

## လေ့ကျင့်ရန်မေးခွန်းများ

၁။ ဤကဗျာတွင်ပါဝင်သော ဟင်းလျာနှင့်အသီးအရွက်များကို ဖော်ပြပါ။
၂။ ညောင်ရမ်းခေတ် လယ်သမားမိသားစုတစ်စု၏ နေ့စဉ်ဘဝအပေါ် ကျေနပ်ရောင့်ရဲနိုင်ပုံကို ရေးသားပါ။
၃။ "အလုတ်ကယ်ရောသာ၊ ငံ့ကာလွေးတော့သည်။ သားမြေးငယ်မာချာ၊ ဘယ်ညာထွေးတော့သည်။" ဟူသည့် စာသားကို သင်မည်ကဲ့သို့ နားလည်သနည်း။ ရှင်းပြပါ။
၄။ ဝသန်ကာလမိုးကျတည့်လျှင်ကဗျာကိုဖတ်ပြီးနောက် မည်သည့်ရသကို မည်သို့ခံစားမိသနည်း။
၅။ တျာချင်းကဗျာ ရွတ်ဆို၊ နားထောင်ရခြင်းကို နှစ်သက်ပါသလား။ အဘယ်ကြောင့်နည်း။

**လေးဆစ်**

## လက်ဆောင်

### (ကုန်းဘောင်ခေတ်)

'မဝယ်ဘူး မယ်ခူးတဲ့ဖက်စို ' အစချီသည့် ဤကဗျာသည် ကုန်းဘောင်ခေတ်စာဆို 'မယ်ခွေ' စပ်ဆိုခဲ့သည့် ကဗျာတစ်ပုဒ်ဖြစ်သည်။

မယ်ခွေ (မြန်မာသက္ကရာဇ် ၁၁၅၀ ပြည့်နှစ်ခန့် - ၁၂၁၀ ခုနှစ်ခန့် )ကား ရတနာသိယ်မြို့နေ စစ်တောင်းဝန် ၏ သမီးနှစ်ယောက်အနက် အငယ်ဖြစ်သည်။ အရွယ်ရောက်သော် အမွေဝန်ဟောင်း မောင်စွက်နှင့် စုံဖက်၏။ မယ်ခွေ၏အစ်မမှာ မယ်ကေဖြစ်သည်။ မယ်ခွေသည် မြန်မာသက္ကရာဇ် ၁၁၄၃ ခုနှစ်တွင် နန်းတက်တော်မူသော ဘိုးတော်မင်းတရားလက်ထက် နန်းတွင်း၌ခစားထမ်းရွက်ကာ အမျိုးသမီးစာဆိုတော်ဟု ကျော်ကြားလာပေသည်။ ပညာရှင်အချို့တို့ မှတ်သားချက်အရမူ မယ်ခွေသည် သက္ကရာဇ် ၁၁၉၉ ခုနှစ်တွင် နန်းတက်တော်မူသော ကုန်းဘောင်မင်းတရားကြီးလက်ထက်တော်တိုင်အောင် ထင်ပေါ်ကျော်ကြားသူဖြစ်၏။ မယ်ခွေသည် ၁၂ လ၊ ၁၂ ရာသီလုံးကိုပင် အဲချင်းကဗျာဖြင့် ရေးဖွဲ့ခဲ့သည်ဖြစ်ရာ ရှေးကပေါ်ခဲ့ဖူးသော ဆယ့်နှစ်ရာသီဘွဲ့ရတု၊ ဆယ့်နှစ်ရာသီဘွဲ့လူးတားများနှင့် မတူ တစ်မူထူးခြားနေသည်။ ထိုဆယ့်နှစ်ရာသီအဲချင်းအပြင် ရှစ်ဆယ်ပေါ်အဲချင်းများ၊ တျာချင်းများ၊ ဒိုင်ချင်းများ၊ လေးဆစ်များ၊ ရတုများကိုလည်း ရေးသားခဲ့ပေသေးသည်။ အထူးသဖြင့် အဲချင်းများနှင့် ဒိုင်ချင်းများကြောင့် ထင်ရှားကျော်စောသည်။

DBE BOX - Copyright Protected

## လက်ဆောင်

မဝယ်ဘူး
မယ်ခူးတဲ့ဖက်စို။

မီးမကူ နေပူမှာ မကင်အားတာကြောင့်
ထားရတယ်အိပ်ရာအောက်မှာ
မင်း သောက်ဖို့ကို။

ညှာအနား
ရှေ့သွားနှင့်ကိုက်လို့တို
မချိုတောင့်လိပ်ဆေး။

ပိုးမကူ
ဝါချည်ဖြူ တစ်ပင်ရစ်ကယ်နှင့်
ငယ်ချစ်မောင် ရွှေဝသွားကို
ပါးလိုက်ကဲ့လေး။ ။

၁၉ ရာစု မယ်ခွေ

DRE BOX - Copyright Protected

**ခက်ဆစ်အဖွင့်**

၁။ ပါး = လက်ဆောင်ပေးသည်။
၂။ မကင်အား = မကင်ရက်။
၃။ မချိုတောင့် = မချိုစဖူး(ချိုသော)။
၄။ ရွှေဝ = အင်းဝရွှေမြို့တော်။

**သင်ခန်းစာဆိုလိုရင်း**

ချစ်သူမောင်သောက်ရန်အတွက် ကိုယ်တိုင်ပြုလုပ်သော ဆေးလိပ်တွင် မိန်းမပျိုလေး၏ ချစ်ခြင်းမေတ္တာများ ပါဝင်နေပုံကို ဖွဲ့ဆိုထားပါသည်။

## လေ့ကျင့်ခန်းမေးခွန်းများ

၁။ မိန်းမပျိုလေးသည် ချစ်သူအား ပေးမည့်လက်ဆောင်ကို မည်သို့ဖန်တီးပြုလုပ်ခဲ့သနည်း။

၂။ လက်ဆောင်ကဗျာတွင် တွေ့ရသော မိန်းမပျိုလေး၏ ချစ်သူမောင်အပေါ် ထားရှိသည့် စေတနာ မေတ္တာကို ချိုးကျူးရေးသားပါ။

၃။ "မီးမကူ နေပူမှာ မကင်အား"ဟူသော စကားကို သင်မည်သို့ နားလည်သနည်း။

၄။ လက်ဆောင်ကဗျာမှ မည်သည့်ရသများကို ခံစားရသနည်း။

၅။ လက်ဆောင်ကဗျာ၏အသံချိုသာမှုကိုနှစ်သက်ပါသလား။ သင့်ထင်မြင်ချက်ကိုရှင်းပြပါ။

DBE BOX - Copyright Protected

**ကောက်စိုက်ဗုံကြီးသံ**

## ဗုံတော်သား
### (ကုန်းဘောင်ခေတ်)

'မောင့်ဗုံသံ အစာကောင်းလို့' အစချီသော ဤကဗျာသည် ကုန်းဘောင်ခေတ်တွင် ပေါ်ပေါက်ခဲ့သည့် ကဗျာတစ်ပုဒ်ဖြစ်သည်။

ဗုံကြီးသံများသည် ကုန်းဘောင်ခေတ်ဦးလောက်ကစတင်၍ လယ်ကွင်းထဲတွင် ပေါ်ပေါက်ခဲ့ကြသည်။ ကုန်းဘောင်ခေတ်တစ်လျှောက်လုံး လယ်ကွင်းများတွင် ကောက်စိုက်ဗုံကြီးသံများ ပျံ့လွင့်ခဲ့သည်။ လယ်ကွင်းထဲက လယ်သမားများကိုယ်တိုင် သီကျူးခဲ့ကြသောတေးများဖြစ်သောကြောင့် ဗုံကြီးသံများသည် လယ်သမားများ၏ဘဝကို ထင်ဟပ်သည်။ ထို့ကြောင့် ဗုံကြီးသံများကို ပြည်သူ့တေးသံများအဖြစ် တန်ဖိုးထားကြသည်။

ဗုံကြီးသံများကို ဗုံကြီးအတီးနှင့်တွဲဖက်၍ သီဆိုကြသည်။ ဆိုသောအခါ တစ်ပုဒ်စီ၏အဆုံး၌ အများအားဖြင့် "လေ့"ထည့်၍ ဆိုလေ့ရှိသည်။ အဖွဲ့ပုံစံမှာ ဒွေးချိုး၊ လေးချိုးတို့နှင့် ဆင်ဆင်တူသည်။ တစ်လံလောက်ရှည်သော ဗုံကြီးနှစ်လုံးကို တီးသူတို့က တီးလျက် ဆိုကြကြသည်ကို ဗုံပွဲဟုခေါ်သည်။ ဗုံပွဲတွင် ဗုံကြီးကိုလွယ်၍ တီးသူအမျိုးသားနှစ်ယောက်၊ လင်းကွင်းတီးသူ အမျိုးသားတစ်ယောက်၊ ဆိုရင်းကသူ အမျိုးသမီးတစ်ယောက် အနည်းဆုံး လူလေးယောက် ပါဝင်သည်။ လင်းကွင်းတီးသူမှာ ဗုံမင်းသား (ဗုံသည်)ဖြစ်၍ လင်းကွင်းကို ကဟန်ကကွက်နှင့်တီးရင်း ဗုံမင်းသမီးနှင့် အပြန်အလှန် စောင်းချိတ်သီဆိုသည်။ အချို့ဗုံပွဲတွင် နှဲမှုတ်သူနှင့် ဝါးလက်ခုပ်တီးသူတို့ တိုးချဲ့ပါဝင်သည်။ ဝါးလက်ခုပ်တီးသူမှာ ဗုံမင်းသားကဟန်ကို တုပ၍ အပြောင်အပြက် ကပြသူဖြစ်သည်။

ဗုံကြီးသံကို အလှူမင်္ဂလာ ဘာသာရေးပွဲများတွင် တီးမှုတ်သီဆိုလေ့ရှိသည်။ ကောက်စိုက်ရာတွင်လည်း တီးမှုတ်သီဆိုကြသည်။ ကောက်စိုက်ဗုံကြီးသံတို့သည် ရှင်ဘုရင်၏ လယ်ထွန်မင်္ဂလာပွဲများတွင်လည်း တွင်ကျယ်ခဲ့သည်။

ယနေ့အခါတွင် ဗုံကြီးသံများကို ရွှေဘိုမြောက်လက် အချို့နေရာတို့၌ ကြားရဆဲဖြစ်သည်။

DBE BOX - Copyright Protected

# ဗုံတော်သား

မောင့်ဗုံသံ အစာကောင်းလို့
မောင်းသံလိုဟည်း
ချစ်ကြိုးသီတဲ့ ပင်ကိုလှရယ်
မင်းကြွခဲ့ဦး။
ဗုံပွဲကိုတဲ့ ရှုမယ်လာ
ကိုက်ဗျာဆံရှည်ပါလှတယ်
သားမျှားမေလား။
သားမျှားမအေ
တကယ်လေ ဗုံတော်သား
ရဲပါ့မလား။
ဗုံပွဲကိုတဲ့ ရှုလှည့်ပါ
ပြတင်းရယ် လေသာပေါက်က
မေးထောက်လို့မှာ။
မယ်မလာ လိပ်ပြာကို စေတဲ့လားကွယ်
ဘုန်းမယ့်ကိုယ်စား။
ချစ်ပါတဲ့ ကြိုက်ပါ
လူပျိုတွေ လယ်ကန်သင်းက
ပျင်းနေ့တိုင်းလာ။
မချစ်သာလို့ နေပါသေးတယ်
မကြိုက်သာလို့ နေပါသေးတယ်
နှမလေး ကိုယ်မအားတယ်
ရဲစားနဲ့လေး။
ရွှေနားတောင်းကိုလ
ဗုံခေါင်းလောက် ဝတ်စေ့မယ်။
ဗုံကြီးသည် လိမ်လည်လှည့်
နားချဲ့မိတယ်။

မေးပါနဲ့ဟယ်
ရွှေကိုကွယ် မဆိုထားနဲ့
ငွေကိုကွယ် မဆိုထားနဲ့
သူ့နားမှာ ရွှေပေရွက်ကို
ပေးရက်ကဲ့လား။
လုပ်ရတယ်တဲ့ ကိုင်ရတယ်
မောင်ကြီး ထွန်ကိုဖြုတ်လျှင်
ပျိုးနုတ်ရတယ်။
လုပ်ငန်းရယ်တဲ့ မတွင်သာ
နွားပြာပိန် ချိုလိမ်ကော့က
အားပျော့လို့ဗျာ။
ထမင်းက ညှံ့လိုက်တာ
မသေရုံ ချဉ်ပေါင်ဟင်း
တင်းမျိုရရှာ။
ထွာနံငယ် ခမောက်စုတ်နဲ့
လူလုပ်ကယ်တဲ့ ညှံ့လိုက်တာ
ဆိုးတဲ့ကံဟာ။
မိုးမရွာ မြေသာကွဲလို့
ခန္ဓနဲ့ ရေကိုတင်
ပန်းတဲ့ဖြစ်အင်။
ကောက်တီနဲ့ မယ်စော
ရောနှောလို့ ပျိုးထောင်
မိုးလေကခေါင်။
သည်ပျိုးရယ် ရေအောင်မှ
မယ်နဲ့မောင် အလှူပေးရမယ်
မိုးကူပါ့လေး။

၁၉ ရာစု အမည်မသိရေးစာဆို

DBE BOX - Copyright Protected

**ခက်ဆစ်အဖွင့်**

၁။ ကောက်တီ = တပေါင်းလအကုန်တွင် စိုက်ပျိုးရသော မုရင်းစပါးတစ်မျိုး။
၂။ ကိုက်ဗျာဆံ = နားရွက်နှစ်ဖက်နောက်သို့ သိမ်းစု၍ နားရွက်အောက်မှ ရှေ့သို့ပြန်၍ အဖျားကော့ထွက်ထားသော ဗျာပါဆံ၊ ဆံပင်စု။
၃။ ကိုယ်မအား = သက်ဆိုင်သူ ရှိပြီးသား။
၄။ ခန္တွဲ = လယ်ထဲသို့ ရေသွင်းရာတွင် အသုံးပြုရသော အရိုးရှည်တပ်ပက်ခွက်။
၅။ ချိုလိမ်ကော့ = ကော့လိမ်နေသော ဦးချိုရှိသည့်နွား။
၆။ ထွာနံ့ငယ် = တစ်ထွာခန့်ရှိသော နံငယ်ပိုင်း။
၇။ ထွန်ကိုဖြုတ် = ထွန်မှ နွားကိုဖြုတ်သည်၊ အလုပ်နားသည်။
၈။ ပျိုးထောင် = မျိုးစေ့ကို ပျိုးပင်အဖြစ်ရောက်အောင် စတင်စိုက်သည်။
၉။ ဗုံတော်သား = ဗုံသမား။
၁၀။ မယ်စော = ကောက်လတ်စပါးတစ်မျိုး။
၁၁။ ရဲစား = ရည်းစား။
၁၂။ ရွှေပေရွက် = နားပေါက်တွင် ပန်ဆင်ရသောပေရွက်လိပ်။
၁၃။ ရွှေဘိုမြောက်လက် = ရွှေဘိုခရိုင် မြောက်ဘက်အစွန်ရှိ ရွာကလေးများကိုခေါ်သောအမည်။
၁၄။ သားမျှားမအေ = သားများစွာတို့၏ မိခင်။
၁၅။ ဟည်း = မြည်ဟိန်းသည်။
၁၆။ အစာ = ပတ်စာ၊ ဗုံများအသံသာစေရန်နှင့် သံစဉ်ညီစေရန် ဗုံမျက်နှာပြင်တွင် ထပ်ပိုးကပ်ရသော ထမင်းနှင့် ပြာနု စသည် နယ်ထားသည့်အရာ။

**သင်ခန်းစာဆိုလိုရင်း**

ကုန်းဘောင်ခေတ် ကျေးလက်ရိုးရာ ဗုံပွဲကျင်းပရာတွင် ဗုံတော်သားနှင့် ကောက်စိုက်သမများ၏ အစောင်းအချိတ်၊ ဟာသများနှင့် ကျေးလက်နေလယ်သမားတို့၏ဘဝကို ထင်ဟပ်ပြကာ ကုန်းဘောင်ခေတ် လူမှုဆက်ဆံရေးကို ဖော်ပြထားသည်။

DBE BOX - Copyright Protected

**လေ့ကျင့်ရန်မေးခွန်းများ**

၁။ "မောင့်ဗုံသံအစာကောင်းလို့ မှ ပေးရက်ကဲ့လား" အထိ ပါဝင်သည့် အကြောင်းအရာ၏ ခေါင်းစဉ်ကို သင်မည်သို့ အမည်ပေးချင်သနည်း။ အဘယ်ကြောင့်နည်း။

၂။ "လုပ်ရတယ်တဲ့ ကိုင်ရတယ် မှ မိုးကူပ့်လေး" အထိ ပါဝင်သည့် အကြောင်းအရာ၏ ခေါင်းစဉ်ကို သင်မည်သို့ အမည်ပေးချင်သနည်း။ အဘယ်ကြောင့်နည်း။

၃။ ဗုံတော်သားကဗျာမှ လယ်သမားတို့၏ဆင်းရဲပင်ပန်းသောဘဝသရုပ်ကို ဖော်ထုတ်တင်ပြပါ။

၄။ လယ်သမားတို့သည် ဆင်းရဲသော်လည်း ဘဝမျှော်လင့်ချက်ထားရှိသေးပါသလား။ ကဗျာပါ မည်သည့်အထောက်အထားကို ကိုးကား၍ဖြေဆိုမည်နည်း။

၅။ ဗုံတော်သားကဗျာကိုဖတ်ပြီးမည်သို့ခံစားမိသနည်း။

DBE BOX - Copyright Protected

**အင်းလေးတိုက်တေး**

## အင်းလယ်ကရွှေကြာပန်း

### (ကုန်းဘောင်ခေတ်နှောင်းနှင့် ကိုလိုနီခေတ်ဦး)

"အင်းလယ်ကရွှေကြာပန်း" ကဗျာစုသည် မောင်တင်မြိုင် (အင်းလေး)စုဆောင်းသည့် "အင်းလေးတိုက်တေး ကဗျာများ" စာအုပ်မှ ရွေးချယ်ကောက်နုတ်ထားသော ကဗျာအချို့ဖြစ်ပါသည်။

အင်းလေးဒေသတွင် လူငယ်မောင်မယ်တို့သည် မျက်နှာချင်းဆိုင်၍ တေးကဗျာများကို အပြိုင်အဆိုင်ရွတ်ဆိုကြသော အစဉ်အလာရှိသည်။ ဤသို့ ရွတ်ဆိုကြသောတေးများကို "တိုက်တေး" သို့မဟုတ် "ချိုးတေး"ဟု ခေါ်သည်။ တိုက်တေးများကို တြိချိုး၊ လေးချိုးပုံစံများဖြင့်ပင် ဖွဲ့ဆိုလေ့ရှိကြသည်။ ဒုတိယကမ္ဘာစစ်ဖြစ်သောအခါတွင် ထိုဓလေ့ မှေးမှိန်သွားခဲ့သည်ဟု သိရသည်။

အင်းလေးတိုက်တေးတို့သည် ကျေးလက်ရိုးရာတေးများ ဖြစ်သည့်အလျောက် ရေးသူအမည် မထင်ရှား။ တေးတိုက်ပွဲတွင် ဉာဏ်ရွှင်သောမောင်မယ်တို့ အပြန်အလှန် လက်တန်းရွတ်ဆိုကြသော တေးများသာဖြစ်သည်။ ထိုတေးများကို အစဉ်အဆက် နှုတ်တက်ဆောင်ကာ လက်ဆင့်ကမ်းလာခဲ့ကြသည်။

အင်းလေးဒေသက မောင်မယ်တို့သည် ပင်ပန်းလှသော လယ်ယာလုပ်ငန်းတွင် တစ်မိုးတွင်းလုံး ကိုယ်ရောစိတ်ပါ နှစ်မြှုပ်လုပ်ကိုင်ခဲ့ကြရသမျှ လုပ်ငန်းသိမ်းသောအခါ တေးတိုက်ပွဲကို ပျော်ရွှင်စွာ ဆင်နွှဲကြသည်။ စပါးရိတ်သိမ်းပြီးချိန် သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် တိမ်မြူကင်းစင်၍ လရောင်ထွန်းလင်းသည့် အင်းလေးကန်ထဲတွင် ကြာပန်းများလည်း ဖွေးဖွေးလှုပ်အောင် ပွင့်နေကြသည်။ ဤအခါမျိုးတွင် အင်းလေးမောင်မယ်တို့သည် တစ်ရွာနှင့်တစ်ရွာ အချိန်းအချက်ပြု၍ တေးတိုက်ပွဲ ဆင်နွှဲကြသည်။ အထူးသဖြင့် ဘုရားပွဲတော်များတွင် တေးတိုက်ပွဲမပါလျှင် မပြီးချေ။

တေးတိုက်ပွဲ ဆင်နွှဲသောအခါ လုံမပျိုတို့က အိမ်ပေါ်မှာ နေရာယူကြသည်။ လုလင်ပျိုတို့က လှေပေါ်မှာ နေရာယူကြသည်။ ပွဲလာပရိသတ်သည် လသာသာ ကန်ရေပြင်ထက် လှေပေါ်က နားဆင်ကြသည်။ တေးတိုက်ပွဲကို ညလုံးပေါက်ဆင်နွှဲလေ့ရှိကြသည်။ အပြိုင်အဆိုင် ရွတ်ဆိုကြရာတွင် တုံ့ပြန်၍ တေးမချိုးနိုင်သောဘက်က ရှုံးရသည်။

DBE BOX, Copyright Protected

## အင်းလယ်ကရွှေကြာပန်း

မောင်။ ။ သည်မောင်ကို ရမလားလို့
တစ်ညများ တစ်ခါနှစ်ခါ
လိမ်းတဲ့နံ့သာ။
မောင်မလာ၊ နံ့သာတဲ့အရှုံး။
ပါးပေါ်မှာ နံ့သာစက်ကိုလ
(မကြီးရယ်) ညည်း ရှက်ပါအုံး။

မယ်။ ။ သည်မယ်ကို ရမလားလို့
အကျီများ တစ်ထေနှစ်ထေ။
လဲလှယ်လို့နေ။
လဲလို့သာနေ မယ့်ကိုလေ ရဘဲ။
ရွှေအင်းတိမ် ကန်တော်ပွဲမှာ
(မောင်ကြီးရယ်) တွေ့တွေ့ကဝဲ။

မောင်။ ။ အင်းလယ်မှာ ရွှေကြာပန်း
ကြာပန်းလေ နှစ်ပွင့်ဆိုင်။
ခူးမယ်လို့ကိုင်၊ မပိုင်တဲ့ မောင်က။
အင်းလယ်မှာ ရွှေကြာပန်း
(မကြီးရယ်) လှမ်းလို့မရ။

မယ်။ ။ ပန်ပါတဲ့ ပန်ပါ။
အရှေ့လေ တောင်ပေါ်ထိပ်
ပန်းရွှေလိပ်ပြာ။
ပန်ကြပါ၊ ရွှာသူမို့ရပ်သား။
ပန်းလိပ်ပြာ သည်တောင်ကုန်းမှာ
(မောင်ကြီးရယ်) ဖုန်းစိုက်လို့ထား။

၂၀ ရာစု အမည်မသိစာဆို

DBE BOX - Copyright Protected

**ခက်ဆစ်အဖွင့်**

၁။ တစ်ထေနှစ်ထေ = တစ်ထည်နှစ်ထည်။

၂။ ရွှေအင်းတိမ် = အင်းလေးဒေသရှိ အင်းတိမ်ရွာ။

**သင်ခန်းစာဆိုလိုရင်း**

အင်းလေးဒေသတွင် တေးတိုက်ပွဲ၌ မောင်မယ်တို့ တိုက်တေးဆိုကြပုံ၊ အပြန်အလှန် စောင်းချိတ်သီဆိုပုံ၊ ပျော်ရွှင်စရာကောင်းပုံ၊ ပွဲတော်ကျင်းပလေ့ရှိပုံတို့ကို ရေးဖွဲ့ထားသည်။

**လေ့ကျင့်ရန်မေးခွန်းများ**

၁။ အင်းလယ်ကရွှေကြာပန်းကဗျာတွင် မောင်က မည်သို့တေးတိုက်၍ မယ်ကမည်သို့ ချေပသနည်း။

၂။ အင်းလေးတိုက်တေးရွတ်ဆိုသူများ၏ ဖြတ်ထိုးဉာဏ်ရှိပုံကို "အင်းလယ်က ရွှေကြာပန်း" ကဗျာလာ အကိုးအကားများဖြင့်ရေးပါ။

၃။ "ပန်းလိပ်ပြာ သည်တောင်ကုန်းမှာ၊ (မောင်ကြီးရယ်) ဖုန်းစိုက်လို့ထား" ဟူသောစကား၏ အဓိပ္ပာယ်ကို သင်နားလည်သလို ရှင်းပြပါ။

၄။ အင်းလယ်ကရွှေကြာပန်းကဗျာကို ဖတ်ရှုနားထောင်ပြီးနောက် မည်သည့်ရသကို မည်သို့ခံစားရသနည်း။

၅။ အင်းလယ်က ရွှေကြာပန်းကဗျာမှ အင်းလေးဒေသ၏ တိုက်တေးယဉ်ကျေးမှုဓလေ့အကြောင်းကိုရှင်းပြပါ။

DBEBOX Copyright Protected

**လေးဆစ်**

# ပတ္တမြားရွှေဂူ
## (ကိုလိုနီခေတ်)

“ပြစ်မရှိ ပြစ်ရှာ”အစချီကဗျာသည် ကိုလိုနီခေတ်ရဟန်းစာဆို “မန်လည်ဆရာတော်” စပ်ဆိုခဲ့သော ကဗျာတစ်ပုဒ်ဖြစ်သည်။

မန်လည်ဆရာတော်၏ ငယ်မည်သည် မောင်မာဖြစ်၍ ဘွဲ့တော်မှာ ဦးဇဝနဖြစ်သည်။ “မာန်မလုပ်ချင်ဘု၊ မာန်လုပ်လျှင် လွယ်သည်သာပ၊ ငယ်မည်မှာ နကိုသတ်ရုံပဲ”ဟု ကိုယ်တော်တိုင်ရေးဖွဲ့ခဲ့ဖူးသည်။

မန်လည်ဆရာတော်ကို ကုန်းဘောင်ခေတ်နောက်ပိုင်း မြန်မာသက္ကရာဇ် ၁၂၀၃ ခုနှစ် (ခရစ်နှစ် ၁၈၄၂ ခုနှစ်) တွင် မန်လည်ရွာ၌ ဖွားမြင်ခဲ့သည်။ ဆရာတော်သည် ပိဋကတ်စာပေ၊ သက္ကတစာပေနှင့် ကဗျာလင်္ကာတို့ကို ကျွမ်းကျင်တတ်မြောက်သည်။ ကျမ်းပေါင်းများစွာ ပြုစုသည့်အတွက် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ရသည်။ မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် ဝါဆိုလ (ခရစ်နှစ် ၁၉၂၀ ပြည့်နှစ်)တွင် ပျံလွန်တော်မူသည်။

မန်လည်ဆရာတော်သည် လောကီလောကုတ္တရာ ဗဟုသုတစုံလင်လှသော မဟာသုတကာရီ မဃဒေဝလင်္ကာသစ်ကြီးကို ရေးဖွဲ့ခဲ့သည်။ ထို့ပြင် ကျမ်းဂန်အမျိုးမျိုး၊ အမေးအဖြေအမျိုးမျိုး၊ အဆုံးအဖြတ်အမျိုးမျိုးနှင့် တေးကဗျာအမျိုးမျိုးကို ရေးဖွဲ့ခဲ့သည်သာမက မင်္ဂလာရတု ပေါင်းချုပ်ကိုလည်း ရေးဖွဲ့ခဲ့သေးသည်။

ပတ္တမြားရွှေဂူကို ဝက်များက ညွန်လူးပွတ်တိုက်သော်လည်း မညစ်သည့်အပြင် ပိုမို၍ အရောင်ထွက်ကြောင်း ငါးရာ့ငါးဆယ်ဇာတ်တော်လာ ၂၈၅ ဇာတ်မြောက် မဏိသူကရဇာတ်ကို ယူ၍ “ပတ္တမြားရွှေဂူ” ကဗျာကို ဖွဲ့ဆိုထားခြင်းဖြစ်သည်။

## ပတ္တမြားရွှေဂူ

ဖြစ်မရှိ ဖြစ်ရှာ၊
လမင်းကို ခွေးဟောင်လို့
ရွှေလရောင် ပြောင်မပျက်တယ်
ထွန်းလျက်ပင်သာ။
မြရွှေဂူ ပတ္တမြားကိုလ
ဝက်များက ပြုစွစွာ
ညွှန်လူးကာ တိုက်နဲ့၊
ပွတ်လေလေ
ဂူရွှေမှာ အရောင်ထွက်တယ်
ရှေးကထက်ကဲ၊

၁၉ ရာစု မန်လည်ဆရာတော်

DBE BOX - Copyright Protected

**ခက်ဆစ်အဖွင့်**

၁။ ပြုစု = မလိုလား၊ မရှုဆိတ် မကြည်ဖြူဖြစ်သည်၊
၂။ ညွှန် = စိုစွတ်ပျော့အိသောရွှံ့။
၃။ တိုက်နဲ့ = ပွတ်တိုက်သောနည်းဖြင့်တိုက်နည်း။

### သင်ခန်းစာဆိုလိုရင်း

အပြစ်မရှိသူကို မည်မျှအပြစ်ရှာစေကာမူ ဂုဏ်သရေညှိုးမှိန်မသွားကြောင်းကို ဥပမာပေး၍ ရေးဖွဲ့ထားသည်၊

## လေ့ကျင့်ရန်မေးခွန်းများ

၁။ 'ပတ္တမြားရွှေဂူ'လေးဆစ်တွင် စာဆိုဖော်ပြထားသော ဥပမာနှစ်ရပ်ကို ပေါ်လွင်အောင်ဖော်ပြပါ။

၂။ အပြစ်မရှိ အပြစ်ရှာတတ်သူများနှင့် ဖြူစူတတ်သူများအကြောင်းကို စာဆိုသည် မည်သို့ပြစ်တင်ဝေဖန်ထားသနည်း။

၃။ ပတ္တမြားရွှေဂူကဗျာမှ ခွေးနှင့်ဝက်တို့တွင် မည်သူက ပိုမိုက်မဲသည်ဟု ထင်သနည်း။ အကြောင်းပြဖြေဆိုပါ။

၄။ "ပြစ်မရှိ ပြစ်ရှာ၊ လမင်းကို ခွေးဟောင်လို့၊ ရွှေလရောင် ပြောင်မပျက်တယ်၊ ထွန်းလျက်ပင်သာ။" ဟူသည့်စကားကို သင်မည်သို့ နားလည်သနည်း။

၅။ ကိုယ်တွေ့ သို့မဟုတ် စာတွေ့ကြုံဖူးသောမိုက်မဲမှုတစ်ခုအကြောင်းကို စိတ်ဝင်စားဖွယ် ရေးသားတင်ပြပါ။

DBE BOX - Copyright Protected

**လေးချိုး**

# လှိုင်းကလေးသင်

## (ကိုလိုနီခေတ်)

'လှိုင်းကလေးသင်' ကဗျာသည် ကိုလိုနီခေတ်စာဆို ဇော်ဂျီ၏ ကဗျာတစ်ပုဒ်ဖြစ်သည်။

ဆရာဇော်ဂျီသည် ၁၉၀၇ ခုနှစ်တွင် ဖွားမြင်သူဖြစ်သည်။ ဖျာပုံမြို့ ဇာတိဖြစ်သည်။ အမည်ရင်းမှာ ဦးသိန်းဟန်ဖြစ်သည်။ ငယ်စဉ်က ဖျာပုံအမျိုးသားအထက်တန်းကျောင်း၊ ရန်ကုန်မြို့မ အမျိုးသားအထက်တန်းကျောင်းတို့တွင် ပညာသင်ခဲ့ပြီး ရန်ကုန်တက္ကသိုလ်မှ မြန်မာစာမဟာဝိဇ္ဇာဘွဲ့နှင့် အင်္ဂလိပ်စာမဟာဝိဇ္ဇာဘွဲ့တို့ကိုရရှိခဲ့သည်။ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်မှူး၊ တက္ကသိုလ်များဗဟိုစာကြည့်တိုက်မှူးတာဝန်များကို နှစ်ပေါင်းများစွာ ထမ်းဆောင်ခဲ့သည်။ စာပေဆိုင်ရာ၊ ပညာရေးဆိုင်ရာ တာဝန်အမျိုးမျိုးကိုလည်း ထမ်းဆောင်ခဲ့သည်။ ကဗျာ၊ ဝတ္ထုတို၊ ပြဇာတ်၊ စာပေယဉ်ကျေးမှုဆိုင်ရာ ဆောင်းပါး၊ သုတေသနစာတမ်းစသည်ဖြင့် စာပေအမျိုးမျိုးရေးသားခဲ့သည်။ ခရစ်နှစ် ၁၉၉၀ ပြည့်နှစ်တွင် ကွယ်လွန်သည်။

ဆရာဇော်ဂျီသည် ခေတ်စမ်းစာပေလှုပ်ရှားမှုကို ဦးဆောင်သူ တစ်ဦးဖြစ်သည်။ ပိတောက်ရွှေဝါကဗျာများ၊ ဗေဒါလမ်းကဗျာများ၊ ဇော်ဂျီကဗျာပေါင်းချုပ်၊ ရှေးခေတ်ပုဂံကဗျာများနှင့် အခြားကဗျာများ၊ မဟာဆန်ချင်သူပြဇာတ်၊ သခင်ကိုယ်တော်မှိုင်းဋီကာ၊ သိန်းနှင့်ကျားဋီကာ၊ ပလေတိုနိဒါန်း၊ ရသစာပေအဖွင့်၊ ရသစာပေနိဒါန်း၊ မိုးကြယ်မို့လားနှင့် နိုဘယ်ဆုရဝတ္ထုတိုများ၊ လမ်းသစ်နှင့် အခြားဝတ္ထုတိုများ၊ နင်လားဟဲ့ချစ်ဒုက္ခနှင့် အခြားဝတ္ထုတိုများစသည့် စာအုပ်များသည် ဆရာဇော်ဂျီ၏ ထင်ရှားသော လက်ရာများဖြစ်သည်။

DBLBOX - Copyright Protected

## လှိုင်းကလေးသင်

ပြင်ကျယ်ကျယ် ပင်လယ်စခန်းဆီက. . .
သည်ကမ်းယံ စေတီဦးဆီသို့
ဖူးမြော်ရန် ရောက်လာရင်းပေလား
ဘော အိုအချင်း လှိုင်းကလေးသင်။
ကမ်းရောက်ပြန်တော့. . .
တဖြောက်မြည်သံကျူ၍
နဂိုမူ စွန့်ကာပစ်ပါလို့
မူသစ်တစ်ဆင်ခြယ်၍
ပြင်ကျယ်ကျယ် ပင်လယ်စခန်းဆီသို့
မြန်းကြွမည့်သွင်၊
ဘယ်ဒေသဆီက. . .
သင်ကြွကာ သည်ကိုလာ၍
ဘယ်နေရာ ဘယ်ဆိပ်ကမ်းဆီသို့
မြန်းမယ်လို့ သင်ဟန်ပြင်
ကြံချင်ဘူး သည်အရေး။
သို့ကတဲ. . .
စိတ်ထဲ ငါဆင်ခြင်ခဲ့
သင်လာစဉ် ပင်လယ်လမ်းမှာဖြင့်
မုန်တိုင်းလေ လှိုင်းရေကြမ်းသော်ကြောင့်
ပန်းခဲ့သူ စင်ရော်ငှက်ကိုလ
ကျောထက်ဝယ် ဆောင်ယူသယ်၍
ဖောင်သဖွယ် သင် ကူ မ တယ်လို့
တွေးဆကာ သည်အလွမ်းရယ်နဲ့
ဝမ်းမြောက်တယ်လေး ။ ။

၂၀ ရာစု ဇော်ဂျီ

DBE BOX - Copyright Protected

## ခက်ဆစ်အဖွင့်

၁။ ကမ်းယံ = ကမ်းနား။

၂။ ပန်း = ပင်ပန်းသည်။

၃။ ဘော အို အချင်း = အာလုပ်စကား။

၄။ မြန်း = သွားသည်။

၅။ ရောက်လာရင်းပေလော့ = ရောက်လာခြင်းပေလော့။

၆။ သို့ကတဲ = သို့သော်လည်း။

### သင်ခန်းစာဆိုလိုရင်း

လှိုင်းကလေးက စင်ရော်ကလေးကို ကျောပေါ်တွင်တင်ပြီး ဆောင်ယူကယ်ဆယ်သည့်အတွက် ချီးကျူးဖွယ်ကောင်းပုံကိုရေးဖွဲ့ကာ သူတစ်ပါးအကျိုးဆောင်ရွက်ခြင်း၏ဂုဏ်ကို ဖော်ထုတ်ထားသည်။

DBE BOX - Copyright Protected

## လေ့ကျင့်ရန်မေးခွန်းများ

၁။ လှိုင်းကလေးသင်ကဗျာ၏ ရည်ရွယ်ချက်ကို ရှင်းပြပါ။

၂။ လှိုင်းကလေး သွားလာလှုပ်ရှားနေပုံကို ရေးပြပါ။

၃။ လှိုင်းကလေးသင်ကဗျာတွင် 'သင်'ဟူသောစကားလုံးကို အကြိမ်ကြိမ်ထပ်သုံးထားသည်။ အဘယ်ကြောင့် ဤသို့သုံးထားသနည်း။

၄။ လှိုင်းကလေးသည် ဘယ်ကလာ၍ ဘယ်ကိုသွားမည်ဟု ကြံစည်ခြင်းထက် မည်သည်ကပို၍ အရေးကြီးသည်ဟု ကဗျာဆရာက ယူဆသနည်း။

၅။ "မုန်တိုင်းလေ လှိုင်းရေကြမ်းသော်ကြောင့်၊ ပန်းခဲ့သူ စင်ရော်ငှက်ကိုလ၊ ကျောထက်ဝယ် ဆောင်ယူသယ်၍၊ ဖောင်သဖွယ် သင် ကူ မ တယ်လို့၊ တွေးဆကာ သည်အလွမ်းရယ်နဲ့၊ ဝမ်းမြောက်တယ်လေး"ဟူသောအဖွဲ့၏ အဓိပ္ပာယ်ကို ရှင်းပြပါ။

**လေးချိုး**

# သပြေညို
## (ကိုလိုနီခေတ်)

“သပြေညို” ကဗျာသည် စာဆို “မင်းသုဝဏ်”၏ ကိုလိုနီခေတ် ကဗျာဖြစ်သည်။

ဆရာမင်းသုဝဏ်သည် ကဗျာများစွာကိုရေးဖွဲ့ခဲ့သည်။ ကဗျာရေးရာ၌ မေဃဝန်-ကွမ်းခြံကုန်းမြို့၊ စိန်ဂွမ်းပျော်-ကွမ်းခြံကုန်းမြို့၊ ကွမ်းခြံကုန်းတောင်စုအလွန်က မောင်သုဝဏ်၊ စန်းသော်တာ၊ ခင်သီဂီ (ဟံသာဝတီ)၊ သုဝဏ်၊ မောင်သုဝဏ်၊ ဦးဝန်၊ မင်းသုဝဏ်၊ တက္ကသိုလ်မင်းသုဝဏ် စသည့် ကလောင်အမည်များကိုသုံးခဲ့သည်။

ခေတ်စမ်းစာပေလှုပ်ရှားမှုတွင် ဦးဆောင်ပါဝင်သူတစ်ဦးဖြစ်သည်။ ကဗျာ၊ ပုံပြင်၊ ဝတ္ထုတို၊ ဆောင်းပါး၊ ဝေဖန်ရေးစာပေ စသည်ဖြင့် စာပေအမျိုးမျိုးရေးသားခဲ့သည်။ ကလေးကဗျာများကို အထူးအာရုံစိုက်၍ရေးဖွဲ့ခဲ့သည်။ ကလေးသူငယ်များ သဘာဝပတ်ဝန်းကျင်ကို ချစ်ခင်စိတ်၊ စူးစမ်းလေ့လာလိုစိတ်ဖြစ်ပေါ်စေရန် ငှက်အမျိုးပေါင်း ၃၀ ကျော်နှင့် စပ်လျဉ်းသည့် ကဗျာများစပ်ဆိုခဲ့သည်။ “မောင်ခွေးဖို့ကဗျာများ” စာအုပ်မှာ ထင်ရှားသည်။ သပြေညိုနှင့် အခြားကဗျာများ၊ ကဗျာရေးချင်စာစပ်သင်၊ ပျဉ်းမငုတ်တို၊ အင်းလျားကန်သို့ အိုကုတို့၊ မောင်ခွေးဖို့နှင့် မထွေးဖို့ကဗျာများ၊ မင်းသုဝဏ်ကဗျာပေါင်းချုပ်စသည့် ကဗျာစာအုပ်များကိုရေးသားခဲ့သည်။

ဆရာမင်းသုဝဏ်သည် သပြေညိုကဗျာကို ၁၉၃၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင်ရေးဖွဲ့ခဲ့သည်။ လေးချိုးကဗျာအမျိုးအစားဖြစ်သည်။ ထိုကဗျာကိုရေးဖွဲ့စဉ်က ဆရာမင်းသုဝဏ်သည် အင်္ဂလန်ပြည် အောက်စဖို့တက္ကသိုလ်၌ အရှေ့တိုင်းဘာသာစကားများနှင့် အထွေထွေဘာသာဗေဒကို သင်ယူနေခိုက်ဖြစ်သည်။ ခရစ္စမတ်ကျောင်းပိတ်၍ ဝေလပြည်မြောက်ပိုင်း ဟာဒင်ရွာရှိ စိန့်ဒိုင်းနီးယဲ စာကြည့်တိုက်သို့ သွားကာ စာကြည့်နေခိုက် ဖွဲ့ဆိုခြင်းဖြစ်သည်။ မင်းသုဝဏ်၏ကဗျာများတွင် လွတ်လပ်ရေးစိတ်ဓာတ်ကို လှုံ့ဆော်သောကဗျာများစွာကို တွေ့မြင်ရသည်။ ထိုကဗျာများအနက် “သပြေညို” ကဗျာမှာ အထူးထင်ရှားသည်။ ထိုကဗျာရေးဖွဲ့ပြီး ၁၀ နှစ်အကြာ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးရရှိခဲ့သည်။

DBE BOX - Copyright Protected

# သပြေညို

သူ့ခေါင်းမှာတဲ့ သပြေညို
ငါ့ခေါင်းမှာတဲ့ သပြေညို။
တို့မြေ(ပြည်)မှာ တို့မေ ကမ်းပါတဲ့
သပြေညို ရွှေဘိုပန်းဟာက
လန်းလျက်ပါကို။
ဘာမလျှော့လေနဲ့
လာတော့မကွဲ့ ရွှေပဟိုရ်
လေချိုက အသွေး။
လင်းကြက်အဆော်
ကွင်းထက်မှာ တူပျော်ပျော်နဲ့
စည်တော်ကို ရည်မျှော်မှန်းကာပ
ရောင်နီမှာ အောင်စည်ရွှမ်းရအောင်
သပြေညို ရွှေဘိုပန်းရယ်နဲ့
လှမ်းကြစို့လေး။

၂၀ရာစု မင်းသုဝဏ်

DBEBOX Copyright Protected

**ခက်ဆစ်အဖွင့်**

၁။ စည်တော် = ထီးသုံးနန်းသုံးစည်ကြီး။

၂။ ရွှေပဟိုရ် = မြန်မာဘုရင်လက်ထက်တွင် အချိန်နာရီအချက်ပေး တီးခတ်သည့်စည်ကြီး။

၃။ လင်းကြက်အဆော် = အရုဏ်တက်ချိန်တွင် တွန်သောကြက်ဖ၏တောင်ပံရိုက်ခတ်၍ကြွေးကြော်နေစဉ်။

၄။ အောင်စည်ရွှမ်း = အောင်စည်တီးသည်။

၅။ လေချို = လေပြည်လေညင်း။

၆။ အောင်စည် = အောင်မြင်သည့်အနေဖြင့် တီးသောစည်။

## သင်ခန်းစာဆိုလိုရင်း

ပြည်သူလူထုသည် သူ၊ ငါ အားလုံးစည်းရုံးတက်ကြွစွာ ဆက်လက်ဆောင်ရွက်ကြပါက လွတ်လပ်ရေးရရှိမည်၊ လွတ်လပ်ရေးရောင်နီလာခါနီးပြီ၊ လင်းကြက်တွန်သံကို ကြားနေရပြီဟု အားမာန်ပေးဖွဲ့ဆိုထားသည်။

## လေ့ကျင့်ရန်မေးခွန်းများ

၁။ သပြေညိုကဗျာသည် မည်သည့်အကြောင်းကို ရေးဖွဲ့ထားသည့်ကဗျာဖြစ်သနည်း။ ပြည့်စုံစွာ တင်ပြပါ။

၂။ ကဗျာတွင် "သပြေညို ရွှေဘိုပန်း"ဟူသည် မည်သည်ကို ရည်ရွယ်သနည်း။

၃။ "လာတော့မကွဲ့ရွှေပဟိုရ် လေချိုကအသွေး" အဖွဲ့၏ဆိုလိုရင်းကို ရှင်းလင်းရေးသားပါ။

၄။ သပြေညိုကဗျာသည် လွတ်လပ်ရေးတိုက်ပွဲဝင်သူများအတွက် အင်အားဖြစ်ခဲ့သည်ဟူသော အဆိုကိုဆွေးနွေးတင်ပြပါ။

၅။ သပြေညိုကဗျာကိုရေးခဲ့ပြီး ဆယ်နှစ်အကြာတွင် လွတ်လပ်ရေးရရှိခဲ့သည်။ ထိုတိုက်ဆိုင်မှုကို မည်သို့ထင်မြင်ယူဆမိသနည်း။ သင်၏အတွေးကိုဖော်ပြပါ။

DBE BOX - Copyright Protected

**လေးချိုး**

## အလွမ်းပြေစာတစ်စောင်

### (လွတ်လပ်ရေးခေတ်)

"အလွမ်းပြေစာတစ်စောင်" ကဗျာသည် လွတ်လပ်ရေးခေတ်စာဆို ဆရာတင်မိုး၏ ကဗျာတစ်ပုဒ် ဖြစ်သည်။

ဆရာတင်မိုးကို ၁၉၃၃ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်တွင် မြင်းခြံခရိုင်၊ တောင်သာမြို့နယ် ကန်မြဲကျေးရွာ၌ အဖဦးဘအိုနှင့် အမိဒေါ်စံထယ်တို့မှ မွေးဖွားခဲ့သည်။ အမည်ရင်းမှာ ဦးဘဂျမ်းဖြစ်သည်။

၁၉၅၇ ခုနှစ်တွင် တစ်နိုင်ငံလုံး မြန်မာစာရမှတ်အများဆုံးဖြင့် ဒသမတန်းအောင်မြင်ကာ ၁၉၅၈ ခုနှစ်တွင် မန္တလေးတက္ကသိုလ် တက်ရောက်သည်။ ၁၉၆၅ ခုနှစ်တွင် မန္တလေးတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ ရခဲ့သည်။ ၁၉၅၀ ပြည့်နှစ် သီတင်းကျွတ်အထူးထုတ် မန္တလေးမြို့ ဗဟိုစည်သတင်းစာတွင် ဝါကျွတ်သဘင် ကဗျာကို "ကန်မြဲသက်နှင်း" ကလောင်အမည်ဖြင့် ရေးဖွဲ့၍ စာပေလောကသို့ စတင်ခြေချသည်။ ၁၉၅၁ ခုနှစ်တွင် အထက်ဗမာနိုင်ငံ စာရေးဆရာအသင်း၏ စာဆိုတော်မဂ္ဂဇင်းတွင် "ကန်မြဲ နန်းမြင့်နွယ်" ကလောင်အမည်ဖြင့် "လယ်ထဲက တေးသံချို" ကဗျာကိုရေးစပ်သည်။ ၁၉၅၅-၅၈ ခုနှစ်တွင် ကိုရင်ဂျမ်း၊ စန်းရောင် ကလောင်အမည်ခွဲများဖြင့် ရေးသားသည်။ ၁၉၅၈ ခုနှစ် ဖေဖော်ဝါရီလထုတ် သွေးသောက်မဂ္ဂဇင်းတွင် "အခိုးခံရသော ကာရန်လေးများ" ကဗျာမှစ၍ တင်မိုး ကလောင်အမည်ကို ယူခဲ့သည်။

၁၉၆၃-၆၇ ခုနှစ်တွင် အထက်ဗမာနိုင်ငံစာရေးဆရာအသင်း အမှုဆောင်အဖြစ်တာဝန်ယူသည်။ ၁၉၆၅ ခုနှစ်တွင် မန္တလေးတက္ကသိုလ်က ဝိဇ္ဇာဘွဲ့ရရှိသည်။ ဖန်မီးအိမ်စာအုပ်တိုက်ကို တည်ထောင်သည်။ ၁၉၆၆-၆၇ ခုနှစ်တွင် လူထုသတင်းစာ ကဗျာကဏ္ဍအယ်ဒီတာအဖြစ်ဆောင်ရွက်သည်။

ဆရာတင်မိုးပြုစုခဲ့သော ကဗျာစာအုပ်များအနက် ဖန်မီးအိမ်ကဗျာများစာအုပ်ဖြင့် ၁၉၅၉ ခုနှစ်တွင် စာပေဗိမာန်ကဗျာဆု ရရှိခဲ့သည်။ ပိတောက်မှ သရဖီ ၁၉၆၉ခုနှစ် (အမျိုးသားစာပေဆု) ထီးကလေးနှင့်မနီ ကဗျာစာအုပ်ဖြင့် ၁၉၇၀ ပြည့်နှစ် အမျိုးသားစာပေဆု (ကလေးစာပေ)ရရှိခဲ့သည်။ ခွပ်ဒေါင်းအလံခေါ်ရာသို့ (၂၀၀၂)၊ သစ်ရွက်ကြွေကလေးပေါ်မှာ ရေးတဲ့မှတ်တမ်း (၂၀၀၄)၊ အညာလမ်းက တမာတန်း (၂၀၀၆) ကဗျာ စာအုပ်များကို ပြည်ပတွင် ထုတ်ဝေခဲ့ပြီး ကွယ်လွန်ချိန်အထိ ကဗျာများရေးခဲ့သူဖြစ်သည်။ ၂၀၀၄ ခုနှစ် အောက်တိုဘာလတွင် နယ်သာလန်နိုင်ငံမှ စာပေဆု ချီးမြှင့်ခြင်း ခံရသည်။

ဆရာတင်မိုးသည် ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်တွင် အမေရိကန်ပြည်ထောင်စု၊ ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်မြို့၌ ကွယ်လွန်ခဲ့ပါသည်။

DBE BOX - Copyright Protected

## အလွမ်းပြေစာတစ်စောင်

အလွမ်းပြေ အမေရေးတဲ့
ကောက်ကွေးကွေး အက္ခရာ။
ခဲတံကို တံတွေးဆွတ်လို့
ဖျက်ပွတ်ရာ အစုံစုံနဲ့
စာသတ်ပုံ မမှန်ကန်လဲ
အမေ့ဉာဏ် ဘယ်လိုကောင်းပါလိမ့်
ပျောင်းညွတ်သည့်စာ။
ဖိုးသာယာကျောင်းမှာတုန်းဆီက
သင်ပုန်းကုန်ကျွတ်အောင် မတတ်သော်လဲ
အမေ့မှာ စေတနာဓာတ်တွေက
ဖျတ်ခနဲ ယိုလို့လာ
လွမ်းစာတဲ့ဆောင်ပါး။
အမေ မရှိသော်လဲ
ဖြေမိ ဖြေစရာပေါ့
သည်လွမ်းစာ သည်လက်ရေးရယ်က
ပဲတီချဉ်သွယ်သွယ်ကွေးလိုပ
စီရေးပုံ မပြေပါလဲ
စေတနာအလွန်သန့်တာမို့
အမေ့စာတကယ်ခံ့တယ်
အံ့မိပါတကား။

၂၀ ရာစု    တင်မိုး

DBE BOX Copyright Protected

**ခက်ဆစ်အဖွင့်**

၁။ ဆောင်ပါး = ပစ္စည်းတစ်စုံတစ်ရာကို လူလွှတ်၍ဖြစ်စေ၊ လူကြုံအပ်၍ဖြစ်စေ ရပ်ဝေးသို့ ပေးပို့သည်။

၂။ ပျောင်းညွတ် = နူးညံ့သိမ်မွေ့သော။

၃။ သင်ပုန်းကုန် = သင်ပုန်းကြီးသင်ခန်းစာ ပြီးမြောက်သည်။

၄။ အက္ခရာ = စာရေးသားရာ၌ အသံကို ကိုယ်စားပြုသော အမှတ်သင်္ကေတ။

**သင်ခန်းစာဆိုလိုရင်း**

အမေ၏လက်ရေး မလှပသော်လည်း သတ်ပုံမမှန်ကန်သော်လည်း အမေ၏စေတနာ မေတ္တာတရားတို့ ကိန်းအောင်းနေသော စာကလေးတစ်စောင်မှ အမေ၏မေတ္တာတရားကို ခံစားရသည့်အကြောင်း ရေးဖွဲ့ထားသည်။

DRE BOX - Copyright Protected

**လေ့ကျင့်ခန်းမေးခွန်းများ**

၁။ အလွမ်းပြေစာတစ်စောင်ကဗျာမှ အမေ့အကြောင်းကို သရုပ်ဖော်ရေးသားပါ။

၂။ ကဗျာမှအမေ့စာသည်အဘယ်ကြောင့်လွမ်းစရာဖြစ်ရသနည်း။ ရှင်းပြပါ။

၃။ "သည်လွမ်းစာ သည်လက်ရေးရယ်က၊ ပဲတီချဉ် သွယ်သွယ်ကွေးလို့ပ၊ စီရေးပုံ မပြေပါလဲ၊ စေတနာ အလွန်သန့်တာမို့၊ အမေ့စာ တကယ်ခံ့တယ်၊ အံ့မိပါတကား" ဟူသည့် စာသားမှ မည်သည့် ခံစားမှုများကို ရရှိသနည်း။

၄။ အလွမ်းပြေစာတစ်စောင်ကဗျာကို ဖတ်ရှုနားထောင်ရသော ကဗျာအသံသည် လွမ်းစရာအကြောင်း အရာကို လွမ်းမိအောင် အထောက်အပံ့ပေးသည်ဟု ထင်ပါသလား။ နားလည်သလို ရှင်းပြပါ။

၅။ သင်ကိုယ်တိုင် အလွမ်းပြေစာတစ်စောင်ကို ရဖူးပါသလား။ အတွေ့အကြုံကိုရှင်းပြပါ။

# အပိုင်း - ၃

# အရေးသင်ခန်းစာ

## အခန်း - ၁

## စာအရေးအသားအခြေခံလမ်းညွှန်

စာရေးရာတွင် မှန်ကန်မှုသုံးရပ်သည် အခြေခံလိုအပ်ချက်များဖြစ်သည်။ စာလုံးပေါင်းသတ်ပုံမှန်ရမည်။ သဒ္ဒါအသုံးအနှုန်းမှန်ရမည်၊ ဝါကျဖွဲ့ထုံးမှန်ရမည်၊ မှန်ဖို့အတွက် အများလက်ခံထားသော စည်းကမ်းများရှိသည်၊ ထိုစည်းကမ်းများနှင့်အညီရေးမှ ရေးသူဆိုလိုသော အဓိပ္ပာယ်ကို ဖတ်သူက မှန်မှန်ကန်ကန် နားလည်မည်။

အရေးအသားမှန်ကန်ပြီဆိုလျှင် နောက်တစ်ဆင့်အနေနှင့် စာရေးသူ ဆိုလိုသော အဓိပ္ပာယ်ကို စာဖတ်သူ ရှင်းရှင်းလင်းလင်း နားလည်အောင်၊ စာဖတ်သူထံသို့ ချောချောမွေ့မွေ့ ပြေပြေပြစ်ပြစ် ရောက်အောင်၊ လိုရင်းကို အချိန်တိုတိုအတွင်း နားလည်အောင်၊ ရေးသည့်အကြောင်းအရာနှင့် လိုက်ဖက်ဆီလျော်အောင် ရေးသားနိုင်ရန်လိုအပ်သည်။ ရှင်းလင်းမှု၊ ပြေပြစ်မှု၊ ကျစ်လျစ်မှု၊ လိုက်ဖက်မှုတို့သည် စာအရေးအသားကောင်းရန် လက္ခဏာများ ဖြစ်ပါသည်။

သိကောင်းစရာများကို အချိန်နည်းနည်းနှင့် သိနိုင်ဖို့အတွက် အရေးအသား ကျစ်လျစ်ဖို့၊ တိုတိုနှင့် လိုရင်းရောက်ဖို့လည်း လိုအပ်ပါသည်။ ကွေ့ဝိုက်လှည့်ပတ်မနေဘဲ စကားလုံးအနည်းဆုံးနှင့် အဓိပ္ပာယ်အများဆုံးပါအောင် ရေးထားသော စာမျိုးကို ကျစ်လျစ်မှုရှိသည်ဟု ဆိုရပါမည်။

စာရေးသူ၏ ဆိုလိုချက်ကို အတိမ်းအစောင်းမရှိ တိတိကျကျ နားလည်ဖို့လည်း လိုပါသည်။ ကိန်းဂဏန်းများက အစ အလွန်သိမ်မွေ့သော အဓိပ္ပာယ်ကွာခြားချက်များအထိ တိတိကျကျရှိဖို့ဖြစ်ပါသည်။

စာရေးသူ၏ ဆိုလိုချက်သည် စာဖတ်သူထံ အထစ်အငေ့ါမရှိဘဲ ချောချောမွေ့မွေ့ ပြေပြေပြစ်ပြစ် ရောက်ဖို့လည်း လိုပါသည်။ ပြေပြစ်မှုသည် စာအရေးအသားအတွက် လိုအပ်ချက်တစ်ခုဖြစ်သည်။

ရေးသောအကြောင်းအရာနှင့် အလေးအပေါ့၊ အခံ့အသွက် လိုက်ဖက်ဖို့လည်း လိုအပ်ပါသည်။ လိုက်ဖက်မှလည်း အဆီအငေါ်တည့်သော စာဟုဆိုနိုင်ပါလိမ့်မည်။

မြန်မာစာကိုအသုံးချရာတွင် ယခုဖော်ပြခဲ့သည့်အတိုင်း အရေးအသားမှန်ကန်ဖို့၊ ရှင်းလင်းဖို့၊ ကျစ်လျစ်ဖို့၊ တိကျဖို့၊ ပြေပြစ်ဖို့၊ လိုက်ဖက်ဖို့အတွက် သတိပြုစရာများကို စူးစမ်းလေ့လာခြင်းဖြင့် ထိထိရောက်ရောက် အသုံးချနိုင်မည်ဖြစ်ပါသည်။

DBE BOX Copyright Protected

# သဒ္ဒါအသုံးအနှုန်းမှန်ကန်ခြင်း

မြန်မာစာကို စနစ်တကျရေးတတ်ပြီး မြန်မာစကားကို စနစ်တကျပြောတတ်ရန်မှာ သဒ္ဒါအထားအသို မှန်ကန်ရေးသည် အဓိကကျလှပါသည်။ အများအားဖြင့် မှားသုံးမိတတ်သည့် သဒ္ဒါစကားလုံးတို့မှာ "က နှင့် မှ" "ကို နှင့် အား"၊ "တို့၊ များ၊ တွေ"၊ "နှင့်၊ ဖြင့်"၊ "အနက်၊ တွင်"၊ "သည် နှင့် မှာ"၊ "ဖြစ်စေ--- ဖြစ်စေ၊ သို့မဟုတ်၊ သော်လည်းကောင်း ---သော်လည်းကောင်း"၊ "နည်းတူ၊ ကဲ့သို့" "စသော၊ ဟူသော"၊ "မျှ၊ မဆို"၊ "၍၊ လျက်၊ ကာ"စသည့် အသုံးအနှုန်းများဖြစ်ပါသည်။

## က နှင့် မှ

ကတ္တား(ပြုလုပ်သူ) ဖြစ်ကြောင်းပြသော "က" နေရာတွင် "မှ" ကို မှားသုံးလေ့ရှိကြပါသည်။ "ကျောင်းအုပ်ဆရာကြီးမှ မိန့်ခွန်းမြွက်ကြားပါတော့မည်"၊ "ပါမောက္ခမှ ဆုချီးမြှင့်ပါတော့မည်" ဟူသော အသုံးအနှုန်းမျိုးဖြစ်ပါသည်။ "ကျောင်းအုပ်ဆရာကြီးက၊ ပါမောက္ခက" ဟုသုံးမှ မှန်ပါလိမ့်မည်။ "မှ" သည် ထွက်ခွာရာပြသည့် စကားဖြစ်ပါသည်။ "ရန်ကုန်မှ မန္တလေးသို့သွားမည်၊ အိမ်မှထွက်လာသည်" ဟူ၍သုံးကြပါသည်။ "က" နေရာတွင် "မှ" ကိုသုံးသောအခါ အချို့နေရာတွင်အဓိပ္ပာယ် ဆန့်ကျင်ဘက် ဖြစ်သွားတတ်ပါသည်။

၁။ သမဝါယမအသင်းက လူသုံးကုန်များကို ဝယ်ယူသွားသည်။

၂။ သမဝါယမအသင်းမှ လူသုံးကုန်များကို ဝယ်ယူသွားသည်။

ဤဝါကျနှစ်ခုသည် အဓိပ္ပာယ် တောင်နှင့် မြောက် ဆန့်ကျင်ခြားနားသွားပါသည်။ ဝါကျ (၁) တွင် ပြုလုပ်သူကိုပြသော "က" ကိုသုံးသည့်အတွက် သမဝါယမအသင်းသည် လူသုံးကုန်ဝယ်ယူသည့် ဌာနဖြစ်ကြောင်း သိရပါသည်။ ဝါကျ (၂)တွင်မူ ထွက်ခွာရာပြသော "မှ" ကိုသုံးသည့်အတွက် သမဝါယမအသင်း၏ လူသုံးကုန်များကို အခြားဌာနတစ်ခုက ဝယ်ယူသွားသည့်သဘောဖြစ်သွားပါသည်။ ဝါကျ ၁ တွင် သမဝါယမအသင်းသည် ဝယ်သူဖြစ်၍ ဝါကျ ၂ တွင် သမဝါယမအသင်းသည် ရောင်းသူဖြစ်သွားပါသည်။

## ကို နှင့် အား

'ခွေးအားရိုက်သည်။'

'သူ့ကိုလက်ဆောင်ပေးသည်။'

ဟူသည့်ဝါကျများသည် သဒ္ဒါအသုံးမှားနေသည့် ဝါကျများဖြစ်ပါသည်။ 'ကို'သည် 'ကံ နောက်ဆက်' ဖြစ်၍ အပြုခံရသူ၊ အပြုခံရသည့်အရာကို ဖော်ပြရာ၌သုံးသည်။ 'အား'သည် လက်ခံပြနောက်ဆက်



DRE BOX Copyright Protected

ဖြစ်၍ လက်ခံသူကိုဖော်ပြရာ၌သုံးသည်။ ထို့ကြောင့်

'ခွေးကိုရိုက်သည်။'

'သူ့အားလက်ဆောင်ပေးသည်။'

ဟု ရေးရမည်ဖြစ်ပါသည်။ 'ကို' နှင့် 'အား' ကိုဝါကျတစ်ကြောင်းထဲ၌သုံးပါက

'နာရီကိုဆရာကြီးအားပေးသည်။'

ဟုရေးရမည်ဖြစ်သည်။ နာရီသည်အပေးခံရသည့်အရာဖြစ်၍ ဆရာကြီးသည် လက်ခံသူဖြစ်သည်။ ထိုဝါကျကို

'နာရီအားဆရာကြီးကိုပေးသည်။'

ဟုရေးလျှင်သဒ္ဒါအသုံးအနှုန်းမှားသည်။

**အနက် နှင့် တွင်**

မောင်မောင်သည် ကျောင်းသားများအနက်တွင် အတော်ဆုံးဖြစ်သည်။

ဟူသည့် ဝါကျသည် သဒ္ဒါအသုံးမှားနေသည့် ဝါကျဖြစ်ပါသည်။ " အနက်၊ တွင်" ဟူသည့် စကားလုံးများသည် အစုအပေါင်းမှ တစ်စိတ်တစ်ပိုင်းကို ခွဲထုတ်ပြသော စကားလုံးများ ဖြစ်ပါသည်။ ထို့ကြောင့် အစုအပေါင်းထဲမှ တစ်စိတ်တစ်ပိုင်းကို ခွဲထုတ်ပြလိုလျှင်"အနက်" သို့မဟုတ် "တွင်"ကို သုံး၍

မောင်မောင်သည် ကျောင်းသားများအနက် အတော်ဆုံးဖြစ်သည်။

မောင်မောင်သည် ကျောင်းသားများတွင် အတော်ဆုံးဖြစ်သည်။

ဟု ရေးရမည်ဖြစ်ပါသည်။ 'အနက် နှင့် တွင်" ကို တွဲ၍ "အနက်တွင်" ဟု မသုံးရချေ။

**သည် နှင့် မှာ**

မောင်မောင်မှာ စာတော်၍ မမသည် အားကစားထူးချွန်သည်။

ဟူသည့်ဝါကျမှာ သဒ္ဒါအသုံးမှားနေသည့် ဝါကျဖြစ်သည်။ ကတ္တားနောက်ဆက်များဖြစ်သည့် "သည်၊ မှာ" ဟူသည့်အသုံးကို နေရာတကျသုံးစွဲမှ သဒ္ဒါအထားအသို မှန်ကန်မည်ဖြစ်သည်။ ဝါကျတစ်ကြောင်းထဲတွင် "သည်နှင့်မှာ"ကို တစ်ပြိုင်နက် သုံးရမည်ဆိုပါက ရှေ့ကတ္တား၏ နောက်တွင်"သည်" လိုက်ပြီး၊ နောက်ကတ္တား၏ နောက်တွင် "မှာ" ကို သုံးကာ

မောင်မောင်သည် စာတော်၍ မမမှာ အားကစားထူးချွန်သည်။

ဟု ရေးရမည်ဖြစ်သည်။ "သည်" က သာမန်ကိုဖော်ပြ၍ "မှာ" က ရှေ့ကတ္တားနှင့် နောက် ကတ္တားကို ခွဲခြားဖော်ပြသောကြောင့်ဖြစ်သည်။

DBE BOX - Copyright Protected

**နည်းတူ နှင့် ကဲ့သို့**

"နည်းတူ၊ ကဲ့သို့" ဟူသည့်အသုံးသည် အငြင်းပြစကားလုံး "မ"မပါသော ကြိယာနှင့် တွဲသုံးလျှင် တူညီသည့်အနက်ဖြင့် သုံးခြင်းဖြစ်သည်။

**သာဓက–**

မောင်မောင်နည်းတူ ကျွန်တော် စားနိုင်သည်။

မမကဲ့သို့ ကျွန်မ စာတော်သည်။

**စသော နှင့် ဟူသော**

"စသော" ဟူသည့် စကားလုံးကို အချက်အလက်အားလုံးမဖော်ပြဘဲ အချို့ကိုသာ ဖော်ပြသည့်အခါတွင်သုံးသည်။

**သာဓက–**

ဆင်းရဲခြင်း၊ ချမ်းသာခြင်းစသော လောကဓံတရား ၈ ပါး

ဘုရား၊ တရား စသော ရတနာ ၃ ပါး

ဟူသည့် ဝါကျတို့တွင် လောကဓံတရား ၈ ပါးတို့မှာ ဆင်းရဲခြင်း၊ ချမ်းသာခြင်း၊ အခြွေရံနည်းခြင်း၊ အခြွေရံများခြင်း၊ လာဘ်ရခြင်း၊ လာဘ်မရခြင်း၊ ကျော်စောခြင်း၊ မကျော်စောခြင်း ဟူသည့် လောကဓံတရား ၈ ပါးကို အကုန်မဖော်ပြဘဲ အချို့ကိုသာ ဖော်ပြထားသဖြင့် "စသော" ဟူသည့် စကားလုံးနှင့် တွဲပေးရခြင်းဖြစ်သည်။

"ဟူသော" ဆိုသည့် စကားလုံးကိုမူ အချက်အလက် အပြည့်အစုံကို ဖော်ပြသည့် အခါတွင် သုံးသည်။

**သာဓက–**

ကြေး၊ ကြိုး၊ သားရေ လေ၊ လက်ခုပ် ဟူသော မြန်မာ့တူရိယာ ၅ ပါး ရှိသည်။

ဘုရား၊ တရား၊ သံဃာ ဟူသော ရတနာ ၃ ပါး။

ဟူသည့် ဝါကျတို့တွင် မြန်မာ့တူရိယာ ၅ ပါးတို့ကို အကုန်ဖော်ပြထားသဖြင့် "ဟူသော" စကားလုံးနှင့် တွဲပေးရခြင်းဖြစ်သည်။

**မျှ နှင့် မဆို**

"မည်သူ၊ မည်သည်" တို့၏နောက်တွင် "မျှ၊ မဆို" ကိုသုံးနိုင်သည်။ "မျှ" သည် တားမြစ်ခြင်းအနက်ဖြင့်သုံးသောစကားလုံးဖြစ်သည်။ ထို့ကြောင့် "မျှ" ကိုသုံးလျှင် ကြိယာ၏ရှေ့တွင် "မ" ဟူသည့်

DBE BOX Copyright Protected

အငြင်းပြစကားလုံး ထည့်ပေးရမည်။ “မဆို” သည် ခွင့်ပြုခြင်းအနက်ဖြင့်သုံးသော စကားလုံးဖြစ်သည်။ ထို့ကြောင့် “မဆို”ကိုသုံးလျှင် ကြိယာ၌ “မ” ဟူသည့် အငြင်းပြ စကားလုံး ထည့်စရာမလိုပေ။

**သာဓက (၁)**

မိသားစုထမင်းဝိုင်းတွင် လူကြီးမိဘများ မစားရသေးခင် မည်သူမျှမစားရ။

ဟူသည့် ဝါကျတွင် “မည်သူ” ၏နောက်တွင် “မျှ” ဟူသည့် စကားလုံးကို တွဲထားသဖြင့် ကြိယာ “စား” ၏ ရှေ့တွင် “မ”ဟူသည့် အငြင်းပြစကားလုံး ထည့်ပေးရမည်။

**သာဓက (၂)**

ဤပန်းဥယျာဉ်အတွင်းရှိ မည်သည့်ပန်းကိုမျှ ပိုင်ရှင်မသိဘဲ မခူးရ။

ဟူသည့်ဝါကျတွင် “မည်သည်”၏နောက်တွင် “မျှ” ဟူသည့် စကားလုံးကို တွဲထားသဖြင့် ကြိယာ “ခူး” ၏ ရှေ့တွင် “မ” ဟူသည့် အငြင်းပြစကားလုံးကို ထည့်ပေးရမည်။

**သာဓက (၃)**

မေမေဝယ်လာသည့်မုန့်ကို မည်သူမဆိုစားနိုင်သည်။

ဟူသည့်ဝါကျတွင် “မည်သူ” ၏နောက်တွင် “မဆို” ဟူသည့် စကားလုံးကို တွဲထားသဖြင့် ကြိယာ “စား” ၏ ရှေ့တွင် “မ” ဟူသည့် အငြင်းပြစကားလုံး ထည့်ရန်မလိုပေ။

**၍၊ လျက်၊ ကာ**

“၍”ဟူသည့် နောက်ဆက်ကို တစ်ခုပြီးတစ်ခုဆောင်ရွက်သည်ကိုပြရာ၌သုံးသည်။

**သာဓက−**

အိမ်စာလုပ်ပြီး၍ ကစားသည်။

ဟူသည့်ဝါကျတွင် အိမ်စာလုပ်ခြင်းသည် အလုပ်တစ်ခု၊ ကစားခြင်းသည် အလုပ်တစ်ခု ဖြစ်သည်။ အိမ်စာလုပ်ခြင်း အလုပ်ပြီးမှ ကစားသည့်အလုပ်ကို လုပ်သည်ဖြစ်ရာ ထိုအလုပ်နှစ်ခုကြားတွင် “၍” ကို ထားခြင်းဖြစ်သည်။

“လျက်၊ ကာ’ ဟူသည့်စကားလုံးတို့ကို တစ်ပြိုင်နက်ဆောင်ရွက်ကြောင်းပြရာ၌သုံးသည်။

**သာဓက−**

ရုပ်ရှင်ကြည့်လျက်ထမင်းစားနေသည်။

ရုပ်ရှင်ကြည့်ကာထမင်းစားနေသည်။

ဟူသည့်ဝါကျတွင် ထမင်းစားခြင်းသည် အလုပ်တစ်ခု၊ ရုပ်ရှင်ကြည့်ခြင်းသည် အလုပ်တစ်ခုဖြစ်သည်။

DBL BOX - Copyright Protected

ထမင်းစားခြင်းအလုပ်နှင့် ရုပ်ရှင်ကြည့်ခြင်းအလုပ်ကို တစ်ပြိုင်နက်လုပ်ခြင်းဖြစ်ရာ ထို အလုပ်နှစ်ခုကြားတွင် "လျက်၊ ကာ" ကို ထားခြင်းဖြစ်သည်။ "လျက်၊ ကာ" ၏ နေရာတွင် "၍" ကိုထား၍

ရုပ်ရှင်ကြည့်၍ ထမင်းစားနေသည်။

ဟု သုံးပါက အသုံးမှားဖြစ်ပါသည်။

**တို့၊ များ၊ တွေ**

အများပြနောက်ဆက် "တို့၊ များ၊ တွေ" ဟူသည့် စကားလုံးများကိုလည်း အသုံးမှန်အောင် သတိပြုရမည်ဖြစ်သည်။ "တို့" ဟူသည့် အများပြနောက်ဆက်ကို တစ်မျိုးတည်း သို့မဟုတ် နီးနွယ်ပတ်သက်နေသည့်အမျိုးအစားတို့ကို အကြွင်းအကျန်မရှိ တပေါင်းတစည်းတည်း ဖော်ပြလိုလျှင်သုံးရသည်။

**သာဓက–**

ငါတို့ မနက်ဖြန် ဘုရားသွားကြရအောင်။

"များ၊ တွေ" ဟူသည့် အများပြနောက်ဆက်များကိုမူ တစ်ခုမကများပြားသော အရေအတွက်ရှိသည့် အမျိုးအစားကို ဖော်ပြလိုသောအခါ အရေးတွင် "များ"ကိုသုံး၍ အပြောတွင် "တွေ"ကို သုံးရသည်။

**သာဓက–**

ပန်းများသည် ရနံ့သင်းပျံ့စွာ ဖူးပွင့်နေကြသည်။ (အရေး)

ခြံထဲမှာ ပန်းတွေ ပွင့်နေကြတယ်။ (အပြော)

"များ၊ တွေ" ကို ကိန်းဂဏန်းများ၊ နာမ်စားများ၊ တစ်ဦးဆိုင်နာမ်များနှင့် တွဲ၍မသုံးနိုင်ချေ။ တွဲသုံးပါက ပစ္စည်းနှင့် မှားယွင်းတတ်သည်။

**သာဓက–**

၆၈ များ၊ ၂ များ

ငါများ၊ နင်များ

ဧရာဝတီများ၊ ချင်းတွင်းမြစ်များ

စသည်တို့သည် သဒ္ဒါအသုံးမှားများဖြစ်သည်။

**ဖြစ်စေ--- ဖြစ်စေ၊ သော်လည်းကောင်း ---သော်လည်းကောင်း၊ သို့မဟုတ်**

တစ်ခုမဟုတ်တစ်ခု ပြုမှုဖြစ်ပျက်သည်ကို ပြလိုလျှင် "ဖြစ်စေ--- ဖြစ်စေ"၊ "သော်လည်းကောင်း ---သော်လည်းကောင်း"၊ "သို့မဟုတ်"တို့ကို တစ်ခုမဟုတ်တစ်ခု သုံးနိုင်ပါသည်။

DBE BOX - Copyright Protected

"ဖြစ်စေ"ကိုသုံးလျှင် "---ဖြစ်စေ---ဖြစ်စေ--------"၊ "သော်လည်းကောင်း" ကို သုံးလျှင် "-------- သော်လည်းကောင်း ---သော်လည်းကောင်း-----" နှစ်ခါသုံးရမည်ဖြစ်သည်။ "သို့မဟုတ်" ကိုသုံးလျှင်မူ " ------သို့မဟုတ်------"တစ်လုံးတည်းသာ သုံးရမည်ဖြစ်သည်။

**သာဓက–**

မောင်မောင် ဖြစ်စေ မမ ဖြစ်စေလာပါ။

မောင်မောင် သို့မဟုတ် မမ လာပါ။

မောင်မောင် သော်လည်းကောင်း၊ မမ သော်လည်းကောင်း လာပါ။

## လေ့ကျင့်ခန်း

၁။ အောက်ပါကွက်လပ်များတွင် ကို၊ အား အသုံးကို မှန်ကန်အောင်ဖြည့်ပါ။

(၁) မောင်ပုသည် အမဲရိုး----ပါပီ---ကျွေးသည်။

(၂) အဖေသည် ညှော်သည်များ----ဘုရားလိုက်ပို့သည်။

(၃) မေမေသည် ကျွန်တော် --- မွေးနေ့လက်ဆောင်ပေး၏။

(၄) ဆရာကြီးသည် အာဇာနည်နေ့အကြောင်း---ကျောင်းသားများ----ဟောပြောသည်။

(၅) သူရေးသည့်စာအုပ်များ---ကြိုက်သည်။

၂။ အောက်ပါဝါကျများကို မှားမှန်ရွေးပါ။ မှားနေသည့်ဝါကျများကို အမှန်ပြင်ရေးပါ။

(၁) မီးသတိပေးပိုစတာကြီးအား လမ်းထိပ်၌စိုက်ထူထားသည်။ (-----)

(၂) ပန်းမန်ပြပွဲကို မြေပဒေသာကျွန်း၌ ကျင်းပနေသည်။ (-----)

(၃) ဆရာဝန်သည် ဆေးအား လူနာကိုပေးသည်။ (-----)

(၄) လက်သမားသည်သစ်သားကို လွှဖြင့်ဖြတ်၏။ (-----)

(၅) လယ်သမားဦးကြီးများသည် သီးနှံတို့ကို မိုးရာသီတွင်စိုက်ပျိုးကြသည်။ (-----)

၃။ ဝိုက်ကွင်းတွင် ဖော်ပြထားသည့် အသုံးအနှုန်းနှစ်ခုအနက် မသင့်လျော်သည့် အသုံးကို ကြက်ခြေခတ်ပါ။

(၁) ကျောင်းအုပ်ဆရာကြီး (မှ၊ က) မိန့်ခွန်းစကား ပြောကြားပါမည်။

(၂) ဗျို့ ဦးနီ ဈေး (မှ၊ က) ပြန်လာပြီလားဗျ။

(၃) ဖခင် (မှ၊ က) သားအား မုန့်ဖိုးပေးသည်။

DBE BOX - Copyright Protected

(၄) မိတ္ထီလာကန်တော်အောက် (မှ၊ က) ဖားကောက်ခဲ့ပါ။

(၅) ကျွန်တော် အိမ် (မှ၊ က) ကျောင်းအထိ နေ့တိုင်းလမ်းလျှောက်သည်။

၄။ အောက်ပါဝါကျတို့၌ မည်သူမဆို၊ မည်သူမျှ ဟူသည့်စကားများကို ဆီလျော်အောင် ဖြည့်ပေးပါ။

(၁) ဤအပန်းဖြေရိပ်သာ၌------------နေနိုင်သည်။

(၂) စာသင်နေစဉ်----------စကားမပြောရ။

(၃) ရိုးသားဖြောင့်မတ်သူကို ----------သဘောကျသည်။

(၄) သူသိချင်သည့်အဖြေကို------မဖြေနိုင်ပါ။

(၅) ------အလှပတရားကို ခံစားတတ်ကြသည်။

၅။ အောက်ပါဝါကျများမှ စသော၊ ဟူသောအသုံး မှန်လျှင်(✔ ) မှားလျှင်(✘ )ခြစ်ပါ။

(၁) ကျွန်တော်တို့အိမ်မှာ နွားညို၊ နွားနီဟူသော နွားညီနောင်ရှိပါသည်။

(၂) နွေရာသီမှာ ကံ့ကော်၊ ငုဝါ၊ စိန်ပန်းစသော ပန်းများပွင့်ကြသည်။

(၃) ကျောင်းစာကြည့်တိုက်မှာ ပုံပြင်၊ ကဗျာ၊ ကာတွန်း၊ မဂ္ဂဇင်း ဟူသောစာအုပ်များကို ဖတ်ရှုနိုင်ပါသည်။

(၄) တပည့်များဟာ ညီညာထကြွ၊ ဆုံးမနာယူ၊ လာမှုကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်တွေးအံ့ရွတ် စသော တပည့်ဝတ် ၅ ပါးနဲ့အညီနေထိုင်သင့်ပါသည်။

(၅) မြန်မာ့သစ်တောများက ကျွန်း၊ ပျဉ်းကတိုး၊ သစ်ရာ၊ အင်ကြင်း စသော သစ်များထွက်သည်။

၆။ သဒ္ဒါအသုံးအနှုန်းအမှန်ရွေးပါ။

(၁) အနော်ရထာ၊ ကျန်စစ်သား၊ ဘုရင့်နောင်၊ အလောင်းဘုရား၊ ဗန္ဓုလ (ဟူသော၊ စသော) ကျောင်းကောင်စီအသင်း ၅ သင်းရှိပါသည်။

(၂) မိကျောင်း၊ လိပ်၊ ဖား (ဟူသော၊ စသော) အကောင်များသည် ကုန်းနေရေနေသတ္တဝါများဖြစ်သည်။

(၃) အိုးပုတ်၊ ချိုးရုပ်၊ ဖိုးဝရုပ် (ဟူသော၊ စသော) ကစားစရာများကို ဘုရားပွဲဈေးတန်းတွင် တွေ့နိုင်ပါသည်။

(၄) မြန်မာနိုင်ငံတွင် နွေ၊ မိုး၊ ဆောင်း (ဟူသော၊ စသော) ဥတု ၃ ပါးရှိသည်။

DRE BOX - Copyright Protected

(၅) ဧရာဝတီမြစ်၊ သံလွင်မြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ် (ဟူသော၊ စသော) မြစ်ကြီး ၄ စင်းသည် ကျွန်ုပ်တို့နိုင်ငံ၏ အဓိကမြစ်ကြီးများဖြစ်သည်။

၇။ အောက်ပါဝါကျတို့တွင် (၍၊ လျက်၊ ကာ) အသုံး မှန် မမှန်စစ်ဆေးပေးပါ။

(၁) အောင်အောင်သည်ဘောလုံးကို ခေါင်းနှင့်တိုက်ကာ ဂိုးသွင်းလိုက်သည်။

(၂) ဘကြီးဖြိုးသည် ပက်လက်ကုလားထိုင်ပေါ်တွင်ထိုင်ကာ စာဖတ်နေသည်။

(၃) မေမေသည် ကလေးကိုချီ၍လာနေသည်။

(၄) ကြောင်မကြီးသည် ကြောင်ကလေးများကိုချီလျက် ပြေးလာသည်။

(၅) ဖေဖေသည် ခြံရှင်းပြီး၍ ရေချိုးနေပါသည်။

DBE BOX - Copyright Protected

# စာလုံးပေါင်းသတ်ပုံမှန်ကန်ခြင်း

စာလုံးပေါင်းသတ်ပုံသည် စာပေအရေးအသားဆိုင်ရာ စည်းကမ်းတစ်ခုဖြစ်သည်။ စာရေးရာတွင် စာလုံးပေါင်းသတ်ပုံမှန်ကန်အောင်မရေးလျှင် အနက်အဓိပ္ပာယ်လွဲသွားတတ်သည်။ ထို့ကြောင့် မြန်မာစာ အရေးအသားမှန်ကန်ရေးသည် အခြေခံအချက်ဖြစ်သည်။

**မှားတတ်သော စာလုံးပေါင်းသတ်ပုံများ**

စာလုံးပေါင်းသတ်ပုံမှားရခြင်း၏ အဓိကအကြောင်းမှာ အသံတစ်သံအတွက် ဖော်ပြနိုင်သော စာလုံးပေါင်းမှာ နှစ်မျိုး၊ သုံးမျိုး ရှိနေခြင်းကြောင့်ဖြစ်သည်။ သာဓကအားဖြင့်ဆိုရသော် "ကျင်" ဟူသော အသံအတွက် စာလုံးပေါင်းမှာ "ကျင်၊ ကြင်၊ ကျဉ်၊ ကြဉ်" ဟူ၍ လေးမျိုး ရှိနေသောကြောင့်ဖြစ်ပါသည်။ မိမိလိုချင်သည့်အဓိပ္ပာယ်အတွက် မည်သည့်စာလုံးပေါင်းကို သုံးရမည်ဟုသိလျှင် စာလုံးပေါင်းသတ်ပုံမှားတော့မည်မဟုတ်ချေ။

**မှားတတ်သော ဗျည်းများ**

မှားတတ်သော ဗျည်းများတွင် "ဉ" နှင့် "ည"၊ "ဌ" နှင့် "ဋ္ဌ" တို့ပါဝင်သည်။

**"ဉ" နှင့် "ည"။** ။ "ဉ" နှင့် "ည"သည် မှားယွင်းရေးသားတတ်သောဗျည်းများဖြစ်သည်။ "ဉ" သည် ပါဠိစာလုံးဖြစ်သည်။ ပါဠိစာလုံးများကို မှားရေးတတ်ခြင်းမှာ ရင်းနှီးကျွမ်းဝင်မှု မရှိသည့်အတွက် မှားရေးခြင်းဖြစ်ဖို့များပါသည်။ "ဉ"(ညကလေး) သည် ပါဠိစကားလုံးဖြစ်သည်။ (ပါဠိတွင် "ဉ" နှစ်လုံးဆင့်လျှင် "ည" ဖြစ်သည်။) "ည" သည် မြန်မာစာလုံးဖြစ်သည်။ ထို့ကြောင့် ပညာ၊ ပုည ကိုရေးလျှင် ( ပဉ် + ဉာ + ပုဉ် + ဉ) ဟုဖတ်ရသည်။ ဉာဏ်ကို "ဉ"(ညကလေး) ဖြင့်သာရေးရသည်။

**"ဌ" နှင့် "ဋ္ဌ"။** ။ ပါဠိစာလုံးအတွက်သုံးသော ဌ နှစ်မျိုးသည်လည်း မှားတတ်သည်။ လည်ရစ်ပါသော ဋ္ဌ (ဋ္ဌဝမ်းဘဲ) သည် ဋ နှင့် ဌ ဆင့်ထားခြင်းဖြစ်သည်။ ထို့ကြောင့် အဋ္ဌမ ဟုရေးလျှင် (အဋ်+ဌမ) ဟုဖတ်ရသည်။ ပြဋ္ဌာန်းဟုရေးလျှင် (ပြဋ် + ဌာန်း) ဟုဖတ်ရသည်။ ဌာနကို ဋ္ဌာန ဟု လည်ရစ်ထည့်ရေးလျှင် စာလုံးပေါင်းမှားသည်။

**မှားတတ်သောအသတ်များ**

မှားတတ်သည့် အသတ်များမှာ " င သတ်(---င်)နှင့် ညကလေးသတ် (---ဉ်)" "တ သတ် (---တ်) နှင့် ပ သတ် (---ပ်)" တို့ ဖြစ်သည်။

DREBOX - Copyright Protected

### င သတ် နှင့် ညကလေးသတ်

"လက်ရွေးစင်" ကို" လက်ရွေးစဉ်"၊ "ဖိတ်စဉ်"ကို "ဖိတ်စင်"၊ " စပ်ဖျဉ်းဖျဉ်း" ကို "စပ်ဖျင်းဖျင်း"၊ "ညှဉ်းဆဲ"ကို "ညှင်းဆဲ" ဟု မှားလေ့ရှိသည်။ အနားကပ်လာသည်ကို "ချဉ်းကပ်" ဟု သုံးပြီး၊ အထဲသို့ ဝင်ရောက်သည်ကို "ချင်းနင်း" ဟု သုံးရသည်ဟု ယှဉ်တွဲမှတ်သားနိုင်ပါသည်။

### တ သတ် နှင့် ပ သတ်

"တ်" နှင့် "ပ်" သည် မှားယွင်းတတ်သော စာလုံးပေါင်းသတ်ပုံဖြစ်သည်။ "လခထုတ်မယ်။" တွင် "တ်" သုံးရသော်လည်း "မုန့်ကို ဖက်နှင့်ထုပ်ထားသည်" တွင် "ပ်" ကို အသုံးပြုရမည်ဖြစ်သည်။ အပြင်ကိုထုတ်လျှင် တသတ်"တ်"၊ အထဲကိုသွင်းလျှင် ပသတ်"ပ်"ဟု ခွဲခြားမှတ်သားနိုင်ပါသည်။

### ဆင်တူယိုးမှားစာလုံးပေါင်းသတ်ပုံများ

အသံမတူသော်လည်း အသံချင်းနီးစပ်ပြီး ဆင်တူယိုးမှားဖြစ်နေသော စာလုံးချင်းလည်း မှားတတ်သည်။

### "ပဲ နှင့် ဘဲ"

"ပဲနှင့်ဘဲ"သည်လည်း မှားယွင်းတတ်သောအသုံးများဖြစ်သည်။ လူပဲ၊ နတ်ပဲ၊ ဟုတ်တာပဲ အသုံးများတွင် "ပဲ" ကိုသုံးပြီး မသွားဘဲ၊ မလာဘဲ ဟူသောအသုံးများတွင် "ဘဲ" ကိုသုံးပါသည်။ မ-နှင့်တွဲလျှင် "ဘဲ"၊ မ-နှင့်မတွဲလျှင် ပဲဟု ခွဲခြားသတ်မှတ်နိုင်သည်။

### "ဖက်" နှင့် "ဘက်"

"ဖက်" နှင့် "ဘက်"သည် မှားယွင်းတတ်သော အသုံးများဖြစ်ပါသည်။ "ဖက်" ဟူသည့် အသုံးကို "စုံဖက်၊ လိုက်ဖက်၊ ယှဉ်ဖက်" ကဲ့သို့ ကြိယာအနက်၊ "ကူဖော်လောင်ဖက်၊ ကြင်ဖော် ကြင်ဖက်" ကဲ့သို့ အဖော်အဖက်၊ "လေးဖက်နာ၊ သုံးဖက်မြင်" ကဲ့သို့ ကိန်းဂဏန်းနှင့် တွဲလျှင် "ဖက်"ကို သုံးသည်။ "ဘက်"ကိုမူ အရပ်မျက်နှာနှင့်တွဲ၍"အရှေ့ဘက်၊ အနောက်ဘက်"၊ တည်နေရာနှင့်တွဲ၍ "ဈေးဘက်၊ အိမ်ဘက်"၊ အစ စကားလုံး "ဘက်စုံ၊ ဘက်ကန်"၊ အများ၊ သူ၊ ငါ၊ ယောကျ်ား၊ မိန်းမ ဟူလျှင် "သူ့ဘက်၊ ငါ့ဘက်" ဟု သုံးသည်။

### "ကာ" နှင့် "ခါ"

"ကာ"နှင့်"ခါ"သည် အရေးမတူသော်လည်း အသံထွက်တူသောကြောင့် မှားယွင်းတတ်သော အသုံးများဖြစ်သည်။ အချိန်အခါကို ဆိုလိုလျှင် "ခါ" ဟု သုံးရပြီး လျက်နှင့် အသုံးတူသော စကားဆက်

DRE BOX - Copyright Protected

ကိုမူ "ကာ" ဟုသုံးရသည်။ နံနက်ချိန်ခါ၊ နက်ဖြန်ခါ တို့၌ "ခါ" ဟုသုံးပြီး သွားကာလာကာတွင် "ကာ" ဟုသုံးရသည်။

**သာဓက-** မြန်မာ့အသံမှ နံနက်ချိန်ခါ တေးသံသာကဏ္ဍကို ကြိုက်နှစ်သက်ပါသည်။

ဆေးလိပ်သောက်ကာ စာဖတ်နေသည်။

### "မီ" နှင့် "မှီ"

"မီ" နှင့် "မှီ"သည် အသံထွက်တူသဖြင့် မှားယွင်းတတ်သော စာလုံးပေါင်းများဖြစ်သည်။ "မီ" ကား "မိ" နှင့်အတူတူပင်ဖြစ်သည်။ "မီ" ဟူသည်မှာ ထိမိ၊ ဆက်စပ်၊ ပေါင်းယှဉ်၊ ပူးတွဲ၊ ညီမျှ၊ ကိုက်ညီသည့်အနက်ဖြစ်ပါသည်။ သာဓက-လက်လှမ်းမီ၊ အချိန်မီ၊ စံချိန်မီ ဟုသုံး၍ အချိန်မတိုင်သေးခင် ဟူသည့် အနက်ဖြင့် "မကြာမီ၊ မစားမီ"စသည်ဖြင့် သုံးသည်။ "မှီ" ကိုမူ ယှဉ်ကပ် အားပြုခြင်း၊ အားကိုးအားထားပြုခြင်းအနက်တို့တွင် အသုံးပြုသည်။

**သာဓက-** မှီခို၊ မှီငြမ်း၊ မှီအုံး

### "ဖူး" နှင့် "ဘူး"

"ဖူး" နှင့် "ဘူး"သည် အသံထွက်တူသဖြင့် မှားတတ်သော စာလုံးပေါင်းများဖြစ်သည်။ "ဖူး" ကိုအမှန်တကယ် ကြုံတွေ့သိမြင် ခံစားဖြစ်ပျက်ခဲ့သည်တို့ကို ထင်ရှားစေလိုသောအခါတွင် "ဖူး"ကို သုံးသည်။

**သာဓက-** သူ့ကိုမြင်ဖူးသည်။ ရန်ကုန်ကိုသွားဖူးသည်။

"ဘူး" ကိုမူ ငြင်းပယ်ခြင်းအနက်ရှိသည့် "မ"နှင့် တွဲသုံးသည်။ အမှန်တကယ်ကြုံတွေ့သိမြင် ခံစားဖြစ်ပျက်ခဲ့ဖူးခြင်း မရှိကြောင်းကို ထင်ရှားအောင်ပြရာ၌ အသုံးပြုသည်။

**သာဓက-** သူ့ကိုမမြင်ဖူးဘူး။ ရန်ကုန်ကိုမသွားဖူးဘူး။

### အသံနှင့်အရေးရောထွေးသောစာလုံးပေါင်းအမှားများ

### တစ် နှင့် တ

"တစ်" ဟူသော အရေအတွက်အဓိပ္ပာယ်ဆောင်သည့် စာလုံးများကို တစ်ဟုရေးရန်ဖြစ်ပါသည်။ တစ်ကိုယ်တော်၊ တစ်ခါတစ်ခေါက်၊ တစ်ခုခု၊ တစ်ခြမ်း၊ လူတစ်စု၊ တစ်ပြိုင်တည်း၊ တစ်သီးပုဂ္ဂလ၊ တစ်ဆင့် စသည်တို့ဖြစ်သည်။ "တစ်" အဓိပ္ပာယ်မရလျှင်မူ "တ" ကိုသုံးရန်ဖြစ်သည်။ တကွ၊ တကွဲတပြား၊ တခြား၊ တငိုငို တရီရီ၊ တစေ့တစောင်း၊ တထစ်ချ၊ တပျော်တပါး စသည်တို့တွင် "တ" သည် ရှေ့ကဆက်သုံးရသည့် ရှေ့ဆက်စကားမျိုးဖြစ်ပါသည်။

MBEBOX - Copyright Protected

## နေ့လည် နှင့် နေ့လယ်

"နေ့လည် နှင့် နေ့လယ်"တွင် စာလုံးပေါင်းသတ်ပုံအမှန်မှာ "နေ့လယ်" ဖြစ်သည်။ နေ့တစ်နေ့၏ အလယ်ဟု အဓိပ္ပာယ်ရပါသည်။ "လည်" ကို လည်ပတ်သည့် အနက်ဖြင့်သုံးသည်။ "နှစ်ပတ်လည်နေ့" ဟူသည့်အသုံးမျိုးဖြစ်ပါသည်။

## ကို နှင့် ကိုယ်

"ကို" နှင့် "ကိုယ်"သည် အသံတူပြီး အရေးကွဲသည်ကို အကြောင်းပြုပြီး ဇဝေဇဝါ ဖြစ်တတ်သော စာလုံးပေါင်းမှာ "ကိုယ့်ကိုယ်ကိုယ်" ဟူသည့် စာလုံးပေါင်းဖြစ်သည်။ အခြားစကားလုံးများဖြင့် ယှဉ်ကြည့်နိုင်သည်။ "သူ့ကိုယ်သူ"၊ ငါ့ကိုယ်ငါ"၊ "မိမိကိုယ်မိမိ"စသည်တို့ဖြစ်သည်။ "သူ၊ ငါ၊ မိမိ" တို့နေရာ၌ "ကိုယ်"ဟူသည့် နာမ်စားကိုထည့်ကြည့်ပါက "ကိုယ့်ကိုယ်ကိုယ်" ဟူသည့်စကားသည် အမှန် ဖြစ်သည်။

မှားတတ်သောစာလုံးများကို မမှားအောင် စာလုံးပေါင်းကွဲသော အသံတူစာလုံးများ၊ အသံချင်း ဆင်တူယိုးမှားသည့် စကားလုံးများကို ယှဉ်တွဲကြည့်ခြင်းအားဖြင့် မှတ်မိနိုင်ပါသည်။

DBE BOX - Copyright Protected

## လေ့ကျင့်ခန်း

၁။ အောက်ပါစကားလုံးများတွင် "တစ်"နှင့် "တ"အသုံးမှန်ကိုရွေးပါ။

(၁) တကွ- တစ်ကွ
(၂) တခါတလေ- တစ်ခါတလေ
(၂) တစ်စေ့တစ်စောင်း- တစေ့တစောင်း
(၄) တစ်ထစ်ချ- တထစ်ချ
(၅) တစ်လုံးတစ်စည်း- တလုံးတစည်း
(၆) တကိုယ်ကောင်း- တစ်ကိုယ်ကောင်း
(၇) တခဲနက်- တစ်ခဲနက်
(၈) တခြမ်း- တစ်ခြမ်း
(၉) တပြိုင်နက်- တစ်ပြိုင်နက်
(၁၀) တစ်လျှောက်- တလျှောက်

၂။ အသံနှင့်အရေးရောထွေးတတ်သောစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံအမှန်ကို ရွေးပါ။

(၁) စနဲနာ- စနည်းနာ
(၂) မထုံတက်တေး- မထုံတက်သေး
(၃) သန်ဘက်ခါ- သဘက်ခါ
(၄) ကိုယ်စလှယ်- ကိုယ်စားလှယ်
(၅) ဇကောဇက- စကောစက
(၆) စားမာန်ခုတ်- စမန်ခုတ်
(၇) စိစစ်- စီစစ်
(၈) မြား- မျှား
(၉) ဆွဲလဲ- ဆည်းလည်း
(၁၀) ပြတင်းပေါက်- ပြူတင်းပေါက်

၃။ အသတ် အသုံးအမှန်ကိုရွေးပါ။

(၁) တိတ်ခွေ- တိပ်ခွေ (၂) ဥပုသ်- ဥပုဒ်
(၃) ပျက်သုန်း- ပျက်သုဉ်း (၄) ဆုလာဒ်- ဆုလာဘ်
(၅) လွင့်စဉ်- လွင့်စင် (၆) ခွဲစိပ်- ခွဲစိတ်
(၇) အခမ်းအနား- အခန်းအနား (၈) ထုတ်ဝေ- ထုပ်ဝေ
(၉) အမြင်ကပ်- အမြင်ကတ် (၁၀) ပုတ်သိုး- ပုပ်သိုး

၄။ ဟ ထိုး အသုံးအမှန်ကိုရွေးပါ။

(၁) လက်လှမ်းမီ- လက်လှမ်းမှီ (၂) လျှောက်ပတ်- လျောက်ပတ်
(၃) လျှင်မြန်- လျင်မြန် (၄) သွားလျှက်လာလျှက်- သွားလျက်လာလျက်
(၅) အလျှဉ်မှီ- အလျဉ်မီ (၆) မှင်အိုး- မင်အိုး
(၇) အမွေးအမျှင်- အမွေးအမှင် (၈) ကောက်နှုတ်- ကောက်နုတ်
(၉) မှူးမတ်- မှူးမတ် (၁၀) ထုတ်နှုတ်- ထုတ်နုတ်

၅။ စာလုံးပေါင်းအမှန်ရွေးပေးပါ။

(၁) ကျောင်းကို အချိန်(မီ၊ မှီ) ရောက်ချင်ပေမဲ့ ရထားချိန် မ(မီ၊ မှီ) လိုက်(ဖူး၊ ဘူး)။

(၂) ဟိုနားကတိုင်ကို(မီ၊ မှီ)ပြီးရပ်နေတာ (တ၊ တစ်)ခါက ဆိုး(ကာ၊ ခါ) မိုက်(ခါ၊ ကာ ) နေလာခဲ့တဲ့ လူမိုက်ကြီးပေါ့။ ကြီး(ခါ၊ ကာ)မှ နောင်တရပြီး လိမ္မာလာတာ၊ ခုတော့ အိမ်မှာကူဖော်လောင် (ဖက်၊ ဘက်) ရလာပါပြီ။

(၃) မကြာ(မီ၊ မှီ)ရုံတင်တော့မဲ့ ရုပ်ရှင်ကားမှာ (ထုတ်ဝေ၊ ထုပ်ဝေ)သူက မင်းသား ကိုယ်တိုင် (ပဲ၊ ဘဲ)။ (ခုနစ်၊ ခုနှစ်)ရက် (ခုနစ်၊ ခုနှစ်)လီ အောင်ပွဲခံခဲ့တဲ့စံချိန်(မီ၊ မှီ)ကား ဆိုပေမယ့် (မီ၊ မှီ) ငြိမ်းထားတဲ့ ဇာတ်ခန်းအချို့ ပါနေတယ်လို့(တထစ်ချ၊ တစ်ထစ်ချ) ပြောဆိုနေ (ကျ၊ ကြ)တယ်။

(၄) ထမင်း (စားနေတုံး၊ စားနေတုန်း)မှာ (ဝယ်နေကျ၊ ဝယ်နေကြ)ဖောက်သည်တွေ လာတော့ (ဖြည်းဖြည်း၊ ဖြေးဖြေး) စားလို့မရတော့(ဘူး၊ ဖူး)။ (မင်၊ မှင်)အိုးနဲ့ ငါး (မြား၊ မျှား)တံလာဝယ်တာ။ (မြား၊ မျှား)ပြထားတဲ့နေရာမှာ(ပဲ၊ ဘဲ) (မျှား၊ မြား) ကြဖို့ကို သတိပေးလိုက်ရတယ်။ (မသိလိုက်မသိဖာသာ၊ မသိလိုက်မသိဘာသာ) နေလိုက်ရင်ရပေမဲ့ (ဒဏ်၊ ဒါဏ်)ငွေဆောင် နေရမှာစိုးလို့ သတိပေးလိုက်တာပါ။

(၅) (တ၊ တစ်) ကယ်တမ်းပြောရရင် သူ့မွေးနေ့အတွက် အမှတ်(တစ်၊ တ)ရလက်ဆောင် (စိတ်၊ စိပ်) (ပတီး၊ ပုတီး) (တ၊ တစ်)ကုံးဝယ်ဖို့ စိတ်ကူး(ဖူး၊ ဘူး)တယ်။ ဒါပေမဲ့ မဝယ်ဖြစ် ခဲ့ပါ (ဖူး၊ ဘူး)။

DUE BOX - Copyright Protected

# ဝါကျဖွဲ့ထုံးမှန်ကန်ခြင်း

စကားပြေရေးရာတွင် ပထမဆုံး လုပ်ရသည့်အလုပ်မှာ ရေးလိုသည့်အကြောင်းကို ဝါကျဖွဲ့ရခြင်း ပင်ဖြစ်သည်။ အနည်းဆုံး မိမိဖော်ပြချင်သော အချက်တစ်ချက်ပြည့်စုံအောင် ဝါကျတစ်ခု မဖွဲ့မဖြစ် ဖွဲ့ရပါလိမ့်မည်။ ဝါကျတစ်ခုပြီးဆုံးမှ ဆိုလိုသည့်အချက်တစ်ချက် အဓိပ္ပာယ်ပြည့်စုံပါလိမ့်မည်။ ဝါကျဖွဲ့ရာ၌ စကားလုံးများကို ဘာသာစကားဖွဲ့ထုံး စည်းကမ်းနှင့်အညီ အစီစဉ်တကျဖွဲ့စည်းမှ ဝါကျတစ်ခု ဖြစ်လာမည်။

စကားလုံးများကို ထားချင်သလိုထား၍ ဝါကျမဖြစ်ပါ။

"ခွေး ကြောင် ကိုက်သည် ကို" က ဝါကျမဖြစ်ဘဲ "ကြောင်ကိုခွေး ကိုက်သည်" ဟု ရေးမှ ဝါကျဖြစ်ရခြင်းမှာ ထိုသဘောပင်ဖြစ်သည်။ ထို့ကြောင့် ဝါကျဖွဲ့ရာတွင် ပါဝင်သည့် စကားလုံး အစီအစဉ်သည် အလွန်အရေးပါ ပါသည်။

## ပုဒ်အထားအသို

ဝါကျအတွင်း ပုဒ်အထားအသိုပြောင်းလျှင် အဓိပ္ပာယ်လည်း ပြောင်းတတ်ပါသည်။ ပုဒ်အထား အသိုကြောင့် အဓိပ္ပာယ်နှစ်ခွထွက်ခြင်း၊ အဓိပ္ပာယ်ပြောင်းခြင်းတို့ဖြစ်ရသည်။ ထိုသို့ဖြစ်ရသည့် အဓိက အကြောင်းမှာ ဆိုင်ရာဆိုင်ရာပုဒ်စုနှင့် နီးနီးကပ်ကပ်မထားသည့်အတွက်ဖြစ်ပါသည်။

**၁။ နာမ်အထူးပြုကို သက်ဆိုင်ရာနာမ်နှင့် နီးနီးကပ်ကပ်ထားလျှင် အဓိပ္ပာယ်မရှုပ်နိုင်ပါ။**

"အေးချမ်းသော မြို့ကလေး၏ ဆင်ခြေဖုံးရပ်ကွက်" ဟုရေးလျှင် မြို့ကလေးအေးချမ်းသည်ဟု အဓိပ္ပာယ်ရပြီး "မြို့ကလေး၏အေးချမ်းသော ဆင်ခြေဖုံးရပ်ကွက်"ဟုရေးလျှင် ဆင်ခြေဖုံးရပ်ကွက် က အေးချမ်းသည်ဟု အဓိပ္ပာယ်ရလိမ့်မည်။

**၂။ ကြိယာအထူးပြုကို သက်ဆိုင်ရာကြိယာနှင့် နီးနီးကပ်ကပ်ထားလျှင် အဓိပ္ပာယ်မရှုပ်နိုင်ပါ။**

**သာဓက–** "စာသင်ခန်းထဲတွင် ရန်မဖြစ်ကြရန် ဆုံးမ၏" ဟုရေးလျှင် စာသင်ခန်းသည် ရန်မဖြစ်ရ မည့် နေရာဖြစ်ကြောင်းဖော်ပြရာရောက်ပြီး "ရန်မဖြစ်ကြရန် စာသင်ခန်းထဲတွင် ဆုံးမ၏။" ဟု ရေးလျှင် စာသင်ခန်းသည် ဆုံးမသည့်နေရာဖြစ်ကြောင်းဖော်ပြရာရောက်သည်။

**၃။ ကတ္တားနှင့် သက်ဆိုင်ရာကြိယာတို့ ဝေးနေလျှင် အဓိပ္ပာယ်ရှုပ်တတ်သည်။**

**သာဓက–** "လပြည့်ဝန်းစာပေတိုက်က ကလေးစာပေများကို ထုတ်ဝေရန် စီစဉ်လျက်ရှိသည်။"

ဟူသည့်ဝါကျသည် "လပြည့်ဝန်းစာပေတိုက်က ကလေးစာပေများကို ထုတ်ဝေရန် စီစဉ်နေသည်။" ဟု အဓိပ္ပာယ်ရနေပါသည်။ ထိုဝါကျ၌ လပြည့်ဝန်းစာပေတိုက်သည် ကတ္တားဖြစ်သည်။ ကတ္တားသည်

DBE BOX - Copyright Protected

သူနှင့်သက်ဆိုင်သည့် ကြိယာနှင့် နီးနီးကပ်ကပ်ရှိရမည် ဖြစ်သည်။ ကြိယာ၏ရှေ့၌မရှိဘဲ ကလေးစာပေဟူသည့် နာမ်ပုဒ်စုရှေ့၌ရှိနေသည့်အတွက် အဓိပ္ပာယ်လွဲချော်ကုန်ပါသည်။ ကတ္တားကို ကြိယာ၏ရှေ့၌ထား၍ "ကလေးစာပေများကို ထုတ်ဝေရန် လပြည့်ဝန်းစာပေတိုက်က စီစဉ်လျက်ရှိသည်။" ဟု ရေးသားမှ ဆိုလိုချင်သည့် အဓိပ္ပာယ်သို့ ရောက်မည်ဖြစ်သည်။

**၄။ ကံနှင့် ကြိယာတို့ဝေးနေလျှင်လည်း အဓိပ္ပာယ်ရှုပ်ထွေးပါသည်။**

**သာဓက–**

"ဆိုင်မှ ပစ္စည်းများ ပျောက်ဆုံးသွားသည့်အတွက် ဆိုင်မန်နေဂျာကို အရေးယူရန်တိုင်ကြားသည်။" ဟူသော ဝါကျတွင် မန်နေဂျာသည် အရေးယူခံရမည့်သူ ဖြစ်သွားရခြင်းမှာ "ဆိုင်မန်နေဂျာကို" ဟူသော ကံနှင့် "အရေးယူရန်" ဟူသောကြိယာတို့ ကပ်နေသောကြောင့် ဖြစ်ပါသည်။ မန်နေဂျာမှာ အရေးယူခံရမည့်သူမဟုတ်ဘဲ ဆိုင်ဝန်ထမ်းကို အရေးယူရန်တိုင်ကြားခံရမည့် ပုဂ္ဂိုလ်သာဖြစ်သည် ဆိုလျှင်မူ "ဆိုင်မန်နေဂျာကို" ဟူသောကံကို "တိုင်ကြားသည်" ဟူသော ကြိယာနှင့် ကပ်ထားရပါမည်။ ကံကို သက်ဆိုင်ရာကြိယာနှင့် နီးနီးကပ်ကပ်ထား၍ "ဆိုင်မှပစ္စည်းများ ပျောက်ဆုံးသွားသည့်အတွက် အရေးယူရန် ဆိုင်မန်နေဂျာကိုတိုင်ကြားသည်။" ဟုရေးမှ ဆိုလိုချင်သည့် အဓိပ္ပာယ်ရောက်မည်ဖြစ်သည်။

DBE BOX - Copyright Protected

## လေ့ကျင့်ခန်း

၁။ အောက်ပါဝါကျအသီးသီးရှိ ကတ္တားကို အထားအသို အစီအစဉ် သင့်အောင်ပြင်ဖွဲ့ပါ။

(၁) ဖိုးသာအောင်က တွေ့ရာကို ချိုဖြင့် လိုက်လံခတ်ကာ ရွာသားများကို အနှောင့်အယှက်ပေးနေသောကျွဲရိုင်းကို ဖမ်းဆီးလိုက်သည်။

(၂) ဆရာဝန်ကြီးများက ဆေးလိပ်ကို အလွန်အကျွံသောက်၍ အဆုတ်ရောဂါဖြစ်ကြသဖြင့် ဆေးလိပ်ကို မသောက်ကြရန် တားမြစ်ကြသည်။

(၃) ဒိုင်လူကြီးများက ကြမ်းတမ်းစွာကစားသည့်အပြင် ပြိုင်ဘက်ကစားသမားများကို ရန်စတတ်သော ဘောလုံးသမားဖိုးတုတ်ကို ပြင်းထန်စွာ သတိပေးလိုက်သည်။

၂။ အောက်ပါဝါကျအသီးသီးရှိ နာမ်အထူးပြုပုဒ်များနှင့် ကြိယာအထူးပြုပုဒ်များ၏ အထားအသို အစီအစဉ် သင့်အောင်ပြင်ဖွဲ့ပေးပါ။

(၁) ကျွန်တော်သည် မော်လမြိုင်ကဆရာကို ဒူးရင်းသီးဖြင့် ကန်တော့သည်။

(၂) မလှသည်မမြအား ယမန်နှစ်က သဇင်ပန်းများကို လက်ဆောင်အဖြစ်ပေးသည်။

(၃) မမသည် အပ်ချည်နှင့် ခရေပွင့်များကို သီသည်။

(၄) ၁၀ ကြိမ်မြောက် ရပ်ကွက်လူငယ်များစာကြည့်တိုက်၏ စာပေဟောပြောပွဲကို ယခုနှစ်တွင် ကျင်းပမည်။

(၅) ကျွန်တော်သည် သစ်ပင်ပေါ်က လယ်ကွင်းများကို လှမ်းမြင်ရသည်။

၃။ အောက်ပါဝါကျများကို အထားအသိုမှန်ကန်အောင်စီစဉ်ပါ။

(၁) ဆရာကြီးက ကျောင်းမှန်မှန်မတက်သည့်အတွက် ကျောင်းသားများကျောင်းကိုမှန်မှန်တက်ကြရန် သတိပေးသည်။

(၂) ဖေဖေက ချော်လဲ၍ ခြေထောက်နာနေသဖြင့် ငိုနေသောဖိုးဇော်ကို အငိုတိတ်အောင် ချော့နေသည်။

(၃) ပုံပြင်အလွန်ကြိုက်သော မေမေက မောင်လေးကို ပုံပြင်ပြော၍သိပ်နေသည်။

(၄) အေးချမ်းလှသော ကျွန်တော့်ကိုကိုသည် မေမြို့တွင်နေထိုင်သည်။

(၅) အသက် ၁၀၀ ကျော်ပြီဖြစ်သော ဖေဖေသည် ဘွားဘွား၏ အချစ်ဆုံးသားဖြစ်သည်။

၄။ အောက်ပါဝါကျများကို မည်သည့်ပုဒ်အထားအသိုများကြောင်းဖော်ပြ၍ ပုဒ်အထားအသိုမှန်အောင် ပြန်စဉ်၍ ရေးသားပါ။

(၁) မေမေသည် အိပ်ခန်းထဲတွင် ရန်မဖြစ်ရန် သားသမီးများကို ဆုံးမသည်။

(၂) လှပသော မမ၏အရုပ်လေးမှာ သူ၏ဖေဖေက မွေးနေ့လက်ဆောင်အဖြစ် ပေးထားခြင်း ဖြစ်သည်။

(၃) အိမ်စာမပြီးသေးသောကြောင့် စိုးရိမ်နေသော မေမေသည် မောင်လေးကို အိမ်စာကူလုပ်ပေးမည့်အကြောင်း နှစ်သိမ့်နေသည်။

(၄) လှပသော ဆရာကြီးမှာ သမီးတစ်ယောက်ရှိသည်။

(၅) ညီလေးသည် ခြင်းထဲမှ အစ်ကိုကြီးအား အဝတ်များကို ကူသိမ်းပေးနေသည်။

၅။ ပေးထားသည့်ပုဒ်စုများကို အထားအသိုမှန်သည့် ဝါကျတစ်ကြောင်းဖြစ်အောင်စဉ်ပါ။

(၁) ခူးသည် ကြာပန်းကို လှေပေါ်က

(၂) ဆုံးမသည် လိမ်မပြောရန် တပည့်များကို စာသင်ခန်းတွင် ဆရာက

(၃) တပည့်ကို ချစ်သည် လိမ္မာသော ဆရာသည်

(၄) အိမ်ပေါ်က ခေါ်သည် မုန့်သည်ကို ကျွန်တော်သည်

(၅) ဖက်ရွက်နှင့် မေမေသည် ထုပ်သည် မုန့်ဖတ်များကို

DREBOX - Copyright Protected

# အခန်း – ၂
# စာပုံစံအမျိုးမျိုး

စာရေးသားရာတွင် စာပုံစံအမျိုးမျိုးရှိပါသည်။ စာပုံစံအမျိုးမျိုးရေးရာတွင် အရေးစကားပြေဖြင့်လည်းရေးကြသည်။ အပြောစကားပြေ ဖြင့်လည်းရေးကြသည်။

အရေးစကားပြေမှာ ရေးဟန်ဖြင့် ရေးသော စာမျိုးဖြစ်သည်။ အပြောစကားပြေမှာ အပြောသုံးစကား၊ ပြောဟန်ဝါကျများဖြင့်ရေးသားသော ဆွေးနွေးချက်၊ မိန့်ခွန်း၊ ဝတ္ထု၊ ပြဇာတ် စသည့်စာမျိုးဖြစ်သည်။

အရေးစကားပြေသည် စာဟန်ပေဟန်ဖြင့် အစဉ်အဆက် ရေးသားလာသော စကားပြေမျိုးဖြစ်သည့်အတွက် စာသံပေသံပါပြီး လေးနက်ခံ့ညားသည်ဟု ယူဆကြသည်။ ထို့ကြောင့် လူကြီး၊ မိဘ၊ အထက်အရာရှိ စသည်တို့ထံ ရေးသော ပေးစာများ၊ အစီရင်ခံစာများ၊ လုပ်ငန်းသဘောအရ ရေးသားသောစာများ၊ မှတ်တမ်းများ၊ စာပေကျမ်းဂန်များကို အရေးစကားပြေဖြင့် ရေးလေ့ရှိကြသည်။

အပြောစကားပြေမှာမူ နေ့စဉ် ပြောဆိုနေကြသော စကားပြောဆိုပုံအတိုင်း ပြေပြစ်အောင် စီစဉ်ရေးသားထားခြင်းဖြစ်သည့်အတွက် အပြောနှင့်နီးစပ်ပြီး ပေါ့ပါးသွက်လက်သည်။ ထို့ကြောင့် စကားပြောဟန်အတိုင်းရေးသော ပေးစာများ၊ ပြောစကားများကို အပြောစကားပြေဖြင့် ရေးလေ့ရှိသည်။ ဤသို့အားဖြင့် စာပုံစံအမျိုးမျိုးရေးနည်းများကို တင်ပြထားပါသည်။

DBE BOX - Copyright Protected

## ပေးစာ

မိတ်ဆွေအချင်းချင်း၊ မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်၊ အလုပ်ရှင်နှင့် အလုပ်လျှောက်သူ စသည်အချင်းချင်းဆက်ဆံရာ၌ အပြန်အလှန် စာပေးစာယူပြုခြင်းသည် အရေးပါသော လူမှုရေး လုပ်ငန်းတစ်ရပ်ဖြစ်၏။ ကျွန်ုပ်တို့သည် နေ့စဉ်လိုပင် တွေ့ဆုံဆက်ဆံ၍ မဖြစ်နိုင်သော ကိစ္စများ အတွက် စာများအပြန်အလှန် ပေးပို့ဆက်ဆံကြရသည်။ ထို့ကြောင့် လူတိုင်းပင် စာများ အပြန်အလှန် ရေးတတ်ရန် လေ့ကျင့်အပ်သည်။ စာပါအကြောင်းအရာ စာပေးပို့သူနှင့် စာ၏ရည်ရွယ်ချက်ကို လိုက်၍ ပေးစာများကို အမျိုးမျိုးခွဲခြားနိုင်၏။ အဓိကအားဖြင့် ပေးစာနှစ်မျိုးရှိ၏။

(၁) လူမှုရေးသဘောသက်ဝင်သောပေးစာများ

(၂) လုပ်ငန်းသဘောသက်ဝင်သောပေးစာများ

### ပေးစာရေးနည်းပုံစံ

စနစ်ကျသောပေးစာများမှာ ပုံစံရှိ၏။ ပေးစာတစ်စောင်၌ ပါဝင်အပ်သောအင်္ဂါရပ်များနှင့် ပြည့်စုံရ၏။ ထို့ကြောင့် အပြန်အလှန်ပေးစာများသည် အောက်ပါအင်္ဂါရပ်များနှင့် ပြည့်စုံသောပုံစံမျိုး ဖြစ်ရမည်။

(က) ခေါင်းစဉ်စာတန်း ။ ။ စာတစ်စောင်၏ခေါင်းစဉ်စာတန်းသည် စာရေးသူ၏နေရပ်နှင့် စာရေးသည့်ရက်စွဲကို ဖော်ပြသော အစိတ်အပိုင်းဖြစ်၏။ စာ၌ ပထမမျက်နှာ လက်ယာဘက် ထိပ်ဆုံး၌ တည်ရှိရသည်။

(ခ) နှုတ်ခွန်းဆက် ။ ။နှုတ်ခွန်းဆက်မှာ စာပေးပို့သူနှင့်စပ်လျဉ်း၍ အမျိုးမျိုးပြောင်းလဲသုံးစွဲရသည်။ ( မိမိထက်ရာထူးဂုဏ်ထူးကြီးသော ပုဂ္ဂိုလ်များနှင့် ဆက်ဆံရာ၌လည်းကောင်း၊ အလုပ် သဘောဆက်ဆံရာ၌လည်းကောင်း၊ " လူကြီးမင်းခင်ဗျား၊" "ဆရာကြီးခင်ဗျား"၊ "အတန်းပိုင် ဆရာခင်ဗျား" စသည့် နှုတ်ခွန်းဆက်စကားများကို သုံးရမည်။ နှုတ်ခွန်းဆက် စကားသည် စာကိုမစမီ ပထမစာကြောင်း၏ လက်ဝဲဘက်အစွန်း၌ ရှိ၏။)

(ဂ) စာကိုယ် ။ ။ စာကိုယ်ဆိုသည်မှာ ရေးသားလိုသော စာပါအကြောင်းအရာကို ဆိုလိုသည်။ စာကိုယ်တွင် အောက်ပါအချက်အလက်များကို လိုက်နာရေးသားပါ။

(၁) စာရေးဟန်။ ။ ရင်းနှီးသောမိတ်ဆွေချင်းရေးသားသောစာများနှင့် မိမိထက်ဂုဏ်ထူး၊ ရာထူး အသက်ဝါကြီးရင့်သူများထံ ရေးသားသောစာများသည် အကြောင်းအရာချင်း တူစေကာမူ ရေးဟန်မတူနိုင်ချေ။ မိတ်ဆွေချင်းရေးရာ၌ စကားပြောသကဲ့သို့ ရေး

DBE BOX - Copyright Protected

နိုင်၏။ ဂုဏ်ထူးရာထူး ကြီးမြင့်သူများထံ ရေးသောစာနှင့် အလုပ်သဘောသက်ဝင်သော ပေးစာများ၌ စကားပြောသကဲ့သို့မရေးရ။ စာရေးသားဟန်သက်သက်ဖြင့် ရေးသည်။

(၂) အကြောင်းအရာအချက်အလက်ကိုလိုက်၍ စာပိုဒ်ခွဲပါ။

(၃) လွယ်ကူရှင်းလင်း၍ သိသာလွယ်သောစကားများကိုသုံးပါ။

(၄) မိမိဖော်ပြလိုသော အချက်အလက်အလုံးစုံပါဝင်အောင်ရေးသားပါ။

(၅) ပေးစာရေးရာ၌ သေသပ်သန့်ရှင်းမှုကို အထူးဂရုပြုပါ။

(၆) စကားအဖြတ်အတောက်၊ ဝါကျအဖြတ်အတောက်များကို ဂရုပြု၍ရေးသားပါ။

(ဃ) ဆုတောင်းစကားနှင့် နိဂုံးနှုတ်ဆက်စကား။ ။ အချို့စာများ၌ ဆုတောင်းစကားများဖြင့် မိမိစာကို အဆုံးသတ်ရေးသားကြ၏။ ဆုတောင်းစကားမှာ မိမိနှစ်သက်ရာ ဆုတောင်းစကားကို အသုံးပြုနိုင်၏။ (အလုပ်လျှောက်လွှာ၊ ခွင့်တိုင်စာမျိုး၌ ဆုတောင်းစကား မလိုပေ။)

ပေးစာကို တုံးတိတိဖြတ်၍ အဆုံးမသတ်သင့်ပေ။ မဖြတ်သင့်ပေ။ စာရေးသူအပေါ်၌ ထားရှိသော မိမိ၏သဘောထားကို အတိုဆုံးအသုံးအနှုန်းဖြင့် ပြသရသည်။ ထိုနှုတ်ဆက်စကားကို နိဂုံးနှုတ်ဆက်စကားဟုခေါ်သည်။ ထိုစကားမှာ မိမိလက်မှတ်၏ အထက်နားတွင် ရှိရသည်။

(င) လက်မှတ် ။ ။ စာအဆုံးတွင် စာရေးသူ၏လက်မှတ်ရေးထိုးရမည်။ လက်မှတ်မှာ စာအဆုံး လက်ယာဘက်ထောင့်တွင် ရှိရမည်။ လက်မှတ်အောက်၌ မိမိအမည်ကို ကွင်းသွင်းဖော်ပြနိုင်လျှင် ပို၍ကောင်း၏။

(စ) လိပ်စာ ။ ။ လိပ်စာကို စနစ်တကျရေးတတ်ရန် များစွာလိုသည်။

ပေးစာစာအိတ်၌ လက်ယာဘက်ထောင့်စွန်းတွင် (လိုအပ်လျှင်) တံဆိပ်ခေါင်းကပ်ရမည်။

လိပ်စာကို လက်ဝဲဘက်မှ စ၍ရေးရသည်။ လိပ်စာရေးရာ၌ အမည်၊ ရာထူး၊ နေရပ်၊ မြို့နှင့် (လိုအပ်လျှင် )ခရိုင်၊ ဒေသ စသည်တို့ကိုပါ ဖော်ပြရမည်။

DPE BOX - Copyright Protected

၃၃ ၊ ဘုရင့်နောင်လမ်း

ချောက်မြို့။

၂၀၂၀ပြည့်နှစ် ၊ ဧပြီလ ၁၇ ရက်။

သူငယ်ချင်း ဖိုးခင်ညို

စာမေးပွဲတွေပြီးလို့ ကျောင်းပိတ်တာနဲ့ ချောက်မြို့ကို မင်းပြန်လာမလားလို့ ငါမျှော်လင့်ခဲ့သေးတယ်။ သင်္ကြန်မတိုင်ခင် မင်းဆီက စာရမှပဲ စာမေးပွဲအောင်စာရင်းထွက်ပြီးတဲ့နောက်မှ မင်းပြန်လာမယ်ဆိုတာသိရတယ်။ ငါတော့ မင်းနဲ့ခွဲခွာနေရတာမို့ မင်းပြန်လာရင် သင်္ကြန်တွင်းမှာ အတူတူပျော်လိုက်မယ်လို့ အားခဲထားတာ အလကားဖြစ်သွားတာပေါ့။

အထူးသဖြင့် သင်္ကြန်တွင်းမှာ မင်းကို ပိုပြီးသတိရတယ် ဖိုးခင်ညိုရာ။ ဟိုး လွန်ခဲ့တဲ့နှစ်က ဆိုရင် မင်းတို့ငါတို့တစ်တွေ ရေနံချောင်းသွားပြီး ရေကစားကြသေးတယ်။ မင်းမှတ်မိသေးတယ် မဟုတ်လား။ ဩဇာတောနားမှာ မော်တော်ကား ဘီးပေါက်လို့ စိတ်ညစ်ရတာကလွဲရင် တို့တစ်တွေပျော်ခဲ့ကြတယ် မဟုတ်လားကွ။

ဒီနှစ်တော့ ငါတို့တစ်တွေ ပုပ္ပားသွားကြတယ်။ ငါဖြင့်မင်းကို သိပ်သတိရတာပဲ။ ဒီနှစ် ပုပ္ပားရေသဘင်ဟာ အစည်ကားဆုံးပဲ ဖိုးခင်ညိုရေ။ တောင်သာက ကားတွေတောင်လာကြတယ်။ ရေထွက်ပေါက်နားမှာ အများဆုံး ရေကစားကြတာပေါ့။ ရေကစားရတာထက်တောင် ကလပ်တက်ရတာက ပိုပျော်စရာကောင်းသေးတယ်။ ညနေစောင်းမှာ ပုပ္ပားကပြန်လာခဲ့တာ ညနေ ၆ နာရီလောက်မှ ချောက်ကိုရောက်ကြတယ်။ အတက်နေ့မှာတော့ မြို့ထဲမှာပဲ ရေကစားကြတယ်။ နှစ်ဆန်းတစ်ရက်နေ့ကျတော့ ငါတို့အိမ်မှာ ဘုန်းကြီးဆွမ်းကပ်တယ်။ မင်းလဲ ရန်ကုန်မှာတော့ အတော်ပဲပျော်လိမ့်မယ်လို့ ငါမျှော်လင့်ပါတယ်။ စာလဲ အတော်ရှည်လာပြီကွာ။

ဖိုးခင်ညိုရေ ငါတို့အိမ်သားတွေအားလုံးကလဲ မင်းကို အမှတ်ရကြပါတယ်။ စာမေးပွဲအောင်မြင်စေဖို့လဲ အားလုံးကဆုတောင်းမျှော်လင့်ကြပါတယ်။ ဒါပါပဲသူငယ်ချင်း။

ရွှင်လန်းချမ်းမြေ့ပါစေကွာ

အစဉ်သတိရလျက်

ထွန်းနောင်

DBE BOX - Copyright Protected

# နေ့စဉ်မှတ်တမ်း

နေ့စဉ်မှတ်တမ်းဆိုသည်မှာ တစ်နေ့တာ အဖြစ်အပျက်၊ အကြောင်းအရာကို အဖြစ်မှန်အတိုင်း လက်ရေးလက်သားနှင့်ရေးသားထားသည့် 'စာ' ဖြစ်သည်။

နေ့စဉ်မှတ်တမ်း ရေးသားနိုင်ရန် အောက်ပါအလေ့အကျင့်ကောင်းများ လိုအပ်ပါသည်။

(၁) ပထမဆုံးနည်းလမ်းမှာ တိုတိုထွာထွာအချက်လေးများကို မှတ်သားတတ်သည့် အလေ့အကျင့်မှ စရမည် ဖြစ်သည်။

(၂) အလေ့အကျင့်ရပြီဆိုလျှင် တစ်နေ့တာမှာ တွေ့ကြုံခဲ့ရသည့် အဓိကအကြောင်းအရာများ ထဲမှ အဓိကကျသည့် အချက်အလက်များကို စာမျက်နှာပေါ်၌ အကြမ်းမှတ်သားသည့် အလေ့အကျင့်သို့ ပြောင်းကြည့်ရမည်ဖြစ်သည်။

(၃) အကြမ်းမှတ်သည့်အခါ လက်ရေးလက်သား ပီသရန်၊ အကြောင်းအရာမှန်ကန်ရန်၊ လိုရင်းကို တိတိကျကျရေးရန် လိုပါသည်။

(၄) ရေးသည့်အခါ၌လည်း မိမိ၏ တစ်နေ့တာအတွေ့အကြုံများထဲကမှ အဓိကအချက်များဖြစ်သည့် "မိမိ၊ ကျောင်း၊ အိမ်၊ ခရီး၊ နေရာ၊ မိတ်ဆွေ" များကို ရေးမှတ်ထားရမည်ဖြစ်ပါသည်။

(၅) ထို့နောက် တစ်ချက်နှင့်တစ်ချက် ကြောင်းကျိုးဆီလျော်မှုရှိအောင်၊ အချက်တစ်ချက်နှင့် တစ်ချက် အပ်ချည်နှင့် ဖွဲ့သီထားသလို အစီအစဉ်တကျဖြစ်အောင် ရေးသားရန်လိုပါသည်။

ပုံစံကျသည့် နေ့စဉ်မှတ်တမ်းတစ်စောင်ကို ရေးသားရာတွင်

(၁) မည်သည့်နေ့၌ မည်သည့်အကြောင်းအရာ ဖြစ်ခဲ့သည်ကို သိရှိရန်အတွက် အချက်အလက် များ၏အပေါ်ဘက် ညာဘက်ထောင့်မှာ "နှစ်၊ လ၊ ရက်၊ နေ့" များကို တိတိကျကျ မှတ်တမ်း ထိုးရမည်ဖြစ်သည်။

(၂) မိမိ၏အမြတ်တနိုးတန်ဖိုးထားအပ်သောနေ့စဉ်မှတ်တမ်းသည် မိတ်ဆွေတစ်ယောက်နှင့် တူသည်ဟု မှတ်ထားရပါမည်။ ထို့ကြောင့် စာမျက်နှာ၏အပေါ်ဘက် ဘယ်ဘက်ထောင့် တွင် "ကျွန်ုပ်၏နေ့စဉ်မှတ်တမ်း၊ ကျွန်ုပ်၏တစ်နေ့တာ အမှတ်တရများ" စသည့် အမည် ပေးရမည် ဖြစ်ပါသည်။

(၃) မှတ်တမ်းများကို ရေးသွင်းသည့်အခါ မိမိကိုယ်တိုင် အမှတ်တမဲ့ကြုံတွေ့ ခံစားရသည့် အကြောင်းအရာ အဖြစ်အပျက်လေးများကို အခြေခံသည့် ဝါကျတိုလေးများနှင့် ရိုးရိုး ရှင်းရှင်း ရေးရမည်ဖြစ်သည်။

DPEBOX - Copyright Protected

(၄) ရေးသည့်အခါ၌ မိမိ၏တစ်နေ့တာ အတွေ့အကြုံများထဲကမှ ကောက်နုတ်ထားသည့် အဓိက အချက်များကိုသာ ဦးတည်၍ရေးရမည်ဖြစ်သည်။ သာဓကပြရမည်ဆိုလျှင် "မိမိအကြောင်း၊ အိမ်အကြောင်း၊ ကျောင်းအကြောင်း၊ သူငယ်ချင်းအကြောင်း၊ သွားခဲ့သည့်ခရီးအကြောင်း" စသည့် အရေးကြီးသည်များကို ဦးစားပေး၍ ရေးရမည်ဖြစ်သည်။

(၅) မိမိအကြောင်းနှင့် ပတ်သက်၍ မှတ်တမ်းပြုသည့်အခါ၌ ယနေ့ကြုံတွေ့ရသည့် အဖြစ်အပျက် အကြောင်းအရာများမှတစ်ဆင့် မိမိ၏ခံစားမှုများကို ဖော်ပြနိုင်သည်အထိ ရေးပြရန်လိုအပ် ပါသည်။

(၆) နေ့စဉ်မှတ်တမ်းရေးသားရာတွင် ရှင်းလင်းပြေပြစ်သည့် အရေးသားကောင်းဖြစ်ရန် လိုပါ သည်။ ထို့ကြောင့်ရေးသည့်အခါတွင် အဖွဲ့အနွဲ့များ၊ အလင်္ကာများ၊ ဥပမာများနှင့် သွယ်ဝိုက် ၍ရေးသားထားသည်များကို တတ်နိုင်သမျှ ရှောင်ရမည် ဖြစ်ပါသည်။

DBE BOX - Copyright Protected

# အခန်း - ၃
# စာအရေးအသားအတတ်ပညာ

စာကိုရေးသားရာတွင် သဒ္ဒါအသုံးမှန်ကန်ခြင်း၊ စာလုံးပေါင်းသတ်ပုံမှန်ကန်ခြင်း၊ ဝါကျအထားအသိုမှန်ကန်ခြင်းတို့သည် အခြေခံလိုအပ်ချက်များဖြစ်ပြီး ပို၍အဆင့်မြင့်သည့် စာအရေးအသားအတတ်ပညာ နည်းနာများလည်း ရှိပါသည်။ ထိုနည်းနာများအနက် အဓိကကျသည့်နည်းနာများမှာ သဒ္ဒါလင်္ကာရမြောက်အောင်ရေးဖွဲ့နည်း၊ အတ္ထာလင်္ကာရမြောက်အောင်ရေးဖွဲ့နည်းနှင့် ရသမြောက်အောင်ရေးဖွဲ့နည်းတို့ဖြစ်ပါသည်။

သဒ္ဒါလင်္ကာရသည် စကားတန်ဆာဆင်ခြင်း ဖြစ်ပါသည်။ အတ္ထာလင်္ကာရသည် အနက်တန်ဆာဆင်ခြင်းဖြစ်ပါသည်။ သဒ္ဒါလင်္ကာရမြောက်အောင်ရေးဖွဲ့ခြင်းသည် ဂုဏ်မြောက်အောင်ရေးဖွဲ့ခြင်းဖြစ်ပါသည်။ အတ္ထာလင်္ကာရမြောက်အောင်ရေးဖွဲ့ခြင်းသည် အလင်္ကာဖြင့် အနက်တန်ဆာဆင် ရေးဖွဲ့ခြင်းဖြစ်ပါသည်။ ရသမြောက်အောင်ရေးဖွဲ့ခြင်းသည် ရသကိုးပါးအနက် ရသတစ်ပါးပါးကို ဖြစ်စေ၊ ရသအများကိုဖြစ်စေ ပေါ်လွင်စေပြီး ရသအာနိသင်ရရှိအောင် ရေးဖွဲ့သောနည်းဖြစ်ပါသည်။ ယခု ဒသမတန်းသင်ခန်းစာတွင် သဒ္ဒါလင်္ကာရမြောက်အောင် ရေးဖွဲ့နည်းကို ထည့်သွင်းထားခြင်းမရှိသေးပါ။ အနက်တန်ဆာဆင်ခြင်းဖြစ်သည့် အလင်္ကာငါးမျိုးနှင့် ရသကိုးပါးတို့အကြောင်းကို ထည့်သွင်းပြဋ္ဌာန်းထားပါသည်။

အလင်္ကာနှင့် ရသတို့၏ သဘောသဘာဝကို ကျေကျေညက်ညက်သိရှိပါက စာဆိုများရေးသားထားသည့်စာများကို လေ့လာရာတွင် စာဆို၏စာအရေးအသားအတတ်ပညာကို ခန့်မှန်းနိုင်မည်ဖြစ်ပြီး စာ၏အနှစ်သာရကို ပိုမိုသိမြင်လာမည်ဖြစ်သည်။ မိမိကိုယ်တိုင် စာပေဖန်တီးရေးသားရာတွင်လဲ အဆိုပါနည်းနာများကို စမ်းသပ်အသုံးပြုရေးသားခြင်းဖြင့် ဆန်းသစ်သော စာပေလက်ရာများကို တီထွင်ရေးသားနိုင်မည်ဖြစ်သည်။ အလင်္ကာကိုလေ့လာရာတွင် စာ၏ဆိုလိုချက်ကို ထက်ထက်မြက်မြက်ဖြစ်အောင် ပို့ဆောင်ပေးသော အဆင်တန်ဆာအဖြစ် သင်ယူသင့်ပါသည်။ အလင်္ကာကို လေ့လာသင်ယူရာတွင် စာအဆက်အစပ်မရှိဘဲ အလင်္ကာစကားချည်းသက်သက်ကိုကွက်၍ လေ့လာသင်ယူခြင်းကို ရှောင်ကြဉ်သင့်ပါသည်။

ရသသဘောကို လေ့လာရာတွင် မိမိကြုံတွေ့နေရသည့် လူ့လောကကိစ္စ၊ ဘဝအဖြစ်အပျက်တို့၌ ဝမ်းမြောက်ထိုက်သောအရာကို ဝမ်းမြောက်ရမှန်းသိလာအောင်၊ သနားထိုက်သောအရာအတွက် သနားရမှန်းသိလာအောင်၊ အားတက်ထိုက်သောအရာအတွက် အားတက်ရမှန်းသိလာအောင်၊ ရဲရင့်

DBE BOX - Copyright Protected

ထိုက်သောအရာအတွက် ရဲရင့်ရမှန်းသိလာအောင်၊ အံ့ဩထိုက်သောအရာအတွက် အံ့ဩရမှန်းသိလာအောင်၊ ချစ်မြတ်နိုးထိုက်သောအရာအတွက် ချစ်မြတ်နိုးရမှန်းသိလာအောင်၊ စက်ဆုပ်ထိုက်သောအရာအတွက် စက်ဆုပ်ရမှန်းသိလာအောင်၊ ချီးကျူးထိုက်သောအရာအတွက် ချီးကျူးရမှန်းသိလာအောင်၊ ကဲ့ရဲ့ထိုက်သောအရာအတွက် ကဲ့ရဲ့ရမှန်းသိလာအောင် လေ့လာသင်ယူသင့်သည်။ ယင်းသည်ပင် ရသကိုးပါးကပေးသော ရသအာနိသင်ဖြစ်သည်။ ရသအာနိသင်ကြောင့် ကျောင်းသားတို့သည် သဘာဝပတ်ဝန်းကျင်ကို သွေးခံစားမှုအသိဖြင့် သတိမူမိ၍ အမှားအမှန်၊ အကောင်းအဆိုး၊ အကျိုးအပြစ်တို့ကို သဘောပေါက်လာနိုင်သည်။ ထိုသို့သော ရသများပေါ်ပေါက်အောင် ဖန်တီးရေးဖွဲ့ခြင်းသည် အဆင့်အတန်းမြင့်သော စာရေးနည်းအတတ်ပညာဖြစ်သည်။

DBE BOX - Copyright Protected

# အလင်္ကာ

'အလင်္ကာ'ကျမ်းများ၏ အလိုအရ စာပေအဖွဲ့တစ်ခုသည် အမျိုးသမီးကလေးတစ်ဦး၏ ကိုယ်ခန္ဓာနှင့်တူ၍ အပြစ်ဒေါသများသည် အဆင်းမလှခြင်း၊ နူနာစွဲခြင်း၊ အကျင့်ယုတ်ခြင်းစသော အပြစ်အနာများနှင့်တူသည်။ အပြစ်ဒေါသမလွတ်သောအဖွဲ့သည် ထိုအပြစ်အနာများရှိသော အမျိုးသမီးနှင့် တူပါသည်။ အပြစ်ဒေါသကင်းသောအဖွဲ့သည် အပြစ်အနာကင်းသော ပင်ကိုချော အမျိုးသမီးနှင့် တူပေသည်။

စာပေအဖွဲ့တစ်ခုသည် ဒေါသလည်းကင်း၊ ဂုဏ်လည်းမြောက်၊ အတ္ထာလင်္ကာရများနှင့်လည်း ပြည့်စုံလျှင် ပင်ကိုကလည်းချော၊ လိမ်လည်းလိမ္မာ၊ အဆင်တန်ဆာနှင့်လည်း ပြည့်စုံသော အမျိုးသမီး ကလေးကဲ့သို့ အလွန်နှစ်သက်ဖွယ်ကောင်းပြီး ပညာရှိတို့၏စိတ်ကို ယိုဖိတ်တပ်မက်စေနိုင်သော အစွမ်း ရှိမည်ဖြစ်ကြောင်း ဥပမာဆောင်ထားပုံကိုကြည့်လျှင် သဒ္ဒါလင်္ကာရဟုခေါ်သော စကားတန်ဆာ၊ အတ္ထာ လင်္ကာရခေါ် အနက်တန်ဆာများ၏ အရေးပါပုံကို သိရှိနိုင်ပါသည်။

အတ္ထာလင်္ကာရနည်းနာများကို အလင်္ကာကျမ်းများတွင် အကျယ်တဝင့်ပြထားပါသည်။ အချုပ် အားဖြင့်ဆိုရလျှင် တိုက်ရိုက်ဖွဲ့ဆိုသော သဘာဝဝုတ္တိအလင်္ကာနည်းငါးနည်းနှင့် သွယ်ဝိုက်ဖွဲ့ဆိုသော ဝင်္ကဝုတ္တိအလင်္ကာနည်း သုံးဆယ့်ငါးနည်းဟူ၍ ရှိပါသည်။

သွယ်ဝိုက်ဖွဲ့ဆိုသော ဝင်္ကဝုတ္တိအလင်္ကာနည်း သုံးဆယ့်ငါးနည်းအနက် အလွန် အသုံးများသော "ဥပမာအလင်္ကာ" နည်းနာများအကြောင်းကို စတင်ဆွေးနွေးပါမည်။

**ဥပမာအလင်္ကာ**

အသုံးတွင်ကျယ်သော အလင်္ကာဖြစ်သည်။

မည်မျှအသုံးတွင်ကျယ်သနည်းဆိုလျှင် ဘုရားရှင်ကိုယ်တော်မြတ်ကစ၍ သာမန်လူများ အထိ အသုံးပြုသော အလင်္ကာဖြစ်သည်ဟု ဆိုချင်ပါသည်။ ဘုရားရှင်သည် သတ္တဝါဝေနေယျကို တရားဒေသနာများဟောကြားတော်မူရာတွင် ထင်လွယ်မြင်လွယ်ဖြစ်အောင် ဥပမာအလင်္ကာ အမျိုးမျိုး အသုံးပြု၍ ဟောကြားတော်မူခဲ့သည်။

"မပြစ်မှားထိုက်သူကို ပြစ်မှားမိပါက ထိုမကောင်းမှုသည် ပြစ်မှားသူထံသို့သာ ပြန်လည် ကျရောက် တတ်သည်" ဟူသော သဘောကို "လေညာသို့လွှင့်သော မြူမှုန်သည် လွှင့်သူထံသို့သာ ပြန်ရောက် သကဲ့သို့" ဟု ဘုရားရှင်က ဥပမာပေးတော်မူခဲ့သည်။

မည်မျှပေါ်လွင်ပါသနည်း။

"မေမေ့မျက်နှာသည် လပြည့်ဝန်းကဲ့သို့ ကြည်လင်လှပါသည်။"

ဤဥပမာတွင် အဓိကပြောလိုသည့်အကြောင်းသည် မေမေ့အကြောင်းဖြစ်သည်။ ထို အဓိက ပြောလိုသောအရာကို အနှိုင်းခံ (ဥပမေယျ) ဟု ခေါ်သည်။ မေမေ့ကို ဘာနှင့်နှိုင်းပြသနည်း။ လပြည့်ဝန်းနှင့် နှိုင်းပြသည်။

ထိုသို့နှိုင်းပြသော အရာကို အနှိုင်း (ဥပမာန) ဟု ခေါ်သည်။ မေမေနှင့် လပြည့်ဝန်းသည် မည်သည့်ဂုဏ်ချင်းတူသနည်း။ ကြည်လင်သော ဂုဏ်ချင်းတူသည်။

ထို " ကြည်လင်ခြင်း"ကို တူသောဂုဏ်ဟုခေါ်သည်။

မေမေနှင့် လပြည့်ဝန်းတူကြောင်း မည်သည့်စကားကပြသနည်း။ "ကဲ့သို့" ဟူသော စကားက ပြသည်။ ထိုစကားကို အနှိုင်းပြစကား (ဥပမာဇောတက)ဟု ခေါ်သည်။ "ကဲ့သို့" သာမက "နှယ်၊ သဖွယ်၊ လို၊ တူ၊ အလားသဏ္ဌာန်" စသည့် အနှိုင်းပြစကားအမျိုးမျိုးရှိသေးသည်။

ကဗျာမှာဖြစ်စေ၊ စကားပြေမှာဖြစ်စေ တွေ့ရသောဥပမာအလင်္ကာများကို သဘောပေါက် နားလည်ပြီးနောက် ထိုဥပမာအလင်္ကာသည် သက်ဆိုင်ရာ ကဗျာ၊ စကားပြေတို့ကို မည်သို့မည်ပုံ အထောက်အကူပြုကြောင်း၊ မည်သို့မည်ပုံ အားဖြည့်ပေးကြောင်းကို ဆက်စပ်ကြည့်သင့်ပါသေးသည်။ သို့မှသာ ထိုအလင်္ကာ၏ ဂုဏ်သည် ထင်ရှားလာပါလိမ့်မည်ဖြစ်သည်။

DBE BOX - Copyright Protected

## ရူပကအလင်္ကာ

ဥပမာအလင်္ကာနည်းတူ အသုံးတွင်ကျယ်သော အလင်္ကာတစ်မျိုးမှာကား ရူပကအလင်္ကာ ဖြစ်သည်။ စင်စစ်ရူပကအလင်္ကာသည် ဥပမာအလင်္ကာနှင့် အခြေခံသဘောချင်းတူသည်။ ရူပက အလင်္ကာတွင်လည်း ဥပမာအလင်္ကာကဲ့သို့ပင် အဓိကဖော်ပြလိုသော အနှိုင်းခံ (ဥပမေယျ) နှင့် ထို အနှိုင်းခံနှင့် နှိုင်းပြသော အနှိုင်း (ဥပမာန) တို့ ပါဝင်သည်ပင်ဖြစ်သည်။ ထို အနှိုင်းခံနှင့် အနှိုင်း တို့တွင် တူသောဂုဏ် တစ်ခုခုရှိသည်သာဖြစ်သည်။

သို့သော် ဥပမာအလင်္ကာမှာကဲ့သို့ အနှိုင်းခံနှင့် အနှိုင်းကို နှစ်ခုမကွဲစေဘဲ တစ်ခုတည်း၊ တစ်သားတည်း၊ တစ်ထပ်တည်းဖြစ်အောင် ဖွဲ့စည်းခြင်းကား ရူပကအလင်္ကာ၏ ထူးခြားချက်ဖြစ်သည်။

"ပညာသည် ဆီမီးကဲ့သို့ တထိန်ထိန် တညီးညီး ထွန်းတောက်၏" ဟူသော ဝါကျသည် ဥပမာအလင်္ကာဝါကျဖြစ်သည်။ ပညာ (အနှိုင်းခံ)နှင့် ဆီမီး( အနှိုင်း) ထွန်းတောက်ခြင်း (တူသောဂုဏ်) ဟူသော ဉာဏ်တူမှုကို အခြေခံပြု၍ ခိုင်းနှိုင်းခြင်းဖြစ်သည်။ ထိုသို့ မဆိုဘဲ "ပညာ ဆီမီးသည် တထိန်ထိန်တညီးညီး ထွန်းတောက်၏" ဟု ဆိုလိုက်သောအခါ "ပညာ"နှင့် "ဆီမီး"သည် ကွဲပြား မနေတော့ဘဲ တစ်သားတည်း၊ တစ်ထပ်တည်းဖြစ်သွားသည်။ ဥပမာအလင်္ကာတွင် ပညာနှင့်ဆီမီးသည်

ဂုဏ်ချင်းတူသော်လည်း ဒြပ်ဝတ္ထုချင်းမတူ။ ရူပကအလင်္ကာတွင်ကား ပညာနှင့် ဆီမီးသည် ဂုဏ်ချင်း တူသွားသည်။ ဒြပ်ဝတ္ထုချင်းလည်း တူသွားသည်။ ပညာသည်ဆီမီး၊ ဆီမီးသည်ပညာ တစ်သားတည်း ဖြစ်သွားသည်။

ဥပမာအလင်္ကာတွင် ပညာနှင့်ဆီမီးသည် တူသည့်အဆင့်သာရှိသည်။ ရူပကအလင်္ကာ တွင်မူ ပညာသည်ပင် ဆီမီးဖြစ်သွားတော့သည်။ ဥပမာအလင်္ကာတွင် တူကြောင်းသာ ပြသော်လည်း ရူပကအလင်္ကာတွင်မူ တကယ်ဖြစ်နေသကဲ့သို့ ပြသည်။ ထို့ကြောင့် ရူပကအလင်္ကာက ပို၍ ခွန်အား ရှိသည်ဟု ဆိုကြသည်။

ရူပကအလင်္ကာကို လေ့လာရာ၌ ရူပကအလင်္ကာဟု သိရုံသာမက ထိုအလင်္ကာ၏တန်ဖိုး၊ ထို အလင်္ကာ၏ နေရာကိုပါ ချင့်တွက်သုံးသပ်ရန်လိုပါသည်။ ကဗျာတစ်ပုဒ် စကားပြေတစ်ပုဒ်တွင် သုံးထားသော ရူပကအလင်္ကာတစ်ခုသည် အပိုအဆင်တန်ဆာ သက်သက်မျှမဟုတ်ပါ။ ထိုစကားပြေထဲ တွင် တစ်သားတည်း ပါဝင်ဖွဲ့ယှက်နေသော အစိတ်အပိုင်းဖြစ်ပါသည်။ ထို အလင်္ကာပါဝင်ဖွဲ့ယှက် နေသည့်အတွက် ထိုကဗျာ၊ ထိုစကားပြေမည်မျှ အသက်ဝင်သွားပါသနည်း။ မည်မျှပေါ်လွင်ထင်ရှား သွားရပါသနည်း။ မည်မျှနှစ်သက်ဖွယ် ဖြစ်သွားရပါသနည်း။ အချုပ်ဆိုရလျှင် ရူပကအလင်္ကာကို သက်ဆိုင်ရာကဗျာ၊ စကားပြေမှ ဆွဲထုတ်ပြီး စိစစ်ကြည့်ရုံ သာမက သက်ဆိုင်ရာကဗျာ၊ စကားပြေ နှင့် တစ်သားတည်း ဆက်စပ်ကြည့်ရန်လည်း လိုအပ်ပါသည်။

**အတိသယဝုတ္တိအလင်္ကာ**

အလင်္ကာများကို အမျိုးအစားခွဲမည်ဆိုလျှင် ယေဘုယျအားဖြင့် နှစ်မျိုးခွဲနိုင်ပါသည်။ တိုက်ရိုက် ဖွဲ့သောအလင်္ကာနှင့် သွယ်ဝိုက်ဖွဲ့သော အလင်္ကာဟူ၍ဖြစ်သည်။ တိုက်ရိုက်ဖွဲ့သော အလင်္ကာသည် သဘာဝအတိုင်း မုချသဘောကို ပြခြင်းဖြစ်သည့်အတွက် သဘာဝဝုတ္တိအလင်္ကာဟုခေါ်သည်။ တိုက်ရိုက်မဟုတ်ဘဲ သွယ်ဝိုက်ဖွဲ့သောအလင်္ကာကို ဝင်္ကဝုတ္တိအလင်္ကာဟုခေါ်သည်။ အလင်္ကာ ကျမ်းများတွင် ဝင်္ကဝုတ္တိအလင်္ကာ သုံးဆယ့်ငါးမျိုးဟူ၍ ခွဲခြားပြလေ့ရှိသည်။ ဝင်္ကဝုတ္တိ အလင်္ကာမျိုးခွဲ များထဲမှ ကျောင်းသားများသိဖို့လိုအပ်သော အလင်္ကာတစ်မျိုးမှာ အလွန်အကဲဖွဲ့ဆိုသော အလင်္ကာ ဖြစ်သည်။ အတိသယဝုတ္တိအလင်္ကာဟုခေါ်ပါသည်။

ပုံကြီးသံတစ်ပုဒ်တွင် ပုံတီးသည့် ပုံတော်သားတစ်ယောက်က ကောက်စိုက်သမကလေး တစ်ယောက်ကို "ရွှေနားတောင်းကိုလ ပုံခေါင်းလောက်ဝတ်စေမယ်" ဟု ပြောဟန်ဖွဲ့ထားသည်။ ပုံခေါင်း လောက်ကြီးသော နားတောင်းကြီးဝတ်ဆင်စေ့မည်ဟု လွန်လွန်ကဲကဲဖွဲ့ခြင်းဖြစ်သည်။ မြန်မာ စကားပုံများထဲမှ "မာလျှင်သံချောင်း ပျော့လျှင်ဖယောင်း" ဟူသော စကားပုံမျိုးသည် အလားတူပင်ဖြစ် သည်။

DRE BOX - Copyright Protected

ဖွဲ့စည်းပုံအရ ဥပမာအလင်္ကာ၊ ရူပကအလင်္ကာများ ဖြစ်ချင်ဖြစ်နေပါစေ၊ လွန်လွန်ကဲကဲ ပြောသည့်သဘောက ထင်ရှားနေလျှင် အတိသယဝုတ္တိအလင်္ကာဟု ကောက်ယူသင့်ပါသည်။ ဦးပုည က " စက္ကဝါတင်းတောင်း"ဟု ဖွဲ့ဖူးပါသည်၊ တင်းတောင်းနှင့်စကြဝဠာကို ထပ်တူပြုထားခြင်းဖြစ်သည်၊ ရူပက အလင်္ကာသဘောကိုဆောင်ပါသည်၊ သို့သော်တင်းတောင်းကြီးမားပုံကို လွန်လွန်ကဲကဲ ပြောဆိုလိုရင်းဖြစ်သည့်အတွက် အတိသယဝုတ္တိအလင်္ကာဟုပင် ကောက်သင့်ပါသည်၊

## ဝင်္ကဝုတ္တိအလင်္ကာ

ဝင်္ကဝုတ္တိအလင်္ကာ၏နယ်ပယ်သည် ကျယ်ဝန်းလှပါသည်။ တိုက်ရိုက်မဆိုဘဲ သွယ်ဝိုက်ဆိုပုံ အမျိုးမျိုးရှိနိုင်ခြင်းကြောင့် ဤသို့ကျယ်ဝန်းခြင်းဖြစ်သည်၊ ဤနေရာတွင် အရေးကြီးသောအချက်မှာ "သွယ်ဝိုက်ဖွဲ့ဆိုမှု"ပင်ဖြစ်သည်။ မူလကသွယ်ဝိုက်သော သဘောရှိခဲ့သော်လည်း နေ့စဉ်သုံး စကားထဲတွင် အသားကျအနည်ထိုင်နေပြီး သွယ်ဝိုက်သောသဘော မသက်ရောက်တော့ဘဲ တိုက်ရိုက်သဘောဆောင်နေသော စကားမျိုးကို ဝင်္ကဝုတ္တိအလင်္ကာဟူ၍ ကောက်ယူမိလျှင် မသင့်တော်ဘဲ ရှိတတ်ပါသည်၊ "စိတ်ညစ်"ဆိုသောစကားသည် ညစ်နွမ်းတတ်သော အကောင်အထည် အရာဝတ္ထု၏သဘောကို အကောင်အထည်မရှိသော စိတ်ဆီသို့ ပြောင်းရွှေ့တင်စားခြင်းဖြစ်သဖြင့် မူလက သွယ်ဝိုက်သောသဘော ဆောင်ခဲ့ပါလိမ့်မည်၊ သို့သော်ယခုဆိုသော "စိတ်ညစ်" ဟူသော စကားသည် နေ့စဉ်သုံးစကား၊ တိုက်ရိုက်စကားဖြစ်နေပြီဖြစ်သည်၊ ထိုစကားမျိုးကို ဝင်္ကဝုတ္တိအလင်္ကာ ဟု မကောက်ယူသင့်ပါ။

## မြည်သံစွဲအလင်္ကာ

မြည်သံစွဲအလင်္ကာမှာမူ ဝင်္ကဝုတ္တိအလင်္ကာ ၃၅ မျိုးတွင် မပါဝင်ပါ၊ ပါဠိဘာသာတွင် "အနုကရဏ" သဒ္ဒါဟူ၍ ခေါ်ပါသည်။ "မိုးအုန်းအုန်း၊ လေတရှူးရှူး၊ ဝုန်းဝုန်းမြေသို့လေ" စသည်တို့ကဲ့သို့ မြည်သံများ ထည့်သွင်းဖွဲ့ဆိုသော အဖွဲ့များဖြစ်ပါသည်၊

DBE BOX - Copyright Protected

# ရသ

ရသသည် ပါဠိစကားဖြစ်ပြီး အရသာဟု မြန်မာမှုပြုခဲ့ကြသည်။ ယောမင်းကြီးဦးဖိုးလှိုင်က ထိုအရသာ၏သဘောကို ဖွင့်ဆိုရာတွင် ပျားရည်ထောပတ်တို့ကို စားသောအခါ နှစ်သက်သာယာ သကဲ့သို့ စိတ်ထဲတွင် နှစ်သက်သာယာသည့်သဘောဖြစ်ကြောင်း ဥပမာပေး၍ ဖွင့်ဆိုခဲ့သည်။ ပျားရည် ထောပတ်စားရသောအခါ လျှာမှာအရသာပေါ်ပြီး နှစ်သက်သာယာသွားသကဲ့သို့ စာပေအရေးအဖွဲ့ တစ်ခုကို ဖတ်လိုက်ရသောအခါ စိတ်ထဲမှာနှစ်သက်သာယာသွားခြင်းသည်ရသ၏သဘောပင်ဖြစ်သည်။ စင်စစ် ရသဟူသည်မှာ နှစ်သက်ခြင်းပင်ဖြစ်သည်။

ရသစာပေဟူသည်မှာ ရသကိုးပါးရှိသည့်အနက် အနည်းဆုံး ရသတစ်ပါးပါသောစာဖြစ် သည်။ ရသစာပေသည် စာဖတ်သူတို့အား ခံစားမှုရသတစ်မျိုးမျိုးကို ပေးစွမ်းနိုင်သည်။စာပေရသကို ရသစာပေများ၌သာ ခံစားရနိုင်သည်။ "ဟင်းခွက် တစ်ခွက်တွင် ဆားသည် အဓိက ဖြစ်သကဲ့သို့ ရသစာပေတွင် 'ရသ'သည် အဓိကဖြစ်သည်။ ရသ ၉ ပါးတို့မှာ -

(၁) ချစ်ခင်နှစ်သက်ခြင်းကိုဖြစ်စေသည့် သိင်္ဂါရရသ

(၂) ရယ်မောပျော်ရွှင်ခြင်းကို ဖြစ်စေသည့် ဟဿရသ

(၃) သနားခြင်းကိုဖြစ်စေသည့် ကရုဏာရသ

(၄) ရက်စက်ကြမ်းကြုတ်ခြင်းကိုဖြစ်စေသည့် ရုဒ္ဒရသ

(၅) ရဲရင့်တက်ကြွခြင်းကိုဖြစ်စေသည့် ဝီရရသ

(၆) ထိတ်လန့်ကြောက်ရွံ့ခြင်းကိုဖြစ်စေသည့် ဘယာနကရသ

(၇) စက်ဆုပ်ရွံရှာခြင်းကိုဖြစ်စေသည့် ဝိဘစ္ဆရသ

(၈) အံ့ဩခြင်းကိုဖြစ်စေသည့် အဗ္ဘုတရသ

(၉) ငြိမ်းအေးကြည်နူးခြင်းကိုဖြစ်စေသည့် သန္တရသ

တို့ ဖြစ်ပါသည်။

## သိင်္ဂါရရသ

စာထဲပေထဲတွင် မောင်နှင့်မယ်တို့၏ ချစ်ခြင်းအကြောင်းကို ဖွဲ့ဆိုထားသော အဖွဲ့တို့သည် သိင်္ဂါရရသကို ဖြစ်ပေါ်စေသည့် ခံစားမှုကိုပေးစွမ်းနိုင်သော အဖွဲ့များဖြစ်သည်။ အမိနှင့်သား၊ မောင်နှင့် နှမ၊ ဆရာနှင့်တပည့်ကဲ့သို့ ၅၂၈ သွယ်မေတ္တာဘွဲ့ကိုဖွဲ့လျှင် ဝစ္ဆလရသမြောက်သည်ဟူ၍ လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်အလှဘွဲ့များကိုဖွဲ့လျှင် 'သန္တရသ'မြောက်သည်ဟုလည်းကောင်း အလင်္ကာကျမ်းများတွင်ဖော်ပြသည်။

DBEBOX Copyright Protected

**ဟာသရသ**

ပုံမှန်အပြုအမူ၊ အပြောအဆို၊ အတွေ့အကြုံများအတိုင်း မဟုတ်ဘဲ ပုံမှန်မဟုတ်သော အပြုအမူ၊ အပြောအဆို၊ အတွေ့အကြုံများအကြောင်းကို စိတ်နှလုံးရွှင်မြူးဖွယ် ရေးသားထားသောအဖွဲ့တို့မှာ ဟာသရသကို ဖြစ်ပေါ်ခံစားစေသောအဖွဲ့များ ဖြစ်ပါသည်။

**ကရုဏာရသ**

အကြောင်းအရာ၊ အဖြစ်အပျက်တစ်ရပ်ကို စာနာသနားဖွယ်၊ ကြေကွဲဝမ်းနည်းဖွယ်၊ စိတ်နှလုံး ထိခိုက်ဖွယ် ဖြစ်အောင် ရေးသားထားသောအဖွဲ့သည် ကရုဏာရသမြောက်အဖွဲ့ ဖြစ်ပါသည်။

**ဘယာနကရသ**

ထိတ်လန့်ကြောက်ရွံ့ဖွယ်မြင်ကွင်း၊ အဖြစ်အပျက်၊ စိတ်အခြေအနေစသည့် အကြောင်းအရာ တို့ကို အသည်းတထိတ်ထိတ်၊ ရင်တဖိုဖိုဖြစ်အောင်၊ ကြောက်စရာလန့်စရာကောင်းအောင် ရေးဖွဲ့ ထားသော အဖွဲ့တို့သည် ဘယာနကရသမြောက် အဖွဲ့များ ဖြစ်ပါသည်။

**ဝိဘစ္ဆရသ**

စက်ဆုပ်ရွံရှာဖွယ်မြင်ကွင်း၊ စက်ဆုပ်ရွံရှာဖွယ်ဇာတ်ဆောင်တို့၏ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါး သော အမူအရာများ၊ ရွံရှာဖွယ် ချွဲ၊ သလိပ်တို့အကြောင်းကို ရေးသားထားသောအဖွဲ့တို့သည် ဝိဘစ္ဆရသမြောက်အဖွဲ့ ဖြစ်ပါသည်။

**ရုဒ္ဒရသ**

ကြမ်းကြုတ်ခက်ထန်စွာ ပြုမူသောအပြုအမူများ၊ အပြောအဆိုများ၊ တိုက်ခိုက်လှုပ်ရှားမှုများ ကို ဖွဲ့ဆိုထားသော အဖွဲ့တို့သည် ရုဒ္ဒရသမြောက်သော အဖွဲ့များဖြစ်သည်။

**ဝီရရသ**

လုံ့လဝီရိယကို အရင်းခံ၍ တက်ကြွစွာ အားထုတ်ကြိုးပမ်းသော အပြုအမူ ရဲရဲဝံ့ဝံ့ရင်ဆိုင် ပြုမူသော အပြုအမူတို့ကို ရေးသားထားသည့် အဖွဲ့သည် ဝီရရသမြောက်အဖွဲ့ဖြစ်သည်။

**အဗ္ဘုတရသ**

သာမန်ဖြစ်ရိုးဖြစ်စဉ်တို့ထက် ကျော်လွန်၍ အလွန်အမင်း အံ့ဩဖွယ်ဖြစ်အောင် အဆန်းတကြယ် ရေးသားထားသောအဖွဲ့တို့သည် အဗ္ဘုတရသမြောက်အဖွဲ့များ ဖြစ်သည်။

DBE BOX - Copyright Protected

## သန္တရသ

လောကုတ္တရာနှင့်ဆိုင်သော တည်ငြိမ်အေးချမ်းသည့် အကြောင်းအရာ၊ အဖြစ်အပျက်နှင့် သဘာဝပတ်ဝန်းကျင်၏ သာယာလွမ်းမောဖွယ်မြင်ကွင်းတို့သည် စိတ်အေးငြိမ်းသာယာမှုကို ပေးစွမ်းသည့် သန္တရသမြောက် အဖွဲ့များဖြစ်သည်။

စာပေအဖွဲ့အနွဲ့တို့မှ 'ရသ' ကို ကောက်ယူရာတွင် 'ဂုဏ်၊ အလင်္ကာ'တို့ကို ဖော်ထုတ်သကဲ့သို့ 'စကားအသုံးအနှုန်း'၊ 'အနက်အဓိပ္ပာယ်'၊ 'အချက်အလက်'တို့အပေါ်မူတည်၍ ကောက်ယူ၍မရဘဲ စာဖတ်သူတို့၏ စိတ်အခြေအနေပေါ်မူတည်၍သာ ရသကို ကောက်ယူရခြင်း ဖြစ်သည်။ စာပေတစ်ရပ်ကို ဖတ်ရှုခံစားပြီးနောက် စိတ်ထဲ၌ နှစ်သက်သာယာသွားလျှင် ထိုအဖွဲ့ကိုရသမြောက် အဖွဲ့ဟု သတ်မှတ်ပါသည်။ 'ရသ'သည် ဖတ်ရှုသူ၏ စိတ်အခြေအနေကိုလိုက်၍ အမျိုးမျိုးကွဲပြားနိုင်ပါသည်။ ထို့ကြောင့် စာပေအဖွဲ့အနွဲ့ တစ်ရပ်မှ 'ရသ'မြောက်အဖွဲ့များ ဖော်ထုတ်လေ့လာခြင်းသည် သိမ်မွေ့ခက်ခဲသည်ဟု ဆိုချင်ပါသည်။

## လေ့ကျင့်ရန်မေးခွန်းများ

၁။ အလင်္ကာ ၅ မျိုး၏အမည်ကို ဖော်ပြပါ။

၂။ ဥပမာအလင်္ကာနှင့် ရူပကအလင်္ကာတို့သည် မည်သို့ ကွာခြားသနည်း။

၃။ ဝက်ဝုတ္တိအလင်္ကာနှင့် အတိသယဝုတ္တိအလင်္ကာတို့သည် မည်သို့ ကွာခြားသနည်း။

၄။ အလင်္ကာ ၅ မျိုးကို အဖတ်အရွတ်သင်ခန်းစာမှ စကားပြေ၊ ကဗျာများပါ အရေးအသားများဖြင့် သာဓကပြပါ။

၅။ အလင်္ကာမြောက်သော အရေးအဖွဲ့များကို သင်၏ကိုယ်ပိုင်စိတ်ကူးဉာဏ်ဖြင့် ဖန်တီးရေးသားပါ။ မည်သည့်အလင်္ကာမြောက်ကြောင်းကိုလည်း ဖော်ပြပါ။

၆။ ရသအမျိုးအစားအရေအတွက်နှင့် အမည်များကိုဖော်ပြပါ။

၇။ ကဗျာနှင့်စကားပြေကို လေ့လာဖတ်ရှုသည့်အခါ မည်သည့်စာက ရသခံစားမှုကို ပိုမိုဖြစ်ပေါ်စေသည်ဟု သင်ထင်မြင်ယူဆပါသနည်း။

DBE BOX - Copyright Protected